www.burmeseclassic.com

စာချစ်သူစာအုပ်တိုက်

# ဓံဇကျူရ ၏

# မကြည်ပြာ နှင့် ချစ်ခြင်း၏ နဂ္ဂတစ်မျှား



www.burmeseclassic.com

www.burmeseclassic.com

နီဆိုရဲ | မကြည်ပြာနှင့်
ချစ်ခြင်း၏ နှင်တာမ်များ

စာမူခွင့်ပြုချက် ၁၀၁/၂၀၀၄(၁)
မျက်နှာဖုံးခွင့်ပြုချက် ၃၃၉/၂၀၀၄(၃)

မျက်နှာဖုံးဒီဇိုင်း | ဇေမင်းဝေ
စာအုပ်ချုပ် | ကိုမြင့်

ပုံနှိပ်သူ | ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်
ကျွန်းတောလမ်း၊ ရန်ကုန်။
ထုတ်ဝေသူ | ဦးထွန်းထွန်းဦး၊ နှင်းဦးလွင်စာပေ
ပြည်လမ်း၊ ကမာရွတ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း | ဒုတိယအကြိမ် (ပထမအကြိမ် ပင်နီစာအုပ်တိုက်
အုပ်ရေ | ၅၀၀
ထုတ်ဝေသည့်ကာလ | မေလ၊ ၂၀၀၄
တန်ဖိုး | ၁၀၀၀ ကျပ်

BURMESE CLASSIC

## နဂ္ဂတစ်အညွှန်း

-ပထမအကြိမ်ထုတ်ဝေစဉ်က စာရေးသူ၏အမှာစာ ၇
ငါးကျပ်တန်တစ်ရွက် ၁၅
ပုရွက်ဆိတ်ငါးကောင် ၄၃
ခေဝူးကား ၆၇
စာရေးနည်း ၈၉
ရယ်သံများ ၁၀၉
ပေါင်ချိန်စက် ၁၂၉
ရန်ပွဲ ၁၅၃
လှည့်ကင်း ၁၇၉
ရေခဲမုန့် ၂၀၅
ဗိုလ်ချုပ်ဈေး ၂၂၇

♣

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်ထုတ်ဝေစဉ်က

## စာရေးသူ၏အမှာစာ

BURMESE CLASSIC

"ဝန်ခံခြင်း"

*တိတ်ဆိတ်တဲ့ညရဲ့ အမှောင်ထဲမှာ . . .*
*ခံစားမှုကို စုန်းစုန်း နှစ်မြှုပ်ထားပြီး . . .*
*စိတ်ကူးတစ်လျှောက်လုံး စကားလုံးတွေ*
*ရှို့မီးလို လောင်ကျွမ်းရင်း . . .*
*ကောင်းကင်က လမင်းထဲမှာ ခုန်နေတဲ့*
*အဝေးကြယ်လေးတစ်ပွင့် နှစ်ပွင့်ထဲမှာ . . .*
*မြေပြင်ပေါ်ဝပ်နေတဲ့ အမှောင်ထဲမှာ . . .*
*သူ . . ရှိနေလိမ့်နိုးနဲ့ ရှာမိခဲ့တဲ့အခါ . . .*
*ဘယ်သူ့ကိုမှ မတွေ့ခဲ့ရဘဲ . . .*
*နေရာအနှံ့ ကြိုရောက်နေနှင့်ကြတဲ့*
*ကိုယ့်စကားလုံးတွေကိုပဲ ကိုယ်ပြန်တွေ့ခဲ့ရတယ်။*

အဲဒီ စကားလုံးတွေကိုပဲ အမြတ်တနိုး ကျစ်ကျစ်ပါအောင် ခဲ့ရတဲ့ကာလတုန်းက ကျွန်တော်ဟာ ၃၃–လမ်းမှာ ဒီနေ့ခေတ်ရဲ့

စာချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီး ကဗျာဆရာ. . .စာရေးဆရာ. . .ကာတွန်းဆရာ. . . အယ်ဒီတာ. . .တွေနဲ့ ခင်မင်ရင်းနှီးစွာ စကားပြောခွင့် ရခဲ့ပါတယ်။ စာပေ. . .ယုံကြည်မှု. . .အနုပညာစတဲ့ အကြောင်းအရာတွေကို ပြောကြရင်းနဲ့. . .နောက်ဆုံးမှာ ဖြတ်သန်းခဲ့ရဖူးတဲ့ အချစ်အကြောင်းတွေဆီ ထုံးစံအတိုင်း ရောက်သွားခဲ့ကြတယ်။

ကျွန်တော့်မိတ်ဆွေ စာရေးဆရာတိုင်းဆီမှာ သိပ်ကို အချိုးအစားကျနပြီး ခမ်းနားမြင့်မြတ်တဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်တော့ အနည်းဆုံးရှိနေခဲ့ကြတယ်။ သူတို့ အချစ်အကြောင်းတွေကို နားထောင် ရတာဟာ အရောင်အသွေးလှပပြည့်စုံပြီး သိပ်ကို အချိုးအစားကျနတဲ့ ပန်းချီကားတစ်ချပ်ကို ငေးကြည့်နေရသလိုပါပဲ။

တချို့ဆို. . .ဖြူစင်တဲ့ အနစ်နာခံခြင်းတွေနဲ့ ကြေကွဲရင်နင့်စရာကောင်း. . .လို့၊ တချို့ဆိုရင်လည်း အံ့သြဖွယ် တွေ့ဆုံမှုတွေနဲ့ အသေးစိတ်အဖြစ်အပျက်တွေက အမှတ်တရနူးညံ့လို့. . .၊ တချို့ကလည်း ယောကျ်ားကောင်းပီသစွာ သစ္စာနဲ့ ကြေကွဲမှုကို သိမ်မွေ့စွာ လဲ. . .လို့. . .၊ ပေါင်းဆုံခဲ့ကြသူတွေဆိုရင်လည်း ရဲရင့်တဲ့စွန့်စားမှုမှာ . . .နားလည်မှုတွေ အပြန်အလှန် ထုံမွမ်းလို့ပေါ့။

'အချစ်ဦး'. . .ဆိုတာ မမေ့ကြကြေး ကတိပေးမထားခဲ့ကြပေမဲ့ မမေ့နိုင်ကြတဲ့ အဖြစ်မျိုးမဟုတ်လား။ ကျွန်တော့်စိတ်အထင်တော့ စာရေးဆရာဆိုတာ တွေးလိုက်တိုင်း. . .ခံစားလိုက်တိုင်း. . .ရှာဖွေလိုက်တိုင်းမှာ ရ. . .ရလာတဲ့ ခံစားမှုအလှတရားသစ်တွေကို မမေ့နိုင်ကြတဲ့ သူတို့ရဲ့ အချစ်ဇာတ်လမ်းထဲ ထပ်ထည့်ပြီး ကိုယ့်အချစ်ကို ကိုယ်တိုင်အလှဆုံး. . .အမြင့်မြတ်ဆုံး. . .အခမ်းနားဆုံးဖြစ်အောင် တန်ဆာဆင်နိုင်တဲ့သူတွေ ဖြစ်ကြဟန်တူပါရဲ့။ အဲဒါကြောင့် စွန့်လွှတ်





ရရင်လည်း ကျေနပ်ခဲ့ကြ၊ ပိုင်ဆိုင်ခွင့်ရရင်လည်း တန်ဖိုးထားနိုင်ကြတာပေါ့။ ဘာပဲဖြစ်ဖြစ် သူတို့ဘ၀ အချစ်အကြောင်းတွေဟာ အဘက်ဘက်က မြင့်မြတ်ခမ်းနားပြည့်စုံနေတာကိုတော့ ကျွန်တော် မငြင်းနိုင်ဘူး။

စကားပြောတယ်ဆိုတာ. . .ကိုယ့်အလှည့်ရောက်ကြစမြဲ မဟုတ်လား။

နောက်ဆုံးတော့ ကျွန်တော့်အလှည့်ဟာ ရောက်လာခဲ့တယ်။ ကျွန်တော့်ဆီမှာ သူတို့ထက် ခံစားမှုပြင်းထန်တဲ့ နှလုံးသားနဲ့ အချစ်စိတ်ရှိနေခဲ့ပေမဲ့. . .ကျွန်တော်ကြုံခဲ့ရတဲ့ အချစ်အကြောင်းက. . . သူတို့လိုမဟုတ်ဘူး။ သူတို့ကြုံခဲ့သလို ခမ်းနားမြင့်မြတ်တဲ့ ဇာတ်လမ်းမျိုးမဟုတ်ဘူး။ ကျွန်တော်ညပေါင်းများစွာ ရှာတွေ့ထားတဲ့ အလှတရားသစ်တွေ ဘယ်လောက်ထပ်ထည့်ထည့် ကဗျာ. . .အရပ်ငါးပေ. . .လွဲမှားမှု. . .ကံတရား. . .အနုပညာ. . .ကိုယ်အလေးချိန် ၆၂ ပေါင် လက်မောင်းသေးသေးလေးတစ်စုံ. . .နဲ့. . .ကျွန်တော့် ရင်ခုန်သံဟာ ကလေးဆွဲထားတဲ့ ပန်းချီကားလို ကိုးရိုးကားရား ဖြစ်နေမှာပဲ။ လှပမြင့်မြတ်ခမ်းနားတဲ့ သူတို့ပန်းချီကားတွေအလယ်မှာ ကလေးပန်းချီကားလေးကို ဘယ်လိုထုတ် ချိတ်ဆွဲပြရဲမလဲ။

တန်ဖိုးအထားရဆုံး ခံစားချက်ကို ပြောပြတဲ့အခါ ဘယ်သူက ဝိုင်းရယ်တာ. .လှောင်ပြောင်တာကို ခံချင်မှာလဲ. . .။ ကျွန်တော်ကိုယ်တိုင် ရင်နင့်ခဲ့ရတဲ့ အချစ်အကြောင်းကို ပြောပြတဲ့အခါ. . . ကျွန်တော်က အသနားခံချင်တာ. . .၊ ကျွန်တော့်ဘက်ကနေ နားလည်ကိုယ်ချင်းစာ သွားစေချင်တာ. . .မင်းဟာ သိပ်ချစ်တတ်တဲ့ကောင်ပါလား. . . လို့ တအံ့တသြသိသွားစေချင်တာ ဒါပေမဲ့ . . .။



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့ကြိုးစားတိုင်း ကြုံခဲ့ရတဲ့ လွဲမှားမှု၊ မတော်မတည့်ဖြစ်ရပ်တွေရဲ့ နဂ္ဂတစ်တစ်ချပ်ဟာ နှလုံးသားထဲက ဝုန်းခနဲ ခုန်ထွက်လာပြီး အရှက်တရားကို ဖြန်းခနဲ ရိုက်ပုတ်လေ့ရှိကြတယ်။ မပြောဘူး။ ကျွန်တော်သိပ်တန်ဖိုးထားခဲ့ရတဲ့ ချစ်ခြင်းမေတ္တာကို အားရပါးရ ရယ်သံတွေအောက်မှာ ဝမ်းနည်းဖွယ်ရာ အထင်သေးမခံနိုင်ဘူး။

ဒါပေမဲ့ . . .

ကျွန်တော့် အလှည့်ဟာ ရောက်လာခဲ့ပါတယ်။

ဟန်သစ်အယ်ဒီတာချုပ် ကိုတင်ကိုအောင် . . .အောင်မြင်ရေး အယ်ဒီတာ ကိုသစ်ဆင်း၊ ဟန်သစ်အဖွဲ့ဝင် ကိုခင်ဇော်နဲ့ ကိုသန်းထိုက် တို့ရှေ့မှာ ကျွန်တော့်အလှည့်ဟာ ရောက်လာခဲ့ရတယ်။ ကျွန်တော်လို ချင်တာ မရခဲ့ပါဘူး။ နားထောင်နေတဲ့သူတို့အားလုံး အားရပါးရရယ် နေကြလို့ ဘာမှဆက်ပြောလို့မရဘဲ ပုံစံအမျိုးမျိုးနဲ့ တဆတ်ဆတ်တုန် နေတဲ့ သူတို့မျက်နှာတွေကိုငေးပြီး နောက်စကားကိုပြောဖို့ စောင့်ရတဲ့ အချိန်ဟာ ကျွန်တော့်ရဲ့ ဝဋ်ဒုက္ခအကြီးမားဆုံး အချိန်ပါပဲ။ တော်တော် လည်း ဝမ်းနည်းဖို့ကောင်းတယ်။ ကျွန်တော်က ခံစားမှုကိုမြင်ပါစေလို့ ဆုတောင်းခဲ့ပေမဲ့ ကျွန်တော့် အယ်ဒီတာအဖွဲ့က အနုပညာကိုပဲ မြင်ခဲ့ ပါတယ်။ ကိုတင်ကိုအောင်က အဲဒီအကြောင်းတွေကိုရေးရင် ဟန်သစ် အမှတ် ၆၀ ပြည့် အထူးထုတ်မှာ ထည့်ပေးမယ်တဲ့။ ပထမဦးဆုံး အယ်ဒီတာက စာရေးဖို့ ဝတ္ထုအပ်ခဲ့တာ ခံရဖူးတာပါ။

ကျွန်တော်ဝမ်းသာသွားပါတယ်။ ဒါပေမဲ့ အဲဒီဝမ်းသာမှု ဟာ ကြာကြာမခံပါဘူး. . .။ ကျွန်တော် ကြိုးစားတွေးပေမဲ့ ဘယ်လိုမှ ရေးလို့မရခဲ့ဘူး။ ကျွန်တော် တစ်သက်လုံး တန်ဖိုးထားခဲ့တဲ့ ချစ်ခြင်း မေတ္တာကို လူတွေရယ်ကြမှာ အရှမ်းစိုးရိမ်ပြီး ရေးလို့မရဘူး။ ဘာက





စပြီး ချရေးရမှန်းမသိဘူး။ နောက်ဆုံး ကျွန်တော် ကိုတင်ကိုအောင် ထံမှာ လက်မြှောက်ရတယ် . . .။ ကျွန်တော်မရေးတတ်ဘူး . . .လို့။

ကိုတင်ကိုအောင်က "အေး . . . မောင်ညို(ကိုသစ်ဆင်း) ကတော့ အဲဒီညက ပြန်တော့ တခွိခွိနဲ့စဉ်းစားပြီး ရယ်ရယ်နေတာပဲ ဘာစကားမှလည်းမပြောဘူး. . .မင်းရေးတတ်သလိုရေးပေါ့ကွ၊ မင်း ထွက်သလောက်ရေး" လို့ အားပေးပါတယ်။ အဲဒီအထိကို ကျွန်တော် ဘဝအချစ်အကြောင်းကို ဘာကစရေးရမှန်းမသိပါဘူး။ တစ်လုံးမှ မရေးနိုင်ဘဲ မိုးလင်းခဲ့ရတာ လေးညပါ။ နောက်ဆုံးတော့ စိတ်ကို လျှော့ပြီး ကျွန်တော့်ရဲ့ အားနည်းချက်မှန်သမျှနဲ့ ဖြစ်ခဲ့ရတဲ့အကြောင်း တွေကို အမှန်အတိုင်းရေးဖို့ ဆုံးဖြတ်ပြီး. . .ကျွန်တော့်ဝတ္ထုရဲ့ အစပုဒ် ကို ဆရာမောင်သစ်ဆင်းရဲ့ လေးသည်တော် ဝတ္ထုအစနဲ့ စဖွင့်ခဲ့ပါ တယ်။

"ထိုနေ့သည် . . .နေပူ၍လေတိုက်ခတ်သော ကြာသပတေးနေ့ ဖြစ်လေသည် . . ."တဲ့။

ကျွန်တော့်အတ္တအရ ကျွန်တော့်ချစ်ခြင်းမေတ္တာ. . .ကျွန်တော့် ဘဝ . . . ကျွန်တော့်အားနည်းချက်တွေကိုမြင်ပြီး ကျွန်တော့်ကို နားလည်မှုတစ်ခုပြန်ရဖို့ အပြင်းအထန်ကြိုးစားခဲ့ရပေမဲ့ မျှော်လင့်ထား တဲ့အတိုင်း မမျှော်လင့်စွာ ပရိတ်သတ်ထံမှ ရယ်သံတွေပဲရခဲ့ပါတယ်။ ရှိစေတော့ပေါ့။ မူလက ကျွန်တော် တစ်ပုဒ်ပဲရေးမယ်ဆိုပြီး ရေးခဲ့ ပေမယ့် ဆက်လက်တိုက်တွန်းတဲ့အတွက် အခန်းဆက်ရေးဖြစ်ပြီး အခုလို ဝတ္ထုတစ်ပုဒ်အနေနဲ့ ထုတ်ဝေဖြစ်ခဲ့ပါတယ်။ အခန်းဆက် ဆက်ရေးဖြစ်တာကတော့ လူတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ ပတ် သက်ပြီး ကိုယ်ချင်းမစာကြဘဲ . . .ရယ်ကြပေမဲ့ အဲဒီရယ်သံတွေကိုက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရှိသင့်တဲ့ နားလည်မှုပါလားဆိုတာကို သိသွားတဲ့အတွက်ကြောင့်ပါပဲ . . .။

## "ကျေးဇူးတင်ခန်း"

ကျွန်တော့်ဘဝ အချစ်အကြောင်းနဲ့ ပတ်သက်လို့ ကျေးဇူးတင်ရမယ့် လူတွေကများပါတယ်။ ပထမဦးဆုံး ကျေးဇူးတင်ရမှာက ကျွန်တော့်ကို ရေးဖို့အားပေးပြီး အခန်းဆက်ဝတ္ထုအဖြစ် လစဉ်ထည့်ပေးခဲ့တဲ့ ဟန်သစ်မဂ္ဂဇင်းအယ်ဒီတာချုပ် ကိုတင်ကိုအောင်ပါ။ နောက်ကိုအော်ပီကျယ်ဆီ သရုပ်ဖော်ပုံဆွဲဖို့ စာမူကိုယ်တိုင်သွားပေးပေးခဲ့တဲ့ ကိုသစ်ဆင်း၊ ဟန်သစ်အဖွဲ့မှ ကိုခင်ဇော်၊ ကိုသန်းထိုက်။ "ပေါ့လူနိုင်တယ်ဗျ. . .ဆက်ရေး"လို့ အားပေးခဲ့တဲ့ ကာတွန်း အော်ပီကျယ် . . .။ ဒီဇိုင်းမျိုးဆွေသန်း။

ဒုတိယ ကျေးဇူးတင်ရမယ့် လူတွေက . . . ကျွန်တော့်ဝတ္ထုတိုတွေကို တစ်ချက်မှ မရယ်ဘဲ အမြဲမျက်မှောင်ကြုတ်ရင်းဖတ်တဲ့ အဖေနဲ့အမေ။ ကျွန်တော်ရေးခဲ့တဲ့ဝတ္ထုကို ကျွန်တော့်ကို လက်ဖက်ရည်ဆိုင်တိုက်ရင်း ပြန်ပြန်ပြောပြီး ရေမှာရယ်ခဲ့ကြသော စာရေးဖော် မိတ်ဆွေများ. . .။ ထို့နောက် ဆက်မရေးရန် စာနှင့် မဂ္ဂဇင်းတိုက်သို့လာရောက်ကန့်ကွက်သော မသီတာ . . .။ နာမည် အရင်းအတိုင်း ဆက်ရေးခွင့်ပြုခဲ့သော ယဉ်ယဉ်သိန်း၊ မိုးမိုး၊ လွင်မာ၊ လွင်ဦး၊ ဇော်မင်းထွေး . . . စသောသူငယ်ချင်းများ။ ထို့နောက် ပင်နီစာပေတိုက်မှ ကိုဝင်းမျိုးသူရနှင့် စာအုပ်ထုတ်နိုင်ရန် တွေ့ဆုံပေးခဲ့သော Computer ဒီဇိုင်းဆရာ ကိုစိုးဝင်းငြိမ်း။ ဤစာအုပ် ဖြစ်မြောက်ရေး





အတွက် စိတ်တိုင်းကျ ကူညီပေးခဲ့သော ပင်နီတိုက်မှ ကိုဝင်းမျိုးသူရ နှင့် အဖွဲ့သားများ . . .။

ထို့နောက် . . . မသီတာဖြစ်လိုက်၊ မကြည်ပြာဖြစ်လိုက်နှင့် လုံးလည်လိုက်နေသော ကျွန်တော့်အခန်းဆက်ဝတ္ထုများကို အားပေးဖတ်ရှုခဲ့သော စာဖတ်ပရိတ်သတ်များ . . . အားလုံး . . . ။


ထို့နောက် . . .

တတိယအနေဖြင့် . . . ကျွန်တော်၏ မတော်မတည့်ဖြစ်ရပ်များကို ဖန်တီးပေးခဲ့သော ကံကြမ္မာကို ကျေးဇူးတင်ရှိလိုက်ရပါသည်။

(နီကိုရဲ)

www.burmeseclassic.com

www.burmeseclassic.com



ငါးကျပ်တန်တစ်ရွက်

www.burmeseclassic.com

www.burmeseclassic.com

# ငါးတျပ်တန်တစ်ရွက်

ထိုနေ့သည် နေပူ၍ လေတိုက်ခတ်သော ကြာသပတေးနေ့ ဖြစ်လေသည်။

ထိုထက်ပို၍ ပြောရလျှင် ထိုကြာသပတေးနေ့သည် မနက်ပိုင်းတွင် လက်တွေ့ရှိသည့်နေ့တစ်နေ့ဖြစ်ပြီး လက်တွေ့ဆင်းပြီးသောအခါ အတန်းတက်ချင်စိတ် မရှိတတ်သော တက္ကသိုလ်ကျောင်းသားတို့၏ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်ထဲမှာ ရှိလေသည်။

ကျွန်တော်က လက်ဖက်ရည်ချိုကျကို အရသာခံသောက်ရင်းနေသောမှ မုန့်ဟင်းခါးတစ်ပွဲ၏ အရသာမှလွဲ၍ ဘာကိုမျှ စိတ်ဝင်စားန်မတူသော ကြည်ပြာ၏ မျက်နှာကို ရလျှင်ရသလို ခိုးငေးနေခဲ့သည်။ မုန့်ဟင်းခါးဇွန်းကို အသာ မယူ၍ ဦးခေါင်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com



နှိမ့်လိုက်သည့်အခါ လည်တိုင်မှ ယိမ်းလှုပ်သွားသော ဆံပင်တိုကလေးသည် အရှေ့သို့ ငိုက်ကျလာပြီး ဖျတ်ခနဲ ပေါ်လာတတ်သည့် ဖြူဖွေးနေသော လည်ကုပ်အစပ်ကလေးမှ မွေးညင်းနုကလေးတွေ၊ မုန့်ဟင်းခါးကို ဝါးရင်းမှ တဖျတ်ဖျတ်ခတ်သည့် မျက်တောင်ကော့ကော့၊ ရွှန်းလဲ့တည်ငြိမ်သည့် မျက်ဝန်း၊ နှုတ်ခမ်းအစပ်မှ သွယ်လျှစွာ ဆင်းလာသည့် နှာတံ၊ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာတတ်သည့် ညာဘက်ပါးပြင်ထက်က ပါးချိုင့်ရာကလေး . . . ငေးမောရင်းမှ ကျွန်တော် ရင်တွေဘာတွေ ခုန်လာသည်။

မိုးမိုးက ကျွန်တော့်ကို ခုံအောက်မှ လှမ်းဆိတ်သည်။ ခုန်နေသည့်ရင်တွင် ရှုးခနဲနာကျင်သည့်ခံစားမှုက ကန့်လန့်ကြီး ဝင်လာသဖြင့် ကျွန်တော် အထိတ်တလန့် မော့ကြည့်တော့ မိုးမိုးက နှုတ်ခမ်းကို ကိုက်ပြသည်။ ဣန္ဒြေလေးဘာလေး ဆယ်ပါဦးဆိုသည့် သဘော။ အေးလေ . . . ဟုတ်ပါရဲ့ဟု တွေးကာ ကျွန်တော် ကိုယ်ရှိန်သတ်ရသည်။ အခုအချိန်က ကျွန်တော့်ဘက်က တစ်ချက်ကလေးမှ အမှားခံလို့ မရသည့် အချိန်မျိုး မဟုတ်လား။ အဖြေမပေးရသေးသည့် မိန်းကလေး တစ်ယောက်နှင့် အဖြေစောင့်နေသော ယောက်ျားလေးတစ်ယောက်၏ အကြားတွင် အမှားဆိုသည့်ကိစ္စသည် အားလုံးကို ဖျက်ဆီးပစ်လိုက်နိုင်တာ သေချာပါသည်။ ထိုအချိန်သည် မိန်းကလေးတစ်ယောက်က ယောက်ျားလေးတစ်ယောက်ကို နိုင်ချင်တိုင်း နိုင်ခွင့်ရှိပြီး၊ ထိုနိုင်ချင်တိုင်း နိုင်ခွင့်ရခြင်းမှပင် သူတို့ ဆုံးဖြတ်ချက်သည် အချစ်ဆိုတာကို မွေးဖွားပေးနိုင်သည် မဟုတ်လား။

❄ ❄ ❄





တကယ်တော့ ကြည်ပြာနှင့် ကျွန်တော်သည် သူငယ်ချင်းသာဖြစ်သည်။ ကျွန်တော်တို့ သူငယ်ချင်းအုပ်စုထဲမှာ ယဉ်ယဉ်သိန်းနှင့် အောင်နိုင်စိုးလည်း ပြေလည်သွားကြပြီ။ မိုးမိုးနဲ့ လွင်ဦးလည်း ချစ်သူတွေဖြစ်သွားကြပြီ။ ထို့နောက် များမကြာမီ ကျွန်တော်လည်း ကြည်ပြာကို ချစ်သည်ဟု ဖွင့်ပြောခဲ့သည်။ ထိုသို့ဖွင့်ပြောပြီးသည့်အခါ ကြည်ပြာက တူးတူးခါးခါးငြင်းသည်။ စွပ်စွဲချက်နှစ်ခုကို ပြောခဲ့သည်။

ပထမစွပ်စွဲချက်မှာ သူငယ်ချင်းမိန်းကလေးများ အတွဲပြည့်သွားသဖြင့် ကျွန်တော်သည် သူမကို အလွယ်တကူကြံစည်ခြင်း ရှိသည့်ကိစ္စဖြစ်သည်။

"မဟုတ်ဘူး ကြည်ပြာ၊ နင်ထင်ထားသလို လုံးဝမဟုတ်ဘူး၊ ဒါဟာ နင့်ကို ရင်းနှီးစကတည်းက ချစ်ခဲ့တာ၊ မိုးမိုးနဲ့ လွင်ဦး မပြေလည်ခင်ကတည်းက ချစ်ခဲ့တာ၊ ငါ နင့်ကို ဘာကြောင့်အခုမှ ဖွင့်ပြောသလဲ ဆိုတော့ ငါတို့ ငယ်ငယ်တုန်းက သင်ခဲ့ရဖူးတဲ့ အလိုကြီးအရနည်းဆိုတဲ့ ပုံပြင်ကလေးကို သတိရသလား၊ အဲဒီပုံပြင်ထဲကလို ခွဲခွာစိုးရိမ်လို့၊ ငါကချစ်မိနေပြီးသားဆိုတော့ နင်နဲ့ ဝေးမသွားချင်လို့ဟာ၊ သူငယ်ချင်းဘဝမှာ နင်နဲ့ နေ့တိုင်းတွေ့နေရ၊ အတူတူသွားရလာရ၊ ရယ်မောပျော်ရွှင်ရတာတွေကို ငါသိပ်တပ်မက်တယ်။ ဖွင့်ပြောမှ နင်က မချစ်နိုင်ဘူးဆိုရင် ဝေးသွားရမယ့်ဒဏ်ကို ငါဘယ်လိုမှ ခံနိုင်မှာ မဟုတ်ဘူး။ တစ်ခါ နင်နဲ့အတူတူနေရတဲ့ရက်တွေက ရတဲ့ မှတ်မိသောဇဉ်တွေကလည်း ငါ့ကို ဘယ်လိုမှ ရုန်းထွက်မရနိုင်လောက်အောင် ချည်နှောင်ထားသေးတယ်။ ငါ့မှာ နေ့စဉ် နင့်ဆီက ရနေတဲ့ သူငယ်ချင်းဘဝ ပျော်ရွှင်မှုလေးတွေနဲ့လည်း ခံစားမှုက မကျေနပ်နိုင်လို့ ဒီသူငယ်ချင်း ဘဝလေးကိုလည်း စွန့်စားပြီး မခွဲရက်နဲ့၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးတော့ ငါ လွင်ဦးတို့နဲ့ တိုင်ပင်တယ်လေ၊ နင့်ဆီက ငါ့အပေါ် သံယောဇဉ် ခိုင်မာလာပြီဆိုမှ ဖွင့်ပြောမယ်လို့ အဲဒီနေ့ကို ငါစောင့် နေခဲ့ရတယ် ကြည်ပြာ၊ ငါ့မှာက အားကိုးစရာလည်း သံယောဇဉ်ပဲ ရှိတာယ်မဟုတ်လား၊ ဒါကြောင့် ငါဟာ နင့်ကို နောက်ဆုံးမှ ဖွင့်ပြောခဲ့ တာ၊ ငါ့ကို နားလည်ပေးပါဟာ"

ကျွန်တော့်စကားဆုံးတော့ ကြည်ပြာ တွေသွားသည်။ လွင်ဦး နဲ့ ဇော်မင်းထွေးတို့ကလည်း ဟုတ်တယ်ဘာညာထောက်ခံချက် တသီ ကြီးပေးကြသည်။ ကြည်ပြာသည် သက်ပြင်းကို ဖွဖွကလေး ချကာ ကျွန်တော့်ကို မော့ကြည့်ခဲ့သည်။ ကျွန်တော် ရင်တွေဘာတွေ ခုန်သွား သည်။ ပြီးတော့ ကြည်ပြာ ခေါင်းကိုငုံ့ကာ ငြိမ်သွားပြန်သည်။ မိုးမိုး ယဉ်ယဉ်သိန်းနှင့် ဟိုနှစ်ကောင် ထလစ်သွားကြသည်။ ဇော်မင်းထွေး က ကျွန်တော့်ကို အံကြိတ်ကာ မေးဆတ်ပြ၏။

နှလုံးသားကို တွန်းထိုးဆန်တက်လာသော ရင်ခုန်သံသည် ခေါင်းငုံ့ကာ ငြိမ်သက်သွားသော ကြည်ပြာ့ကို မြင်သောအခါ တော် လှန်ရေးနေ့တွင် ပစ်ဖောက်လိုက်သော မီးရှူးမီးပန်းလို ဖွာခနဲ လွင့် စဉ်ကြဲထွက်သွားကာ ခန္ဓာကိုယ်တစ်ကိုယ်လုံးတွင်ရှိ သွေးကြောများ ဆီသို့ ဖြာကျသွားခဲ့သည်။

"ကြည်ပြာ . . . ယုံတယ် မဟုတ်လားဟင်"

ကြည်ပြာ သက်ပြင်းကို ဒုတိယအကြိမ်ချသည်။ ငုံ့ချထားသော ဦးခေါင်းကို ဖျတ်ခနဲပင် မော့လိုက်သည်။ ကျွန်တော် တဝုန်းဝုန်း တဒိုင်းဒိုင်း . . . ။

"ထားပါတော့ . . . ဒါပေမဲ့ဟာ . . . အို . . . နင်နဲ့ငါ မဖြစ် နိုင်ပါဘူးဟာ"





ဘုရား . . . ဘုရား ခန္ဓာကိုယ်ထဲက ကလီစာတွေ တထွေးကြီး နတ်ဖျားမှ ထွက်ကျသွားသလို ကျွန်တော့်ရင်သည် ဟာလာဟင်းလင်း ဖြစ်သွားသည်။ ချွေးစေးတွေ တစ်ကိုယ်လုံး စိမ့်ပြန့်တက်လာသည်။

"ဘာဖြစ်လို့လဲ ကြည်ပြာရယ် . . . ဟင် ဘာဖြစ်လို့လဲ"

"ငါ . . . မပြောချင်ဘူးဟာ မဖြစ်ပါဘူးဟာ၊ ငါကလေ ဆိုတော် ပြီဟာ နင် မဖြစ်နိုင်ဘူးလို့ပဲ မှတ်ထားလိုက်"

ကျွန်တော့် ခန္ဓာကိုယ်တွင်းမှာရှိသော သွေးဆယ်နှစ်ပုလင်းစလုံး သည် အေးအေးဆေးဆေးပင် ကျွန်တော့်ရှေ့မှာ စီးကျသွားသလို ခံစား ရ၏။

"ဘာကြောင့်လဲဆိုတာကိုတော့ ငါသိပါရစေ၊ ကြည်ပြာရယ်၊ ငါ ဘာများမှားခဲ့မိလို့လဲ . . . ငါဘာများ . . . "

"ဟင့်အင်း နင့်မှာ ဘာမှ အပြစ်မရှိပါဘူး . . . ဒါပေမဲ့"

ကြည်ပြာက ဆက်မပြောတဲ့ ကျွန်တော့်ကို မော့ကြည့်သည်။ ကြည်ပြာ့မျက်ဝန်းထဲမှာ အားနာခြင်း၊ စိတ်မကောင်းခြင်း၊ ဝမ်းနည်း ခြင်းတို့ကို ကျွန်တော် အသေအချာတွေ့နေရသည်။

"ပြောပါ ကြည်ပြာ . . . ဘာဖြစ်လို့ ငါ့ကို ဒီလောက်ငြင်းဆန် နေရတာလဲ၊ နင်ငါ့ကို ပြန်မချစ်နိုင်လောက်အောင် ငါ ဘာတွေများ ချို့ယွင်းခဲ့လို့လဲ၊ ခုနကလို လွဲမှားနေတဲ့ ခံစားမှုမျိုး ဖြစ်နေမှာ ငါအရမ်း စိုးရိမ်တာပဲ၊ ငါသိပါရစေဟာ"

ကြည်ပြာက ဒီတစ်ကြိမ်မတော့ သက်ပြင်းကို ရှည်ရှည် လျားလျားချသည်။ ကျွန်တော်၏ ရွဲ့စောင်းနေသော အကျႌကော်လံကို လည်း ဆွဲတည့်ပေးလိုက်သေး၏။ ပြီးတော့ ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

၃



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ မလွှဲနိုင်ပါဘူး၊ ဒါပေမဲ့ဟာ ငါမပြောချင်ဘူး"

"ပြောခဲ့ပါ ကြည်ပြာရယ်၊ ငါ အသည်းကွဲရမယ်ဆိုရင်လည်း ဘာကြောင့်ကွဲရတယ်ဆိုတာကိုတော့ ငါသိသွားချင်ပါတယ်၊ ငါ နင့်ကို သိပ်ချစ်တယ် ကြည်ပြာ"

"အေးပါဟာ . . . နင် ဒီလောက်သိချင်နေလည်း ပြောပြမယ်လေ၊ ဒါပေမယ့် နင် အဲဒါကို မိုးမိုးတို့ ယဉ်ယဉ်သိန်းတို့ကို ပြန်မပြောရဘူးနော်၊ နင် အဲဒါ ကတိပေးမလား"

ကြည်ပြာ့ဆီမှာ ဘယ်သူမှ မသိဘဲများ ချစ်သူ ရှိနေပြီလား။ ကြည်ပြာ သူ့ကို ပြန်မချစ်နိုင်တာဟာ သူငယ်ချင်းတွေရဲ့ကြားမှာ လျှို့ဝှက်ချက်တစ်ခုလား၊ ဘာဆိုတာကို ကျွန်တော် မကွဲပြား၊ သိချင်စိတ်က တစ်ကိုယ်လုံးမှာ ကလေးကစားသည့် ဘောလုံးတစ်လုံးလို ခုန်၍နေခဲ့သည်။

"ပေးတယ်ဟာ . . . ပြော"

"တကယ်နော် ဟိုလေ . . . နင်လည်း စိတ်မဆိုးရဘူးနော်၊ စိတ်မကောင်းလည်း ဖြစ်မနေနဲ့ပေါ့ဟာ။ နင်က ငါ့ထက် အရပ်ပုလို့"

"ဘာ"

"နင်ကလည်း အော်လိုက်တာဟာ၊ ကျားတွေ့တာကျနေတာပဲ၊ နင်ကတော့ ရယ်ချင်နေမှာပဲ၊ အဲဒါဟ . . . ဟိုလေ ငါက ဟိုးအရင်ကတည်းက ရည်းစားထားရင် ငါ့ထက် အရပ်ရှည်တဲ့လူပေါ့ဟာ၊ အဲဒီလိုဟာ၊ မိန်းကလေးတိုင်း အဲဒီလိုပဲဟာ၊ ဒါပေမဲ့ နင်စိတ်ဓာတ်တော့ မကျနဲ့ပေါ့၊ ပုတဲ့လူကိုလည်း"

"တော် . . . တော်ပါတော့ ကြည်ပြာရယ်"

ကျွန်တော့်ဘဝတွင် ထိုတာ၏ ကြိမ်တည်းသာ ပြင်ပ ရုပ်ပတ်ဝန်းကျင်ရော၊ ခန္ဓာကိုယ်တွင်း အသိဉာဏ်နှင့်ရောပါ ကင်းလွတ်သွားခဲ့ဖူးပါသည်။ အသိဉာဏ်ရော၊ ခံစားမှုပါ အားလုံး ဟင်းလင်း . . .။ ကြည်ပြာက ဖျတ်ခနဲ မတ်တတ်ရပ်သည်။





"နင် လျှောက်မပြောနဲ့နော် ရဲဝင်း၊ မေ့ထားလိုက်ပါဟာ၊ ငါသွားမယ် သိလား"

ကျွန်တော် ခေါင်းငိုက်စိုက်ကျကာ လျှောက်လာခဲ့သည်။ မဟာဆီစီမြေကြီးနှင့် ကျွန်တော့်အမြင်သည် နီးလွန်းလှပါကလား၊ အိသည်ဆို့နင့်မွန်းကျပ်သော ခံစားမှုသည် ဆိုဖွယ်ရာမရှိလောက်အောင် ကျွန်တော့်ကို လောင်ကျွမ်းလျက်ရှိလေသည်။ အဆောင်တံခါးဝရောက်တော့ ကော်ရစ်တာထောင့်မှာ မိုးမိုးနှင့် ထိုင်နေသော လွင်ဦးက ဖျတ်ခနဲ ထလာကာ ကျွန်တော့်ဖခုံးကို လာဖက်သည်။

"ဟော့ကောင် ရဲကြီး၊ အဆင်ပြေခဲ့တယ် မဟုတ်လား"

ကျွန်တော် ဒေါသတကြီးဖြင့် လွင်ဦးလက်ကို ပုတ်ထုတ်ပစ်ခဲ့သည်။

"ဘယ်လိုဖြစ်တာလဲဟင် . . . ကြည်ပြာက ဘာတဲ့လဲ ရဲဝင်း"

မိုးမိုးက အမောတကောပြေးလာကာ ထိတ်လန့်သော မျက်နှာဖြင့် ကျွန်တော့်ကို ကြည့်ကာ မေးသည်။ ကျွန်တော်ကြည်ပြာ့ကို ပေးခဲ့သည့် ကတိဆိုတာကို မေ့လျော့နေခဲ့သည့်တိုင်အောင် ဘာမှ ပြောမထွက်၊ ရှက်ရွံ့မှု၊ ကြေကွဲစိတ်တို့ဖြင့် ကျွန်တော့်ရင်ခွင်တစ်ဝိုက်သည် နာကျင်တောင့်တင်း၍နေခဲ့သည်။ ငူတူတူဖြင့် နှုတ်ခမ်းကိုသာ ကိုက်ပစ်လိုက်သော ကျွန်တော့်မျက်နှာကို မြင်ရတော့ မိုးမိုးက နားမလည်နိုင်စွာ အနားမှာရပ်နေသည့် လွင်ဦးလက်မောင်းကို ဖျတ်ခနဲ ဆိုင်ကာ မော့ကြည့်လေသည်။ သြော် . . . လွင်ဦးကလည်း မိုးမိုးထက်



www.burmeseclassic.com

www.burmeseclassic.com



အရုပ်ရှည်တာသဲ၊ မိန်းကလေးတွေဟာ ဒီလိုပဲ ကိုယ့်ချစ်သူ လက်မောင်းကလေးကိုကိုင်ပြီး အားကိုးတကြီး မော့ကြည့်ချင်တာလား၊ ကျွန်တော့်ရင်သည် ကျင်ရှကာ နာသွားသည်။

"သူငယ်ချင်း ဘာဖြစ်ရတာလဲကွာ . . . ငါတို့ ဘာကူညီရမလဲ၊ ကြည်ပြာက ဘာတဲ့လဲ"

"ကြည်ပြာ့ကိုပဲ မေးကြည့်ကြပါတော့ကွာ"

ကျွန်တော် ဒါပဲ ပြောနိုင်ခဲ့သည်။ အိမ်ပြန်လာသည့် လမ်းတစ်လျှောက်လုံး . ကားပေါ်မှာ၊ ပလက်ဖောင်းပေါ်မှာ တွေ့နိုင်သမျှ သမီးရည်းစားတွေအားလုံးက ကောင်းမလေးတွေထက် အရပ်ရှည်ကြသည်။ကျွန်တော့်မျှော်လင့်ချက်သည် လုံးဝကုန်ဆုံးသွားလေသည်။

ထိုညတွင် လမင်းရောကြယ်တော်တော်များများပါ ကောင်းကင်တွင်ရှိသည်။ ညဥ့်လေက ဝေးကွာနေသော သစ်ရွက်နုတ်ခမ်းနှစ်လွှာကို ထိခတ်ကာ ရယ်သံတိုးတိုးညင်းညင်းကလေး ချပေးသည်။ အမှောင်သည် သစ်ပင်များအောက်တွင် ငြိမ်ငြိမ်ကလေးရပ်နေပြီး တိတ်ဆိတ်ခြင်းသည် သူ့ခန္ဓာကိုယ်ပေါ်မှာ အသံတစ်ခုခု တင်ပြရလိမ့်နိုးဖြင့် နေရာတိုင်းတွင် အဆင်သင့် စောင့်ဆိုင်း၍ နေလေသည်။

ရှုံးရင်လည်း သီချင်းဖြစ်သည်ဟူသော သီချင်းရေးဆရာ သုခမိန်လှိုင်၏ ကဗျာကို သတိရသည်။ ကျွန်တော်လည်းအရပ်ရှည်ရှည်နှင့်သာ ရှုံးရမည်ဆိုလျှင် ထိုညသည် အကောင်းဆုံး ကဗျာတစ်ပုဒ်ဖြစ်နိုင်ပါသည်။ အခုတော့ မတွေးချင်တော့။ ဘဝကို ဘဝနှင့်ချိပြီး စိတ်နာရသည်။ ကိုယ့်အရှုံးကို ကိုယ်ပြန်တွေးမိရတိုင်း ရင်ထဲမှာ မအီမလည်။ စာလုံးမဲ့ ကဗျာမဲ့ အရှုံးကြီးပါတကား။ ချစ်သူတို့ရက်စက်ခြင်းထဲတွင် ထိုရက်စက်ခြင်းသည် အဆိုးဝါးဆုံးပါကလား။





လမင်းကြီးနံ့သာမှာ ဝိုင်းနေတဲ့ ရောင်စုံညသက်တန့်ကို ငေးမောခဲ့သည်။ အရပ်ငါးပေရှိတဲ့ လူတစ်ယောက်ဟာ မချစ်တတ်ဘူးလို့များ . . . ။

တော်ပြီ။ အရသာမဲ့လှချည်လား။ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ နာကျင်ခြင်းတို့သည် အချစ်၏ သဘာဝအတိုင်း နူးညံ့သိမ်မွေ့လှပနေကြသော်လည်း ထိုခံစားမှုများဖြစ်စေသော အချက်သည် ဘယ်လိုမှကြိုးစားပြီး ခံစား၍မရသော အချက်တစ်ချက်ဖြစ်နေသဖြင့် ကျွန်တော့်မှာ ဘာကြီးမှန်းမသိကို ဖြစ်နေခဲ့ရသည်။ ရင်ထဲက ခံစားမှုကို တစ်ယောက်ယောက်ထံ ဖွင့်ဟပစ်လိုက်လျှင် ပေါ့သွားမည်မှန်းသိသော်လည်း ဘယ်သူ့ကိုမှ ပြောပြလို့မထွက်။ ပြောပြမိလျှင် ထိုစကားလုံးများကို ကြားပြီးနောက် ကျွန်တော့်ရင်ထဲမှ ခံစားမှုကို ဘယ်သူကမှ အားမနာနိုင်စွာ ရယ်မောမှာ . . . အားရပါးရ ရယ်မောကြမှာ သေချာပါသည်။

အိပ်၍လည်းမရ၊ ခံစားမှုက ရင်ကို တွန်းမ ပင့်တင်ထားသည်။ လောလောလတ်လတ် အသည်းကွဲခဲ့ရသည့် အဖြစ်ကြီးကို မတွေးဘဲနေလို့မရ၊ အတွေးထဲက ရုန်းမထွက်နိုင်။ တွေးမိသည့်အခါတိုင်းလည်း ရှက်စိတ်က အသိဉာဏ်ထဲမှ ခုန်ထွက်လာကာ ကျွန်တော့်ပါးပြင်ကို ဖြန်းခနဲရိုက်ပုတ်။ ဒီလိုနဲ့ပင် ထိုညသည် မိုးလင်းခဲ့ရလေသည်။

မနက်မိုးလင်းတော့ ကျွန်တော် ကျောင်းမတက်တော့။ ငါးပေသာသာရှိသော ကျွန်တော့်အရပ်ကို ကြည်ပြာရှေ့တွင် ဆန့်ထုတ်ပြရမှာကို ရှက်ရွံ့နေမိသည်။ နာကျင်နေမိသည်။ ကျွန်တော့်အရပ်ကို ကြည်ပြာရှေ့မှာ ဘယ်လို လုံခြုံအောင် ဖွက်ယူထားလို့ ရနိုင်မလဲ၊



www.burmeseclassic.com

www.burmeseclassic.com



အသက်နှစ်ဆယ့်ငါးနှစ်ကျမှ ရိုင်းဘားကွင်းခို၍လည်း ရနိုင်မည် မဟုတ်။ ဆယ့်လေးရက်အတွင်း အရပ်ရှည်နည်းစာအုပ်ကလည်း ကယ်နိုင်မည်မထင်။ ခြော် . . . လွမ်းလွမ်းဆွေးဆွေးလည်း အသည်းကွဲခွင့် မရပါလား မကြည်ပြာ။

တစ်ရက်

နှစ်ရက်

သုံးရက် . . .

လေးရက်မြောက်နေ့ကျတော့ မိုးမိုး၊ ယဉ်ယဉ်သိန်းနှင့် လွင်ဦးတို့ လိုက်လာကြသည်။ မိုးမိုးက ကျွန်တော့်ကို ကြည့်ပြီး အားရပါးရ ရယ်သည်။

"ကြည်ပြာကလည်း တစ်နေ့ကအထိ မေးလို့မရဘူးဟ၊ မနေ့ကမနက်ကမှ အတင်းမေးလို့ ပြောပြတာ။ အမိပ္ပာယ်မရှိတာဟာ နင်ကလည်း ငါတို့မေးတုန်းက ပြောရောပေါ့၊ သုတပဒေသာ စာအုပ်ထဲမှာဆို ၃ – ပေလောက် သာသာကလေးတွေကိုတောင်မှ ယူကြတာပဲ ဘာဖြစ် သေးလဲ၊ နင်က ငါးပေလောက်တော့ ရှိမှာပေါ့ ဟား . . .ဟား"

သူငယ်ချင်းတွေက တဝါးဝါး တဟားဟား၊ ကျွန်တော် ရှက်လွန်းသဖြင့် သေချင်နေသည်။ အားပေးစကားတွေကလည်း သုံးပေတွေ၊ ငါးပေတွေချည့်၊ ကဗျာမဆန်ပါကလား။

"ရဲကြီး မင်းလိုက်ခဲ့၊ ငါတို့ ကြည်ပြာ့ကို ပြောပြီးပြီ၊ တကယ်တော့ အချစ်ဆိုတာကကွာ အရပ် . . ."

"တော်ပါတော့ကွာ"

တဝါးဝါး တဟားဟား ရယ်ကြပြန်သည်။ ရယ်စရာကြီးကို ဖြစ်နေသလား။ ကျွန်တော် ကြေကွဲနေရမှာလား၊ သူတို့နဲ့ အတူ လိုက်၍ ရယ်မောပစ်ရမှာလား။

"အခု . . . ကြည်ပြာက ခေါ်ခိုင်းလိုက်တာဟောကောင်၊ လက်ဖက်ရည်တိုက်မှဆိုလို့ လက်ဖက်ရည်တောင် တိုက်လိုက်သေးတယ်၊ လိုက်ခဲ့ပေတော့"

"ကြည်ပြာ့ကို မင်းတို့ ဘယ်လိုပြောလိုက်လို့လဲ"

"ဟ . . . နင်ရူးနေသလားလို့ ပြောလိုက်တာပေါ့ကွ"

အင်း . . . ဒီလိုဆိုတော့လည်း အလွယ်ကလေးပါလား။ တစ်ညလုံး၊ တစ်ညလုံး လွမ်းရ ဆွေးရ မအိမလည်ဖြစ်နေရတာနှင့်တောင်မှ မတန်ချင်၊ တကယ့်ကို လွယ်လွယ်ကလေးပါကလား။

"အခု ကြည်ပြာနဲ့ ငါ ပြေလည်ပြီလား"

"ဟိုးထားမောင်၊ အဲဒီလိုတော့ မဟုတ်သေးဘူး။ ဒါပေမဲ့ ဟိုငါးပေကိစ္စတော့ မဟုတ်ဘူးပေါ့ကွာ၊ ဟားဟား . . . သူစဉ်းစားပါရစေဦးတဲ့"

❄ ❄ ❄

အခုတော့ ကြည်ပြာနှင့် ကျွန်တော်သည် ထိုအခြေအနေတွင် ရှိလေသည်။ အခုဆိုလျှင် စဉ်းစားသည့်ကာလသည် တစ်လကျော်သွားပြီ။ တစ်ကျောင်းလုံးကလည်း ကျွန်တော့်ထက် အရပ်ရှည်ကြသူတွေချည်းဆိုတော့ ကျွန်တော့်ချစ်သူကို ကျွန်တော် ဘယ်နည်းနှင့်မှ စိတ်မချနိုင်။ အရပ်ကောင်းကောင်း ယောကျ်ားတစ်ယောက်ကို တွေ့တိုင်း ကြည်ပြာ မကြည့်ပါစေနှင့်ဟု ဆုတောင်းရတာလည်း စိတ်ထဲ





www.burmeseclassic.com

www.burmeseclassic.com



အမောအတွတ္တ ယှဉ်လျှောက်ကြသည့်အခါတိုင်း ကြည်ပြာက ကျွန်တော့်ကို စိတ်ခတ်ကျနေမလားဟု တွေးမိရတာလည်း အကြိမ်ကြိမ်၊ ဝဋ်ဒုက္ခ ကြီးမားစွာ ကျွန်တော်နေရပါသည်။

ကြည်ပြာ မုန့်ဟင်းခါစားပြီးသွားသည်။ ကြည်ပြာ မုန့်ဟင်းခါးစားပြီးသွားလျှင် ကျွန်တော်က ညတုန်းက ရေးထားခဲ့သည့် "ဝတ်ဆံများ၏ အိပ်မက်"ဆိုသော ကဗျာကလေးကို ပေးဖတ်ဖို့ စဉ်းစားထား၏။ မပွင့်ရသေးသော ပန်းကလေးတစ်ပွင့်ထဲမှ ဝတ်ဆံကလေးတွေက ပန်းကလေး ပွင့်လိုက်သည့်အခါ သူမမြင်ဖူးသေးသော ပြင်ပ ပတ်ဝန်းကျင်ကို ဘယ်လိုများ တွေ့လိုက်ရမလဲဟူသော အတွေးကို အဖြေမရသေးသော ချစ်သူတစ်ယောက်၏ ချစ်ခြင်းမေတ္တာအပေါ် ဘယ်လိုရင်ခုန်ရမလဲဆိုသည့် အကြောင်းအရာဖြင့် နိမိတ်ပုံပြုထားသော ကဗျာကလေး တစ်ပုဒ်ဖြစ်၏။ ကြည်ပြာက မုန့်ဟင်းခါး ပန်းကန်ကိုတွန်းကာ စမူဆာ ပန်းကန်ကို ဆွဲ၏။

"ကြည်ပြာ . . . ငါညက ရေးထားတဲ့ ကဗျာဖတ်ကြည့်စမ်းပါဟာ"

ကြည်ပြာက ငရုတ်သီးစပ်နေသောလျှာကို လေဖြင့်တစ်ချက်နှစ်ချက်မှုတ်ကာ ဆံစကလေးတွေစိုရုံထွက်နေသော ချွေးကို သုတ်ရင်း "အမလေးဟဲ့" ဟု ညည်းသည်။

"ဖတ်ကြည့်စမ်း ကြည်ပြာ၊ မိုးဖတ်ပြီးပြီ၊ ရဲဝင်းက ကဗျာရေးသိပ်တော်တာပဲ၊ နင် မဂ္ဂဇင်းကိုပို့ပါလားဟာ၊ ပါနိုင်တာပဲဟာ"

"နောက်တော့ ကြိုးစားတာပေါ့ မိုးရာ . . . အခုတော့"

ကြည်ပြာက ကျွန်တော့်လက်ထဲက စာရွက်ခေါက်ကို မြန်မြန်ဆွဲယူသည်။ ပြီးတော့ ရှစ်ပိုဒ်တိတိရှိသော ကျွန်တော့်ကဗျာကို





တစ်မိနစ် အတွင်း ပြီးအောင် ဖတ်ပစ်လိုက်သည်။ အယ်ဒီတာတစ်ယောက် အတိုင်းပါပဲလား။

"သေသေ ချာချာ ဖတ်ဟာ"

ကျွန်တော့်စကားကြောင့် ကြည်ပြာက မျက်နှာကို ရှုံ့ကာ ဒုတိယအကြိမ် ဖတ်သည်။ ကြည်ပြာဖတ်နေတုန်း ကျွန်တော်က ကဗျာကို စိတ်ထဲက ပြန်ရွတ်ကြည့်နေမိသည်။ ပြီးတော့ ကြည်ပြာက စာရွက်မှ မျက်နှာကိုခွာလိုက်သည်။ ကျွန်တော့် မျှော်လင့်ချက်ကို ကြည်ပြာတွေ့ရှိသွားပြီးလား၊ ကြည်ပြာ ကျွန်တော့်ကို ဘာပြောမလဲ။

"စမူဆာတွေက တူးနေတယ်၊ လဲပေးဟာ"

"ဘာ"

"ဒီမှာ ငါ စမူဆာစားမလို့၊ နီနီရဲရဲကလေးတွေနဲ့ လဲပေးပါလို့ပြောတာ၊ အူကြောင်ကြောင်နဲ့ ဘာမှန်းလဲမသိဘူး"

ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားသည်။ ရှိပါစေလေ၊ စမူဆာစားရင်း ငါ့ကဗျာကို ထပ်ဖတ်မယ် ထင်ပါရဲ့၊ ကျွန်တော် စားပွဲထိုးကိုခေါ်မနေတော့ဘဲ တခြားဝိုင်းက စမူဆာပန်းကန်နှင့် ထလဲပေးလိုက်သည်။ ကြည်ပြာက လက်သည်းနီဆိုးထားသော လက်ချောင်းကလေးနှင့် စမူဆာကို ထိုးကြည့်သည်။ ကျွန်တော် မော့မကြည့်တော့၊ လက်တစ်ဖက်က ကျွန်တော့်ကဗျာကို ကိုင်ထားဆဲ၊ စမူဆာကိုက်သံကိုကြားရသည်။ စမူဆာလောက် မကောင်းဘူးများ ပြောမလား၊ ပန်းဖူးကလေးထဲက ဝတ်ဆံတွေရဲ့ အိပ်မက်မှာ။

"အချဉ်ရည် . . ."

". . . . . . . . . ."

"ပြုံးတူးပြဲတဲနဲ့ ဘာဖြစ်ရတာလဲ၊ အချဉ်ရည်ခွက်လေး



www.burmeseclassic.com

www.burmeseclassic.com



ခုနကတည်းက တစ်ခါတည်းတော့ ယူမလာဘူး၊ ဘာမှလဲ အလိုက်ကမ်းဆိုး မသိဘူး”

ရှိစေတော့၊ အချဉ်ရည်ခွက် ထယူပေးပြီးတော့ ကြည်ပြာ့လက်ထဲက ကျွန်တော့်ကဗျာကို အားနာစွာ ပြန်ယူလိုက်သည်။ မှားသည်။ ဒီမိန်းမကို ချစ်မိတာ မှားသည်။ အရပ်ငါးပေမကျော် တာလည်း မှားသည်။ ကဗျာဆရာလုပ်ဖို့ ဆုံးဖြတ်မိတာလည်း မှားပြီ၊ ဒီလိုနှင့်ပင် ကျွန်တော်တို့စကားဝိုင်းသည် ပြန်လည်တိတ်ဆိတ်သွားလေသည်။

“ကဲ . . . ဘယ်နှစ်နာရီရှိပြီလဲ၊ တော်ကြာ ရုပ်ရှင်မမီဘဲနေဦးမယ်”

“ကြည်ပြာ . . . ငါ အဲဒါပြောမလို့၊ ငါ မအားတော့ဘူးဟာ၊ ဒီနေ့ လွင်ဦးအဒေါ်တစ်ယောက် ဆေးရုံတက်ရတာ သွားမေးဖို့ ရှိလို့၊ တော်ကြာ လွင်ဦးရောက်လာလိမ့်မယ်၊ နင် ရဲဝင်းနဲ့ပဲ လိုက်သွားလိုက်ပါဟာနော်”

မိုးမိုးက ကျွန်တော့်ကို စားပွဲအောက်မှ ဒုတိယအကြိမ် ဆိတ်ပြန်သည်။ နာလိုက်သည့်ဖြစ်ခြင်း၊ ခွေးမ။ သို့သော် ကျွန်တော် ကြိတ်ခံရသည်။ ကြည်ပြာနဲ့ မိုးမိုး ရုပ်ရှင်ကြည့်ဖို့ ချိန်းထားသည်ဆိုတာ ကျွန်တော် လုံးဝ မသိခဲ့ရ၊ ဧကန္တ မိုးမိုးက စီစဉ်ပေးခြင်း ဖြစ်မည်။

“နင် လုပ်ပြီဟာ၊ အသေအချာ ပြောထားတာကို နောက်နေ့မှ နင့်ကိစ္စသွားဟာ”

“ဟဲ့ ကောင်းမလားဟ၊ ဒီနေ့လာမေးမယ် ပြောထားတာ၊ ခဏကြာရင် လွင်ဦးလာလိမ့်မယ်၊ ငါ လုံးဝ မအားလို့ပါဟာ၊ ဟိုနှစ်ကောင်ကလည်း အစောကြီးကတည်းကလစ်ပြီ၊ ရဲဝင်း တစ်ယောက်လုံး





ပါတာပဲဟာ”

“သွားစမ်းပါ၊ မိုးလိုက်ခဲ့ဟာ၊ အဲဒီကားက ဒီသောကြာဆိုရင်သဲတော့မှာဟ”

“မအားလို့ပါဆို ကြည်ပြာရယ်၊ ရဲဝင်းနဲ့ပဲ သွားလိုက်ဟာ”

မိုးမိုးက တတိယအကြိမ် ဆိတ်ပြန်သည်။ ကြာရင် ပေါင်သားတွေတော့ ပွဲကျကုန်တော့မှာပဲ။

“ကြည်ပြာရယ် နင်ကြည့်ချင်လည်း သွားပေါ့၊ မိုးမိုးက လူမှုရေးကိစ္စကြီးဟ ဖျက်လို့ ဘယ်ကောင်းမလဲ”

ကြည်ပြာ အကြံရခက်နေပုံရသည်။ မိုးမိုးကိုရော သူ့ကိုပါ ချောက်စောင်း လေးခါလောက် ထိုးသည်။ တမင်ပေါင်းကြံသည်ဆိုတာကိုလည်း သိပုံရသည်။

ဒါပေမဲ့

ကြည်ပြာက နောက်ဆုံးတော့ . . .

“အေးလေ မအားလည်း သွားပေါ့၊ ရဲဝင်း နင်လိုက်မယ် မဟုတ်လား . . .” တဲ့။

ရင်ထဲမှာ ကုလားဘုရားပွဲရော၊ တရုတ်နဂါးပွဲရော လှည့်လေသည်။ ကျွန်တော် ဝိုင်းကျသင့်ငွေကို ရှင်းလိုက်သည်။ လွင်ဦးရောက်လာပြီး မိုးမိုးက နှုတ်ဆက်ကာ ထသွားသည်။ မထခင် ကျွန်တော့်ပေါင်ကို အပြင်းထန်ဆုံး ဆိတ်သွားသေး၏။ ကြည်ပြာက ရှေ့ခရီးအတွက် သူမမျက်နှာကို အခုကတည်းက အစွမ်းကုန် တည်၍ထားလေသည်။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ရောက်တော့ ကားခ ဆယ်တန် ကျွန်တော်ထုတ်ပေးသည်။ စပယ်ယာက ပြန်မအမ်း၊ ဆင်းခါနီးကျတော့ အနောက်ဆေါက်ရောက်နေသည်။ ပိုက်ဆံအော်တောင်းလျှင် ကြည်ပြာ ရှက်သွားမှာစိုး၍ ကမ္ဘသကာ ထားလိုက်ရသည်။ အဖြေမရသေးသည့် ယောကျ်ားလေးတစ်ယောက်အတွက် တလောကလုံးသည် သည်းခံစရာချည့် ဖြစ်လေတော့သည်။

ရုပ်ရှင်ရုံရောက်တော့ တန်းစီကြသည်။ လက်မှတ်ပေးတော့ ထုံးစံအတိုင်း တန်းမရွှေ့ဘဲ အပေါက်ဝကလေးမှာ တိုးကြိတ်ဝယ်ကြသည်။ ကျွန်တော် အနားကပ်၍မရ။ လူအုပ်ကြီးနားမှာ ခုန်ဆွခုန်ဆွလုပ်ရင်းဖြင့် လက်မှတ်က ကုန်သွားသည်။ ကြည်ပြာကတော့ ကျွန်တော့်ကိုကြည့်ကာ စိတ်ဓာတ်အကြီးအကျယ် ကျနေပုံရသည်။ သူကြည့်ချင်တဲ့ကားလည်း မကြည့်ရတော့။ ဒီကိစ္စက ကျွန်တော်၏ သေးကွေးသော ကိုယ်ခန္ဓာ ငါးပေသောအရပ်ကို ဒုက္ခပေးဦးမှာလားဟု ကျွန်တော် တွေးပူနေခဲ့ရသေး၏။ တော်ပါသေး၏၊ ကြည်ပြာက တန်းမစီးဘဲ တိုးသူများကိုသာ မေတ္တာပို့သည်။

စိတ်ဓာတ်ကျစွာနှင့် ပြန်ကြစဉ် ဂုဏ်ရုံအောက်ကို ရောက်တော့ လက်မှတ်များမကုန်သေး။ တန်းစီသူ ဝယ်သူမရှိ။ ကျွန်တော်ကတော့ ရတောင့်ရခဲ အခွင့်အရေးတစ်ခုကို အဆုံးရှုံးမခံချင်သည့်အတွက် ကြည်ပြာ့ကို အင်္ဂလိပ်ကားကြည့်ဖို့ မရဲတရဲပြောရသည်။

"မကြည့်ချင်ပါဘူး၊ အင်္ဂလိပ်ကားကြည့်တာ ဝါသနာမပါဘူး"

"နင်ကလည်းဟာ၊ မထူးတော့ပါဘူး၊ ဒီအချိန်ကျောင်းပြန်တော့လည်း ဘာလုပ်ရမှာလဲ၊ ရောက်လာပြီးမှပဲဟာ၊ ဒီကားက ကောင်းမှာပါဟ၊ ကြည့်မယ်ဟာ"





နောက်ဆုံးတော့ ကြည်ပြာသည် အံကိုတစ်ချက်ကိုက်ကာ ထူးတော့ပြီဟု သဘောထားလိုက်ပုံရလေသည်။ ရုံထဲရောက်တော့ ကြာစေ့တစ်ထုပ်၊ မရမ်းပြားတစ်ထုပ်၊ အာလူးကြော်တစ်ထုပ်နှင့် ရှိန်းတစ်တောင့် ကျွန်တော်က အလျှင်အမြန်ဝယ်ရသည်။ ငွေနှစ်ဆယ်ထုတ်ပေးတော့ အားလုံး နှစ်ဆယ့်တစ်ကျပ်ကျသည်ဟု ဆိုသည်။ တစ်ကျပ်ပေးရန် အိတ်ထဲနှိုက်သောအခါ ပိုက်ဆံတစ်ပြားမှ မရှိတော့၊ ကြည်ပြာ့ကို လှမ်းကြည့်တော့ အဝေးမှာ စိတ်ညစ်စွာ ရပ်နေသည်။ ရောင်းတဲ့ကောင်မလေးက "အကြွေမပါရင် ရတယ်အစ်ကို" ဆိုသဖြင့် အဆင်ပြေသွားသည်။

ရုံထဲရောက်တော့ အပေါ်ထပ်မှာ လူက ဆယ်ယောက်မပြည့်ချင်၊ အတွဲက လေးတွဲပါသည်။ ကြည်ပြာက မျက်စိမျက်နှာ ပျက်ချင်နေကာ ကျွန်တော့်ကို မယုံသင်္ကာသလို ကြည့်၏။ မျက်နှာကလည်း ဘာသန်၍ လာလေသည်။

"နင့်ကို ငါ အဖြေမပေးရသေးဘူးနော် . . . အူကြောင်ကြောင် တာ့မလုပ်နဲ့၊ ငါ့ထပြန်မှာ၊နင့်ကားကလည်း ကောင်းရောကောင်းရဲ့လား၊ ကြည့်မိတာ မှားပြီထင်ပါရဲ့"

"ကောင်းမှာပါ၊ စိတ်ချပါဟာ ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ကိုလေ"

ကျွန်တော်စကားကို ဆက်၍ မပြောနိုင်၊ ကိုယ့်ကို အဖြေပေးဖို့ ဆုလာနေတဲ့ မိန်းကလေးတစ်ယောက်ထံက အပြန်လမ်းစရိတ် တောင်းရမည်ဆိုတာ သင့်တော်ပါ့မလား၊ ကျွန်တော့်ထံက အထင်ကြီး ရောကလေးတစ်ခုနှစ်ခုကို ကြည်ပြာရှာနေသည့်အချိန်မျိုးတွင် ထို အားသည် ကြည်ပြာ့ကို လက်လွှတ်ဆုံးရှုံးလိုက်ရသည်အထိ ကြီးမား



www.burmeseclassic.com

www.burmeseclassic.com



သွားမှာလား၊ အေးလေ . . . ကြည်ပြာနဲ့ငါဟာ သူငယ်ချင်းဘဝက ဖြတ်သန်းပြီးလာကြသူတွေပဲ၊ ပြီးတော့ဒါမျိုးဆိုတာကလည်း ကြုံတတ် ဖြစ်တတ်သည့်သဘာဝမျိုး မဟုတ်လား၊ သိနားလည်နိုင်မှာပါ။

စိတ်ဖြေတွေးသော်လည်း ပြောဖို့ကြိုးစားသည့်အခါ စကားလုံးများသည် ကျွန်တော့်လည်ချောင်းထဲမှာ ခိုင်၍နေသည်။ အရပ်ကလည်း ပေမမီ ဒေါက်မမီ၊ အပြန်လမ်းစရိတ်ကလည်း မရှိသော ယောကျ်ားတစ်ယောက်ကို မိန်းကလေးတစ်ယောက်ဟာ . . .။

"နင် ဘာဖြစ်နေတာလဲ . . . နင့်မျက်နှာက မရိုးသားဘူး၊ တော်ပြီ မကြည့်တော့ဘူး၊ ငါပြန်တော့မယ်"

"ဟာ . . . မဟုတ်ပါဘူးဟာ၊ ဒုက္ခပါပဲ စိတ်ချပါဟာ ငါရုပ်ရှင်ပဲကြည့်မှာပါ၊ ဟိုလေ . . . ငါ . . . ငါ့မှာ ပိုက်ဆံကုန်သွားပြီဟ၊ တစ်ပြားမှကို မရှိတော့တာ . . . အဲဒါ အပြန်ကျရင် ငါ့ကို လမ်းစရိတ်ပေးလိုက်ပါဦးလို့ ပြောမလို့၊ နင့်ကို ပြောမထွက်လို့ပါဟာ၊ ငါ့ဆီမှာ ဘာအကြံအစည်မှ မရိုးမသားမရှိပါဘူး၊ စိတ်ချပါ"

ကြည်ပြာ့မျက်နှာပေါ်က ရက်စိတ်၊ ကြောက်စိတ်နှင့် သံသယစိတ်များ လွင့်စဉ်၍သွားသည်။ စိတ်ပျက်သွားသည့် အမူအရာနှင့် မျက်ဝန်းသာ ထင်းထင်းကြီးကျန်ရစ်ခဲ့သည်။ ကြည်ပြာက သက်ပြင်းကိုချသည်။ အံကိုကြိတ်သည်။ ဘယ်လို အူကြောင်ကြောင်ကောင်နဲ့ လာတိုးနေပါလိမ့်။ သူမ သိပ်ကြိုက်သော မြန်မာရုပ်ရှင်ကားတွေထဲက မင်းသားတွေလိုလည်း မဟုတ်ပါလားဟု တွေးနေပုံရသည်။ ကျွန်တော်လည်း စိတ်ဓာတ် အကြီးအကျယ်ကျလာကာ ဝမ်းနည်းသွားသည်။ တကယ့်လက်တွေ့ဘဝဆိုတာ အသေအချာ အစီအစဉ်ချထားတဲ့ ဝတ္ထုတစ်ပုဒ် မဟုတ်ဆိုတာ သေချာပြီ။ ကြည်ပြာက နှာခေါင်းကို





သည်။ မျက်စောင်းကို ဒိုင်းခနဲနေအောင်ထိုးသည်။

"လဲသေလိုက်"

ကျွန်တော့်မျက်နှာသည် ဖျင်းခနဲပူသွားသော်လည်း ရုပ်ရှင်ရုံကများကို မှိတ်ချလိုက်သဖြင့် အတော်အရှက်ရ သက်သာသွားခဲ့သည်။ ဒုက္ခပါပဲ။

"နင်ကလည်းဟာ ငါက ရိုးရိုးသားသားပြောတာပါ၊ နို့မို့ဆိုရင် ငါက အပြန်မှာ ဒုက္ခရောက်မှာကို . . ."

"အေးပါ၊ အေးပါ ရိုးသားပါပေတယ်၊ ပေးမယ်၊ ပေးမယ်၊ နင် ငါ့အနားသိပ်မကပ်နဲ့ အပြန်ကျပေးမယ်၊ ဘာမှန်းကို မသိဘူး၊ သချင်တာပဲ"

တော်ပါသေး၏ဟု ကျွန်တော်တွေးရသည်။ ရုပ်ရှင်စပြသည်။ ကျွန်တော် ကံမကောင်း၊ ရုပ်ရှင်စပြကတည်းက စကားတွေပြောသည်။ အဝေးပြေးလမ်းမပေါ်မှာ ဓာတ်ဆီဆိုင်ကလေး တစ်ဆိုင်ရှိသည်။ လင်မယားနှစ်ယောက်နှင့် သမီးလေးတစ်ယောက်ရှိ၏။ င်မယား နှစ်ယောက်က အိမ်ထောင်ရေးအဆင်မပြေ၊ မကြာခဏ ဖြစ်ကြသည်။ အယူအဆတွေ မတူကြ၊ နောက်ဆုံး ယောကျ်ားဖြစ်သူက အိမ်မှထွက်သွားသည်။ မိန်းမကလည်း Good bye ။ သမီးလေးနှင့် တွေ့ချင်သည့်အခါ ညဘက်လာခိုးတွေ့ရသည်။ နောက် ဓာတ်ဆီဝင်ထည့်ကြသည့် ယောကျ်ားနှစ်ဦးက မိန်းမတစ်ဦးနှင့် လေးသာရှိမှန်း သိသွားသောအခါ ပိုက်ဆံကို ဓားပြတိုက်၍ မင်းမိန်းဖြစ်သူကို အဓမ္မကျင့်ဖို့ ကြိုးစားစဉ် ယောကျ်ားဖြစ်သူ ရောက်လာကာ ကယ်တင်သဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်သွားကြသည်။ လည်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရာပြန်ဖွင့်သောအခါ ကျွန်တော့်မှာ ပြေလည်မှုမရ၊ ကြည်ပြာ မျက်နှာက ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင်ကို မာတင်း၍ နေခဲ့သည်။ ရုပ်ရှင်ထဲက မင်းသမီးနှင့် မင်းသားထက် အရင် နားလည် မှုရသွားသောအတွဲလေးတွဲ၏ စည်းလုံးညီညွတ်မှု၊ စပြကတည်းက စကားပဲ ပြောနေသောကြောင့် အော်ကြသည့် တော့်ပါတော့ဆိုသည့် အားပေးသံများ . . .။

"ကောင်းတယ်၊ သိပ်ကောင်းတဲ့ ရုပ်ရှင်ပဲ၊ နောက်တစ်ပွဲ ဆက် ကြည့်ဦးမလား"

"နင်ကလည်းဟာ၊ နိုင်ငံခြားကားဆိုတာ ဒီလိုပဲပေါ့၊ ရိုက်ချက် တွေ ကောင်းပါတယ်ဟ"

"အေး ငါကတော့ ငါ့ပါးပဲ ငါရိုက်ချင်တယ်၊ တော်ပြီ ရဲဝင်း နင့်အကြံကို ငါသိတယ်၊ နောက်ကို ဘယ်တော့မှ ငါ့ကို ရုပ်ရှင်ကြည့်ဖို့ မပြောနဲ့တော့"

"ကြည်ပြာ နင့်စကားကို ပြင်ပြောနော်၊ ငါ့မှာ ဘာအကြံမှမရှိ ဘူး၊ ငါနင့်ကို ဘာများစော်ကားလို့လဲ"

"သြော် . . ."

ကြည်ပြာက ခါးကို ဖျတ်ခနဲ ထောက်ကာ ကျွန်တော့်ကိုစိမ်း စိမ်းကြည့်သည်။ ပြီးတော့ ဘာမှမပြောတော့ဘဲ အပါးမှ ချာခနဲ လှည့် ထွက်သွားသည်။ သြော် တိုက်ဆိုင်လာသည့် အဆင်မပြေမှုများ အပေါ် နားလည်နိုင်စိတ်မရှိပါလား။ ကျွန်တော် စိတ်ဓာတ်အကြီး အကျယ်ကျကာ ကြေကွဲဝမ်းနည်းသွားရင်း ကြည်ပြာ့နောက်မှ လိုက် လာခဲ့သည်။ ဖြူစင်သန့်ရှင်းစွာ မြတ်နိုးရသည့် ချစ်ခြင်းမေတ္တာ၏ မြင့်မြတ်ကြီးကျယ် ခမ်းနားမှုများသည် သဘာဝကျကျ ဖြစ်လာရသည့်





အကြောင်း အချက်များအောက်တွင် တစ်စစီ ကွဲကြေလွင့်ပါးကုန်ကြ သည်။

❄ ❄ ❄

ရန်ကုန်မြို့ ညနေရီဦးသည် ဟိုမှသည် သည်မှဟို အုပ်စုလိုက် ရွေ့လျားနေကြသော လူအုပ်ကြီးများ၊ ပလက်ဖောင်းပေါ်က ဈေး အော်သံ ခေါ်သံ၊ ကားဟွန်းသံများနှင့် စဉ်ဆက်မပြတ် ရွေ့လျားနေကြ သော ကားများ . . . ကားများ . . .။

ဟာ . . . ကားခ။ ကျွန်တော့်အရှေ့မှ လျှောက်နေသော ကြည်ပြာ့နောက် ကမန်းကတန်း ပြေးကပ်လာခဲ့သည်။ အပြန် ကားခ အောင်းရဦးမှာပါကလား၊ ကြည်ပြာ့ မျက်နှာသည် မာတင်း၍ နံဘေးမှ လျှောက်လာသော ကျွန်တော့်ကို တစ်ချက်မှ လှည့်မကြည့်ဘဲ လမ်းကို အာတ်နိုင်ဆုံး သွက်သွက်လျှောက်လေသည်။

"ကြည်ပြာ . . . ငါ . . ."

"မပြောနဲ့ ဘာမှရှင်းပြမနေနဲ့၊ ဘာမှ အသုံးမကျဘူး၊ တော်ပြီ ဘာ အားလုံးကို ငါစိတ်ပျက်တယ်၊ အတူတူပဲ၊ အားလုံးပဲ"

"ကြည်ပြာ နင်ကလည်းဟာ၊ စိတ်မဆိုးပါနဲ့၊ ဟို ငါလေ"

"တော်တော့ . . ."

ကြည်ပြာက မြန်မြန်သွက်သွက်ကြီး လျှောက်နေရာမှ ဖြုန်းခနဲ ချာကာ တအားအော်ခဲ့သည်။ နံဘေးနားက ဖြတ်လျှောက်သွားသူ တွေက ကျွန်တော့်ကို လှည့်ကြည့်ကြသည်။

ရှက်ရွံ့စိတ်၊ ဒေါသ၊ မာနနှင့် ဝမ်းနည်းခြင်းတို့သည် ဝုန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နှလုံးသားမှ ဆန်တက်လာကြသည်။ ကြည်ပြာက ချာခနဲ လှည့်ကာ ဆက်လျှောက်သွား၏။ ကျွန်တော် ကြေကွဲစွာ ခေါင်းငိုက် စိုက်ကျရင်း လျှောက်လိုက်လာမိသည်။ ခဏကြာတော့ ကျွန်တော့်ရင် ထဲမှာ ဝမ်းနည်းစိတ်တစ်ခုသာ အကြီးမားဆုံး တောက်လောင်နေကာ အရာရာကို ဖြစ်ချင်တာဖြစ်စေတော့ဟု သဘောထားလိုက်တော့ သည်။ ဒါပေမဲ့ ကြည်ပြာစီးရမည့် ကားမှတ်တိုင်အထိတော့ ကျွန်တော် လိုက်လာခဲ့ပါသည်။ သူမ ဘယ်လောက်ပင် ကျွန်တော့်အပေါ် နားမ လည်သည်ဖြစ်စေ၊ ကျွန်တော်ကတော့ နောက်ဆုံးအထိ သည်းခံခွင့် လွှတ် နားလည်ပေးဖို့ ဆုံးဖြတ်ထားသည်။

ဆူးလေမှတ်တိုင်ကို ရောက်တော့ ကြည်ပြာသည် လွယ်အိတ် ကြိုးကို တင်းတင်းဆုပ်ကာ ရပ်နေသည်။ ကျွန်တော့်ကို လှည့်မကြည့် ဘယ်သူ့ကိုမှလည်း ဂရုမစိုက်၊ ကြောက်မက်ဖွယ်ရာ ဒေါသကြီးတစ်ခု သာ သူမမျက်နှာတွင် ယိမ်းထိုးလျက်ရှိ၏။ ကျွန်တော်နောက်ဆုံး မာနကိုလျှော့ကာ မေတ္တာမရချင်လည်း နေပါစေတော့၊ ကားခ တင် ကျပ်လောက်တောင်းဖို့ ကြည်ပြာ့အနီးကို မရဲတရဲ တိုးကပ်ခဲ့သည်။ ကြည်ပြာသည် လှည့်မကြည့်သော်လည်း ကျွန်တော်ကပ်လာမှန်း သိနေလေသည်။ အံ့ဩဖွယ်ရာမိန်းမတို့၏ အစွမ်းအစပါလား၊ ဖျတ်ခ နဲ့ ကျွန်တော်နှင့် ဝေးရာကို ရွှေ့သွား၏။

ကျွန်တော့်ကမ္ဘာတွင် ဘာမှမရှိတော့။ အရာအားလုံးသည် ကြေကွဲဖွယ်ရာ ဆုံးရှုံးသွားခဲ့ပြီးသာ ဖြစ်လေသည်။ အမြန်ကားလေး တစ်စင်း ထိုးဆိုက်လာသည်။ ကြည်ပြာ ပြေးကပ်သည်၊ မရ။ ကျွန် တော် ဝမ်းနည်းကြေကွဲစွာ ငေးကြည့်နေမိသည်။ ကြည်ပြာနှင့် ကျွန် တော်က ပြန်ရမည့်လမ်းက မတူ၊ စီးရမည့်ကားက တခြားစီ၊ ကြည်ပြာ





းခည့်ကားပေါ်လည်း ကျွန်တော် တက်မလိုက်ဝံ့တော့၊ ဟိုး အလျှင် အဆင်ပြေနေစဉ်ကာလကပင် လုပ်ခွင့်မရသော အပြန်လိုက်ပို့ သည့်အဖြစ်မျိုးသည် ယခုအချိန်တွင် ပို၍သာ ဆိုးတော့မည် ဖြစ်သည် ဆိုတာကို ကျွန်တော်နားလည်သည်။

နောက်ကားတစ်စင်း ရောက်လာသည်။ ကြည်ပြာ ထပ်မံပြေး ကပ်သွားပြန်သည်။ သူမသည် ကျွန်တော်နှင့် ဝေးရာကို အတော် ရောက်ချင်နေပုံရ၏။ တစ်ချက်နှစ်ချက် လန့်ထွက်လာပြီး နောက်ဆုံး ကြည်ပြာ ကားပေါ်ရောက်သွားသည်။ ကားလေး အလယ်တန်း အပေါက်ဝ ငါးယောက်မြောက်မှာ နေရာရသွားသည်။ စပါယ်ရာက ပြည့် အတွယ်တစ် မောင်းဟုအော်သည်။

ကားလေးသည် ကျွန်တော့်အနားမှ တိုးထွက်သွားသည်မှာ ကျွန်တော့်ဘဝကြီး တစ်ခုလုံးကိုတင်ပြီး မောင်းထွက်သွားသလို ခံစား ရ၏။ ကျွန်တော့်ထဲမှာ ဘာမှမရှိတော့၊ ဝေးပြီ။ နောက်ဆုံးအနေနှင့် နောက်ဆုံးခုံတွင်ပါသွားသော ကြည်ပြာ့ကို ကျွန်တော် လှမ်းငေး သည်။ ကြည်ပြာက အပေါ်တန်းနှစ်တန်းကို မြဲမြဲအောင် ကိုင်ထားကာ ကျက်နှာကို ကျွန်တော်နှင့် ဝေးရာဘက်သို့ လွှဲထားသည်။ ဩော် ... ကြည်ပြာရယ်၊ ကျွန်တော်ကတော့ ရက်စက်သည့် အပြုအမူကိုပင် တစ်ခုမှ မလွတ်ရအောင် ငေးမောနေခဲ့သည်။ ကြည်ပြာ့ကားကလေး သည် ဆူးလေမီးပွိုင့်မှာမိသဖြင့် ရပ်သွားသည်။ ကြည်ပြာ ကျွန်တော့်ကို တစ်ချက်မှ လှည့်မကြည့်။ ကျွန်တော် ခေါင်းငိုက်စိုက်ချထားလိုက် သည်။ မော့မကြည့်တော့။ ညနေရီနေရောင်၏ ငြိုးရည်သင့်အလင်း အောက်တွင် ခေါင်းငိုက်စိုက်ကျသွားသော လူတစ်ယောက်ကို ကြည် ပြာ နားလည်နိုင်ပါစေတော့။ သို့သော် ကျွန်တော် ဘာကိုမှတော့



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်မထားတော့ပါ။ ထိုစဉ် ရဲဝင်း ရဲဝင်းဆိုသည့် ကြည်ပြာ၏ အသံသည် အံ့သြတုန်လှုပ်ဖွယ်ရာ ကျွန်တော့်နားစည်ကို ဖြတ်သန်းကာ အသိဉာဏ်အတွင်းသို့ ရောက်လာလေသည်။ ဘုရား . . . ဘုရား . . . ကြည်ပြာ။

ကျွန်တော် မော့ကြည့်တော့ ကြည်ပြာသည် အပေါ်တန်းများကို ဆုတ်ကိုင်ထားသော သူမ၏ လက်များကို ဖြုတ်ကာ လွယ်အိတ်ကိုနှိုက်သည်။

"ရဲဝင်း ပိုက်ဆံ ပိုက်ဆံ"

အနက်ရောင် ပိုက်ဆံအိတ်ကလေး လွယ်အိတ်ထဲမှ ထွက်လာစဉ်တွင် မီးပွိုင့်လွတ်သွားကာ ကားများ မောင်းထွက်စပြုသည်။ ကြည်ပြာသည် ပိုက်ဆံအိတ်ကိုဖွင့်ကာ အထဲမှ ဆွဲမိကိုင်မိရာ ပိုက်ဆံများကို ဆွဲထုတ်ရင်း ကျွန်တော့်နာမည်ကို ထိတ်လန့်တကြားအော်သည်။ ထို့နောက် အရှိန်ရလာခါစ ကားပေါ်မှ ပိုက်ဆံများကို နံဘေးသို့ ပစ်ချလိုက်သည်။ ဆက်တိုက် ဖြစ်ပျက်သွားသော အဖြစ်အပျက်များကို အံ့သြမှင်တက်စွာ ငေးမောနေစဉ် ပိုက်ဆံများက ဖွေးခနဲ ကားလမ်းမပေါ် ကျလာသည်။ ဆူးလေ မီးပွိုင့်မှာ တောင်းနေကြသည့် ကောင်လေးတစ်အုပ်က ပိုက်ဆံများဆီ ပြေးအသွားတွင် ကျွန်တော် လည်း သတိလက်လွတ်ဖြစ်သွားကာ ထိုနေရာသို့ တစ်ဟုန်ထိုး ပြေးထွက်သွားမိပြီး . . .။

ကျွန်တော် ငါးကျပ်တန်တစ်ရွက်ထံ တစ်ဟုန်ထိုးပြေးကာ လက်လှမ်းစဉ် ကောင်လေးတစ်ယောက်နှင့် တိုက်မိကာ ထိုကောင်လေးပေါ်မှကျော်ပြီး ကားလမ်းမပေါ်ကျသည်။ သို့သော် ကျွန်တော် ငါးကျပ်တန်ကိုတော့ ရအောင်ကောက်လိုက်နိုင်သည်။ ထိုစဉ် တစ်





ယောက်က ကျွန်တော့်ကိုဝင်တိုက်သည်။ ကားများ ဘရိတ်အုပ်သံ၊ ကျွန်တော် ဘာမှမသိတော့။

သတိရရချင်း ကျွန်တော် ကားလမ်းမပေါ်က မွှန်ထူကာ ထရပ်လိုက်သည်။ တစ်ကိုယ်လုံး တုန်ရင်ကာနေ၏။ ပလက်ဖောင်းပေါ်မှ လူစီးကြောင်းကြီး ခဏရပ်တန့်၍ သွားသည်။ ကားများ ပိတ်ကုန်သဖြင့် ဟွန်းသံ တဝွီဝွီတဝွမ်ဝွမ် မြည်နေကြသည်။ ကားပေါ်မှ ပလက်ဖောင်းပေါ်မှလူတွေ ပိုက်ဆံတောင်းသည့် ကောင်လေးသုံးယောက် မိန်းမကြီးတစ်ယောက်နှင့်အတူ ပိုက်ဆံလုကောက်နေသော ကျွန်တော့်ကို နားမလည်နိုင်စွာ ငေးကြည့်နေကြသည်။ လူတွေ ချက်ချင်းအုံလာသည်။ ကားသမားတစ်ယောက်က မျိုးစုံဆဲ၍သွားသည်။ ဘာဖြစ်တာလဲ၊ ကားတိုက်တာလား၊ မျက်လုံးပေါင်းများစွာ ကျွန်တော့်ထံ ရောက်လာသည်။ ငါးကျပ်တန်တစ်ရွက်ကို ဆုပ်ကိုင်ကာ ကျွန်တော် အောချွေးတွေ ပြန်လာ၏။

"အမလေး ကားပေါ်က လျှသွားတဲ့ ပိုက်ဆံကိုတောင်မှ ဝင်လုတဲ့ လူကရှိသေး၊ ရုပ်ကလေးက သနားကမားနဲ့"

ကျွန်တော်နှင့်အတူ ပိုက်ဆံလုသူ အမျိုးသမီးကြီးက အော်ပြောသည်။

"ဩော် . . . သူကလုတာ . . ."

"မဟုတ်ဘူး၊ မဟုတ်ဘူး"

"ကဲ ကိုယ့်လူ ဘယ်လို ဖြစ်ရတာလဲ . . ."

မီးပွိုင့်မှ အစအဆုံးမြင်လိုက်ရသော ယာဉ်ထိန်းရဲ တစ်ယောက်က တိုးဝှေ့ကာ ကျွန်တော့်ကို မေးသည်။

"မဟုတ်ဘူး . . . သူက ကျွန်တော့်ရည်းစားဗျ"



www.burmeseclassic.com


www.burmeseclassic.com



"မင်းရည်းစား ဘာလဲကွ၊ ကားက မင်းဘကြီးမဟုတ်ဘူး၊ ပိုက်ဆံက ဘယ်လောက်တန်လို့လဲ၊ သေသွားနိုင်တယ် သိသလား"

လူအုပ်ကြီးက နားမလည်နိုင်စွာ အံ့ငေးပြီးကြည့်နေကြသည်။ ကျွန်တော် ဘာတွေဖြစ်ခဲ့လေသနည်း။ ကျွန်တော်ဘာကိုမှ နားမလည်ြီ တော့။ ။

♥



## ပုရွက်ဆိတ်ငါးကောင်

www.burmeseclassic.com

www.burmeseclassic.com

# ပုရွတ်ဆိတ်ငါးတောင်

သူငယ်ချင်းများ အားလုံးတိတ်ပြီး ငြိမ်နေကြသည်။

သူတို့ မျက်နှာပေါ်တွင် ဘာစကားကို အကောင်းဆုံးဖြစ်အောင် ပြောရမည်ဆိုတာ ရှာမရခြင်း၊ စိတ်မကောင်းဖြစ်ခြင်းနှင့် ဘာဆက်လုပ်ရမယ်ဆိုတာကို ဝေခွဲမရခြင်းတို့ ပြည့်သိပ်ကျပ်ညပ်၍ နေကြသည်။ ကျွန်တော်နှင့် တစ်ယောက်မှ မျက်ဝန်းချင်းအဆုံ မခံကြ။ ကြည်ပြာက ခေါင်းကိုငုံ့ချထားကာ စိန်ဘေးမောက်ဖိနပ်ထဲက သူ့ခြေမ ကလေးကို ကွေးလိုက်ဆန့်လိုက် လုပ်ကြည့်နေသည်။

ကျွန်တော့်ရင်သည် ဘာမှမရှိတော့သလို ဟာလာဟင်းလင်း ဖြစ်နေခဲ့သည်။ လည်ချောင်းထဲမှာ တစ်စုံတစ်ရာသည် လာရောက်ဆို့ကျပ်နေခဲ့၏။

**စာချစ်သူ**

www.burmeseclassic.com

www.burmeseclassic.com



"ရဲဝင်းရယ် . . . ဖြစ်လိုက်မှ အသည်းအသန်ချည်းပဲ။ နင် ပိုက်ဆံလုတဲ့ ကောင်လေးတွေနဲ့ တိုက်မိပြီး ကားလမ်းမပေါ် လဲကျသွားတာ၊ နောက်က ကားတွေ ထိုးရပ်ကုန်တာ၊ အားလုံးကို ကြည်ပြာက ကားပေါ်က တွေ့တယ်တဲ့။ သူလည်း ဆိပ်ကမ်းသာလမ်းရောက်တော့ဆင်းပြီး နင့်ဆီ ချက်ချင်းပြန်လိုက်လာသေးတယ်။ ဒါပေမဲ့ နင်မရှိတော့ဘူးတဲ့"

ယဉ်ယဉ်သိန်းက မျက်နှာငယ်လေးနှင့်ပြောသည်။သူ ကြည်ပြာကို လှမ်းကြည်တော့ ကြည်ပြာ၏ ခေါင်းကိုမမော့ဘဲ ပင့်ကြည့်သော မျက်လုံးချင်းဆုံသည်။ ကြည်ပြာ ဖျတ်ခနဲ မျက်နှာလွှဲသွား၏။

"ဟား . . . ငါဘယ်လိုနေရမလဲ။ လူတွေက ချက်ချင်း အုံလာတာ။ ပြီးတော့ သူတို့က ငါ့ကို ပိုက်ဆံဝင်လုတဲ့ လူလို့ ထင်တာဟ။ အေးလေ . . . ငါကလည်း အတင်းပြေးသွားပြီး တွန်းထိုး လုပ်မိတာကို" မချိတင်ကဲ ကျွန်တော့် ကြေကွဲသံဆုံးတော့ လွင်ဦးက ရယ်ချင်နေသော နှုတ်ခမ်းကြီးကို ကိုက်ထား၏။ အောင်နိုင်စိုးက တစ်ဖက်သို့ လှည့်သည်။ မိုးမိုးနှင့်ယဉ်ယဉ်သိန်းက တစ်ယောက်နှင့် တစ်ယောက် လှမ်းကြည့်ကာ ထိန်းပြီးထားသည့်ကြားမှ တခွိးခွိးအသံ ထွက်လာသည်။ နောက်တော့ မမြင်လိုက်ရသော မြင်ကွင်းများသည် သူတို့အာရုံထဲမှာပေါ်လာကာ တဟားဟား ရယ်သံတွေ ထွက်ကျလာလေသည်။ ကြည်ပြာပင် နှုတ်ခမ်းကို ကိုက်ထား မျက်လုံးပင့်ကြည့်ရင်းက ကျွန်တော့်ကို အားနာသလို ပြုံးသည်။

"အေးဟယ် . . . တကယ်တဲ့။ ကြည်ပြာ ငါ့အိမ်ကိုရောက်လာတော့ မျက်စိမျက်နှာပျက်လို့။ သူက နင်ကားတိုက်လို့ သေပြီတဲ့။ ဟား . . . ဟား . . . ဟား . . . ။ ငါတို့လည်း ဘာလုပ်ရမှန်း မသိ





တော့ဘူးပေါ့။ ကြည်ပြာပြောပြတော့ နင့် စိတ်မပူဘဲ တစ်အိမ်လုံး ယ်လိုက်ကြတာ။ နင့်အိမ်ကိုလည်း လိုက်မလာရဲဘူး။ မတော် နင် ဘာကယ်ဖြစ်ရင် ဒုက္ခ"

"နင်ကလည်း ပိုက်ဆံမပါလည်း ကြိုပြောရောပေါ့ဟာ။ ငါတို့ ပေးမှာပေါ့။ ကြည်ပြာကလည်း တောင်းကတည်းက ပေးလိုက်ရင် . . ."

"အို . . . သူနဲ့ငါ အတူရှိနေတာပဲ။ ထပ်တောင်းပါလား။ ငါကမေ့တာပေါ့၊ ဘာမှန်းလဲမသိဘူး"

ကြည်ပြာက မျက်စောင်းလှမ်းထိုးသေးသော်လည်း သူ့မအကြည့်တွင် စိုးရိမ်စိတ်ပါနေသည်ကို ကျွန်တော်သိပါသည်။ ကျွန်တော့်ကို လူလယ်ကောင်မှာ အော်ခဲ့တာ၊ အနားကပ်ခွင့်မပေးတာ တွေကို ကြည်ပြာမှတ်မိနေပါလိမ့်မည်။သို့သော် မိန်းမတို့၏ဗီဇအတိုင်း ဘယ်တော့မှ ဝန်မခံချင်ကြ။ ရှိပါစေတော့လေ။

"ထားလိုက်ပါတော့ဟာ၊ အားလုံးက ငါ့အပြစ်နဲ့ငါပါ"

"တော်သေးတာပေါ့ကွာ၊ တံတောင်ဆစ်နဲ့ နားရွက်ပဲ ပွန်းသွားတာ၊ ဒီထက်အများကြီး အခြေအနေဆိုးနိုင်တာကွ။ ကြည်ပြာက တစ်နေ့ကုန်လုံး စိတ်ပူနေတာ၊ မင်းမြင်မှပဲ ဟဲဟဲ . . . ။ ကဲ . . . ငါတို့ သွားမယ်။ ကြည်ပြာ နင်သတင်းမေးချင် မေးပေတော့"

အောင်နိုင်စိုးက လှေကားစပ်မှ ခုန်ချကာ ယဉ်ယဉ်သိန်းကို လှမ်းဆွဲသည်။ လွင်ဦးနဲ့ မိုးမိုးကလည်း ထပြီ။ အောင်နိုင်စိုးက မျက်စိမှိတ် မေးဆတ်ပြသည်။ ကြည်ပြာသည် ငြိမ်၍ရပ်နေသည်။ ကျွန်တော်သည်း ခေါင်းကိုသာ ငိုက်စိုက်ချထားလိုက်မိလေသည်။ ဒီအဖြစ်အတွက် ကြည်ပြာ အတော်ရှက်သွားမလား။ ကျွန်တော် တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမလား။ ဖျတ်ခနဲ့ခိုးကြည့်တော့ ကြည်ပြာနှင့် မျက်လုံးချင်း ဆုံကြပြန်သည်။ နှစ်ယောက်စလုံး ကမန်းကတန်း မျက်နှာလွှဲကြရသည်။ ခဏကြာတော့ ကြည်ပြာ့ထံမှ သက်ပြင်းချသံ သဲ့သဲ့ကိုကြားရ၏။

"တော်တော် နာနေသေးသလား"

ကျွန်တော် ဦးခေါင်းကို ခါရမ်းသည်။ ကြည်ပြာက ကျွန်တော့် ဘယ်ဘက်နားရွက်သေးသေးကလေးကို ကိုင်ကြည့်သည်။ ကျွန်တော် နာသွားသဖြင့် အားခနဲအော်တော့ ကြည်ပြာက လန့်ဖျပ်၍ လက်ကို လွှတ်ကာ မျက်စောင်းထိုးသည်။

"တံတောင်ဆစ်ကရော"

ကြည်ပြာက ကျွန်တော့်လက်မောင်းကို တအံ့တသြကိုင်ကြည့်သည်။

"တော်ပါသေးရဲ့၊ ဟွန်း စိတ်ပူရတာနဲ့တောင် မကောမိဘူး"

"စိတ်ကော တကယ်ပူလို့လား"

ကြည်ပြာက မျက်စောင်းထိုးကာ မျက်လွှာကို ချသွားသည်။ ပါးလျပြီး ချွန်ထွက်နေသည့် အပေါ်နှုတ်ခမ်းကလေး။ သွေးကြော ကလေးတွေ မြင်နေရတဲ့ ပါးပြင်၊ ညာဘက် ပါးပြင်ပေါ်က ပြုံးလိုက်လျှင် ပါးချိုင့်တွင်းနက်နက်ထဲ ခုန်ချသွားလေ့ရှိသည့် မှဲ့စိမ်းစိမ်းကလေး တစ်လုံး၊ နဖူးကျဉ်းကျဉ်းကလေးပေါ်က ကပိုကရိုဝဲကျနေသည့် ဆံစ ကလေးများ၊ ကျွန်တော့်ရင်တွေ ခုန်လာပြန်သည်။ ထိုစဉ် ကျောင်းသူ လေးငါးယောက်ဆင်းလာသဖြင့် ကျွန်တော်တို့ နေရာရွှေ့ပေးလိုက်ရ၏။

"နင့်ကို လူတွေ ဝိုင်းအုံလာရောလား"





"အေးပေါ့၊ သူတို့က ငါ့ကို နားမလည်ကြဘူးဟ"

"မိန်မကြီးကလည်း ကားပေါ်ကချသွားတဲ့ ပိုက်ဆံကို ဝင်လု ယ်လို့ အော်တော့ ပိုဆိုးတာပေါ့။ ငါ့လက်ထဲမှာကလည်း ငါးကျပ် န်" ကျွန်တော့်စကားမဆုံး ကြည်ပြာက တခွီးခွီးရယ်သည်။ ကျွန် ာ်ကတော့ လုံးဝမရယ်နိုင်။

"ဒီတော့ နင်ဘာပြောခဲ့သလဲ"

ဘုရား . . . ကျွန်တော့် တစ်ကိုယ်လုံး တုန်သွားသည်။ အဲ ကျွန်တော့်ရည်းစားဟု ကျွန်တော် ကြံရာမရစွာ ဖြေရှင်းခဲ့သည် ာ်ပါလား။ ပျက်သွားသော ကျွန်တော့်မျက်နှာကြောင့် ကြည်ပြာ ချက်မှောက်ကိုကျုံ့သည်။

"ဟို . . . ဟိုလေ . . . အဲဒီပိုက်ဆံဟာ ငါနဲ့ ပတ်သက်တယ် ဘာကိုတော့ ရှင်းပြရတာပေါ့ဟာ။ ဟို နင်စိတ်မဆိုးနဲ့ဟာ၊ အဲဒါ ်တော့်ရည်းစားဗျလို့ ငါပြောခဲ့တာ၊ ဒါပေမဲ့ ဘယ်သူကမှ မယုံပါ ဟာ။ နားလည်း မလည်ကြဘူးဟာ။ နင်စိတ်မဆိုးနဲ့နော် ည်ပြာ"

"မဆိုးပါဘူး၊ ဘာလို့စိတ်ဆိုးရမှာလဲ"

တော်ပါသေးရဲ့ဟု အောက်မေ့ရသည်။ ဒါပေမဲ့ ဖော်မင်းတွေး ျွန်တော့်ကို ဆွဲထိုးသည်။

"အရှုံးအပေါ်၊ အဲဒီလိုဖြစ်အောင် မင်းကို ထားခဲ့တာကွ။ ငါတကယ်နင်နဲ့ ချစ်သူဖြစ်ပြီလား ဘာညာမေးရမှာ အဖြေရ င်တောင်းရမှာ။ မင်းဟာလေ အမြဲတမ်း အူကြောင်ကြောင်နဲ့ ာပဲ တော်ပါသေးရဲ့ စဉ်းစားရသေးသလား၊ တုံး အရှုံးအပေါ်"

ကျွန်တော် ဆွေးသွားသည်။ သြော် ငါဟာ အတော်ညံ့ပါ



www.burmeseclassic.com

www.burmeseclassic.com



ကလား။ ဒီအဖြစ်အပျက်ကို ဒီလို အသုံးချရမှာပါလားဟု အခုမှ
နောင်တရနေမိသည်။ ဒုက္ခပါပဲ။ ငါ ဘာဆက်လုပ်ရမလဲ။

"သေလိုက်၊ လဲသေလိုက်။ မင်း နောက်ပိုင်း ဘာဆက်ပြော
သေးသလဲ"

"ဟင့်အင်း . . . ပြီးတာနဲ့ မင်းတို့ဆီ လိုက်လာတာ"

"တော်သေးတာပေါ့၊ ကြည်ပြာက မင်းကို အဖြေပေးပြီးသွားပြ
လို့ ယူဆနေမှာ သေချာတယ်။ မင်းနဲ့ ကြည်ပြာဖြစ်ပြီ။ မင်းဘာမှ
ထပ်မရှုည်နဲ့နော်။ ခပ်တည်တည်နေ၊ ကြည်ပြာကို ချစ်သူတစ်ယောက်
လိုဆက်ဆံ၊ မနက်ဖြန် ငါတို့က မုန့်ကျွေးခိုင်းမယ်။ မင်းခပ်တည်တည်
နဲ့သာ ကျွေးလိုက် ကြားလား"

ဇော်မင်းထွေး စကားကြားရတော့ ကျွန်တော့်ရင်သည် ဖျတ်ခနဲ
နိမ့်ဆင်းသွားခဲ့သည်။ တစ်လောကလုံးလည်း ဖျတ်ခနဲ လင်းသွားသ
လို ထင်ရ၏။ ကြည်ပြာနဲ့ငါနဲ့ ဖြစ်ပြီ။ ငါ့မှာ ချစ်သူတစ်ယောက်ရပြီ
အသိဉာဏ်သည် နိမ့်ချည် မြင့်ချည်ဖြစ်နေကာ အရိပ်အရောင် အသံ
တို့သည် တစ်ပြိုင်နက် ကျွန်တော့်ခံစားမှုအပေါ်ကို စုကျလာသလို
ဖြစ်သွားသည်။ နှလုံးသည် မငြိမ်၊ ခန္ဓာကိုယ်ကို တွန့်လိမ်ကာ အားရှိ
ပါးရှိ ကွေးဆန့်ပစ်လိုက်ချင်မိ၏။ ဘယ်လိုရသပါလိမ့်။ ထိုတခဏ
တွင် တစ်လောကလုံးမှာရှိသည့် ပန်းတွေ တစ်ပြိုင်နက် ပွင့်လာကြ
လေသည်။

ကျွန်တော်အိမ်ကို ပြန်ရောက်လာတော့ မနေတတ် မထိုင်တတ်
ဖြစ်၍နေသည်။ တစ်ခုခုကို အားရှိပါးရှိ ဖက်ထားလိုက်ချင်၏။ ကျွန်
တော့်အတွက် ဒေါ့ဂျစ်ကားတစ်စီး၏ ဦးခေါင်းပိုင်းသည်လည်း ချစ်စရာ
ကြီးဖြစ်နေသည်။ အစာကောက်နေသော ကြက်မနှင့် ကြက်သား





လေးတစ်အုပ်ကလည်း လှနေသည်။ နေရောင်၊ ပန်းပွင့်၊ သစ်ရွက်၊
သမ်းမပေါ်က လူတွေအားလုံးသည် နဂိုထက်လှ၍နေလေသည်။
ကျွန်တော် အိမ်မှာ ဆန်ဆေးပေးသည်။ ရေတွေဘာတွေ ခပ်သည်။
မှီးချဉ်သီး ဝင်လှီးသည်။ သီချင်းတအေးအေးနှင့် တွေ့ကရာတွေ
လောက်လုပ်နေသော ကျွန်တော့်ကို အမေက မသင်္ကာသလို ကြည့်
။ နောက်ဆုံး ကျွန်တော် ခဏခဏ ပိတ်ကန်တတ်သော ခွေးဝါကို
ဘာလေးခွေတွေဘာတွေ ဝယ်ကျွေးကာ ပွတ်သပ်ပေးလိုက်သေး
သည်။

ထိုညတွင် အိပ်၍မပျော်၊ ကျွန်တော့်မှာ ချစ်သူတစ်ယောက်
ရပြီ။ လမင်းသည် ဘယ်လို သာရမယ်မှန်းမသိ ဖြစ်နေကာ၊ ကြယ်
တွေကလည်း ဘယ်လို ခုန်ရမည်ဆိုတာမသိဟုပင် ကျွန်တော်ထင်
သည်။ ကြည်ပြာ . . . ကြည်ပြာ . . . ကြည်ပြာ ကျွန်တော့် ရင်ခုန်
သံသည် ထိုအတိုင်း မြည်နေသည်။ အရာရာသည် ကောက်မ လျှင်
ဒေါ့ကလေး ပါလာလိမ့်မည်ထင်သည်။ ကြည်ပြာ၏ လှပသော
နှာကလေးသည် ကျွန်တော့်အာရုံထဲမှာ ပုံသဏ္ဌာန် အမျိုးမျိုးဖြင့်
ခနဲဆတ်ခနဲ ပေါ်ပေါ်လာတတ်သည်။ မျက်ဝန်းများကို မှိတ်
သော်လည်း ရင်ခွင်တစ်ခုလုံးသည် တင်းတောင့်နေကာ အိပ်ချင်
သည် ဘယ်မှာမှ ရှာ၍မရ၊ ချစ်ရပါသော မကြည်ပြာ။

ခုန်ခုန်နိုင်လွန်းသော ရင်သည် နံနက် ငါးနာရီလောက်တွင်
ပျော်ကြီး အိပ်သွားသည်။ မနက်ရှစ်နာရီကျော်မှ နိုးသည်။
. . .။ ကမန်းကတန်း ဗိုလ်တထောင်တက္ကသိုလ်ကို လစ်ရ
။ ဒီနေ့မနက် ကြည်ပြာနှင့် အထိမ်းအမှတ် ကင်ပွန်းတပ် ကျွေး
သည် မဟုတ်လား။ ရောက်သွားတော့ လူစုံနေပြီ။ ကြည်ပြာ၏



www.burmeseclassic.com

www.burmeseclassic.com



အပေါ်နှုတ်ခမ်းချွန်ချွန်သည် တစ်ထွာလောက် ရှေ့ကိုရောက်နေ၏ မျက်လုံးတစ်ချက်အငေ့မှာပင် မျက်စောင်း ရှစ်ခါလောက်ထိုးသည် မိုးမိုးက ကြည်ပြာနံဘေး ကပ်လျက်ခုံမှာ ကျွန်တော့်ကို နေရာပေ သည်။

အဟား . . .။

"တစ်ညလုံး အိပ်လို့မပျော်ဘူးဟာ၊ ဟောဒီလို ဟောဒီလို ဖြစ်နေတာ မနက်လင်းခါနီးမှ မှေးခနဲ . . ."

"သေလိုက် . . ."

ဒီလိုနှင့်ပင် တဝါးဝါး တဟားဟားနှင့် ဂုဏ်ပြုပွဲသည် ပြီးဆုံး သွားခဲ့၏။ အခုမှ ကျွန်တော်လည်း ကျွန်တော့်ပိုက်ဆံလုပွဲကြီး ရယ်နိုင်သည်။ ကားထွက်ခါနီးမှ ပိုက်ဆံပေးဖို့ သတိရသော ကြည်ပြ ၏ ဦးနှောက်ကို ကျွန်တော်အတော့်ကို ကျေးဇူးတင်ရပါသည် အခုတော့ ကြည်ပြာနှင့် ကျွန်တော် ချစ်သူဖြစ်တာ တစ်ပတ်ရှိပြီ။

သို့သော် ကျွန်တော် မကျေနပ်။

ကျွန်တော့်စိတ်ထဲမှာ လှုပ်ရှား ပြောင်းလဲရသလောက်၊ အပြ တွင်တော့ ဘာမှပြောင်းလဲမှုကို မတွေ့ရ။ ကြည်ပြာနှင့် ကျွန်တော် သည် နံနက်မိုးလင်း ကျောင်းမှာတွေ့ကြသည်။ ပြီးတော့ ကြည်ပြ သည် မိုးမိုးတို့ ယဉ်ယဉ်သိန်းတို့နှင့် အတန်းတက်သည်။ ကျွန်တော် တို့က လက်ဖက်ရည်ဆိုင် ထိုင်ကြသည်။ ဟိုယခင်ကအတိုင်း ဘာ လည်း မထူးခြားလာပါကလား။

ကြည်ပြာကလည်း သူမ သူငယ်ချင်းတွေနှင့်သာ ကပ်၍ တတ်သည်။ နှစ်ယောက် တွေ့ရသည့်အချိန်က ဘာမှမရှိ၊ တွေ့ သည့်အခါကျတော့လည်း ကြည်ပြာသည် မနားစတမ်း စကားပြေ





ပြောသည်။ သူမတို့အိမ်က ကြောင်ကလေး ဖျားသည့်အကြောင်း၊ သူမအစ်မဝယ်လာသည့် ဘီဘဲထဘီက လေးဆယ်တိတိ ဈေးများ သွားသည့်အကြောင်း၊ ပိတုန်းပုံ ရင်ထိုးကလစ် ပျောက်သည့်ကိစ္စ၊ သူမတို့အိမ်နားက သူငယ်ချင်းညီမ၏ ရည်းစားအကြောင်း တစ်မိနစ် လျှင် စကားလုံးနှစ်ရာနှုန်းဖြင့် ကြည်ပြာ၏ နှုတ်ခမ်းပါးကလေးသည် ခန်မှန် တုန်ခါလျက်ရှိသည်။ ခဏကလေး စဉ်းစားပြီးလျှင် "ဟုတ်သိ လား" ဆိုသည့်စကားနှင့် စကားအနည်းဆုံး နာရီဝက်လောက် မရပ် တမ်းပြောနိုင်သော နှုတ်ခမ်းကို ကျွန်တော် ငေးမောကာ အံ့သြနေ ခဲ့ရသည်။ နောက်ဆုံး ယဉ်ယဉ်သိန်းတို့ရောက်လျှင် ရောက်သည့် နေရာမှာရပ်ကာ တစ်ခါ ကျွန်တော်တို့ နားလည်နိုင်စွမ်းမရှိသော စကားများကို ပြောကြပြန်သည်။ အချစ်ဆိုတာ ဘာလဲ။ ကမ္ဘာကျော် စာဆိုဆရာကြီးများ၊ ဝတ္ထုရေးဆရာများ၊ အဘိဓမ္မာဆရာများလည်း ဤသို့ပင် အချစ်၏အဓိပ္ပာယ်ကို မဖော်နိုင်ခဲ့ကြပုံပေါ်သည်။

"ဟေ့ကောင် . . . ဖော်မင်းထွေး မင်း ယဉ်ယဉ်သိန်းလက်ကို ဘယ်လိုစကိုင်လဲ"

"ဟေ . . ."

ဖော်မင်းထွေးက ကျွန်တော့်ကို မျက်လုံးပြူးကြည့်သည်။

"ကြည်ပြာက မစွံဘူးကွာ၊ စကားသိပ်များတာပဲ၊ မင်းတို့အတွဲ ဆို တွေ့လိုက်တာနဲ့ နှစ်ယောက်က တစ်ယောက်တည်း ဖြစ်သွားတာပဲ၊ ကြည်ပြာက အဲဒီလိုမဟုတ်ဘူးကွာ"

"ဟ . . . အစတော့ ဒီလိုပဲပေါ့ကွ၊ ငါတို့က ကြာပြီကိုး၊ ပြီးတော့ ကြည်ပြာကလည်း ဒါပထမဦးဆုံး၊ မင်းကလည်း ပထမဦး ဆုံးဆိုတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ထားပါ၊ မင်းဘယ်လို လက်စကိုင်သလဲ၊ ငါ ကြည်ပြာ့လ
ာလေးကို သိပ်ကိုင်ချင်တာပဲကွာ"

အောင်နိုင်စိုးမျက်နှာမှာ စိတ်ပျက်သလို ဖြစ်လာသည်။ မျ
မှောင်ကို ကြုတ်၏။

ခေါင်းကို ခါရမ်းလေသည်။

"မသိဘူးကွ၊ မမှတ်မိတော့ဘူး၊ ငါကပဲ စကိုင်တာလာ
သူကပဲ စကိုင်တာလားတော့ မသိဘူး၊ မင်းနှယ့်ကွာ ရည်းစားဖြစ်နေ
ပဲဟာ"

" မရဘူးကွ၊ ကြည်ပြာကတော့ ငါ့ကို စကိုင်မယ် မထင်ဘူ
ငါကလည်း ဘယ်လို စကိုင်ရမယ်ဆိုတာ မသိဘူးဖြစ်နေတယ်"

"ကြံသလို ကြည့်လုပ်ကွာ . . ."

ထိုနေ့မှစ၍ ကျွန်တော် ကြည်ပြာ့လက်ချောင်းကလေးများ
ဂရုစိုက်လေ့လာခဲ့သည်။ တော်တော်အလုပ်ရှုပ်တဲ့ လက်ချောင်းတွေ
လား၊ သုံးမိနစ်တစ်ကြိမ် နဖူးပေါ်မှ ဆံပင်ကို ပင့်သပ်တင်သည်
မကြာခဏ ခါးအစပ်နားက အင်္ကျီစကို ဆွဲချရသည်။ စကားပြောလျှ
ရင်အရှေ့မှာ ထိုလက်ချောင်းများသည် ဝှေ့လည်ရှုပ်ယှက်ခတ်က
ပုံသဏ္ဍာန်အမျိုးမျိုး ရှိတတ်သည်။ တစ်ချိန်မှ အားချိန် နားချိန်မရှ
ခဏကလေး ငြိမ်သွားသည့် လက်ချောင်းကလေးများကို ကျွန်တေ
ကောက်ယူဖျစ်ညှစ် ဆုတ်ကိုင်ပစ်လိုက်ရမှာလား။ သို့သော် ကြည်ပြ
သည် လက်ချောင်းများကို ပြန်လည်ဆွဲယူကာ ကျွန်တော့်ကို ထအော
လျှင် ဘယ့်နှယ့်လုပ်မလဲ။ ရှက်ရတာနဲ့ သေလိမ့်မည်။

ကျွန်တော်သည် နူးညံ့ညင်သာစွာ ကြည်ပြာ့၏ လက်ချောင
ကလေးများကို ဖွဖွဆုပ်ကိုင်ကာ တိတ်ဆိတ်နေသော နေရာကလေ





မှာ ဘာစကားမှမပြောဘဲ ထိုင်နေချင်ပါသည်။ လူရှုပ်သော လမ်းမ
ပေါ်မှာ ကြည်ပြာ့လက်ချောင်းကလေးများကို တင်းတင်းဆုပ်ကိုင်ကာ
လမ်းလျှောက်ချင်ပါသည်။ သို့မှသာလျှင် ကြည်ပြာ့ကို ကျွန်တော်
ပိုင်ဆိုင်သည်ဆိုသည့် အသိစိတ်သည် ထင်ရှားကာ ယုံကြည်ဖို့ လွယ်
လွယ်ကလေး ဖြစ်၍လာလိမ့်မည်။ မိန်းကလေးတစ်ယောက်သည်
သူ့ချစ်သူ၏ လက်ဖဝါးထဲတွင် သူတို့ လက်ချောင်းကလေးများကို
ထိုးသွင်းကာ မိမိချစ်သူ၏ ချစ်ခြင်းမေတ္တာကို သိရှိခွင့်ရကြသည်။
ရင်ခုန်စွာ လုံခြုံနေကြသည်ဟု ကျွန်တော် ထင်သည်။ လက်ချောင်း
ချင်း ချိတ်သွားသော ကျောင်းထဲက ချစ်သူများကို ကျွန်တော် ဝမ်းနည်း
အားကျစွာ ငေးမောနေခဲ့သည်။

ထိုကိစ္စကို ကျွန်တော် သည်းမခံနိုင်တော့။ ထိုကိစ္စသည်
ကြည်ပြာက ကျွန်တော့်ကို တကယ် မချစ်ဆိုသည့်အဆင့်ထိ ရောက်
အောင် ကျွန်တော့်ကို ခြောက်လှန့်စပြုလာကြပြီ။ ကြည်ပြာဟာ အရပ်
ရှုပ် အုကြောင်ကြောင် လူတစ်ယောက်နဲ့အတူ တွဲလျှောက်ရတာကို
ကြောက်လန့်နေသလား၊ ရှက်နေသလား၊ တကယ်သာ ချစ်သည်
ဆိုလျှင် ကြည်ပြာ၏ လက်ချောင်းကလေးများသည် ကျွန်တော့် လက်
ဖဝါးထဲကို ရောက်ကိုရောက်လာရမည်။

ကြည်ပြာဟာ ကျွန်တော့်ကို . . .။

နောက်ဆုံးတော့ ထိုကြောက်လန့်မှုကို ကာကွယ်ဖို့ ကျွန်တော့်
မှာ ရိုးသားစွာ ရင်ဆိုင်ဖို့သာ ဆုံးဖြတ်မိ၏။ ထိုနေ့က ကြည်ပြာနှင့်
ကျွန်တော် လူရှင်းသည့် ဗိုလ်တထောင်တက္ကသိုလ်၏ လှေကား
ဆောင့်ချိုးတွင် ထိုင်နေခဲ့သည်။ ပြောစရာ စကားကုန်သွားသဖြင့်
ကြည်ပြာ နှုတ်ခမ်းကလေး ငြိမ်လျက်ရှိသည်။ ကျွန်တော်ချစ်ရသော



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းကလေးများကို ကြည်ပြာက ပေါင်ပေါ်က အမွေးပွလွယ်အိတ်ကလေးရဲ့ အပေါ်မှာ အသာကလေးတင်ထားခဲ့သည်။

"ကြည်ပြာ . . ."

"ဘာလဲ"

ကျွန်တော် နည်းနည်း ရွံ့သွားခဲ့သည်။

"ငါ . . . နင့်ကို ပြောစရာတစ်ခုရှိလို့ဟာ"

ကြည်ပြာက နှုတ်ခမ်းများကို စိတ်ပျက်သလို ဆွဲဆန့်ကာ မျက်စောင်းထိုးသည်။

"ပြော . . . ပြော . . . ဘာလဲ"

ကျွန်တော့်ရင်သည် ဖျတ်ခနဲခုန်၍ သွားခဲ့သည်။

"ဟို . . . ဟိုလေ . . . နင် စိတ်တော့ မဆိုးပါနဲ့ဟာ။ ငါက လေ . . .၊ အဲဒါ . . . နင့်လက် . . . ဟိုလက်ကလေးကိုဟာ၊ အဲဒါ . . . ကိုင်ထားချင်လို့"

"ငါ့လက်ကို . . ."

ကြည်ပြာ က အလန့်တကြား ထအော်သည်။

"နင်ကလည်းဟာ . . . အော်လိုက်တာ။ ဟိုလေ ငါက အသား ယူချင်လို့ မဟုတ်ပါဘူးဟာ၊ ဒါပေမဲ့ . . ."

"တော်ပြီ . . . တော်ပြီ ဆက်မပြောနေနဲ့တော့။ နင်တို့ ယောက်ျားလေးတွေဟာ သစ်ကုလားအုပ်နဲ့ အတူတူပဲ။ တော်တော် ကိုင်ချင်နေ တယ်ပေါ့ ဟုတ်လား"

"မဟုတ်ပါဘူးဟာ . . . ငါက . . ."

"အို . . . ဘာမှမပြောနဲ့တော့ဆို . . . ရော့၊ ဒီလောက်ကိုင်ချင်နေရင် ရော့၊ ရော့လေ"





ကြည်ပြာသည် ဒေါသထွက်သော မျက်ဝန်း၊ စိတ်ဆိုးနေသော နှုတ်ခမ်းတို့ဖြင့် သူမ ညာဘက်လက်ကို ကျွန်တော့်အရှေ့သို့ တွင်တွင်ထိုး၍ပေးလေတော့သည်။ ကြည်ပြာ၏ လက်ချောင်းမှာ တုတ်တစ်ချောင်းနှင့် ဘာမှမခြားတော့။ ကျွန်တော် ကြောက်ကွဲသွားခဲ့သည်။

"ရော့ . . . လေ။ ကိုင်ချင်တယ်ဆို . . . ကိုင်ကိုင် ကြိုက်သလောက်ကိုင်"

"တော်ပါတော့ ကြည်ပြာရယ်၊ ငါ . . . မကိုင်ချင်တော့ပါဘူး။ ငါ ဒါမျိုးလိုချင်တာမဟုတ်ဘူး။ နင့်လက်ကြီးကို ပြန်ယူလိုက်တော့ဟာ"

"သြော် . . . ဒါမျိုးမကိုင်ချင်လို့ ဘယ်လိုမျိုး ကိုင်ချင်တာလဲ။ ငါ့လက်ကို ဖြတ်ပေးလိုက်ရမှာလား"

"တော်ပါတော့ဟာ။ ငါက မရိုးမသား အထင်ခံရမှာစိုးလို့ ရိုးရိုး သားသား အသိပေးပြီး . . . "

"အသိပေးတာ . . . အမလေး အံ့ပါ့၊ အံ့ပါ့၊ ရိုးသားပါပေတယ်ရှင်။ ရိုးသားပါပေတယ်"

ဤသို့ဖြင့် ကျွန်တော် ကြည်ပြာ့လက်ချောင်းကလေးများဖြင့် ဝေးခဲ့ရသည်။ ထို့နောက်တွင် ကြည်ပြာသည် သူမ လက်ချောင်းများကို ထင်သလို မထားတော့။ ကျွန်တော် ငြိမ်သွားလျှင် မသက်သာသလို ကြည့်တတ်သည်။ လက်ချောင်းများကို ကာကွယ်လာသည်။ ကျွန်တော်နှင့် နှစ်ယောက်ချင်း ကျောင်းဝင်းထဲမှာ ထိုင်ကြသည့်အခါ တိတ်ဆိတ်မှု ရှိမနေအောင် စကားကို တွင်တွင်ပြောတော့သည်။ လမ်းအတူလျှောက်ကြသည့်အခါ လက်ဖဝါးချင်း မတော်တဆ ထိသည့်အခါတွင်တောင်မှ ကြည်ပြာသည် ကျွန်တော့်ကို သံသယများဖြင့်လုံး



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် လှမ်းကြည့်ကာ သူငယ်ချင်းတစ်ယောက်၏ နံဘေးသို့ နေရာ ရွှေ့သွားတတ်၏။ ဝမ်းနည်းရပါသည် မကြည်ပြာ။

လွင်ဦးကတော့ "မလိုအပ်ဘဲ မရိုးသားချင်ပါနဲ့ကွာ။ မင်းက တရားဝင် သွားပြောတော့ ရှက်သွားတာပေါ့။ အမှန်ဆို ဒါဟာ မသိ မသာနဲ့ ပြီးရမယ့်ကိစ္စမျိုးကွ" ဟု ဆုံးမ၏။ အခြားလူတွေအတွက် အရာရာ လက်တစ်ကမ်းစာဟာ သားနဲ့ကျတော့ ဘာကြောင့် ယူဇနာ သန်းပေါင်းများစွာ ဝေးကွာခက်ခဲနေတာလဲ အမေ။

ဒီလိုနဲ့ တစ်လဆိုသည့် အချိန်သည် ရင်တစ်ဝက်သာ ခုန်ကာ ကုန်သွားခဲ့လေသည်။ချစ်သူဆိုသည့် ခေါင်းစဉ်အောက်တွင် ကြည်ပြာ နှင့် ကျွန်တော်သည် သူစိမ်းဆန်နေဆဲ။ အသိတရား တစ်ခုတည်းနှင့် ဆက်သွယ်နေရဆဲ။

နောက်ဆုံး သူငယ်ချင်းတွေက ကူညီကြသည်။ ကန်တော်ကြီး သွားကြမည်။ ကျွန်တော့်ရင်သည် ငြိမ့်ခနဲ့ခုန်သွားသည်။ ဒါ ကျောင်း ပရိဝုဏ်ပြင်ပမှာ ကြည်ပြာနှင့်ကျွန်တော် ပထမဦးဆုံး တွေ့ခွင့်ရသည့် ပွဲ။ ကျွန်တော့် မျှော်လင့်ချက်များ ပြည့်စုံသွားနိုင်ပါ၏။ သို့သော် ကျွန်တော် ဝမ်းနည်းရပါသည်။ကြည်ပြာက သူမ မလိုက်ပါဟု ငြင်း သည်။

မိုးမိုးက "နင်ပဲ ရအောင်ခေါ်တော့ဟာ။ ကြည်ပြာက လုံးဝ မလိုက်ဘူး" တဲ့။ ကျွန်တော် ကြည်ပြာ့နံဘေးသို့ ရောက်ခဲ့သည်။ ကြည်ပြာသည် ဦးခေါင်းကို မမော့သော်လည်း မျက်နှာကတော့ မာ ထန်နေလိမ့်မည်ဆိုတာ သေချာပါသည်။

"ကြည်ပြာ . . ."

ဦးခေါင်းကို မမော့။





"ကြည်ပြာ"

"လာပြောမနေနဲ့၊ နင်တို့အကြံ ငါသိတယ်"

"မဟုတ်ပါဘူးဟာ။ အခုဟာက ဘာမှ အကြံမရှိပါဘူး။နင် မလိုက်ဘူးဆိုတော့ မိုးမိုးတို့က စိတ်မကောင်းကြဘူးပေါ့ဟာ"

"သူတို့နဲ့ ဘာဆိုင်လို့လဲ"

ကြည်ပြာက သက်ပြင်းချရင်းက ပြောသည်။

"ဘယ်သူ့ကြောင့် နင် မလိုက်တာလဲ။ ငါ့ကြောင့်လား၊ နင်နဲ့ ငါက ချစ်သူတွေလေဟာ . . . ဟို . . ."

"ခဏ ခဏ မပြောနဲ့ နားငြီးတယ်။ ဟုတ်တယ် နင့်ကြောင့်"

"ငါက ဘာဖြစ်နေလို့လဲဟ။ နင်နဲ့ငါနဲ့ အတူသွားရမှာကို ရှက်နေလို့လား။ အေးလေ ငါကလည်း . . ."

"မဆိုင်လိုက်တာ၊ ငါ နင့်ကို မယုံဘူး။ နင် ငါ့ကို ကတိတစ်ခု ပေးမလား။ ဒါဆို ငါလိုက်မယ်"

"ပေးမယ်ဟာ . . . ပြော"

ကြည်ပြာက ကျွန်တော့် မျက်နှာကို စိုက်၍ကြည့်သည်။ အတည်ငြိမ်ဆုံးဖြစ်အောင် ပြင်သည်။ ပြီးတော့ တစ်ခွန်းချင်း ပြော သည်။

"နင် ငါ့ကို ဟိုလေ မဖက်ဘူး။ မနမ်းဘူးလို့ ကတိပေးမလား"

ထိုစကားလုံးများသည် ကျွန်တော့်ရင်ကို ဖြန်းခနဲ ရိုက်ပုတ် လိုက်ကာ ကျွန်တော့် ဦးခေါင်းကို အောက်သို့ တွဲလောင်းကျစေခဲ့ သည်။ ကျွန်တော် အတော်ရှက်ကာ အရမ်းဝမ်းနည်းသွားခဲ့သည်။

"ဒါဟာ အချစ်ရဲ့ အမှတ်တမဲ့ ဖြစ်မှုတွေပါဟာ။ နမ်းတယ် ဆိုတာ သူ့အလိုလို ဖြစ်လာတာပါ။ လုပ်ယူလို့မရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို စာထဲကဟာတွေ လာရွတ်မပြနဲ့။ ပေးမလား၊ မပေးဘူးလား ပြော"

"ပေးပါတယ်ဟာ ပေးတယ်။ လုံးဝ နင့်ကို မထိဘူး သိလား"

ကျွန်တော်က ခေါင်းငိုက်စိုက်ချ၊ ကြည်ပြာက မျက်နှာထားတင်းတင်းနှင့်ပင် ကန်တော်ကြီးထဲ ရောက်ခဲ့ကြသည်။ ဟိုနှစ်တွဲကတော့ ပလီပလာ တီတီတာတာနဲ့ အတော့်ကို မျက်စိနောက်ဖို့ကောင်းသည်။ ကိုယ်ချင်းစာချင်စိတ် နည်းနည်းကလေးမှ ရှိပုံမရကြ။

ဒီလိုနှင့်ပင် ကန်ရေရိပ်က သစ်ပင်အောက် ရောက်ခဲ့သည်။ ဟိုနှစ်တွဲမရှိတော့၊ ကြည်ပြာက မျက်နှာကို အမာထန်ဆုံး တင်းထားကာ စာအုပ်ထဲက စက္ကူတစ်ရွက်ကို ဖြဲကာ ထိုင်သည်။ ပြီးတော့ ကျွန်တော့်ကို စိတ်ချရပါ့မလားဆိုသည့် မျက်နှာဖြင့် ကြည့်သည်ရှိစေတော့။

"ရဲဝင်း . . . နင့်လွယ်အိတ်ပေး"

". . ."

"ပေးလေ"

အော်သံက မာထန်လွန်းလှပါလား။ ကျွန်တော် လွယ်အိတ်ကို ချွတ်ပေးလိုက်တော့ ကြည်ပြာက သူ့လွယ်အိတ်နှင့် ကျွန်တော့်လွယ်အိတ်ကို နှစ်ယောက်အကြားမှာ အသေအချာချသည်။ ပြီးတော့ မဲ့ရွဲ့ကာ တစ်ဖက်သို့ လှည့်သွားပြီး သူ့မ လက်ကလေးများကို လုံခြုံစွာ အရှေ့သို့ ယူသွားလေသည်။

လေပြည်သည် ကန်တော်ကြီးရေပြင်ပေါ်မှာ ရှပ်တိုက်ကာ ပြေးလွှားလာသည်။ လှိုင်းကလေးများက ကမ်းစပ်သို့ ပြေးလာကာ ကမ်းစပ်တွင်ကွယ်ပျောက်သွားကြသည်။ ရေအစပ်က မြက်ပင်ရှည်ကလေး





တွေက ဦးခေါင်းတညိတ်ညိတ်ဖြင့် ကျွန်တော့်ကို လှောင်ပြောင်နေကြသည်။ တိတ်ဆိတ်မှုသည် အနူးညံ့ဆုံး ဆွဲဆောင်မှုဖြင့် လွတ်လပ်ခြင်း၊ လျှို့ဝှက်ခြင်းတို့ထံ ခေါ်ဆောင်ဖို့ နေရာအနှံ့မှာ ရှိနေခဲ့ကြသည်။

သစ်ရွက်လေတိုးသံ၊ ကျီးအာသံသဲ့သဲ့တို့ဖြင့် ဖွဲ့စည်းထားသော ကန်တော်ကြီး သစ်ပင်ရိပ်များအောက်မှာ ကျွန်တော် တောင့်တင်းမာခဲစွာ ထိုင်နေရသည်။ လေပြည်သည် ကြည်ပြာ၏ လည်ကုပ်အစပ်မှ ဆံစကလေးများကို လွင့်တင်ပင့်မြှောက်လိုက်သည့်အခါ ကြည်ပြာက ဆံပင်လေးများကို သပ်ရပ်အောင် ပြန်ပြုပြင်တတ်သည်။ တကယ်ဆိုလျှင် ဒီအချိန်ဟာ နားလည်မှုတစ်ခုရဲ့အောက်မှာ နွေးထွေးနူးညံ့စွာ ငြိမ်းချမ်းခွင့်ရရှိမယ့်အချိန်။ အခုတော့အချစ်ဆိုတာ ဒီလို တိတ်ဆိတ်အေးစက်စက် မာကြောကြောကြီးပါလား။ ကျွန်တော် ကြည်ပြာ၏ အနီကလေးပေါ်မှ စာလုံးများကို ဖတ်နေမိသည်။ ကျွန်တော့်ကို ကြည်ပြာနားလည်လာမှာလား။ သို့သော် တော်တော်ကြာသည်အထိ ကြည်ပြာသည် ကျွန်တော့်ဘက်ကို လုံးဝလှည့်လာခြင်းမရှိ။ ကန်ရေပြင်အဝေးသို့သာ ငေးမောနေခဲ့သည်။

ကျွန်တော် တစ်ဖက်လှည့်ကာ ကြေကွဲနေမိသည်။ မကြည့်ချင်တော့။ ဘာကိုမှလည်း မသိချင်တော့။ ကြည်ပြာကျွန်တော့်ကို ချစ်တာသေချာပြီ။ ကျွန်တော်ဝမ်းနည်းစွာဖြင့် မြက်ပင်တစ်ပင်ကို ဆွဲနုတ်သည်။

အပိုင်းပိုင်းအစစ . . .။

ထိုစဉ်မှာပင် မြေပြင်မြက်ပင်များအကြားတွင် လျှောက်သွားနေသော ပုရွက်ဆိတ်နီနီကလေးများကို တွေ့ရသည်။ ကြည်ပြာလည်ကုပ်ဖြူဖြူကလေးကို မလုံမလဲလှမ်းကြည့်မိသည်။ "နေရာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



မရှိးသားနဲ့ကွ . . .” ဆိုသော သူငယ်ချင်း၏စကားကို သတိရမိသည်။ အေး တွေ့ကြသေးတာပေါ့မကြည်ပြာ။

ကျွန်တော်ခေါင်းကြီးကြီး ပုရွက်ဆိတ်တစ်ကောင်ကို ဖမ်းယူကာ ကြည်ပြာလည်ကုပ်အစပ်ပေါ် အသာကလေးခါချသည်။ ကျွန်တော့် ရင်သည် တဝုန်းဝုန်းတဒိုင်းဒိုင်း။ ကြည်ပြာများလှည့်လာမလား။ပုရွက်ဆိတ်သည် ဖြူဖွေးသောလည်ကုပ်ပေါ်အကျတွင် ကြောက်လန့်တကြား အရပ်ရှစ်မျက်နှာသို့ လှည့်သည်။ ထို့နောက် ကြည်ပြာ၏တီရှပ်ကလေးမှ ဟနေသော ကျောရိုးထဲပြေးဝင်သွား၏။ ထိုပုရွက်ဆိတ်သည် ကြည်ပြာ၏ လည်ကုပ်အစပ်မှ အမွေးနုကလေးများအပေါ်မှာ လျှောက်သွားနေခြင်း ဖြစ်ရမည်။ ကြည်ပြာ လုံးဝမသိ။

နောက်တစ်ကောင်

နောက်တစ်ကောင် . . . နောက်။

ငါးကောင်တိတိရှိသောအခါ ကျွန်တော့်ရင်သည် ထိန်းသိမ်းမရတော့လောက်အောင် တုန်နေခဲ့သည်။ ကျွန်တော် တစ်ဖက်သို့ လုံးလုံးလှည့်ပစ်လိုက်သည်။ ကြည်ပြာက တားမြစ်ထားသော ဆေးပေါ့လိပ်ကိုပင် ထုတ်ကာ သောက်လိုက်သေးသည်။ မီးခြစ်ခြစ်သံကြောင့် ကြည်ပြာကလှည့်ကြည့်သည်။ သို့သော် ဘာမှမပြော။ ကျွန်တော့်ရင်တွေ တဝုန်းဝုန်း တဒိုင်းဒိုင်း။

ကျွန်တော်က လက်ဖြင့် ဖိဖမ်းသဖြင့် အတော် နာကျင်သွားသော ပုရွက်ဆိတ်များသည် ဒေါသထွက် နောက်ကျလှချည်လား။ သေအံ့မူးမူးများ ဖြစ်ကုန်ပြီလား။ ကျွန်တော်ကတော့ ယုံကြည်စွာပင် လုံးဝလှည့်မကြည့်။ အချိန်သည် အပြင်မှာ တိတ်ဆိတ်နေသော်လည်း ရင်ထဲမှာ ဝုန်းဒိုင်းကျဲနေပါသည်။ ကျွန်တော် အသက်ရှူ သိပ်မမှန်ချင်





ဘော့။ ထိုစဉ် ဟဲ့ ဆိုသော အသံထွက်လာ၏။ ကျွန်တော် လှည့်ကြည့်တော့ ကြည်ပြာပခုံးကလေးကို တွန့်သည်။ ကျွန်တော် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ လုံးဝ အခြားဘက်သို့ လှည့်နေလိုက်သည်။

“ဟဲ့ . . . ဟဲ့ . . . ”

ကြည်ပြာသည် ပခုံးကို တွန့်ဆတ်ကာ လက်ကိုနောက်ပစ်၍ အင်္ကျီကို စမ်းသည်။ ခန္ဓာကိုယ်က အနည်းငယ် ကွေးလာသည်။

“အမလေး ကိုက်တယ်၊ ကိုက်တယ်”

“. . . . . . ”

“ဟဲ့ . . . ၊ ရဲဝင်း . . . အား . . . ဒုက္ခပါပဲ။ ငါ့ကို ဘာကောင်လဲ မသိဘူး။ ကျောမှာ ကျောဘက်မှာ”

ကြည်ပြာသည် ကျွန်တော့်အနား ဇွေ့ခနဲ တိုးကပ်လာသည်။

“လုပ်ပါဦး ရဲဝင်းရဲ့။ ကိုယ်တယ်ဟာ၊ ဘာကောင်လဲ မသိဘူး ကျောမှာ”

“အေး အေးပါဟ။ နင် ဟိုဘက်ကိုလှည့်လေ ဘာကောင်လဲ”

“မသိဘူး။ ကြည့်စမ်းပါဆို။ နင်က ဘာဖြစ်နေတာလဲ။ လုပ်ပါ . . . ဟော . . . အား . . . ”

တွန့်လိမ် ကောက်ကွေးနေသော ကြည်ပြာ့ကျောကလေး ကျွန်တော့်ထံ ရောက်လာသည်။ ထိုစဉ် အင်မတန် ကံဆိုးလှသော ပုရွက်ဆိတ်တစ်ကောင်သည် တီရှပ်ထဲမှ လည်ကုပ်ပေါ် ပြေးတက်လာခဲ့သည်။

“ဟာ . . . ပုရွက်ဆိတ်ဟ၊ ပုရွက်ဆိတ် သစ်ပင်ပေါ်က ကျတာလားမသိဘူး။ ဒီမှာ . . . ”

ကျွန်တော် ပုရွက်ဆိတ်ကို ဖမ်းလိုက်သည်။ “ပေးစမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာလဲ" ကြည်ပြာက ကျွန်တော့်လက်ထဲက ပုရွက်ဆိတ်ကို မှန်းတီးစွာယူပြီး ဖိချေပစ်လိုက်သည်။ ရင်ထဲမှာ မကောင်း။ ကျေးဇူးရှင် တစ်ကောင်တော့ ကြွရှာပြီ။

"အား . . . ကိုက်သေးတယ်ဟ။ ရှာစမ်းပါဦး။ အား တောက်။ အထဲမှာ အင်္ကျီကို မလိုက်လေဟာ။ ဒုက္ခပါပဲ။ အော် အင်္ကျီကို မပါဆို နေမှ နင့်အဘက ကျောကုန်းထဲက ကိုက်နေတာ"

ကျွန်တော် ကြည်ပြာ့အင်္ကျီကို မရဲတရဲ လှန်ရသည်။ မိတ်ဆွေက ကွေးနေအောင် ကိုက်ထားသည်။ ရင်ထဲမှာ စိတ်မကောင်း ဖြစ်ရသေး၏။ ကြည်ပြာ အတော်နာသွားမှာနော်။

"တွေ့သလား"

"အေး . . . ဒီမှာ တစ်ကောင်ဟ"

"သတ်ပစ်လိုက်"

စိတ်မကောင်းခြင်းကြီးစွာဖြင့် ကျွန်တော်အမိန့်ကို မလွန်ဆန်နိုင်စွာ လက်များကို ဖိချေပစ်လိုက်ရသည်။

"ရှိဦးမယ်ထင်တာပဲ ရှာဦးနော်"

"ဟော ဒီမှာ တစ်ကောင်"

"ငါ့ကို သတင်းပို့မနေနဲ့ သတ်ပစ်လိုက်"

ထိုပုရွက်ဆိတ်ကိုတော့ ကျွန်တော် ခါချပစ်လိုက်သည်။ လွတ်ရာကျွတ်ရာ သွားပေတော့။ ကျေးဇူးကမ္ဘာ၊ နှုတ်ကတော့ သေစမ်း ငါ့ရည်းစားကို ကိုက်တဲ့ကောင်ပေါ့။

"ရှိသေးလား"

"နောက်နှစ်ကောင်တော့ ကျန်ဦးမယ်ဟ"

"ဘာ . . ."





ဗုဒ္ဓေါ၊ ကျွန်တော် စကားပြော မှားသွားခဲ့သည်။ "ခုနက ကောင်ကို ဖမ်းတုန်းက နှစ်ကောင်တွေ့တယ်ဟ"

"ရှာဟာ တော်ကြာ ကိုက်နေဦးမယ်"

"အေးပါဟ"

ကမ္ဘာကျော် ပန်းပုဆရာကြီးရိုဒင် သူ့ပန်းပုများကို ထုလုပ်ပြီး ည့်အခါ ဝမ်းသာကြည်နူး ပီတိဖြစ်မှုထက် သာလွန်စွာ ကျွန်တော် ကြည်ပြာ့ကျောကလေးကို ပွတ်သပ်ခဲ့ရသည်။ ပုရွက်ဆိတ် ကိုက်သ င်း နီရဲသွားသော ကျောကလေးကို တွဲတွေး ဆွတ်ပေးခဲ့ရသည်။ ကြည်ပြာ၏ လည်ကုပ်အစပ်မှ ဆံပင်များအောက်တွင် နတ်ဒေဝတာ ပါး၏ စိတ်ကူးအတိုင်း ပေါက်ရောက်နေခဲ့သော မွေးညင်းနု လေး များကို အသေအချာ ကြည့်ခွင့်ရခဲ့သည်။ နောက်ထပ် ကျေးဇူး ှင်နှစ်ကောင်ကို မတွေ့ရတော့။ ဘယ်သို့ လွတ်မြောက်သွားသည် ည်တော့။ သို့သော် ကြည်ပြာသည် ကျွန်တော့်ရင်ခွင်ထဲမှာ လဲကျ က်ရှိသည်။ ကျွန်တော်က နဖူးကို နူးညံ့စွာ နမ်းသည့်အခါ ကြည် ပြာ မျက်ဝန်းများကို မှေးမှိတ်ပေးသည်။ ကြည်ပြာ၏ပါးပြင်ပေါ်သို့ ကျွန်တော့် နှုတ်ခမ်းများ မကျရောက်မီ ဖြတ်သန်းရသော လေထုသည် ရှင်နေသည်ဟု ကျွန်တော်ထင်သည်။ ပတ်ဝန်းကျင်သည် အတိတ် တိတ်သွားကာ ထိုတိတ်ဆိတ်မှု၏ နေရာအနှံ့ ကျွန်တော်တို့ တ်ခဲ့ကြသည်။

အရာဝတ္ထုများသည် သူတို့၏အဓိပ္ပာယ်မှ စွန့်ခွာလာကြကာ ကျွန်တော်တို့၏ မသိစိတ်အတွင်းသို့ ညို့ခံထားရသည့် သတ္တဝါများ သို့ တစ်ခုချင်းတန်းစီဝင်လာကြလေသည်။ သို့သော် အနမ်းသည် မှုဟုတ်။ မနမ်းရသေးခင် ဆန်းပြားမှု လှို့ဝှက်မှုများ ပျောက်ဆုံး



www.burmeseclassic.com


www.burmeseclassic.com



ရာ လွင်ပြင်သာဖြစ်သည်။ အနမ်းသည်ဘာမှမဟုတ်။ မိမိ၏ ပင့်သက်နွေးနွေး အဖျားစွန်းများ မိမိမျက်နှာသို့ပြန်လည်ထိတွေ့မှု။ အနမ်းသည်ဘာမှမဟုတ်။ မျက်စိမှိတ်ထားသော အမှောင်ထုနှစ်ခု၏ တွေ့ဆုံခြင်း။ အနမ်းသည်ဘာမှမဟုတ်။ ချစ်သူတစ်ယောက်၏နှုးညံ့လိုမှုကို လက်ခံ အသိအမှတ်ပြုသည့် အမှတ်တရစိတ် . . .။

အနမ်းသည် . . .။ ။

♥



# ဒေဝူးကား

www.burmeseclassic.com

www.burmeseclassic.com

# ဒေဝူးတား

ကြည့်ပြာ . . .
မင်းဟာ
လွန်ခဲ့တဲ့ နှစ် ၂၀၀ မှာ အသက်ရှင်မယ်ဆိုရင်
မိဖုရားဖြစ်နိုင်တယ်။
ငါက
မင်းကို ဖွဲ့ဖွဲ့လမ်းလမ်းချစ်ရဖို့
အကြိမ်ကြိမ်ကြိုးစားခဲ့ရဖူးတယ်။
ငါဟာ
ဘာကောင်မှ မဟုတ်ဘူးဆိုတာလည်း
မင်းသိတဲ့အတိုင်းပဲ။

စာချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



"*သိတယ် သိတယ်။ နင်ဟာ ဘာကောင်မှ မဟုတ်ဘူး ဆိုတာ* ငါသိတယ်။ နင်က အရူး သိလား၊ ကဲ ပြောစမ်း အဲဒါ ဘာအဓိပ္ပာယ်နဲ့ ရေးထားတယ်ဆိုတာ ပြောစမ်း"

ဒေါသ၊ မာနနှင့် အနိုင်ရလိုမှုများသည် ကြည်ပြာမျက်နှာပေါ်တွင် ခုန်၍နေလေသည်။ လက်ထဲက Diary စာအုပ်ဖြင့် ကျွန်တော့်ကျောကို တဗုန်းဗုန်း ထုနှက်လိုက်သေး၏။ ပထမ ကျွန်တော် ဒေါသထွက်သွားသည်။ ဒုတိယ အံ့ဩသည်။ တတိယ ဝမ်းနည်းကြေကွဲသွားခဲ့ရသည်။

"ငါ့ကို မျက်လုံးပြူးပြီး ကြည့်မနေနဲ့၊ ပြောလေ ဒါ ငါ့ကို စော်ကားထားတာ မဟုတ်လား"

"နင်ကလည်းဟာ . . . မဟုတ်ပါဘူးဟ"

"ဘာ . . . ကဲ အဲဒါဆိုရင် ဘာလဲ"

"အဲဒါ ကဗျာပေါ့ဟ"

ကြည်ပြာက စိတ်ပျက်ခြင်းကြီးစွာဖြင့် ခေါင်းကို ဘယ်ညာ ရမ်းသည်။ ဒေါသကြီးစွာဖြင့် နှုတ်ခမ်းများကို တွန့်လိမ်ကောက်ကွေးပစ်လိုက်သည်။ ပြီးတော့ ကျွန်တော် အစွဲလမ်းရဆုံးသော လှောင်ပြုံးကို ပြုံးပစ်လိုက်လေသည်။

"အဟား . . . အဲဒါ ကဗျာတဲ့လား၊ လဲသေလိုက်"

စကားဆုံးတော့ ဖျတ်ခနဲ မတ်တတ်ရပ်သည်။ ကျွန်တော် Diary စာအုပ်ကို ကျွန်တော့်ရင်ခွင်ထဲ ပစ်ပေါက်ချလိုက်ပြီး လှေကားထစ်များမှ နွဲ့လျစွာဆင်းသွားသည်။ လှေကားအဆုံးကို ရောက်တော့မှ ကျွန်တော့်ကို အပြင်းထန်ဆုံးသော မာနသံဖြင့် ပြောသည်။

"ငါ့ အတန်းထဲကို လုံးဝ လိုက်မလာခဲ့နဲ့ ဒါပဲ"





ကျွန်တော် ကြေကွဲစွာ ကျန်ရစ်ခဲ့သည်။

ပထမတော့ ကျွန်တော်သည် ကြည်ပြာ့ကို လေရူးသုန်သုန်ထဲက စကားလက်အိုဟာရာဟု ထင်ခဲ့ဖူးသည်။ စစ်နဲ့ ငြိမ်းချမ်းရေးထဲက နာတာလျှာ၊ ဒဂုန်တာရာ၏ မေ၊ မိုးငြိမ်း၏ နှင်းလှဲ့ကြွေ၊ ဂျူး၏ ဖြင်သစ်လို အနည်းအကျဉ်းတတ်သော ဓာတ်ကောင်တစ်ယောက်။ တကယ်တော့ ကြည်ပြာသည် ဝက်ခေါင်းသုပ်တစ်ပွဲထဲက ဝက်နားရွက် တစ်ဖက်လောက်မှ ကဗျာကို ကြိုက်နှစ်သက်ခြင်းမရှိ။ အန်တီခြင့်၏ ရခိုင်မုန့်တီတစ်ပွဲလောက်မှ အနုပညာကို စိတ်မဝင်စားသည့် လှချင်ပချင်စိတ်ကလေးနှင့် အတင်းပြောတတ်ရုံ သာမန် မိန်းကလေးတစ်ဦးသာဖြစ်လေသည်။

နှစ်ယောက်အတူထိုင်ခွင့်ရသော တိတ်ဆိတ်ငြိမ်းချမ်းပြီး ရင်ခုန်ချင်စရာကောင်းသော အချိန်မျိုးတွင် ချစ်သူနှစ်ယောက် ဘယ်လို အနုပညာဆန်ဆန် နေရမည်ဆိုတာမျိုးကိုလည်း ကြည်ပြာက မသိ၊ စကားသာ တွင်တွင်များတတ်သည်။ မုန့်စိမ်းပေါင်းသည်နှင့် သူ့အစ်မ ရန်ဖြစ်သည့် အကြောင်းကို အပြန်အလှန်စကားတစ်လုံးမှ မကျန်ရအောင် ပြောချင်ပြောမည်။ မင်္ဂလာဈေးမှာ အထည်သွားဝယ်စဉ်က စားခဲ့ရသည့် ခေါက်ဆွဲသုပ်အကြောင်းကို ချီးမွမ်းချင် ချီးမွမ်းမည်။ သူတို့အိမ်နားက သူ့သူငယ်ချင်းညီမ၏ ရည်းစားအကြောင်းကို ပြောချင်လျှင် ပြောမည်။

ကြည်ပြာပြောသမျှ ကျွန်တော့်အတွေးပုံရိပ်ထဲတွင် ဟာလာဟင်းလင်းဖြစ်လျက်ရှိသည်။ သူ့သူငယ်ချင်းကိုမှ မမြင်ခဲ့ဖူးတာ၊ ထိုသူငယ်ချင်း ညီမကလေး၏ ရည်းစားကို ကျွန်တော် ဘယ်လို ပုံဖော်ကြည့်ရမည်နည်း။ ဒါပေမဲ့ ကြည်ပြာ့စကားလုံးများ အလိုက် ကျွန်တော့်မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာကို ပြောင်းလဲပေးရ၏။ ပြော် . . .။ ဟာ ဟုတ်လား။ ဟားဟား ဟီးဟီး လုပ်ပေးရ၏။ မိန်းကလေးဆိုတာ တစ်သက်လုံး အလိမ်ခံနေချင်ကြတာဟု ကျွန်တော်တွေးမိသည်။ "လူ့ဘဝ၏ အဓိပ္ပာယ်ဟာ ဘာလဲ" ဆိုသည့် မေးခွန်းမျိုးကို ဖူးပါတိတ် စစ်မစစ်လောက် စိတ်ဝင်စားခြင်းမရှိ။ အဓိပ္ပာယ်ရှိသည်ဟု မသတ်မှတ်။ အသက်ရှင်ခြင်း၏ အပိုအလုပ်များဖြင့်သာ သူတို့ဘဝကို သူတို့ မကုန်ကုန်အောင် လုပ်ပစ်နေတတ်သည်။

ကျွန်တော်က ကြည်ပြာ့ကို ထို့ထက် လေးနက်စေချင်သည်။ မြင်နေရတာတွေထက် အဓိပ္ပာယ်ရှိစေချင်သည်။ လပြည့်ညများတွင် အိပ်ပစ်ရမှာကို နှမြောရကောင်းမှန်း သိသည့် မိန်းကလေးတစ်ယောက် ဖြစ်စေချင်သည်။ သို့သော် ကြည်ပြာက မိုးမိုးကို ပြောခဲ့သည်။ "အေးဟာ ငါ ခဏခဏတော့ စိတ်ကောက်ရပါရဲ့၊ ဒါပေမဲ့ နင်တို့ အတွဲလို အဓိပ္ပာယ်ရှိရှိ စိတ်ကောက်ရတာမျိုး မဟုတ်ပါဘူးဟာ၊ ဟိုကောင်က အူကြောင်ကြောင်နဲ့ဟ" တဲ့။

"ရဲဝင်း၊ နင် ပုံမှန်ပဲနေဟာ ကြည်ပြာ့ကို အူကြောင်ကြောင့် စကားတွေ သွားသွားမပြောနဲ့၊ ငါတို့လည်း ရှင်းပေးရတာစိတ်ညစ်တယ်၊ ကြည်ပြာနဲ့တွေ့ရင် နင့်စာအုပ်ထဲကဟာတွေကို မေ့ထားလိုက်ဟာ"

ယဉ်ယဉ်သိန်းကတော့ ကျွန်တော့်ကို တိုးတိုးတိတ်တိတ်သတိပေးဖူးသည်။ အဲဒီတုန်းကလည်း ပြဿနာရှင်းလိုက်ရတာအမော။ ထို့နေ့က ကြည်ပြာနှင့်ကျွန်တော် ကန်ရေရိပ်ကို တတိယအကြိမ် ရောက်ခဲ့စဉ်ကဖြစ်သည်။ ကြည်ပြာက ကျွန်တော့်ကိုငေးကာ နူးညံ့စွာ မေးခဲ့သည်။ "နင် ငါ့ကို တကယ်ချစ်ရဲ့လား" တဲ့။ ကျွန်တော့်ရင်သည်





ဖျတ်ခနဲ ပွင့်သွားခဲ့သည်။ ကျွန်တော် ကြက်သီးဖြန်းခနဲထသည်။ စကားလုံးပေါင်းများစွာသည်ချက်ချင်း ကျွန်တော့်နှုတ်ခမ်းပေါ် တိုးဝှေ့လာကြသည်။

"ချစ်တာပေါ့၊ သိပ်ချစ်တာ၊ ဒါပေမယ့် ဒီလိုဟ သိလား၊ ငါ နင့်ကိုချစ်တယ်ဆိုတာ တကယ်တော့ နင့်ကိုချစ်တာ မဟုတ်ဘူး၊ ငါ့ကိုယ်ငါ ချစ်တာဟ"

"ဘာ"

"ဒီလိုလေဟာ၊ ငါက နင်နဲ့မတွေ့ရရင် မနေတတ်ဘူး၊ နင့်စကား သံ တတွတ်တွတ်ကို မကြားရရင်လည်း သိပ်စိတ်ဆင်းရဲတာပဲ။ နင့် မျက်ဝန်းညိုကလေးတွေ နင့်ရဲ့ ရယ်သံပါးပါး . .အို အားလုံးကိုပေါ့ဟာ။ ငါ့အနားမှာမရှိတဲ့အခါ ငါ့မှာ ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခကို ခံစားရရော။ အဲဒီဝဋ်ဆင်းရဲကြီးကို ငါ့ခန္ဓာကိုယ်ထဲမှာ ခံစားနေရတာကို ငါမကြည့်ရက်ဘူး။ အဲဒီ ဝဋ်ဆင်းရဲကြီးကလွတ်အောင် နင့်ကို ငါ့အနားမှာ ရှိနေစေချင်တာ။ နင့်ကို ချစ်ချင်တာ၊ ဒါဟာ ငါ့ကိုယ်ငါချစ်တာဟာ နင့်ကို ချစ်တာမဟုတ်ဘူး"

ကျွန်တော်၏ လေးနက်သော အဘိဓမ္မာ စကားအဆုံးတွင် ကြည်ပြာသည် ဝုန်းခနဲ ထရပ်ကာ အကြီးအကျယ် ရန်တွေ့လာတော့သည်။ ကျွန်တော် အကြိမ်ကြိမ် ရှင်းပြသော်လည်း ဘယ်လိုမှ မရ။ ကြည်ပြာက တောက်ခတ်သည်။ အံကိုတင်းတင်းကြိတ်သည်။ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်၍လာသည်။ ကျွန်တော့်ကို အော်ဟစ်ရန်တွေ့သော စကားသံတွေက တုန်ရင်ပြာနှမ်းကာနေ၏။

သူငယ်ချင်းများ ရောက်လာကြသောအခါ ကြည်ပြာ့ထံတွင် စကားက နှစ်ခွန်းသာကျန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည်ပြာက သူ့ကိုမေးတယ်၊ နင် ငါ့ကိုချစ်သလားလို့၊ အဲဒါ သူက ချေစ်ဘူးတဲ့၊ ကြည့်စမ်း ဒါ ကြည်ပြာ့ကို သက်သက်ချိုးတာ၊ လှုပါးဝတာ၊ နင်လိုကောင်က မချစ်ရင် ငါက ဘာဖြစ်သွားမှာတဲ့တုံး ဟာင် သွား နင့်မျက်နှာ ငါ မကြည့်ချင် . . ."

ကျွန်တော် တုန်ရင်စွာ ရှင်းပြသော်လည်း ကျွန်တော့် စကားသံများသည် ကြည်ပြာ၏ ကြုံရာရန်တွေ့သံများထဲတွင် အဆုံးထိ မရောက်နိုင်တော့။ အောင်နိုင်စိုးနှင့် လွင်ဦးက ခေါင်းကိုကုတ်ကြသည်။ တိတ်ဆိတ်သော ကန်ရေရိပ်တွင် လွင့်ထွက်လာသော ရင်ခုန်သံဖြင့် မေးခဲ့သည့် ကြည်နူးဖွယ်

"နင် ငါ့ကိုချစ်သလား"

ဆိုသည့် စကားသည် ဘာကြောင့် ရန်ပွဲတစ်ပွဲနှင့် အဆုံးသတ်သွားခဲ့ရသနည်း။

"ချစ်သလားမေးရင် သိပ်ချစ်တယ်ဖြေပေါ့ကွာ၊ စိတ်စေ သသိက်တို့၊ ရုပ်တို့၊ နာမ်တို့၊ စိတ်ဖြစ်စဉ်တို့၊ လှည့်စားမှုတို့ ဘာကြောင့် လုပ်ချင်ရတာလဲ၊ မင်းကတော့ ခက်တော့တာပဲကွာ ဒုက္ခပဲ"

သူငယ်ချင်းများက ညည်းကြသည်။ နောက်ဆုံး ကြည်ပြာ့ကို မျက်နှာငယ်ငယ်ဖြင့် တစ်ပတ်လောက် တောင်းပန်ယူရ၏။ နားလည်သွားအောင် ထပ်မရှင်းရဲတော့။ နင့်ကိုငါ အရမ်းချစ်ပါတယ်ဟာဆိုသည့် စကားတစ်ခွန်းတည်းကိုအကြိမ်နှစ်သန်းလောက် ပြောယူရ၏။ ပင်ပန်းလိုက်တာ မကြည်ပြာရယ် . . .။

အခုတော့ ပြေလည်ခါစ အချစ်ကလေးကို တစ်ညလုံး စဉ်းစားကာ ရေးခဲ့ရသည့် ကဗျာတစ်ပုဒ်က ဆွဲဆုတ်ပစ်လိုက်ပြန်သည်။ ကြည်ပြာသည် အတန်းထဲမှာ မျက်နှာကို တင်းကာ ထိုင်နေခဲ့သည်။



မိုးမိုးက စိတ်ပျက်လက်ပျက်ဖြင့် ကျွန်တော့်ကို လက်ဝါးလှမ်းထောင်ပြသည်။ ကျွန်တော့်သောက၏ ဒီဂရီသည် ကြည်ပြာ့မျက်နှာပေါ်တွင် တရိပ်ရိပ်တက်လျက်ရှိသည်။ အဓိပ္ပာယ် လေးနက်တဲ့စကားတွေကို ငါသဘောကျတဲ့ ကောင်မလေးတစ်ယောက်ရဲ့ အရှေ့မှာ ဖြည်းဖြည်းချင်းပြောပြချင်နေမိတယ်။ အဲဒီ ကောင်မလေးဟာ မင်းပဲ မကြည်ပြာ။

အတန်းလွှတ်တော့ ကြည်ပြာက ခြေကိုဆောင့်ကာ သူငယ်ချင်းများအရှေ့မှ ထွက်သွား၏။ ပါးလျသေးသွယ်သော ကြည်ပြာ့ကိုယ်လုံးသည် ကျားသစ်မပေါက်စလေးတစ်ကောင်လို ကြောက်ဖို့ကောင်းနေသည်။ ကျွန်တော် မိုးမိုးနား အသာကပ်ရ၏ မျက်နှာကိုလည်း အတတ်နိုင်ဆုံး ငယ်ထားရ၏။

"တော်ပြီ ရဲဝင်း၊ ကိုယ့်ကိစ္စကိုယ်ရှင်းပေတော့၊ နင်တို့ နှစ်ယောက်ကြားထဲဝင်ရတာ သိပ်ဦးနှောက်စားတာပဲ။ ဘာတွေမှန်းလည်း မသိဘူး။ ကြာရင် ငါတို့ ရူးမယ်သိလား"

"ငါက ကဗျာလေးရေးလာတာဟာ အဲဒါ"

"တော်ပြီ တော်ပြီ၊ နင့်ကဗျာတွေကို နင်ပဲရအောင် ရှင်းပေတော့"

သူငယ်ချင်းအတွဲများက အဆင်ပြေစွာ ရွှေတိဂုံဘုရားသွားမည့် မှတ်တိုင်သို့ ထွက်သွားကြသည်။ ကြည်ပြာက အိမ်ပြန်မည့် ကားမှတ်တိုင်ဘက်တွင် ရပ်နေ၏။ မိန်းကလေးများ စိတ်ကောက်လျှင် ပထမ မျက်နှာတွေကို မာတင်းထားမည်။ ဒုတိယ လေသံပြောင်းမည်။ တတိယ စီစဉ်ထားသမျှတွေကို ပြောင်းပြန်လှန်ပစ်မည်။ ထိုတွင် အနားကပ်သွား၍ စကားပြောလျှင် ချော့လျှင် အော်ကြီးဟစ်ကျယ် လုပ်ချင်လုပ်၊ ဒါမှမဟုတ် မေးသမျှကို တစ်ခွန်းမှ ပြန်မဖြေဘဲ သစ်

www.burmeseclassic.com

www.burmeseclassic.com



ဆွေးအုံးတစ်တုံးလို တုံဏှိဘာဝေ လုပ်နေတတ်သည်။

အခုတော့ ဘာမဟုတ်သည့် ကိစ္စကလေးဖြင့် ရွှေတိဂုံဘုရား သွားမည်ဟူသော အစီအစဉ်ထဲတွင် ကျွန်တော်တို့ ပါဝင်ခွင့်မရတော့။ သူငယ်ချင်းများက လေးဆယ့်ခုနစ် ကားလေးပေါ်က လက်ပြသွားကြသည်။ ကြည်ပြာ မတုန်မလှုပ်၊ ကျွန်တော်အနား မကပ်ရဲ၊ ကားလေးပေါ်တက်ပြီးတော့ ကြည်ပြာက သူမအတွက်သာ ကားခထုတ်ပေးသည်။ ကျွန်တော်ပါလာတာကို လုံးဝဂရုမစိုက်၊ အသိအမှတ်မပြု၊ ကျွန်တော်က ကြည်ပြာနှင့် မျက်နှာချင်းဆိုင် အတန်းဘက်တွင် ထိုင်ကာ ကြည်ပြာနှင့် မျက်ဝန်းချင်းများ ဆုံခွင့်ရလျှင် တောင်းပန်ပြုံးတလေး ပြုံးပြဖို့ ကြိုးစားရသည်။

ကြည်ပြာက ကျွန်တော့်ဘက်ကို လုံးဝလှည့်မကြည့်။ ကျွန်တော် ထိုင်ရသည့်အတန်းဘက်တွင် လူခုနစ်ယောက် ပြည့်သွားပြီဖြစ်သော်လည်း ကလေးတစ်ယောက်ပါသည့်အပြင် ကျွန်တော်ပါ ထိုင်နေသည့်အတွက် လူခုနစ်ယောက်အတန်းသည် အတော်ကြီး ချောင်လျက်ရှိသည့်အပြင် တစ်ထွာစာလောက် လွတ်၍နေသည်။ သို့သော် ကျွန်တော်ဘာကိုမှ သတိမထားမိခဲ့။ ကျွန်တော့်မျက်ဝန်းများကို ရှောင်လျက်ရှိသော ကြည်ပြာ၏ မျက်ဝန်းညိုညိုထဲတွင် တောင်းပန်ရိပ် တစ်ရိပ်လောက် စိုက်ချရဖို့သာ (၃၈)ကားလေးထဲမှာ လိုက်လံကြိုးစား နေရသည်။

မှတ်တိုင်မှာရပ်ပြီး ကားပြန်အထွက်တွင် မိန်းမတစ်ယောက်က ကျွန်တော့်နံဘေးမှ လွတ်နေသောနေရာမှာ ဝင်ထိုင်သည်။ "အစ်မ လူပြည့်နေပြီ" ဆိုသော နံဘေးမှလူတစ်ယောက်၏ စကားသံ၊ ကျွန်တော့် ဘယ်ဘက်ပေါင်ပေါ်သို့ လေးလံလွန်းလှသော ခံစားမှုတစ်ခု၊





ကြည်ပြာ့ကို အငမ်းမရငေးနေသော ကျွန်တော့်မျက်နှာ အရှေ့မှပိတ်ကွယ်လိုက်သည့် ကြီးမားအေးစက်လှသော လက်မောင်းသား ကြီး တစ်ခု။

ဒီတော့မှ ကျွန်တော် ကမန်းကတန်း အသိဝင်လာသည်။ ထိုမိန်းမက ထိုင်ချလိုက်သည်နှင့် တစ်ပြိုင်နက် နောက်တက်လာသူများက အလယ်တန်းမှခုံများကို အသီးသီး ယူထိုင်လိုက်ကြသည်။ "ခုံပြည့် အတွယ်ငါး မောင်း" ကားကလေးပင်၍ ဦးမော့ကာ တအိအိ မောင်းထွက်သည်။ ဝင်ထိုင်သော အမျိုးသမီးက အသက် ၂၈နှစ် လောက် ရှိမည်ထင်သည်။ အသားဖြူဖြူ ဖွံ့ဖွံ့ထွားထွား၊ လုံးကြီးပေါက်လှ လူပြည့်နေပြီးသား တစ်ထွာစာနေရာ အပိုကလေးထဲသို့ သူမ၏ ပေါင်တစ်ဖက်သာ ဝင်ဆံ့သည်။ ကျန်သည့် တင်ပါးတစ်ဖက်နှင့် ပေါင်တစ်ဖက်က ခပ်ထွားထွားလူတစ်ယောက်၏ လက်မောင်းအိုး တစ်အိုးစာလောက်သာရှိသော ကျွန်တော့် ဘယ်ဘက်ပေါင်ပေါ်မှာ တင်၍နေလေသည်။

ကျွန်တော်တို့ဘက်အတန်းသည် ချက်ချင်းပင် လှုပ်မရနိုင်တော့ လောက်အောင် ကျပ်သွားသည်။ သူမ၏ ကိုယ်အလေးချိန်က တစ်စတစ်စ ကျွန်တော့်ပေါင်ပေါ်ပိကျလာနေသည်။ သူမ၏ ကြောအနောက်ဘက်တွင် ကျွန်တော့်ခန္ဓာသည် ပြားကပ်၍နေ၏။ အပေါ်တန်းသို့ လှမ်းကိုင်ထားသဖြင့် သူမ၏ အေးစက်ကြီးမားလှသော လက်မောင်းသားများသည် ကျွန်တော့်မျက်နှာရှေ့မှ ဖြတ်ကာ ကျွန်တော့် ဦးခေါင်းကို နောက်မှ သံတိုင်များဖြင့် ဖိညှပ်ထားပြန်သည်။ ကျွန်တော် ရှန်း၍မရတော့။ လှုပ်၍မရတော့။ ကြည်ပြာ့ကိုလည်း မမြင်ရတော့။

လေးလံလှသော သူမ၏ ခန္ဓာကိုယ်အလေးချိန်နှင့် အေးစက်



www.burmeseclassic.com

www.burmeseclassic.com



နေသော လက်မောင်းသားကြီးများအောက်တွင် ကျွန်တော် တစ်စ ထက်တစ်စ မွန်းနစ်၍လာသည်။ ကြိုးစား၍ ရုန်းကန်သော်လည်း အချည်းအနှီး။ ကားက လှုပြည့်သွားသဖြင့် မှန်မှန်မောင်းလျက်ရှိသည်။ ကျွန်တော့် ဘယ်ဘက်ပေါင်သည် ပထမ နာကျင်၍လာသည်။ ဒုတိယ ပူခြစ်ထုံထိုင်းလာသည်။ နောက်ဆုံး တဖြည်းဖြည်း အေးစက်၍လာလေသည်။ အသက်ရှူရတာလည်း မဝတော့။ အပေါ်တန်းကို ကိုင်ထားရသောလက်ဖြင့် သူမလက်မောင်းကို ဖျစ်ညှစ်တွန်းပင့်တာ နာခေါင်းနှင့် အနည်းငယ်ဟသွားသည့်အချိန်တွင် အသက်ကို ဝအောင် လုလုရှူနေရ၏။

ချက်ချင်း ရောက်လာသောဒုက္ခသည် ကျွန်တော်၏ ခန္ဓာကိုယ်ကို အရှေ့အနောက်၊ ဝဲယာနှစ်ဖက်စလုံးမှ ဖိညှပ်ကာထားသည်။ သူမ ခန္ဓာကိုယ်အောက်မှ ကျွန်တော့်ပေါင်သည် ခံစားမှု အဆိုးဝါးဆုံးဖြစ်သည်။ ခြေထောက်တစ်ဖက်လုံးသည် အေးစက်ထုံကျင်လာရာမှ ခန္ဓာကိုယ်၏ အင်္ဂါတစ်ခုအဖြစ်မှ ပျောက်ကွယ်သွားသလို ကျွန်တော် ခံစားလာရသည်။ သွေးကြော၊ လေကြောတွေ ပိတ်ကုန်ပြီလား။ ကျွန်တော့်စိတ်ထဲမှာ ကြည်ပြာလည်း မရှိတော့၊ ချော့ဖို့၊ စိတ်ဆိုးပြေဖို့ ဘာမှမရှိတော့။ မတန်တဆ လေးပင်မှုကြီးတစ်ခုသာ ထီးတည်းရှိနေသည်။

ဒီလိုနှင့် ရုန်းရင်းကန်ရင်း ကြိုးစားအသက်ရှူရင်း ပုဇွန်တောင်မှတ်တိုင်ရောက်တော့ ကားရပ်သည်။ အလယ်တန်းထိုင်ခုံကလေးများမှ လူနှစ်ယောက်ဆင်းသွားသည်။ ကျွန်တော်လည်း တစ်ကိုယ်လုံး ချွေးတွေ့ရွှဲနေပြီ။

"အစ်မ အလယ်ခုံကို ပြောင်းထိုင်ပါဗျာ။ ကျွန်တော် နာလို့ပါ။



ဒီအတန်းမှာက ခုနစ်ယောက် ပြည့်နေပြီဗျ"

"ဘာ"

"ကျွန်တော် နာတယ်ဗျ၊ အလယ်ခုံကို ရွှေ့လိုက်ပါလို့ ဒီအတန်းမှာက . . ."

"အောင်မယ် လူပါးဝလို့ နင့်ပေါင်ပေါ်မှာ ငါကထိုင်ရတာဟဲ့၊ နာချင်းနာ ငါက မိန်းကလေး၊ ငါနာရမှာ၊ သူကများ နာသလေးဘာလေးနဲ့"

ထိုအမျိုးသမီးက ကျွန်တော့်မျက်နှာနား ကပ်အော်သည်။ မျှော်လင့်မထားသည့် စကားမို့ ကျွန်တော် အတော် အံ့အားသင့်သွားခဲ့၏။

"နာမယ့်နာ ငါက နာရမှာဟဲ့ သိလား"

"ဘာတွေ အော်နေတာလဲ၊ ကျုပ်က ပေါင်နာလို့ပြောတာဗျ၊ ခင်ဗျားတက်ဖိထားလို့ ပေါင်နာတယ်ပြောတာ၊ ဒီမှာ လူပြည့်နေတာ ခင်ဗျားမမြင်ဘူးလား"

"ဟော့ လူပြည့်တာ မပြည့်တာမသိဘူး၊ နေရာလွတ်လို့ ဝင်ထိုင်တာ၊ ငါက မိန်းကလေး နင်ဘာမှ နာစရာမလိုဘူး"

"တော်ပြီ၊ ခင်ဗျား အဲဒါကြီး ထည့်မပြောနဲ့၊ ခင်ဗျားခန္ဓာကိုယ်အောက်မှာ ကျုပ်ပေါင် ပြားကပ်နေတာ အဲဒါနာတာ၊ ခင်ဗျားနေရာရွှေ့ ဒါပဲ"

"အောင်မယ် လူပါးဝလို့ နင်နာရင် နင်ရွှေ့ပါလား၊ ငါက မိန်းကလေး"

"ဒီမှာ လူပြည့်နေတာကို ရှင်က ဝင်ထိုင်တာလေ၊ ဟိုမှာ ချောင်ပိတ်ပြီး ဒုက္ခရောက်နေတာ မတွေ့ဘူးလား။ နေရာလွတ်တာက သူက



www.burmeseclassic.com

www.burmeseclassic.com



အဲကောင်သေးသေးကလေးမို့လွတ်တာ၊ ဟဲ့ ရဲဝင်း နင်ကရော အနေသလား၊ ကိုယ်ပေါ်ပိနေကတည်းက ပြောပါလား၊ မသိမသိနိုင်လွန်းတယ်၊ အောက်လူက သေတော့မယ်”

“ကြည်ပြာ နင် ဝင်မပြောနဲ့”

“အေး နာတဲ့လူဖယ်ဟေ့၊ နာကြတဲ့လူတွေဖယ်”

“ခြော် ရှင်က လူလိုမှ နားမလည်တာ၊ တက်ထိုင်နေတဲ့ လူနဲ့ အထိုင်ခံရတဲ့လူ ခန္ဓာကိုယ်ကိုလည်း ကြည့်ဦးမှပေါ့”

ကားပေါ်ကလူတွေ ပြုံးစစဖြစ်လာသည်။ တချို့က တခွီးခွီး ရယ်ကြသည်။ ကြည်ပြာနှင့် ထိုမိန်းမက တစ်ယောက်တစ်ခွန်း စကားများနေကြဆဲ။ ကျွန်တော်က ခန္ဓာကိုယ်အောက်က ပေါင်ကို မနည်းဆွဲထုတ်နေရသည်။ ထွက်လာတော့ ကျွန်တော့်ပေါင်တစ်ခုလုံးသည် ဖျော့ခနဲ အဆမတန် ကြီးသွားကာ ပုရွက်အုံထဲ ထိုးထည့်ထားရသလို ထုံကျဉ်တာ အပ်နှင့်ဆွသလို နာလွန်းသဖြင့် ပေါင်ကို လက်နှစ်ဖက်ဖြင့် တအားပွတ်နေရ၏။ ကြည်ပြာနှင့် ထိုမိန်းမ ခဏကြာလျှင် တစ်ယောက်နှင့်တစ်ယောက် ကုတ်ဖဲ့ကြတော့မည်။ အခြေအနေမကောင်းတော့၊ အောက်က ကားပေါ်တက်မည့်သူများလည်း မတက်နိုင်။ ရပ်ငေးကာ ကားထဲက ရန်ပွဲကို ကြည့်ကြသည်။

ကျွန်တော် ကြည်ပြာ့ကို အတင်း ကားအောက်ဆွဲချရသည်။ ကြည်ပြာက အောက်ရောက်သည်အထိ အော်ဟစ်ရန်တွေ့နေဆဲ။ “အေး နာတယ်ဟေ့ နာတယ်၊ ငါတို့က အသားနာခံပြီး အရသာခံတဲ့လူ မဟုတ်ဘူး၊ နင်သာ မနာတဲ တက်ထိုင်တာ” “တော်ပါတော့ဟာ” ကျွန်တော် ကြည်ပြာ့ကိုတားရင်း ထော်မရသည့် ပေါင်ကို ကုန်းကာပွတ်ရသေးသည်။ ကားမှတ်တိုင်ကလူတွေက ဝိုင်းကြည့်ကြသည်။





ကားလေးပေါ် လူတွေတိုးဝှေ့တက်ကာ ကားထွက်သွားသည်။ ကျွန်တော်ခြေထောက်မှာ ပုရွက်တွေအုံနေဆဲ၊ အပ်တွေ တဆစ်ဆစ်ထိုးဆွနေဆဲ။

“တော်ပါတော့ဟာ၊ လူတွေကြည့်နေတယ်ဟ”

“သေလိုက်၊ အဲဒါ နင့်ကြောင့်သိလား၊ ဘာမှ အသုံးမကျဘူး၊ တလွဲချည်းပဲ၊ နင် ပြောပါလား၊ အော်ပါလား”

“အေးပါဟာ ထားလိုက်ပါတော့”

“ထား ထား နင်ပဲထား၊ နင့်မယားက ပြောသွားတာကြားရဲ့လား”

ကြည်ပြာ ပြောရင်းက ကျွန်တော့်ကိုထုသည်။ လက်မောင်းကို ဆိတ်သည်။ ကြည်ပြာ၏ ပါးလျချွန်ထွက်နေသော နှုတ်ခမ်းများသည် ထွက်သွားသော ကားလေးနောက်ကို လိုက်သွားတော့မလိုထင်ရ၏။ ခဏကြာတော့မှ ကျွန်တော့်ခြေထောက်ကောင်းသွားသည်။ ကြည်ပြာက မျက်စောင်းထိုးကောင်းတုန်း၊ ကျွန်တော့်ကို ဟိန်းလို့ဟောက်လို့ ကောင်းတုန်း။

“ငါကတော့ အဲဒီမိန်းမကို ကျေးဇူးတင်ပါတယ်ဟာ”

“ခြော် နင်က အရသာခံချင်သေးသပေါ့၊ ဟုတ်လား”

“မဟုတ်ပါဘူးဟာ၊ နင်နဲ့ ပြန်ပြေလည်သွားလို့ပါ”

ကြည်ပြာက “လဲသေလိုက်” ဟု အော်သည်။ ပြန်စိတ် ကောက်မိုပြင်သည်။ ကျွန်တော် တတွတ်တွတ် ချော့ရ၏။ ခဏကြာ တော့ ကြည်ပြာ ရယ်ရယ်မောမော ဖြစ်လာသည်။ မျက်စောင်းထိုးသော်လည်း ထိုမျက်စောင်းများတွင် ဒေါသမပါတော့။ “အခု ဘယ်လိုနေသေးလဲ၊ အဲဒါ လေဖြတ်တတ်တယ် သိလား” ဟု စိုးရိမ်စိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မေးသည်။ တစ်ခါတစ်လေတော့လည်း မပြေလည်မှုဟာ လိုအပ်ပါကလား။ ပြန်လည် နားလည်မှုရသွားသော အချိန်ကလေးကို ကျွန်တော်က မလွတ်တမ်းဖမ်းဆုပ်ကာ ရွှေတိဂုံဘုရားလိုက်သွားဖို့ ကြည်ပြာကို ဆွယ်ရသည်။

"လိုက်မသွားချင်ပါဘူး၊ အခုကတည်းက အဆင်မပြေတဲ့ဟာကို"

"ဟာ အဆင်မပြေတာဟာ အဆင်ပြေတာပါဟ၊ လာပါဟာ နှင်နဲ့ငါ ဘုရားတစ်ခါမှ မသွားရသေးဘူး မဟုတ်လား၊ ဟိုကောင်တွေကို ပြောပြရင် ရယ်ကြမှာဟ သိလား၊ ဒီကနေ ကားပြန်စီးကြတာပေါ့ဟာ"

ခဏကြာတော့ ကြည်ပြာက သဘောတူသွားသည်။ ပက်ဆိုဒင့်ဘူးခွံသာသာ ကျွန်တော်လက်မောင်း ပျော့ပျော့ကလေးကို ကိုင်ကာ ရွှေတိဂုံဘုရားသွားဖို့ မြို့ထဲကို ကားပြန်စီးမယ့် မှတ်တိုင်ဆီ လျှောက်သည်။ ဒီတစ်ခါ ဒေဝူးကားကြီးပေါ် တက်ကြသည်။ ကားက နေ့လယ် ခင်းမို့ ချောင်သည်။ ထိုင်ခုံတွေ ပြည့်နေပြီး မတ်တတ်ရပ်သူ လေးငါးဆယ်ယောက်သာရှိသည်။ ကျွန်တော်တို့ အနောက်ပေါက်မှ တက်ခဲ့ကြပြီး ကြည်ပြာက ကျွန်တော့်ဘယ်ဘက်မှ ရပ်သည်။ ထိုင်ခုံနောက်ကြောမှာ တပ်ထားသည့် လက်ကိုင်ကွင်းကလေးကို ကိုင်သည်။ ကျွန်တော်က ကြည်ပြာကို ကာကွယ်သည့်အနေဖြင့် အနောက်မှာရပ်ကာ စတီးလ်းကိုင်းမှ တွဲလွဲကျနေသော ကော်လက်ကိုင်ကွင်းကို ကိုင်ထားရ၏။ ကျွန်တော့်အရပ်က စတီးလ်လက်ကိုင်တန်းကို ကိုင်လျှင် ခြေဖျားထောက်ရသည်။ ခန္ဓာကိုယ်ကိုလည်း အတော် မြင့်မကောင်းအောင် ဆန့်ထားရ၏။ ကော်လက်ကိုင်ကွင်းကို ကိုင်ရလျှင်





တော့ ခပ်တည်တည် ရပ်နေလို့ရသည်။ ခန္ဓာကိုယ် ယိမ်းယိုင်မနေရအောင်တော့ ခြေကို ချဲကားထားလေသည်။

ကားက မှန်မှန်မောင်းသည်။ ခဏကြာတော့ နောက်ကားတစ်စီးကပ်လာသဖြင့် တရကြမ်းမောင်းလေတော့သည်။ သို့သော်ကိစ္စမရှိ။ ကျွန်တော် ပြေလည်သည်။ ကြည်ပြာက ပြတင်းအပြင်ကိုငေးမောနေကာ တစ်ခါတစ်ရံ ကျွန်တော့်ကို လှည့်ကြည့်ကာ ပြုံးပြတတ်သည်။ ကားစီးလျှင် ကြည်ပြာက သူမအနားကပ်ရပ်တာတို့၊ လက်ကိုင်၊ ပခုံးကိုင်တာတို့ကို မကြိုက်၊ သူ့ကို လူမတိုးအောင်သာ ကာကွယ်ပေးရသည်။ လူကျပ်လျှင် ကြည်ပြာ့နောက်နား ကျွန်တော် ဘယ်လိုပင် ကြိုးစားရပ်သော်လည်း လူအုပ်က ဖိတိုးသည့်အခါ ကျွန်တော် တောင့်မထားနိုင်ဘဲ ချောင်တစ်ချောင်ကပ်သွားရသည်က သာများလေသည်။ အခုတော့ လူနည်းနည်းကလေးဆိုတော့ ကိစ္စမရှိ၊ ကြည်ပြာ့ကို ကာကွယ်နေဖို့ မလို။

ကျွန်တော် နောက်နားမှနေ၍ ကြည်ပြာကို ငေးကာ လိုက်လာခဲ့သည်။ ကားပြတင်းမှ လေတိုးသည့်အခါ ကြည်ပြာ၏ ပခုံးစွန်းမှ ဆံပင်များဝဲလွင့်ခုန်ထသည်။ ကြည်ပြာ၏ ဖြောင့်စင်းပါးလျသော နှာတံကလေး ဘေးစောင်းမြင်နေရသည့် နှုတ်ခမ်းပါးပါးချွန်ချွန်။ ကြည်ပြာသည် ပခုံးမှာ ဖော့အခုပါသော အင်္ကျီလေးကို ဝတ်ထားသည်။ စက်ရုပ်တစ်ရုပ်နှင့်တူသည်ဟု ကျွန်တော်ထင်သည်။ ထိုရယ်ဒီမိတ်အင်္ကျီသည် ပြတင်းမှ လေတိုးသည့်အခါတိုင်း ပါးလျသွယ်လှပ်သော သူမခန္ဓာကိုယ်ပေါ်မှ တဖျတ်ဖျတ် တလှပ်လှပ် တုန်ရင်နေကြသည်။

ကြည်ပြာသည် ပိန်သော်လည်း အရိုးအဆစ်တော့ကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေသလုံးသားတုတ်သည်။ သူမခန္ဓာကိုယ်သည် အနောက်တိုင်းမှာဆိုလျှင်တော့ ဖက်ရှင်မယ်တစ်ယောက်ဖြစ်မှာ သေချာသည်။ ကမ္ဘာကျော်ဖက်ရှင်မယ် စင်ဒီကရောဖို့ဒ် (Cindy Crawford)တို့ ခရစ္စတီတာလင်တန် (Christy Turlinglon)တို့လို ခန္ဓာကိုယ်မျိုး။ ဒီလို အချိုးအစားရဖို့ အနောက်တိုင်းမှာတော့ လေ့ကျင့်ခန်း မှန်မှန်ယူရဦးမည်။ အစားအသောက် ဆင်ခြင်ရဦးမည်။ ကြည်ပြာကတော့ စားချင်တာစားပြီး ဒီခန္ဓာကိုယ်မျိုး ရှိနေတာ ကျွန်တော် ဂုဏ်မယူသင့်ဘူးလား။ ကျွန်တော် ကြည်ပြာ့ကို ကြင်နာတပ်မက်စွာ ငေးမောလာခဲ့သည်။

ကျွန်တော်က ဂုဏ်သရေရှိ ချစ်သူတို့၏ ထုံးစံအတိုင်း ချစ်သူကို သူ့ဘာသာ သက်သောင့်သက်သာနေချိန်တွင် ခိုးကြည့်ကာ ဝေဖန်ဆန်းစစ်နေမိသည်။ ပြီးတော့ ကြည်ပြာ၏ . . . ထိုအချိန်တွင် ကားက မီးပွိုင့်အဝင်တစ်ဝက်တွင် မီးနီမိသွားသဖြင့် ဘရိတ်ကို တအားနင်းချလိုက်သည်။ ကျွန်တော့်ခန္ဓာကိုယ်သည် လက်ကိုင်ကွင်းကို မြဲမြံစွာ ဆုပ်ကိုင်ထားသဖြင့် လေထဲတွင် မြောက်တက်သွားကာ နံဘေးမှ ကြည်ပြာကို ပစ်ကန်ပစ်လိုက်သည်။ ကြည်ပြာနံဈေးကို ကန်မိပြီး ခွေကျအသွားတွင် ကျွန်တော် ပြန်လည်လွှဲကျလာကာ နောက်ဆုံးခုံပေါ်တွင် စီတန်းထိုင်နေသူများထံ လွင့်ထွက်သွားသည်။

နောက်ဆုံးခုံတွင် ထိုင်နေသူများထဲမှ ကောင်မလေးတစ်ယောက်က အရှိန်ဖြင့် လွင့်ကျလာသူ ကျွန်တော့်ကို လက်နှစ်ဖက်ဆန့်တန်းကာ ပွေ့ဖမ်းရ၏။ (ထိုသို့ မဖမ်းလျှင် သူမလက် ကျိုးသွားနိုင်ပါသည်။) ကျွန်တော်ကလည်း သူမကို ကမန်းကတန်း ဆီးဖက်လိုက်ရ၏။ ကျွန်တော့်ပခုံးဖြင့် တိုက်ကာ ထိုကောင်မလေး နှုတ်ခမ်းပေါက်သွားသလို သူမပခုံးနှင့်တိုက်ကာ ကျွန်တော့် နှုတ်ခမ်းလည်းပေါက်သွားသည်။





ကားဘရိတ်အုပ်သံ၊ လူတွေအော်သံ၊ ကျွန်တော့်အတွေးများနှင့် ကျွန်တော် ပြတ်တောက်သွားစဉ်တခဏ်၊ ကျွန်တော် ပူးပူးဝါးဝါးဖြင့် ထရပ်စဉ် ကားကမီးပွိုင့်လွတ်ကာ မောင်းထွက်သည်။ ကျွန်တော် ဖင်ထိုင်ရက်လဲပြန်သည်။ ကားစပါယ်ယာက ပြေးလာကာ ကျွန်တော့်ကိုထူသည်။ ကြည်ပြာကို ထိုင်ခုံနားက အဒေါ်ကြီး တစ်ယောက်ကထူသည်။ ကျွန်တော် တိုက်မိသော ကောင်မလေးက မျက်နှာကို လက်ဝါးနှင့်အုပ်ကာ အော်သည်။ သူမလည်း ထိတ်လန့်သွားပုံ၊ အတော်နာသွားပုံရ၏။

ကားက မှတ်တိုင်သို့ ရောက်သောအခါ ကျွန်တော် ရှက်စိတ်ဖြင့်ပူထူနေကာ နံကြားကို လက်နှင့်ပိုက်ပြီး မရှုနိုင်မကယ်နိုင်ဖြစ်နေသော ကြည်ပြာကိုဆွဲကာ ကားအောက်သို့ ဆင်းသည်။ ကျွန်တော့်နှုတ်ခမ်းသည်လည်း ချက်ချင်းဖူးရောင်လာ၏။ ကြည်ပြာက ကားလမ်းမပေါ် ငုတ်တုတ်။

ကျွန်တော့်မျက်လုံးများသည် ဘာကိုမှ မမြင်တော့၊ ကားမောင်းထွက်သွားသည်။ ကြည်ပြာက ကျွန်တော့်ခြေထောက်ကို ဆွဲလိမ်သည်။ ထုသည်၊ နက်သည်။

"လုပ်လိုက်ရင် အရမ်းချည်းပဲ၊ ဖြစ်လိုက်ရင် ဒီလိုချည်းပဲ၊ နင်ဘာအသုံးကျသလဲဟင်၊ အမလေး နာလိုက်တာ"

ကြည်ပြာ ကျွန်တော့်ကို အော်ဟစ်ကာ ရန်တွေ့သည်။ ကားမှတ်တိုင်မှာ ရပ်နေသူများက နားမလည်နိုင်စွာ ဝိုင်းငေးကြ၏။ ကျွန်တော် မိနစ်အတန်ကြာ ကြောင်၍ ရပ်နေမိသည်။ ဘာဖြစ်သွားတယ်ဆိုတာ မမှတ်မိနိုင်တော့၊ သတိပြန်ဝင် ဝင်လာချင်း ကြည်ပြာ



www.burmeseclassic.com

www.burmeseclassic.com



ကို တတွတ်တွတ် တောင်းပန်ရသည်။ ကားလမ်းမပေါ် ငုတ်တုတ် ဖြစ်နေသော ကြည်ပြာကို ဆွဲထူဖို့ ကျိုးစားရသည်။ လွယ်အိတ်ကို ကောက်ပေးရသည်။ ကြည်ပြာက မတ်တတ်ရပ်နိုင်သွားတော့ ကျွန်တော့်ကိုကြည့်ကာ မျက်လုံးပြူး မျက်ဆံပြူးနှင့် အော်သည်။

"ရဲဝင်း . . . ငွင်း . . . ငွင်းကြီး၊ နင့်လက်ထဲမှာ လက်ကိုင်ငွင်းကြီး"

ဟိုက် . . .။ ကျွန်တော့်လက်ထဲမှာ ကော်လက်ကိုင်ငွင်းကြီး ကြိုးတန်းလန်းဖြင့် ကျွန်တော် အားရပါးရ ဆုပ်ကိုင်ထားမိသည်။ မှတ်တိုင်မှ လူများက ကြည်ပြာအော်သံကြောင့် သဘောပေါက်သွားသလို ဝါးခနဲ ပိုင်းရယ်လိုက်ကြသည်။ ကျွန်တော် ရှက်ရွံ့ထိတ်လန့်သွားကာ ကော်ငွင်းကြီးကို လွယ်အိတ်ထဲ ကမန်းကတန်း ထိုးထည့်လိုက်ရ၏။

"နင် အမြဲတမ်း ငါ့ကို အရှက်ခွဲတယ်၊ ဘယ်တော့မှ အသုံးမကျဘူး သိလား . . . သွား သွား"

ကြည်ပြာသည် ချက်ချင်းမျက်ရည် ပိုးပိုးပေါက်ပေါက် ကျလာကာ ငိုသံကြီးနှင့် ကျွန်တော့်ကို အော်သည်။ ကျွန်တော့်ရင်ကို ထုသည်။ ရိုက်သည်၊ ကုတ်သည်၊ ဖဲ့သည်။ ကျွန်တော့်ကို တွန်းထိုးသည်။ ကျွန်တော် ဘာမှပြန်မပြောနိုင်၊ မျက်လုံးအပြူးသားဖြင့် လေတိုးသည့် သစ်ရွက်တစ်ရွက်လို ကြည်ပြာလက်ထဲမှာ တုန်ခါ၍ နေခဲ့သည်။ ထို့နောက် ကြည်ပြာက လမ်းဖြတ်ကူးသွားကာ ဟိုဘက် မှတ်တိုင်မှ တွေ့သည့်ကားပေါ် စွတ်တက်သွားသည်။ ကျွန်တော် ခေါင်းငိုက်စိုက် ကျသွားသည်။

ကျွန်တော် ကြည်ပြာကို လှမ်းမတားတော့။ ရှက်လွန်းသဖြင့်





နီရဲနေသော ကြည်ပြာမျက်နှာလေးကို နားလည်သည်။ ကြည်ပြာကို သနားသည်။ ဖူးရောင်ကိုင်း တက်လာသော နှုတ်ခမ်းမှ သွေးတဒိတ်ဒိတ် တိုးလျက်ရှိသည်။ ချစ်သူကို ပိုင်ဆိုင်ခွင့်ရရှိပြီးနောက် ကျွန်တော် ရင်ဆိုင်တိုက်ခိုက်ရသောကံကြမ္မာသည် ဆိုးဝါးပြင်းထန်လှပါကလား။ ပထမဦးဆုံးအကြိမ် ကျွန်တော့် အရပ်ငါးပေကို ကျွန်တော်ကိုယ်တိုင် တူးတူးခါးခါး မုန်းတီးမိသည်။ ဒေဂူးကားများကို မုန်းမိသည်။ ကျွန်တော်၏ လှပသော စိတ်ကူးမှန်သမျှကို ရယ်သံများနှင့် ဆွဲဖြဲဖို့ အသင့်ရှိနေသော နတ်ဒေဝတာများကိုလည်း ဒေါသထွက်မိသည်။

မသိမသာ ခိုးကြည့်နေကြသောလူများ အရှေ့မှ ထွက်သွားဖို့ကို ကျွန်တော် ရှက်ရွံ့နေခဲ့သည်။ ထို့နောက် လွယ်အိတ်ထဲက လက်ကိုင်ကော်ငွင်းကြီးကိုစမ်းမိတော့မှ ကျွန်တော် ဒေါသတကြီး ထိုနေရာမှ ထွက်လာနိုင်ခဲ့သည်။


ကျွန်တော့်ဘဝမှာ ဘာမှမရှိတော့။

ထိုလက်ကိုင်ကော်ငွင်းကြီးကိုတော့ ဘာလုပ်ရမှန်းမသိသဖြင့် အမှတ်တရ သိမ်းထားမိခဲ့သည်။ ယခု ဟန်သစ်မဂ္ဂဇင်းအယ်ဒီတာချုပ်ကိုတင်အောင်ထံတွင် သက်သေအဖြစ် အပ်နှံထားပါသည်။

ကျွန်တော့်ကို ဒုက္ခပေးခဲ့သောကားသည် သင်၏ ကားဖြစ်သည်ဆိုလျှင် ဟန်သစ်အယ်ဒီတာအဖွဲ့ဖြင့် ဆက်သွယ်ကာ ပြန်ယူနိုင်ပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



စာရေးနည်း

www.burmeseclassic.com

www.burmeseclassic.com

# စာရေးနည်း

ဝတ္ထုတိုတစ်ပုဒ်ကို ဘယ်လို စဖွင့်မလဲ။

ထိုမေးခွန်းသည် ကျွန်တော့်အချစ် နှလုံးသားနှင့် ဘဝကျဉ်းကျဉ်းကလေးကို လွှင့်စဉ်ကြေမွပျက်စီးသွားတော့လောက်အောင် ရိုက်ခတ်နေသည်။ တစ္ဆေတစ်ကောင်၏ မုန်တိုင်းသာလျှင် ဖြစ်သည်။ ထိုမေးခွန်းအတွက် ကျွန်တော်သည် လစဉ်ထုတ် မဂ္ဂဇင်းများထဲမှ နာမည်ကြီး စာရေးဆရာများ၏ ဝတ္ထုတိုပေါင်းများစွာတို့ကို လေ့လာဖတ်ရှုခဲ့ရသည်။ ဝတ္ထုတိုရေးနည်း စာအုပ်များ အကြိုက်ဆုံးဝတ္ထုတိုသုံးသပ်ချက်၊ ကျော်အောင်၏ ဝတ္ထုတိုရေးနည်း၊ မလိခ၏မြန်မာဝတ္ထုတို အညွှန်း(၁)၊ (၂)၊ ဂန္ထဝင် (၁၀)၊ ဒဂုန်တာရာ၊ ကြည်အေး၊ သစ္စာနီ၊ ဖေမြင့်၊ ဝင်းဖေ၊ မောင်သစ်ဆင်း၊ ပိုင်စိုးဝေ၊ မိုးငြိမ်း၏၊ ဂျူး၊

စာချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



နေမျိုး၊ ဆမ္မားဆက်မွန်၊ ချက်ကော(ဖ်)၊ ကက်(ဖ်)ကာ၊ မိုရေဗီးယား အားလုံးစုံအောင် လေ့လာပြီးသောအခါ ကျွန်တော့်ဦးခေါင်းသည် ခါ ချဉ်အုံလို တရှုရှု ဖြစ်လာ၏။ ခြတောင်ပို့လို ထူပွလေးလံလာ၏။

ထိုအချိန်သည် မြန်မာဝတ္ထုတို ရွှေခေတ်ဖြစ်နေခြင်းမှာလည်း ကျွန်တော်၏ ကံဆိုးမှုတစ်ခုပင်ဖြစ်လေသည်။ အယူအဆ အမျိုးမျိုး၊ ရည်ရွယ်ချက်အသီးသီးဖြင့် ဇာတ်လမ်းအဖုံဖုံကို ကြံသလို ညွှန်းနေကြသော ဝတ္ထုတိုများနှင့် ဆောင်းပါးများသည် ကျွန်တော့်အတွက်တော့ ဦးခေါင်းပေါ် နောက်ထပ် တက်လာသော ခါချဉ်များ ဖြစ်နေခဲ့သည်။

ဝတ္ထုတိုဟာ ပြည်သူရဲ့ဘဝကို ထင်ဟပ်သရုပ်ဖော်နိုင်ရမယ်။ အသစ်တစ်ခုခု မပေးနိုင်ရင် ဘာကြောင့် ဝတ္ထုတို ရေးနေတော့မလဲ။ အနုပညာဟာဘာရည်ရွယ်ချက်မှမရှိ။ အနုပညာဟာ ပြည်သူ့အတွက်၊ အနုပညာဟာ လူတစ်ယောက်ရဲ့ အတ္တပေါက်ကွဲရာ၊ အနုပညာဟာ လူ့ဘဝ ရိုက်ခတ်ချက်၏ ရောင်ပြန်၊ ဝတ္ထုတိုတစ်ပုဒ်ဟာ အစအဆုံး ပြောစရာမှုလို၊ ဝတ္ထုတိုဆိုတာ အပြော၊ ဝတ္ထုတိုဆိုတာ အပြနှင့် အပြော ညီညွတ်မှု၊ နံရံတွင် သေနတ်ကို ဝတ္ထုမဆုံးခင် ပစ်ရမည်။ ဝတ္ထုတိုဆိုတာ . . .။

ကျွန်တော် ထိတ်လန့်တကြား စာရေးစားပွဲမှ ထရပ်မိသည်။ ဦးခေါင်းသည် တဒိန်းဒိန်း ကိုက်လျက်ရှိကာ လက်ဖဝါးမှာ ချွေးစေး များ ရွှဲနစ်နေ၏။ ပြိုးခနဲ ပြက်ခနဲ လွတ်ထွက်သွားရန် တာစူနေသော စိတ်ကို မနည်းထိန်းထားရ၏။ပြတင်းပေါက်ကို ကမန်းကတန်း လှမ်းဖွင့်ရသည်။ လသည် ညအပေါ်တွင် သာလျက်ရှိ၏။ ကြယ်များသည် အမိန့်ရထားသလို တလက်လက် ခုန်လျက်ရှိသည်။

ဖတ်မှတ်လေ့လာမှုပင် ကျွန်တော်သည် ဘာကိုမှ ရေးမချတတ်





တော့။ ငါဟာ အနုပညာခေတ်ခံ ချို့တဲ့သိမ်ဖျင်းလှပါကလား။ ဆရာ မောင်သစ်ဆင်း၏ ဝတ္ထုတိုတစ်ပုဒ်သည် စားပွဲပေါ်မှာ ပွင့်လျက် ကျွန်တော့်ကို ပြောင်လှောင်နေ၏။ ကျွန်တော် ဦးခေါင်းငိုက်စိုက်ကျ သွားသည်။ မကြည်ပြာ ငါဟာ မင်းပြောခဲ့သလိုပဲ တကယ့်ကို ဘာမှ သုံးမရတဲ့ လူတစ်ယောက်ပါကွာ။ တိတ်ဆိတ်နေသော ညအမှောင်ထဲမှာ ကျွန်တော်သည် အမှုန်စက်ကလေး တစ်စက်လို လွင့်စဉ်ကွဲရှထွက်သွား၏။

ကျွန်တော့်ညီ၏ ဟောက်သံမှန်မှန်နှင့် အမေ၏ မသဲမကွဲ ယောင်သံကို ကြားရသည်။ ဩော် အားကျစရာ တက်ကြွမှုတစ်ခု ပါလား။ ညလေသည် သံဆန်ခါများကို တိုးဝှေ့ကာ ဘယ်သူ့မှမရှိ အထင်ဖြင့် ဝင်လာရာ ကျွန်တော့်ကို ပွတ်တိုက်မိသဖြင့် လန့်သွားပုံရကာ စားပွဲပေါ်မှလုံးခြေတင်ထားသော စက္ကူများကို တွန်းတိုက်မိ၏။ ကျွန်တော်မကြိုက်သော ဝတ္ထုတိုတစ်ပုဒ်၏ အဖွင့်သည် စားပွဲပေါ်မှ ပေါ့ပါးစွာ ခုန်ချသွားလေသည်။

"မင်းအတွက် ဘယ်လောက် ပင်ပန်းနေရတယ်ဆိုတာ မြင်လှည့်စမ်းပါ မကြည်ပြာရေ"

ယခုအချိန် မဂ္ဂဇင်းတွင် ဝတ္ထုတိုတစ်ပုဒ် ပါလာရေးသည် ကျွန်တော့်အတွက်တော့ သေရေးရှင်ရေးကိစ္စတစ်ခုပင် ဖြစ်သည်။ ချစ်သူရှိနှင့်ပြီးသား ယောကျ်ားလေးတစ်ယောက်သည် ချစ်သူ့အတွက် တစ်ခုခုတော့ တည်ဆောက်ပြဖို့ လိုအပ်သည်မှာ အမှန်ပင်ဖြစ်သည်။ ထို့အတွက်ကြောင့်ပင် ဟစ်တလာလည်း ဥရောပတိုက်ကို သိမ်းခဲ့သည်။ နပိုလီယန်လည်း ရုရှားကိုတိုက်ခဲ့သည်။ ကိုလံဘတ်လည်း နယ်မြေသစ်ရှာဖွေခဲ့သည်။ ရာမလည်း အဓူစန္ဒာလေးကို တင်ခဲ့သည်။ အ



www.burmeseclassic.com

www.burmeseclassic.com



လောင်းတော် သိဒ္ဓတ္ထလည်း ကျောက်လှာခုနစ်ချပ် ထုတ်ချင်းခတ်ခဲ့သည်ဟု ကျွန်တော် ထင်သည်။

ဘာမဆို အင်မတန် အကြွားသန်သော ကြည်ပြာသည် ကျွန်တော်နှင့် ပတ်သက်၍ ရေငုံနှုတ်ပိတ်ဖြစ်နေရရှာသည်။ ငါ့ရည်းစားက ဘာ၊ ငါ့ကောင်းလေးက ညာဆိုသည့် အတန်းအားချိန် စကားဝိုင်းများတွင် ကြည်ပြာသည် မျက်နှာငယ်နေရရှာ၏။ ပိုက်ဆံကလည်း မချမ်းသာ၊ နာမည်ကြီး မင်းသားတစ်ယောက်နှင့်လည်း ရုပ်ချင်းကမဆင်၊ ပတ်စ်ပို့တွေဘာတွေ လျှောက်ထားသည့်လူကလည်း မဟုတ်၊ အရုပ် ငါးပေ၊ အဆီပြန်နေသည့် မျက်နှာတစ်ခု၊ ငွေတောင်ဆေးပေါ့လိပ်အတို၊ ဝတ္ထုစာအုပ်တစ်အုပ်နှင့် အူကြောင်ကြောင် ကျွန်တော့်ကိုကြိုက်မိတာ မှားပြီဟု ကြည်ပြာသည် သူငယ်ချင်းများရှေ့တွင် သည်းရှာသည်။ ကျွန်တော်နှင့် ပတ်သက်၍ ကြည်ပြာ၏ အခန်းကဏ္ဍသည် မိန်းကလေးတို့စကားဝိုင်းတွင် တိုးမှိန်ဖျော့ကျနေရသည်ဆိုခြင်းကို ကျွန်တော် ဝမ်းနည်းထိတ်လန့်စွာ သိခဲ့ရသည်။

"ဟဲ့ ရဲဝင်း နင် အူကြောင်ကြောင်နဲ့ စကားကြီးစကားကျယ်တွေ လျှော့ ကြည်ပြာ့အတွက် တစ်ခုခု လုပ်ပေးဦး"

ဟု လွင်မာက တိုးတိုးမှာရှာသည်။ ကျွန်တော် ဘာလုပ်ရမည်နည်း။ မြင်းမိုရ်တောင်ကိုသာ နေရာရွှေ့ပစ်လိုက်ချင်သည်။ ကြယ်အမြီးဖျားကို စမ်း၍သာ ခါချလိုက်ချင်သည်။ ကျွန်တော် ဘာလုပ်ပေးရမည်နည်း။ ကြည်ပြာသည် ကျွန်တော့်အတွက် နှစ်ရာ့နှစ်ဆယ်တန်နှုတ်ခမ်းနီကိုလည်း ဆိုးရရှာသည်။ ထောင့်ငါးရာပေးရသော ဗူးပါတိတ်ကိုလည်း ဝတ်ပေး၏။ ဆံပင်ကိုလည်း တစ်ရာကျော် အကုန်အကျခံကာ ပြုပြင်သည်။ 'Promina' မိတ်ကပ်ကိုလည်း တစ်လတစ်ဘူး





သုံးစွဲပေးနေ၏။ သူငယ်ချင်းများက "ရဲဝင်း နှင့်ကောင်မလေးက ချစ်စရာလေး၊ နှင်နဲ့ တန်တောင်မှ မတန်ဘူး" ဟု ပြောတိုင်း ကြည်ပြာက နှုတ်ခမ်းတို့ကို ကွေးကာ မျက်စောင်းထိုးတတ်သည်။ ကျွန်တော် ခေါင်းငိုက်စိုက် ကျသွားရသည်။ ဒန့်သလွန်သီးနှင့် တူလှသော ကျွန်တော့် လက်ချောင်းများ အတွင်းသို့ ပင်လယ်ရှာမတွေ့သော မုန်တိုင်းများသာ ဝင်ရောက်လာခဲ့ရသည်။

ဤသို့ဖြင့် "ဝတ္ထုတိုတစ်ပုဒ်ကို ဘယ်လို စဖွင့်ရမလဲ" ဟူသော မေးခွန်းနှင့် ကျွန်တော် တည့်တည့်တိုးခဲ့ရလေတော့သည်။ ကျွန်တော့်မှာ ဝတ္ထုတို ဇာတ်လမ်းများစွာရှိသည်။ ရေးလည်း ရေးဖူးပါ၏။သို့သော် ထုံးစံအတိုင်း ကလောင်သစ်တို့၏လားရာ အပယ်ဘုံသို့ လားသည်က များလေသည်။

ခက်သည်က ဝတ္ထုရေးသူ၊ ကဗျာရေးသူ၊ ငရဲကျသူ၊ ထီထိုးသူ၊ ပတ်စ်ပို့လျှောက်သူ၊ ရှယ်ယာဝင်သူ၊ ကုမ္ပဏီထောင်သူ၊ ဘတ်စ်ကားစောင့်သူ လူဦးရေထက်ပင် များသေး၏။ ကျွန်တော်တို့လို မပါဖူးသူတွေ ဒုနဲ့ဒေး။ ထို့အပြင် ကိုယ့်စာမူ အသစ်တစ်ပုဒ်ကို မဂ္ဂဇင်းမှ အယ်ဒီတာတစ်ယောက် ဖတ်မိဖို့ အခွင့်အရေးသည် ဗြဟ္မာ့ပြည်က အပ်တစ်ချောင်းနှင့် ဟိမဝန္တာတောင်အောက်တွင် ပိနေသော အပ်တစ်ချောင်းထိဖို့ထက်ပင် ခက်သေးသည် မဟုတ်လား။

ထိုအပ်နှစ်စင်း ထိမိသည်ထားဦး။ ကောက်ယူဖတ်ကြည့်ခွင့်ကြုံလာသော ကျွန်တော်၏ ဝတ္ထုအဖွင့်သည် အယူအဆ အမျိုးမျိုး စိတ်အထွေထွေဖြင့် ဖြစ်တည်ပြီးနှင့်သော အယ်ဒီတာတစ်ဦး၏ စိတ်နှလုံးကို ကောင်းစွာ ဆွဲယူသိမ်းသွင်းနိုင်စွမ်း မရှိခဲ့ပါလျှင် . . . သွားပြီ။ ဝတ္ထုတိုတစ်ပုဒ်ဖြင့် ကလောင်သစ်တစ်ယောက် မဂ္ဂဇင်းတွင် ပါလာနိုင်



www.burmeseclassic.com

www.burmeseclassic.com



ရေးသည် ကံကြမ္မာ အခါအခွင့်သင့်စဉ် ဖြန့်းခနဲ တွေ့လိုက်ရသော ဝတ္ထုတိုအဖွင့် စကားလုံးများ၏ ဆွဲဆောင်မှုနှင့် လုံးဝပတ်သက် ဆက်နွှယ်နေသည်ဟု ကျွန်တော်ဆုံးဖြတ်သည်။

ဆရာ ဒဂုန်တာရာ၏ “လေနုအေးတို့ တရွေရွေနှော့ဆဲကို” မေဝတ္ထုအဖွင့်၊ ဆရာမ ကြည်အေး၏ “မောလိုက်တာကွယ်” ဆိုသည့် နှမ်းလှူအိမ်ပြန်အဖွင့်၊ ဆရာမ မိုးငြိမ်းဧကေ “ကြွေသည် ကွယ်လွန်ခဲ့လေပြီ”၊ “ထိုညက မီးမလာပါ” ဟု ဆရာမောင်သစ်ဆင်းကစ၏။ ဆရာ သစ္စာနီက “သေဆုံးနေသော လိပ်ပြာတစ်ကောင်ကို မြင်တွေ့ ရခြင်းမှာ ထူးခြားသော ကိစ္စတစ်ခု မဟုတ်ချေ” တဲ့။ “ပျင်းရိလေးလံနေသော ဂြိုဟ်တစ်လုံးသည် မိမိကိုယ်ကို တစ်ပတ်ပတ်မိအောင် အချိန်မည်မျှ အားထုတ်ရပါသနည်း” ဟုဆရာနေမျိုးက တစ်မျိုး၊ “ကျွန်မကလရောင်သည် အလွန်ကြည်နူးနှစ်သက်စရာ ကောင်းသည်ဟု ထင်သည်” ဆရာမ ဂျူးက တစ်ပုံစံ။

ဤသို့ဖြင့် ဝတ္ထုတို အဖွင့်များသည် ကျွန်တော်၏ မရှိမယ့် ရှိမယ့် အသားနှစ်ပေါင် (2lb)လောက်ကို လရောင်နှင့် ဖျော်သောက်သွားခဲ့လေသည်။

❄ ❄ ❄

ကြည်ပြာကို လုံးဝအသိမပေးဘဲ ထားခဲ့သော ကိစ္စနှစ်ခုမှာ သူမကို ဘယ်လောက်ချစ်ပါသည် ဆိုသည့်ကိစ္စနှင့်သူမအတွက် ကျွန်တော် ဝတ္ထုတိုတွေ ကြိတ်ရေးနေသည်ဆိုသည့် ကိစ္စသာလျှင်ဖြစ်သည်။





တောင်ပံမဲ့ စကားလုံးများသည် ကျွန်တော့်ဦးခေါင်းထဲတွင် ဟိုဟိုဒီဒီ ပျံသန်း၍ အချိန်ပြည့်ရှိနေကြသည်။ ဝတ္ထုတိုတစ်ပုဒ်၏ အဖွင့်ပိုင်းနှင့် ကျွန်တော်သည် လိုက်လေဝေးလေဖြစ်နေဆဲရှိ၏။

ထိုနေ့က ကြည်ပြာနှင့်ကျွန်တော် ဘတ်စ်ကား အတူတူစီးလာကြသည်။ ကားက အတော်ကျပ်သော်လည်း သစ်သားဘတ်စ်ကား ဖြစ်သဖြင့် ကျွန်တော်၏ အရပ်ငါးပေသည် ကိုင်စရာ တော်တော်များများနှင့် အဆင်ပြေလျက်ရှိလေသည်။ ထုံးစံအတိုင်း နှုတ်ခမ်းပါးပါးသည် ရောက်တတ်ရာရာ စကားများနှင့် မှန်မှန်တုန်ခါလျက်ရှိသည်။ ကျွန်တော်က ဝတ္ထုတိုတစ်ပုဒ်၏ အဖွင့်ပိုင်းကို စဉ်းစားနေခဲ့သည်။

ဒါပေမဲ့ ကျွန်တော် နှုတ်ခမ်းက ဩော် အင်း ဟာ ဟုတ်လား၊ အားဟား ဟီးဟီးစသည့်အသံများကိုတော့ ကြည်ပြာ့စကားများနှင့် ကိုက်ဖက်အောင် လုပ်ပေးရ၏။ ဒါကလည်း ကျွန်တော့်အတွေးများကို ခထိခိုက်တော့ ကျွမ်းကျင်နေတာကြခဲ့ပြီ။

စိန်ပေါလ်မှတ်တိုင်ရောက်တော့ ကျွန်တော်တို့ မတ်တတ်ရပ်နေသော သုံးယောက်ထိုင်ခုံမှ လူနှစ်ယောက် ထသည်။ ကြည်ပြာက ဘားကိုရပ်ကာ ကျွန်တော့်ပခုံးကို တွန်းတော့မှ ကျွန်တော် အသိဝင်ခြင်းဖြစ်၏။ နေရာရပြီ။

ပြတင်းပေါက်နံဘေးမှ လူတစ်ယောက်။ ကြည်ပြာ့ကို အရင်ဝင်ထိုင်ခွင့်ပေးလိုက်လျှင် ကြည်ပြာနှင့် ထိုလူ ဘေးချင်းကပ် ဖြစ်သွားမည်။ ဒါမျိုးတော့မဖြစ်။ ကျွန်တော်က အရင်ဝင်ထိုင်၏။ ကြည်ပြာသည် ကျွန်တော့်နံဘေးမှာ ထိုင်သည်။

“ဟယ် ဟိုမှာဟိုမှာ တွေ့သလား၊ ခရမ်းနုရောင်ကားလေး၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



မျိုးလေးဟ၊ ပထမတော့ ငါက ရှေညိုစိမ်းရောင်ယူမလို့၊ မမွန်ရွှေလေ သိလား၊ အေး သူနဲ့ပေါ့ ဆင်တူဆိုပြီး မရခဲ့ပါဘူးဟ။ အဲဒီ မမွန်ရွှေကလေ သိပ်ညည်းတာပဲ သိလား။ မြစ်တို့၏မာယာ သွားကြည့်တဲ့နေ့ကလေ နဝဒေးမှာ နှစ်ပွဲဆက်တန်းစီရတာဟ၊ ညည်းလိုက်တာဟ၊ အံမယ် အရှေ့ကကောင်တွေက ကြားဝင်တိုးတာသိလား၊ ငါက အော်တာပေါ့။ သူက ကြောက်လို့တဲ့။ ငါ့ကို သူက အံ့သြနေတာ သိလား။ လက်မှတ်ရလို့ပေါ့၊ မရရင် ငါက မန်နေဂျာကို ဝင်တိုင်မှာ။ ရဲအောင်ကကောင်းတယ်ဟ၊ ငါက ရဲအောင်ပဲ ကြိုက်တာ၊ နင်ကရော ဘာ၊ အေးဒါဆို လွင်မာကလည်း မကြည့်ရသေးဘူးတဲ့။ သူ့ကောင်လေးနဲ့ သူနဲ့ တစ်ခါမှ ရုပ်ရှင်မကြည့်ဖူးဘူးတဲ့။ နင်ယုံလား၊ အံမယ် မိစုတို့ကတော့ ပြောမနေနဲ့၊ သြော် နင် ငါ့ကကက်ဆက်ကလေးကို ပြင်ထားဦးနော်။ အဲဒါ ငါ့အစ်မယောက်ျား ဝယ်ပေးတာဟ၊ ငါကလေ သိလား . . ."

သစ်သား ဘတ်စ်ကား စက်သံ တဂီးဂီးနှင့် အဆက်မပြတ်သော ကြည်ပြာ့စကားသံသည် ကျွန်တော့်နားထဲတွင် လုံးထွေး၍ နေကြသည်။ ထိုင်စရာနေရာ ရသွားသဖြင့် စကားသံက ပို၍ဆိုးလာသည်။ ကျွန်တော့်ခေါင်းထဲမှာ စီနေသော ဝတ္ထုတိုအဖွင့်စကားလုံးများကို မကြိုက်တော့သဖြင့် ပြန်ဖျက်ပစ်လိုက်ပြန်သည်။

ပြတင်းပေါက်နံဘေးလူက ကျွန်တော့်ကို ကျော်ကာ ကြည်ပြာ့စကားများကို နားထောင်လျက်ရှိသည်။ ကျွန်တော် လှည့်မကြည့်ဘဲ သူတို့နှစ်ယောက်အကြားတွင် မြုပ်ဝင်နေသော ခန္ဓာကိုယ်ကို ဆန့်ကားကာ ထိုသူ့ကို ဖိတွန်းလိုက်ရင်း ကြည်ပြာ့ပခုံးကို နောက်မှီမှ လက်တင်ကာ ကိုင်ထားလိုက်သည်။ သေးမှ သူ့ချစ်သူတစ်ယောက်





လုံးရှိနေ သည်ဆိုသည့်သဘော။

ကြည်ပြာကတော့ ဘာကိုမှမသိ၊ စကားသာ တွင်တွင်များလျက်ရှိ၏။ ဝတ္ထုတို အဖွင့်တစ်ခုက ကျွန်တော့်ဦးခေါင်းထဲ ဝင်လာပြန်၏။ ကားဂီယာချိန်းသံ၊ ကြည်ပြာ့စကား၊ စပါယ်ယာ့အသံ အားလုံး ပျောက်သွားပြန်သည်။

"ဟယ် ရဲဝင်း၊ ရဲဝင်း ဟိုမှာတွေ့လား၊ အဖြူနဲ့ပန်းနုရောင် အစင်းကလေးလေးဟာ ဟိုမှာ"

ကားက မင်္ဂလာဈေးမှတ်တိုင်မှာ ရပ်သည်။ ကြည်ပြာက ချိတ်ထားသော ရယ်ဒီမိတ်အင်္ကျီများကိုပြ၏။ ကျွန်တော် အာရုံများထဲမှ ထကာ ကမန်းကတန်း ကြည့်ပေးရသည်။ ပြီး တစ်ချက်တည်း ပြတင်းပေါက်နံဘေးမှ လူကိုပါ ခိုးကြည့်လိုက်သည်။ ဟိုက် . . .၊

"ဟာ . . . အဖေ"

"တွေ့လား၊ ထောင့်စွန်းက တစ်ခုအကျော်မှာဟာ"

"တွေ့လား၊ နင်က ဘာဖြစ်နေတာလဲ၊ ငါပြနေတာ ဟိုမှာ"

ကြည်ပြာက ကျွန်တော့်ကျောကိုတွန်းကာ အော်သည်။ အဖေနှင့် ကျွန်တော်က တစ်ယောက်နှင့်တစ်ယောက် ကြောင်ကာ ကြည့်နေမိသည်။ အဖေ၏ မအီမလည်မျက်နှာနှင့် ကျွန်တော်၏ ကြောင်အမ်းနေသော မျက်နှာတို့သည် စက္ကန့်အတော်ကြာ မလှုပ်မယှက်၊ ချေနိုင်မကယ်နိုင် ရှိလေသည်။

"အဖေ ကျွန်တော်တို့ကျောင်း အဲဒါ ဟိုလေ"

"ဟဲ့ ရဲဝင်း၊ နင် ဘာဖြစ်နေတာလဲ၊ ငါပြောနေတာကို"

"အေးပါကွာ၊ ငါမင်းတို့ တက်လာကတည်းက မြင်ပါတယ်၊ အဲ့ ဟိုက ဘာပြတာလဲ မသိဘူး၊ ကြည့်လိုက်ဦး ကြည့်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



အဖေက ပြောရင်းဆိုရင်း ထိုင်ရာမှထသည်။ ကျွန်တော် မျက်နှာပူလွန်းသဖြင့် ဘာလုပ်ရမှန်းမသိတော့။ အခုမှ နားစွန်နားဖျား ကြားသွားသော ကြည်ပြာက "ဟဲ့ အဖေ၊ ဘာအဖေလဲ" ဟု မေးပြန်သည်။ အဖေက လူတွေကြားထဲ တိုးသွားကာ မင်္ဂလာဈေးမှတ်တိုင်မှ ထွက်ခါစကားပေါ်မှ အတင်းခုန်ချသည်။ အဖေသည် လဲတော့မလို ယိုင်သွားကာ လွင့်ခနဲ အဝေးမှာ ကျန်ရစ်ခဲ့လေသည်။

"ဘာလဲဟင်၊ ဘာလဲ ရဲဝင်း"

"ဟာ နင်က တစ်မျိုး၊ အဲဒါ ငါ့အဖေဟ၊ ငါ့အဖေ၊ ဒုက္ခပါပဲဟာ"

"အဖေ၊ ဟောတော့ . . . ဘယ်လိုဖြစ်ရတာလဲ"

"နင်က စကားတွေချည်း များနေတာကိုးဟ၊ အခြေအနေကိုလည်း ဘာမှနားမလည်ဘူး"

"အောင်မာ လဲသေလိုက်ပါလား၊ နင်နဲ့ ဘေးချင်းကပ်ထိုင်တာမဟုတ်လား၊ ဘေးချင်းကပ်နေပြီးတော့တောင်မှ အဖေတစ်ယောက်လုံးကို မမြင်တဲ့လူကများ၊ နင့်အဖေကို ငါမှ မမြင်ဖူးတာဟဲ့၊ နင်ကရောမမြင်ရအောင် ဘာတွေမှုန်နေလို့လဲ"

မတ်တတ်ရပ်နေသူများက ပြုံးစေ့စေ့ ဖြစ်လာကြသည်။ ကြည်ပြာက ဒေါသကြီးနေခဲ့၏။ ရှေ့တန်းမှလူများက လှည့်ကြည့်ကြသည်။ လာပြန်ပြီ ဒီပြုံးစစနှုတ်ခမ်းတွေ . . .။

"တော်ပြီ ကြည်ပြာ အော်မနေနဲ့၊ ငါဘာမှ မမှုန်ဘူး၊ ဝတ္ထုတိုအဖွင့်ကို ငါစဉ်းစားနေတာ"

"ဘာ . . . ဝတ္ထုတို"

"အေး ဟုတ်တယ် ဝတ္ထုတို"





"ဩ နင်ကငါပြောတာတွေကိုလည်းမကြား၊ အဖေ တစ်ယောက်လုံးကိုလည်း မမြင်၊ စဉ်းစားချင်တာတွေ စဉ်းစားနေတာ ပေါ့ဟုတ်လား"

"တော်စမ်း ကြည်ပြာ၊ နင် ငါ့ကို ဘာမှ စော်ကားစရာ မလိုဘူး"

"နင်က ဘာအသုံးကျလို့လဲ၊ အဖေကိုတောင်မှ . . ."

တာမွေမှတ်တိုင်ရောက်တော့ ကြည်ပြာသည် ဟန်ကိုချိကာ မျက်နှာက မာထန်၍နေသည်။ ကားပေါ်က ဆင်းဆင်းချင်း ကျွန်တော် ရေခဲရေနှစ်ခွက်ကို ဆက်တိုက်သောက်ရ၏။ ထုံးစံအတိုင်း ကြည်ပြာက ကျွန်တော့်ကို မစောင့်တော့ဘဲ သူစီးရမည့် မှတ်တိုင်ဆီ လျှောက်သွားသည်။ နေပေ့စေတော့။ ကျွန်တော် အကြောအခြင်တွေကို လျှော့ပစ်လိုက်သည်။

ဩော် . . . အဖေ အဖေ။ ဖြစ်မှဖြစ်ရလေ။ ငါ့နှယ် ဘာကြောင့် ကားပေါ်စတက်ကတည်းက မတွေ့တာပါလိမ့်။ စဉ်းစားနေရင်းမှ သတိရသည်။ အဖေက နောက်ကားနဲ့ လိုက်လာမှာဆိုတော့ ကားမှတ်တိုင်မှာ တွေ့သွားနိုင်သည်။

ဘယ်နည်းနှင့်မှ အတွေ့ခံ၍မဖြစ် . . .။

ကျွန်တော် ကမန်းကတန်း ကားမှတ်တိုင်မှခွာကာ ကြည်ပြာ့နောက်လိုက်ရသည်။ သို့သော် ကြည်ပြာ့ကို သူ့မှတ်တိုင်မှာ မတွေ့ရတော့။ အိမ်ကိုလည်း မပြန်ချင်၊ အဖေနှင့်တွေ့ရမှာ မျက်နှာပူသည်။ ကျွန်တော်မှတ်တိုင်မှာ တွေတွေကြီး ရပ်နေမိသည်။ ဘာဆက်လုပ်ရမည်နည်း။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အိမ်ရှေ့ထွက်ကာ ထမင်းစားနေရင်းက ဝတ္ထုတို တစ်ပုဒ်၏ အဖွင့်ပိုင်းကို စဉ်းစားနေတုန်း ကြည်ပြာ့မျက်နှာသည် အိမ်ရှေ့လှေကားမှ ဘွားခနဲပေါ်လာသဖြင့် အတော်အံ့ဩသွားခဲ့ရသည်။ ထိုနေ့သည် ကျောင်းပိတ်ရက် စနေနေ့ဖြစ်ပြီး ကြည်ပြာနှင့် ကျွန်တော်လည်း ချိန်းမထားခဲ့ကြ။

ကြည်ပြာက အပြုံးလေးနှင့် အိမ်ပေါ်တက်လာရင်း ကျွန်တော့်ကို မျက်စောင်း ဒိုင်းခနဲနေအောင်ထိုးသည်။ ပြီးတော့ လေသံ တိုးတိုးဖြင့် "နင်တို့အဖေရှိသလား" ဟု မေး၏။ ကျွန်တော်က ခေါင်းခါပြလိုက်တော့ ကြည်ပြာက အိမ်အနောက်မှာ အလုပ်ရှုပ်နေသော အမေ့ကို လှမ်းနှုတ်ဆက်သည်။ "အန်တီ ဘာချက်နေတာလဲ" "ဘာညာပေါ့" ကြည်ပြာလည်း ကျွန်တော်အဖေကိုတော့ မျက်နှာပူ နေပုံရ၏။

ရေညှိရောင်ပါတိတ်ဝမ်းဆက်၊ အင်္ကျီလက်ပြတ်ကလေးကို လည်ဝင်းသီးစေ့တပ်ကာ အချိုးစားကျကျလှအောင် ပြင်ထားသည့် ကြည်ပြာ့ကို ကျွန်တော် ကြည်နူးစွာငေးကြည့်နေမိသည်။ ကြည်ပြာဟာ သူလှတာကို သူမသိဘူးဆိုရင် ပိုလှမှာပဲဟုလည်း တွေးမိသွား၏။ အဲဒါနဲ့ ဝတ္ထုကို စဖွင့်ရရင်ကောင်းမလား။ ထိုစဉ်မှာပင် ကြည်ပြာ၏ ထူးခြားမှုကို ကျွန်တော် တွေ့သွားခြင်းပင်ဖြစ်၏။ ကြည်ပြာက ကျွန်တော့်ကို လှစ်ခနဲ ပြုံးပြသည်။

"မြန်မြန်စားဟာ၊ ဒဂုံက နေပူတယ်ဟ၊ ဟိုကောင်တွေ အိမ် သွားလည်မလို့"

တမေ့တမောကြည့်နေရာမှ ကျွန်တော်ခေါင်းကို ဖျတ်ခနဲ ငုံ့ချပစ်လိုက်သည်။ စိတ်ထဲကလည်း "ငကြွားမ" ဟု အော်မိ၏။ ကြည်ပြာဘာကြောင့် ဒဂုံက လွင်မာတို့အိမ်ကို သွားလည်ချင်သည်ဆိုတာကို





ကျွန်တော် သိလိုက်ပြီ။

ကြည်ပြာ့လည်ပင်းမှာ ဆွဲကြိုးအသစ်တစ်ကုံးပါလာသည်။ မြင်ခံနိုင်ပါ့မလား။ တော်တော်ဖျင်းသည့်ကြွားနည်းဖြစ်သော ကြယ်သီးရင်ဆော့ တပ်ထားသည့် အင်္ကျီအပြင်ဘက်တွင် ကြည်ပြာက ဆွဲကြိုးကို ထုတ်ဆွဲလာခဲ့သည်။ အရင် ကြည်ပြာ့မှာ ကြိုးဆစ် လက်ကောက်တစ်ရံ၊ လက်စွပ်မောင်းကွင်းတစ်ကွင်း၊ ပုလဲနားကပ်တစ်ရန်သာရှိ၏။ အခု လည်ပင်းမှာ ရွှေဆွဲကြိုးတစ်ကုံးပါ ပါလာပြီ။

ကြည်ပြာသည် ပစ္စည်းပစ္စယဆိုလျှင် အလွန်ကြွားတတ်ပြီး ရွှေတွေဘာတွေဆိုလျှင်လည်း အတော် အထင်ကြီးသည့် မိန်းကလေးဖြစ်သည်။

"ရွှေရှိမှ လူ အထင်မသေးတာဟဲ့" ဟု မကြာခဏ ပြောတတ်သည်။ သူ့မိဘအသိုင်းအဝိုင်းက ပိုက်ဆံချမ်းသာသည့် အကြောင်းကိုလည်း မကြာခဏ သွယ်ဝိုက်ပြောတတ်၏။

"နင့်မိဘတွေ ပိုက်ဆံချမ်းသာတဲ့အကြောင်း သွယ်ဝိုက်ပြောနေဝါနဲ့တော့၊ သိပ်ချမ်းသာနေရင် ကျွန်းတစ်ကျွန်းလောက် ဝယ်ထိုက်စမ်းပါ။ ညနေရီကို တစ်ကိုယ်လုံး မြင်ရတဲ့ကျွန်း၊ နှင်းဆီပင်တွေ အပြည့်ပွင့်နေတဲ့ကျွန်း၊ နင်နဲ့ငါ နှစ်ယောက်သွားနေရအောင်"

အဲဒီတုန်းက တစ်ခါရန်ဖြစ်ပြီးပြီ။ အခုလည်း ကြည်ပြာသည် ဆွဲကြိုးအကြောင်းကို စကားရှာ ပြောဦးမည် ထင်သည်။ မော့ကြည့်တော့ ကြည်ပြာက ဒုတိယအကြိမ် ပြုံးပြပြန်သည်။ တော်တော် မျက်နှာချိုနေပါလား။ ကျွန်တော် ခေါင်းကို ပြန်ငုံ့ကာ မှုန်ကုပ်ကုပ်ရယ်ရင်း ထမင်းဆက်စားနေလိုက်သည်။ ဆွဲကြိုးအကြောင်းများ ဘာပိုင်းကြီး သာပြောလို့ကတော့ကွာ . . .။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြာက သတင်းစာကို ဆွဲယူကာ တဖျတ်ဖျတ်ယပ်ခတ်ပြန်သည်။ "ပူလိုက်တာဟာ" ဟုလည်း ညည်း၏။ နွဲ့ယိမ်းနေသော ပခုံး၊ လက်မောင်းတို့ကြောင့် လည်တိုင်မှ ဆွဲပြားနှင့် ဆွဲကြိုးသည် လှုပ်ယမ်း နေလိမ့်မည်။ ကျွန်တော် လုံးဝမော့မကြည့်၊ ဆွဲကြိုးအကြောင်းကိုတော့ ကျွန်တော်က သေသွားမည် ဆိုတာတောင်မှ မေးမည်မဟုတ်၊ ဝတ္ထုတိုအတွက် အပြန့်အပြောကို ကျွန်တော်က လေ့လာထားပြီးသား။ အပြကို ဂရုမစိုက်လျှင် ဘယ်လို ပြောလို့ရမည်နည်း။ ဘာလိုင်းကြီး လာပြောလို့ကတော့ တွေ့ကြသေးတာပေါ့ မကြည်ပြာ . . . ။

ကြည်ပြာက ဆံပင်ကလေးကို ဆွဲယူကာ ကုပ်ကိုယပ်ခတ်ပြန်သည်။ ဒီလည်ကုပ်က တော်တော်အိုက်နေပါလား။ ဆွဲကြိုးသည် ရှေ့သို့ တွဲလဲကျကာ နာရီချိန်သီးကို လွှဲရမ်းနေ၏။ ကျွန်တော်က ရွှေဆိုတာကို သဘာဝတွင်းထွက်ပစ္စည်းဆိုတာထက် ပို၍ စိတ်မဝင်စား။ လာများကြွားလို့ကတော့ မကြည်ပြာရေ။

"ဟဲ့ ရဲဝင်း၊ နင်တို့ဘက်မှာ ညက မီးပျက်သလား"

ကြည်ပြာက ယပ်ခတ်ကိုရပ်ကာ မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ကျွန်တော့်ကိုမေး၏။ မှုန်ကုပ်ကုပ် ကျွန်တော့် မျက်နှာကိုလည်း သူတွေ့လိမ့်မည်။ ဒီမေးခွန်းကတော့ ဆွဲကြိုးနှင့် ဘာမှ ပတ်သက်ပုံမပေါ်၊ ကျွန်တော် ရယ်ချင်သွား၏။

"မပျက်ပါဘူး၊ လာသားပဲ"

"ဟယ်၊ ငါတို့ဘက်မှ ညက မီးပျက်တယ်ဟ သိလား"

"မီးပျက်တာပဲ ဆန်းလို့လား"

ကျွန်တော်က ခပ်တည်တည်ဖြင့် ယောက်သည်။ ကြည်ပြာက





ပြုံးပြန်သည်။ တော်တော် မျက်နှာချိုနေတယ်ပေါ့လေ။ အရင်က ဒီလိုလေသံမျိုးသုံးလျှင် ကျွန်တော်နှင့် ရန်ဖြစ်ရမှာ ကျိန်းသေ၏။

"အေးဟယ် အဖေကလည်း လေဖြတ်ပြီး ပြန်ကောင်းလာမှ အစားသိပ်စားတာပဲ၊ ထမင်းဆို သုံးထပ်စားတာဟ၊ မုန့်တွေဘာတွေလည်း အမြဲဝယ်ပေးထားရတာ"

ကြည်ပြာ့မျက်နှာက ချက်ချင်းစိတ်ညစ်၊ စိတ်ရှုပ်သည့် ပုံစံဖြစ်လာသည်။ ဆွဲကြိုးအကြောင်း စကားစ မရသဖြင့် သူ့အဖေဘက် ရောက်သွားသည်ကို ကျွန်တော် ရယ်ချင်နေမိသည်။ သို့သော် ကျွန်တော့်မျက်နှာကို မလျှော့ထားသေး။

"လေဖြတ်ပြီး ပြန်ကောင်းလာတဲ့လူက ဒီလိုပဲ၊ အစားပိုအေးလာတယ်ဟ"

"ဟုတ်ပ၊ စိတ်ကလည်း ပိုတိုလာတယ် သိလား၊ ဘာဆို ဘာနဲ့ သည်းညည်းမခံတော့ဘူး။ မနေ့က ဂိုလ်းဒင်းပါ့ဖ်ကုန်နေလို့ ဝယ်ပေးတဲ့ ကလေးကျနေတာပဲဟာ။ မနားမနေ ပူဆာတာဟ သိလား၊ ငါက မအားသေးလို့ ခဏနေပါဦးဆိုတာလည်း မရဘူး၊ သူကိုယ်တိုင် သွားဝယ်မတဲ့"

ကြည်ပြာက မျက်လုံးကလေးပြူးကာ လက်ချောင်းများကို ဓာ့လည်ကာပြရင်း ပြောသည်။ ကျွန်တော့်မျက်နှာ မှုန်ကုပ်ကုပ်ကို နည်းနည်းလျှော့လိုက်၏။ ချစ်ရပါသော မကြည်ပြာ . . . ။

"အဖေ ခြေထောက်က သိပ်ကောင်းသေးတာမှ မဟုတ်တာ၊ ငါနဲ့ အော်ကြရော၊ နောက်ဆုံးတော့ သွားဝယ်ပေးရတာပါပဲဟာ"

ကြည်ပြာက စိတ်ပျက်လက်ပျက် ညည်းရင်း လည်သာသာစလင်းဘက်ခ်လေးကို ပေါင်ပေါ် အသာဆွဲတင်သည်။ ပြီးတော့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ညှိုးကျသွား၏။ ကျွန်တော် စိတ်မကောင်းဖြစ်သွားသည်။ ကြည်ပြာက ကျွန်တော့်ကို လှစ်ခနဲ ခိုးကြည့်ပြန်သည်။ ကျွန်တော့်ဆီမှာ မှန်ကုပ်ကုပ် မျက်နှာမရှိတော့။ ဆွဲကြိုးကိစ္စနှင့်လည်း ဘာမှမဆိုင်တော့ဘူး မဟုတ်လား။ စိတ်မကောင်းဖြစ်နေသော ကြည်ပြာ့ကို အားပေးရဦးမည်။

"ကိုယ့်အဖေပဲဟာ၊ သည်းညည်းခံပြီး ပြုစုရမှာပေါ့၊ နင်ကလည်း ဒါလေးဝယ်ပေးရတာပဲဟာ"

"အေးပါ၊ ငါသွားဝယ်ပေးပါတယ်၊ အဲဒါလေ လမ်းထိပ်ကအီကေစ်ဆိုင်လည်းရောက်လို့ ပိုက်ဆံလည်းအမ်းပြီးရော မီးကပြတ်သွားတာဟာ"

"ဩော် . . ."

ကြည်ပြာက ကျွန်တော့်မျက်နှာကို စိုက်ကြည့်သည်။ ပြီးတော့ ကိုယ်ဟန်အနေအထားကို နည်းနည်းပြင်သည်။ နောက် ထမင်းစားနေသော ကျွန်တော့်နံဘေးကို ဇွေ့ခနဲ တိုးရွှေ့လာ၏။

"အဲဒါလေ ငါတို့ သုဝဏ္ဏတစ်မြို့လုံးကို မည်းမှောင်သွားတာပဲ သိလား၊ ဆိုင်က လမ်းထိပ်မှာဆိုတော့ တော်တော်ဝေးတယ်ဟာ၊ မီးပြတ်ပေမဲ့ လကတော့ သာလိုက်တာ ထိန်နေတာပဲ၊ အပြန် ငါကြောက်လိုက်တာဟာ"

ကြည်ပြာ့မျက်နှာပေါ်မှာ ကြောက်ရွံ့ ထိတ်လန့်နေသည့် ပုံစံကလေး ပေါ်လာပြန်သည်။ ကြည်ပြာက ကျွန်တော့်ကို အသေချာစိုက်ငေးနေခဲ့၏။ အဲဒီလို ကြောက်ရွံ့အားငယ်သွားရသည့် အချိန်မျိုးမှာ ကြည်ပြာ ကျွန်တော့်ကို သတိရနေမလား။ ကြည်ပြာက အဲဒီလိုမေးခွန်းမျိုးကို လိုချင်နေတာလား။





"မီးတွေကလည်း မှောင်၊ ငါတို့ သုဝဏ္ဏလည်း လူသိပ်ပြတ်တာဟာ၊ နင်သိတဲ့အတိုင်းပဲ၊ အဲဒါလေ ငါ့နောက်က လူနှစ်ယောက်ပါလာတာဟာ ခြေသံကြားနေရတာဟ ငါလှည့်မကြည့်ရဲဘူး သိလား"

"လူနှစ်ယောက် . . ."

"အေး လကလည်း သာလိုက်တာ ထိန်နေတာ၊ ဆွဲကြိုးကလည်း အဲဒီနေ့ကမှ လုပ်ပြီး ဝတ်တာဆိုတော့ လရောင်နဲ့ လက်နေတာဟာ၊ ဆွဲကြိုးများ ဖြတ်မလားဆိုပြီး . . ."

"ဘာ . . ."

"ဆွဲကြိုးလေ၊ ဒီဆွဲကြိုးလေးပေါ့ဟ၊ ငါ ကြောက်ကြောက်လန့်လန့်နဲ့ အိမ်ကို ကမန်းကတန်း ပြေးရတာ သိလား၊ မောလိုက်တာဟာ၊ ရင်ကိုတုန်နေတာပဲ သိလား၊ ဒီကြိုးလေးဟာ . . .။

"ငါးမူးသုံးရွေးသားထဲပါဟ၊ ငါ့အဒေါ်က တစ်ဝက်စိုက်လုပ်ပေးတာ၊ ဆွဲပြားလေးက သုံးရွေးတဲ့၊ သိပ်မကြီးပေမဲ့ လှပါတယ်နော်၊ အကြီးကြီးတွေက ကြည့်ရရိုင်းတယ်နော်၊ ဒါလေးက ဟိုလေ . . ."

ကျွန်တော် ကြည်ပြာ့ကို ငြောင်ငေးကာ ကြည့်နေမိသည်။ ကြည်ပြာက လည်တိုင်ကို နွဲ့ကာ ဆွဲကြိုးလေးကို ချွတ်နေ၏။ ဆွဲကြိုး ဒီဆွဲကြိုး ဘယ်ကနေ ဝင်လာတာလဲ။ ရဲဝင်း နင်တို့ဘက်မှာ ညကမီးပျက်သလား၊ အဖေနဲ့ငါနဲ့ အော်ရရော၊ နောက်ဆုံးတော့ သွားဝယ်ပေးရတာပါပဲဟာ၊ လက သာလိုက်တာ ထိန်နေတာပဲ သိလား။

ကျွန်တော့် အသိဉာဏ်များ အာရုံထဲမှာ ဝင်းခနဲ ဖြစ်သွားနိုင်၏။ ဆာတိုရီရသွားသည့် လူတစ်ယောက်လို ကျွန်တော် အရာရာကို သိမြင်လွယ်လာသည်။ ဝတ္ထုတိုတစ်ပုဒ်ရဲ့ အဖွင့်ဟာ။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြာက ဆွဲကြိုးလေးကို ချုတ်ကာ အံ့သြနေသော ကျွန်တော့်လက်ထဲကို ထည့်၏။ ပြီးတော့ တခစ်ခစ်ရယ်သည်။ ကြည်ပြာ့ မျက်လုံးများက အရောင်တလက်လက် ခုန်နေကြ၏။ နှုတ်ခမ်းများက အလိုပြည့်စွာ ပြုံးနေကြ၏။ ချစ်ရပါသော မကြည်ပြာ။

"ငါနဲ့လိုက်ရဲ့လားလို့ဆို . . ."

"ဩော် . . . အင်း . . ."

"သိပ်မသေးပါဘူးနော်၊ ဆွဲပြားကရော၊ နင်က ဘာဖြစ်နေတာလဲ အူကြောင်ကြောင်နဲ့"

ကြည်ပြာက ကျွန်တော့်ကို တွန်းထိုးကာ စိတ်ကောက်ဖို့ ပြင်သည်။ ကျွန်တော် ဆွဲကြိုးနှင့်ကြည်ပြာ လိုက်ဖက်ကြောင်း တွင်တွင်ပြောပေးရ၏။ ဒီတော့မှ ကြည်ပြာက ကျေနပ်စွာပြုံးသည်။ ဒဂုံက လွင်မာတို့အိမ်ရောက်တော့ ကျွန်တော်က လွင်မာ့ကို မေးရသည်။

"ဟဲ့လွင်မာ ညက နင်တို့ဘက်မှ မီးပျက်သလား"

ကြည်ပြာက ကျွန်တော့်ကို မျက်စောင်း ဒိုင်းခနဲနေအောင် ထိုးကာ ကျောကုန်းကို တဗုန်းဗုန်းထုသည်။ လွင်မာက ဘာမှမသိဘဲ ကြောင်ငေးကာနေ၏။ ပြီးတော့ ကျွန်တော်တို့ ပြိုင်တူ ရယ်မောလိုက်ကြသည်။

ထိုအချိန်မှစ၍ ကျွန်တော်သည် ဝတ္ထုတိုတစ်ပုဒ်ကို ဘယ်လို စဖွင့်ရမယ်ဆိုတာကို ကောင်းကောင်းကြီး သိလာခဲ့လေသည်။ ■

♥



# ရယ်သံများ

www.burmeseclassic.com

www.burmeseclassic.com

# ရယ်သံများ

ကြည်ပြာသည် ကျွန်တော့်ဘဝ၏ ဟန်သစ်၊ ရင်ခုန်သံ၊ အိပ်မက်ဖူး၊ ရင်ခုန်ပွင့်၊ ပုံရိပ်၊ အောင်လံ၊ သရဖူ၊ အပျိုမ၊ ဖက်ရှင် ဖြစ်သည်။ သို့မဟုတ် ကျွန်တော်၏ ဒုတိယဝိညာဉ်၊ ပန်းပွင့်များကို အပိုင်စားရသည့် ဖလော်ရာ နတ်သမီး၏ ဥယျာဉ်တော်ထဲမှ ပထမဦး ဆုံးပန်းပွင့်။ ဒါမှမဟုတ်လျှင် ကြည်ပြာသည် ကျွန်တော်၏ နံရိုးတစ်ချောင်း၊ ဧဝ၏ ပြောင်းထားသော နာမ၊ ဘယ်တော့မှ ရေးဖွဲ့ဆုံးတော့မည့် မဟုတ်သည့် ခေတ်ပေါ်မဟာမော်ကွန်းကဗျာရှည်တစ်ပုဒ်သာလျှင် ဖြစ်လေသည်။

ကြည်ပြာသည် မီးတောက်ငယ်လေးတစ်ခုလို ပါးလှပ်နွဲ့လျသည်။ လမင်းနံဘေးမှာ မျောလွင့်နေသည့် ညတိမ်တိုက်တစ်ခုလို



www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲမြန်သည်။ မြွေတစ်ကောင်လို ကြောက်မက်ဖွယ်ရာ အဆိပ်နှင့် ဖေးမဝနိုင်သော နွဲ့ပြောင်းမှုရှိသည်။ ညမိုးလို ဒေါသကြီး တတ်ပြီး တစ်ခါတစ်ရံ ဆောင်ဦးနံနက် နှင်းမှုန်ကလေးလို နူးညံ့နေ တတ်ပြန်သည်။

ခုဆိုလျှင် ကြည်ပြာနှင့် ကျွန်တော်သည် စိတ်ဆိုးစိတ်ကောက် ပွဲများစွာ၊ ထင်မှတ်မထားသော ရုတ်တရက်ပေါင်းများစွာ နားလည် ခွင့်လွှတ်ရပေါင်းများစွာကို ဖြတ်သန်းခဲ့ရဖူးပြီ။ ဟိုတုန်းကတော့ ကြည်ပြာ့ထံမှ ချစ်ခြင်းမေတ္တာကိုရလျှင် ကျွန်တော့်တဝ ပြီးပြည့်စုံပြီဟု ထင်ခဲ့ဖူး၏။ ခု ဒီလိုမဟုတ်တော့။ "ချစ်သည်" ဆိုသည့် စကားအသိ ကလေးနှင့် ကျွန်တော် မကျေနပ်နိုင်။ သံယောဇဉ်ရှိပါသည်ဆိုသည့် သတ်မှတ်ချက်ကလေးနှင့် ကျွန်တော် မတင်းတိမ်နိုင်။ ခွင့်လွှတ်နား လည်ခြင်းဆိုသည့် ဖြစ်ရပ်ကလေးများနှင့် ကျွန်တော့်မှာ မလုံလောက် နိုင်။ တစ်စတစ်စ ကျွန်တော် လောဘကြီးလာသည်။ သို့မဟုတ် သဘာဝကျချင်လာသည်။

ကြည်ပြာ့မျက်ဝန်းညိုညိုများသည် ကျွန်တော့်ကို တွေ့သည့် အခါ ပလွေသံမှာ မြွေကို ကခိုင်းတတ်သည့် အလမ္ပာယ်ဆရာ၏ မျက်ဝန်းမျိုး၊ ဆပ်ကပ်ထဲက ကျားတွေကို မီးကွင်းထဲခုန်ဝင်ခိုင်းသည့် ကြာပွတ်ကိုင် မိန်းမပျိုကလေး၏ မျက်ဝန်းမျိုး၊ ကလေးဆွဲသည့် အရုပ်ကို ငေးကြည့်သည့် လူကြီးတစ်ယောက်၏ မျက်ဝန်းမျိုးသာ လျှင်ဖြစ်သည်။

ထိုအချက်ကို ကျွန်တော် မကျေနပ်နိုင်။ ထိုအချက်များ၏ နောက်ကွယ်မှ ခံစားချက်သည် ကြည်ပြာက ကျွန်တော့်ကို မချစ်လို့ ဆိုသည့် အချစ်ကြီးတတ်သူတို့၏ ခြောက်လှန့်ခံနေရမြဲတစ္ဆေက ကျွန်

စာချစ်သူ



တော့်ကို အမြဲခြောက်လှန့်လျက်ရှိ၏။

ကျွန်တော်က ကြည်ပြာ့ကို မတွေ့ရလျှင် မနေနိုင်။ ကြည်ပြာနှင့် မတွေ့ရသော တွေ့ခွင့်မရသောရက်များသည် နေ့ဝင်ဖို့ အတော်ခဲယဉ်း လွန်းသည်။ ကျွန်တော့်ရင်သည် ဟာလျက်ရှိကာ ကျွန်တော့်သွေးများ သည် ဟိုဟိုဒီဒီ ဘယ်လိုစီးဆင်းရမယ်ဆိုတာ မသိဖြစ်နေသလို တုံ့ဆိုင်းနေတတ်၏။ သို့သော် ကြည်ပြာကတော့ ထိုနေ့ရက်များ အတွက် ဘယ်လိုမှ ဖြစ်ပုံမပေါ်။ ဘာမှ ခံစားရပုံမပေါ်။ သက်သောင့် သက်သာ အေးအေးလူလူပင် ရှိသည်။

တွေ့ရသည့်ရက်များကျတော့လည်း ကျွန်တော်က တစိမ့်စိမ့် ငေးမောကာ ကြည်နူးရင်ခုန် ကျေနပ်ရသလောက် ကြည်ပြာက မသိ ကျွန်ရှိလွန်းသည်ဟု ကျွန်တော်ထင်သည်။ ဒီလိုနှင့်ပင် ကြည်ပြာ သည် ကျွန်တော်ချစ်ရသလောက် ကျွန်တော့်ကို မချစ်ဟု စိတ်ထဲတွင် စွဲနေခဲ့သည်။ ကြည်ပြာသည် ကျွန်တော်နှင့် ပတ်သက်လျှင် အရာရာ အေးအေးလွန်းသည်။ ဥပေက္ခာထားလွန်းသည်။

ကြည်ပြာဟာ ငါချစ်သလိုမှ ငါ့ကို ချစ်ရဲ့လား။

ကျွန်တော် လေးဆယ့်ခုနစ် အမြန်ကားလေးကို တွယ်စီးရင်းက ကြည်ပြာ့အကြောင်းကို စဉ်းစားနေခြင်းဖြစ်၏။ မိုလ်တထောင် သတ္တုသိလ် ကျောင်းသားများ၏ ဒုက္ခအတိုင်း ကျွန်တော် လေးဆယ့် ခုနစ်ကားလေးကို တာမွေမှပြောင်းကာ တွယ်စီးရသည်။ အမေက ကားကြောမတင်းဘူးဟု မကြာခဏ အပြောခံရသော ကျွန်တော့် ကားကြောများသည် တင်းရလွန်းသဖြင့် ပြတ်ထွက်တော့မလား ထင် ၏။ ဒီကြားထဲ ကျွန်တော့်ခြေထောက်ကို တွယ်သူတစ်ယောက်က နင်းသွားသေးသည်။

စာချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မြောင်းဈေးရောက်တော့ တွယ်စီးသူက ခြောက်ယောက်ဖြစ်လာသဖြင့် ကျွန်တော့်အတွေးကိုရပ်ကာ အဆင်ပြေဖို့ ခန္ဓာကိုယ်ကို အထဲထိုးသွင်းရသည်။ ကျွန်တော့်ခန္ဓာကိုယ်ကို တွယ်စီးသူများထဲတွင် ဖေးမထားရ၏။ မနက်က မိုးဖွဲဖွဲရွာထားသဖြင့် ကားမှတ်တိုင်တွင် ထီးထုတ်ဆောင်းထားသောကြောင့် ကျွန်တော့် ချိုင်းကြားတွင် ထီးတစ်လက် လွယ်အိတ်တစ်လုံးဖြင့် ရှုပ်ယှက်ခတ်ကာနေသည်။ သိတာလမ်းမှတ်တိုင်တွင် ညာဘက်နံဘေးမှ ထိုင်လာသူကျောင်းသူတစ်ဦးက ဗရုတ်သုတ်ခဖြစ်နေသော ကျွန်တော့်ကို "ထီးပေးထားပါလား"ဟု ပြောကာ ကူညီရှာသည်။ သို့ဖြင့် ကျွန်တော့်လက်နှစ်ဖက်စလုံးသည် အတွင်းသံတန်းများကို ကိုင်နိုင်ကာ အသက်ရှူချောင်သွားခဲ့သည်။ ကားလေးက မှတ်တိုင်တွေမှာ မရပ်တော့ဘဲ မှန်မှန်ပြေးနေသည်။

စိန့်ပေါလ်မှတ်တိုင်ရောက်တော့ ဗိုလ်တထောင် သမီးပျိုများသည်လေးဆယ့်ခုနစ်နောက် တဖုတ်ဖုတ် ပြေးလိုက်ကာ အလုအယက်တက်ကြရှာ၏။ ဆင်းသူနှစ်ယောက်ဖြစ်ကာ တက်သူက သုံးယောက်ဖြစ်သည်။ ကားလေးက အရှိန်ဖြင့် မောင်းထွက်တော့ ထိုင်ခုံမှာ မထိုင်ရသေးသည့် မိန်းကလေးများ အလေးချိန်က တွယ်စီးသူများထံ ရောက်လာသည်။ တွယ်စီးသည့် ကျောင်းသားများက "ဟေး"ဟု ကျားညာသံပေးကာ တောင့်ခံရ၏။

ဒီလိုနှင့် နောက်ဆုံးခုံမှာ ကောင်မလေးနှစ်ယောက် ထပ်ထိုင်ရသည်။ အတွင်းသို့ တိုးဝင်ကာ တွယ်ထားသော ကျွန်တော့်အောက်ပုဆိုးစသည် မပြေမလည် ထပ်ထိုင်ရသော ကောင်မလေးနှစ်ယောက်၏ ဖိနပ်အောက် ရောက်နေသည်ဆိုတာကို ကျွန်တော်မသိခဲ့။





ဗဟိုရုံးမရောက်ခင် ကားကွေ့သောအခါ တွယ်စီးသူအားလုံးယိမ်းနွဲ့ကာ ဟန်ချက်ကို ထိန်းရသည်။ ထိုစဉ်မှာပင် ကောင်မလေးခြေထောက်အောက် ရောက်နေသော ကျွန်တော့်ပုဆိုးကို ဆွဲချွတ်လိုက်သလို ဖြစ်သွားကာ . . .။

ခပ်တင်းတင်း ထိုးထည့်ထားခဲ့သော ခါးပုံစသည် အတွင်းမှ ရုန်းကန်ထွက်လာသည်ကို ကျွန်တော် ခံစားသိရှိလိုက်ရသည်။ ထိုကောင်းသည်မှာ ကားက ပြန်လည်တည့်မတ်သွားသဖြင့် ခါးပုံစကအားနှင့် ဆက်မထွက်လာတော့သော်လည်း တဖြည်းဖြည်း ပြေကာကျလာနေ၏။

"ကျွတ်ပြီ . . . ကျွတ်နေပြီ၊ ကျွန်တော့်ပုဆိုး ကျွတ်နေပြီဗျ"

လက်များကို ကျွန်တော် ချွတ်၍မရ၊ လက်ချွတ်၍ ပုဆိုးကိုင်ကျွင် အားလုံးပြုတ်ကျတော့မည်။ ပြီးတော့ ကျွန်တော်က အောက်ခံဘောင်းဘီလည်း ဝတ်တတ်သူမဟုတ်၊ ကျွန်တော် အသည်းထိတ်စွာချုံးအော်ရသည်။

"ပုဆိုး . . . ပုဆိုးကျွတ်နေပြီ၊ ပုဆိုးကျွတ် . . ."

တစ်ယောက်နှင့် တစ်ယောက် ပေါင်ပေါ်ထပ်ထိုင်နေသည့် ကျောင်းသူနှစ်ယောက်ရှေ့တွင် ကျွန်တော့်ပုဆိုးခါးပုံစက ရုပ်ရှင်အနှေးကွက်ချက်အတိုင်း ဖြည်းဖြည်းချင်း ပြေကျလာနေသည်ကို ထိုမိန်းကလေးက ငေးကြောင်ကာ ကြည့်နေခဲ့သည်။ ဘာလုပ်ရမှန်းမသိ ဖြစ်နေခဲ့သည်။

"ပုဆိုး . . . ပုဆိုး ခင်ဗျားရှေ့က ကျွန်တော့်ပုဆိုးကျွတ်နေပြီ ဆွဲပါဦးဗျ၊ ခင်ဗျားရှေ့က" ကျွန်တော်၏ ငယ်သံပါအောင် အော်သံကြောင့် ကောင်မလေးက အသိဝင်လာကာ သူမပေါင်ပေါ်တင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် Arrow File အနက်ကြီးကို ကောက်ကိုင်ပြီး ကျွန်တော့်ခါးစပ်ကို ကမန်းကတန်း လှမ်းထိုးလိုက်လေသည်။ တစ်စတစ်စ ပြေကျနေသော ခါးပုံစသည် သူမ File နှင့် ကျွန်တော့်ခါးအကြားတွင် ညပ်ကာ ရပ်သွားသည်။

"ထိုးထားနော်၊ ဖိထား မလွှတ်စေနဲ့"

ကျွန်တော် ညာသံပေးကာ အော်ရပြန်သည်။ ကောင်မလေးက လက်နှစ်ဖက်နှင့် ဖိုင်ကို အားရှိသမျှ ထိုးထားကာ မျက်နှာကို ဘေးသို့ လွှဲထား၏။ ကျွန်တော်ကလည်း ခါးကို အတင်းကော့ကာ Arrow File နှင့် ခါးပုံစကို ညပ်ထားရလေသည်။ မိုးတွေအုံ့ကာ အေးစိမ့်နေသည့် မနက်ခင်းတွင် ကျွန်တော့် တစ်ကိုယ်လုံးချွေးတွေ ရွှဲနေ၏။ ဖြတ်ထိုးဉာဏ်ကောင်းသော ထိုမိန်းကလေးကိုလည်း ကျေးဇူးတင်ရ၏။

"ထိုးထားတယ်၊ ရှင်မခွာနဲ့နော် . . . ဖိထား ဖိထား"

သူမက ထိတ်လန့်တကြား ပြန်အော်သည်။ ကားထဲမှ ဝါးခနဲ ရယ်သံတွေ ထွက်လာ၏။ ဗိုလ်တထောင်ဘုရားမှတ်တိုင် ရောက်တော့ တွယ်စီးသူတွေ တဖြုတ်ဖြုတ် ခုန်ချသည်အထိ Arrow File နှင့် ကျွန်တော့်ခါးက တန်းလန်း၊ ကောင်မလေးက တစ်ဖက်ကို မျက်နှာလွှဲလျက် နှုတ်ခမ်းများကို ကိုက်ထား၏။

ကားရပ်တော့ ရယ်သံတွေ ဝါးခနဲထွက်လာပြန်သည်။ File အောက်မှ ပြေထွက်နေပြီဖြစ်သော ပုဆိုးကို ကမန်းကတန်း ဆုပ်ကိုင်ကာ ကျွန်တော်ရှက်စိတ်ဖြင့် ထွက်လာခဲ့သည်။ ကောင်မလေးကို လည်း "ကျေးဇူး" မပြောမိတော့။ ရှက်စိတ်သည် တစ်ကိုယ်လုံး မွှန်ထူလျက်ရှိ၏။





ကျောင်းဝရောက်မှ သတိရသည် "ထီး" သွားပြီ ကျွန်တော့် ထီးကို ပြန်မယူခဲ့ရ။ ဘယ်သူ့ကို ပေးခဲ့သည်ဆိုတာလည်း မမှတ်မိတော့။ ကျွန်တော် ခေါင်းငိုက်စိုက် ကျသွားခဲ့သည်။ ရှိစေတော့။ အမေ၏ ဆူပူခြင်းကို ခံရတော့မည်။ ထိုထီးသည် သုံးချောင်းမြောက် ပျောက်သောထီးဖြစ်သည်။ သို့သော် ဘာတတ်နိုင်ဦးမည်လဲ။

လက်တွေ့ဆင်းပြီးချိန်ရောက်တော့ ကြည်ပြာအပါအဝင် ကျွန်တော်တို့ သူငယ်ချင်းများ ငြိမ်းချမ်းရိပ်မွန်ကင်တင်းထဲတွင် ထိုင်လျက်ရှိကြသည်။ ပုဆိုးကျွတ်ခြင်း၏ အခြားတစ်ဖက်မှာ ကြေမွသွားသော ထီးတစ်စင်း၏အကြောင်းကို ကြည်ပြာတို့ကို ပြောပြမနေတော့။ ပြောရင်လည်း သူငယ်ချင်းများက ရယ်ကြဦးမယ်။ ကြည်ပြာက မျက်စောင်းထိုးကာ ဟိန်းဦးဟောက်ဦးမည်။ ရှိစေတော့။ ဒီလို အဆင်မပြေ ကြုံတွေ့ရသည့် ရယ်စရာများကြောင့် ကြည်ပြာသည် ကျွန်တော့်ကို အထင်သေးပြီး မချစ်တာဟု ကျွန်တော်သိသည်။

ကျွန်တော်က ဘယ်တော့ငေးငေး ငေး၍မဝနိုင်သော ကြည်ပြာ့ မျက်နှာပေါ်မှ အရေးအကြောင်းကလေးတွေကို လေ့လာနေခဲ့သည်။ ကြည်ပြာက လွင်မာနှင့် ဗေဒင်ဆရာအကြောင်း စကားကောင်းနေ၏။ ကျွန်တော့်ကို လုံးဝ ဂရုမစိုက်။ ချိုကျ လက်ဖက်ရည် အရသာ၊ ကြည်ပြာ၏ စကားသံမှန်မှန်နှင့် မျက်ဝန်းညိုညိုတို့ဖြင့် ကျွန်တော်က အဆင်ပြေလျက်ရှိသည်။

"ဟော့ကောင်၊ ရဲကြီး ဟိုမှာ မင်းကို ကောင်မလေးသုံးယောက် ခေါ်နေတယ်"

လွင်ဦးစကားဆုံးတော့ တစ်ဝိုင်းလုံးလှည့်ကာ ကြည့်ကြသည်။ ရှေ့သွင်းဌာနရှေ့ လှေကားသုံးထစ်မှာ ကောင်မလေးသုံးယောက်က



www.burmeseclassic.com

www.burmeseclassic.com



ခင်ပြီးပြီးမျက်နှာများနှင့် ကျွန်တော့်ကို လှည့်ကြည့်ပြီး လက်ယပ်ခေါ်သည်။ပထမ ကျွန်တော်ကြောင်နေသည်။ ကောင်မလေးတစ်ယောက်က ထီးကို မြှောက်ကာပြသည်။

အနားရောက်တော့ ကောင်မလေးက ထီးကို ကမ်းပေးကာ တခွီးခွီးရယ်သည်။

"နောက်ကို ပုဆိုးခိုင်ခိုင်ဝတ်နော် သိလား"

ကျွန်တော် ဘာပြောရမှန်းမသိတော့၊ အဖော်ပါလာသည့် ကောင်မလေးတွေကလည်း ဇာတ်လမ်းကို သိပြီးပုံရသည်။တစ်ယောက်နှင့်တစ်ယောက် ကြည့်ကာ ရယ်ကြပြန်၏။

"အေးဗျာ၊ ကျွန်တော်လည်း ရှက်ရှက်နဲ့ ထွက်လာခဲ့တာ ဘာကိုမှ သတိမရနိုင်တော့ဘူး၊ ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ်၊ မီးငယ်က လှမ်းခေါ်သေးတယ်၊ ဒါပေမဲ့ သိလားမျိုးရဲ့၊ ဟား . . . ဟား . . . ဟား"

ကောင်မလေးသုံးယောက်က တစ်ယောက်နှင့်တစ်ယောက် ရိုက်ကာ ရယ်ကြပြန်သည်။ ကျွန်တော်လည်း ထီးကိုကိုင်ကာ အရှက်ပြေ လိုက်ရယ်ရ၏။

"တကယ်ပါဗျာ၊ ခင်ဗျားကို ကျွန်တော်က မမှတ်မိတော့ဘူးဗျ၊ ပျောက်ပြီပဲ တွက်ထားတာ"

"မီးငယ်တို့က ရှင့်ကို သိပါတယ်၊ မကြည်ပြာရည်းစား မဟုတ်လား၊ ခဏခဏ ရယ်စရာဖြစ်တယ်လေ . . ."

"ဩော် ဟုတ်ကဲ့၊ ဟုတ်ပါတယ်၊ ကျေးဇူးတင်ပါတယ်ဗျာ၊ လက်ဖက်ရည်သောက်ပါဦးလား"

"ကျေးဇူးတင်ရင် နောင် ပုဆိုးခိုင်ခိုင်ဝတ် သိလား သွားမယ်"





ကောင်မလေးတွေက ရယ်ရယ်မောမောထွက်သွားကြသည်။ ဝိုင်းကို ပြန်ရောက်တော့ စကားသံသည် တိတ်ဆိတ်လျက်ရှိ၏။ ကြည်ပြာ့မျက်နှာက ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် မာထန်လျက်ရှိ၏။ ရုတ်တရက် ကျွန်တော် နားမလည်။ မနက်က အကြောင်းကို ပြန်တွေးကာ မျက်နှာက ပြုးစစဖြစ်ချင်နေ၏။ လွင်ဦးက ပေါင်ကို ဂုတ်သည်။ မိုးမိုးက နှုတ်ခမ်းကိုကိုက်ကာ ကြည့်ပြာကို မေးဆတ်ပြသည်။ ကျွန်တော် လှမ်းကြည့်တော့ ကြည်ပြာက တည်ထားသောမျက်နှာကို မဲ့ရွဲ့ကာ ဆတ်ခနဲတစ်ဖက်သို့ လွှဲသွားသည်။ ကြည်ပြာအထင်လွဲသွားပြီထင်သည်။

"မဟုတ်ပါဘူး၊ မနက်ကဟာ ငါ ကားစီးလာတုန်း"

ကျွန်တော့်စကားက မဆုံးသေး၊ ကြည်ပြာက ဖျတ်ခနဲလွယ်အိတ်ကိုလွယ်ကာ ဝိုင်းမှ ထသွားသည်။ ကျွန်တော် အံ့ဩကာ ကြောင်နေ၏။ လွင်မာက "ကြည်ပြာ စိတ်ဆိုးသွားပြီ" ဟု အလန့်တကြားအော်သည်။

"ကားစီးလာတုန်းဟာ ငါက တွယ်စီးရတာဟ၊ အဲဒါ"

"သွား . . . သွား ငါတို့ကို ရှင်းပြမနေနဲ့၊ ကြည်ပြာ့နောက်ကို မြန်မြန်လိုက်၊ ဟိုကလည်း ဒေါသကြီးကြီးနဲ့ နင်ကလည်း နင်ပဲ"

ကြည်ပြာသည် ရှေ့မှ လေ့ကားထစ်များကို အတင်းခုန်ကျော်ကာ တက်သွားသည်။ ကျွန်တော်လည်း "ကြည်ပြာ" "ကြည်ပြာ" ဟု ခေါ်သံများနှင့် တရကြမ်းလိုက်ရ၏။

"နင် ငါ့နောက်မလိုက်နဲ့နော် ရဲဝင်း"

"ဟာ မဟုတ်ပါဘူးဟ၊ ငါရှင်းပြတာ နားထောင်ပါဦး၊ သူတို့က ငါ့ကျေးဇူးရှင်တွေပါ၊ ငါ့ထီးကို . . ."



www.burmeseclassic.com

www.burmeseclassic.com



"အို ဘာမှ လာမပြောနဲ့၊ ကျေးဇူးရှင်ဆို တစ်ခါတည်းလိုက်သွား၊ သိလား"

"ဒေါသမကြီးစမ်းပါနဲ့ ကြည်ပြာရယ်၊ ငါ့စကားကိုသာ ဆုံးအောင် နားထောင်ပေးစမ်းပါ၊ ပြီးရင် နင်ပြောချင်တာ ပြောဟာ"

"သွား၊ နင် သွားနော် ရဲဝင်း၊ ငါဘာမှ မကြားချင်ဘူး၊ ငါ့ရှေ့တောင် ဒီလောက်ဖြစ်နေတာ၊ နင်ဘာအသုံးကျသလဲ၊ ဘာသစ္စာရှိသလဲ"

အော်ရင်းဟစ်ရင်းနှင့်ပင် ကြည်ပြာက အတန်းထဲဝင်ထိုက်သည်။ သူ့ခုံတန်းထဲ ကျွန်တော့်ကို ဝင်ထိုင်ခွင့်မပေး။

"နင်ပြန်နော် ရဲဝင်း၊ ငါသိပ်ဒေါသထွက်နေတယ်။ ဘာစကားသံမှလည်း မကြားချင်ဘူး"

နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ပြီး မျက်ရည် ချက်ချင်းဝိုင်းတက်လာသော ကြည်ပြာ့ကိုငေးကာ ကျွန်တော် အံ့သြထိတ်လန့်သွားမိသည်။ ဘယ်လိုဖြစ်သွားရတာလဲ။ ကြည်ပြာဘာကြောင့် ဒီလောက်ဝမ်းနည်းတကြီး ဖြစ်သွားရတာလဲ။ နင်သွားတော့နော် ငါ့ရှေ့ကသွားဟု ထပ်အော်ပြောသော စကားသံတွင် ငိုသံက ရောယှက်ချင်နေ၏။ ကြည်ပြာ့နှုတ်ခမ်းနှင့် နှာခေါင်းများ နီလာကာ မျက်ရည်မကျအောင် မျက်တောင်ကို ခတ်ရင်း မျက်နှာကို တခြားဖက်လှည့်သည်။

"ကြည်ပြာရယ် ငါ့ကို ရှင်းပြခွင့်လေးတော့ ပေးပါဟာ၊ နင် ဘာကြောင့် ဒီလောက် စိတ်ဆိုးနေရတာလဲ၊ ဟိုလေ ငါက"

"နင် သွားဆိုသွားနော်၊ ငါ ဒေါသဖြစ်လာပြီ"

ကြည်ပြာ့ခုံအစွန်းတွင်ကျွန်တော် တွေတွေကြီး ရပ်နေမိသည်။ ဘာတွေ ဘယ်လိုဖြစ်သွားသည်ကို မစဉ်းစားတတ်တော့။ စကတည်း





က ပြောပြမထားလိုက်မိတာ မှားတာပဲ။ ဒီကောင်မတွေ ထိုးပြန်လာပေးရင်လည်း ကောင်းမှာပဲ။ ခုတော့ ဘယ်လိုလုပ်ရမလဲ။ ကြည်ပြာ့ကို ဘယ်လိုချော့ရမယ်ဆိုတာ ကျွန်တော် မစဉ်းစားတတ်တော့။

သူငယ်ချင်းများက အတန်းထဲ လိုက်ဝင်လာပြီး ငြိမ်ငြိမ်တောင့်တောင့်ကြီးဖြစ်နေသော ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ကာ စကားတိုးတိုး ပြောနေကြသည်။ အတန်းထဲက အခြားသူငယ်ချင်းတွေ ကလည်း ပြဿနာနှင့် အော်ဟစ်နေကြသော၊ ငြိမ်ကျသွားသော ကျွန်တော်တို့ကို စူးစမ်းသလို ကြည့်နေကြလေသည်။

"ကဲ ကြည်ပြာ၊ ရဲဝင်းကို ပြောခွင့်ပေးလိုက်၊ နင် မှန်မှန်ပြောနော်၊ အဲဒီကောင်မလေးတွေကို ငါသိတယ်။ Chemistry က မီးငယ်ငယ်တို့၊ နင်လိမ်ဖို့တော့ လုံးဝမစဉ်းစားနဲ့၊ ငါတို့ ပြန်မေးမှာ၊ ကြည်ပြာကလည်း နားထောင်ပေးလိုက် ဟုတ်လား"

လွင်မာ့စကားဆုံးတော့ အတန်းငြိမ်ကျသွားသည်ဟု ကျွန်တော်ထင်သည်။ ကြည်ပြာကလည်း ငြိမ်နေ၏။ ကျွန်တော့်ကိုတော့ လုံးဝမကြည့်။

"ဒီလိုဟာ . . . ငါက မနက်က မိုးရွာတော့ ထီးထုတ်ဆောင်းတယ်၊ တာမွေရောက်တော့ လေးဆယ့်ခုနစ် ပြောင်းစီးတယ်ဟာ၊ နေရာမရဘူး။ တွယ်စီးရတာ၊ အဲဒါ ထီးနဲ့ကိုးရိုးကားရား ဖြစ်နေတော့ ငါ့ထီးကို . . . အဲဒါကားလည်းကွေ့ရော ငါက သိသိချင်း ကျွတ်ပြီလုံ့ချည်ကျွတ်ပြီလို့ အော်တာပေါ့"

နံဘေးမှာ နားထောင်သည့် အတန်းထဲပရိသတ်က ဝါးခနဲရယ်လိုက်ကြသည်။ မိုးမိုး၊ လွင်မာတို့က တစ်ဖက်လှည့်ကာ ခိုးရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းတာက လုံချည် ခါးပုံစက slow motion ကျွတ်တာဟာ၊ ဟိုကောင်မလေးကလည်း ကြောင်ပြီး ကြည့်နေတာ၊ ခါးပုံစက တော်တော်ပြေလာနေပြီ၊ ငါက လက်လည်းလွတ်မရ၊ ကုန်းအော်ရတာပေါ့၊ ကျွတ်နေပြီ၊ ပုဆိုးကျွတ်နေပြီလို့"

ဝါးခနဲ ရယ်သံတွေ ထွက်လာပြန်သည်။ လွင်ဦးနှင့် အောင်နိုင်စိုးကလည်း တဟားဟား အော်ရယ်ကြသည်။ ရှက်လွန်းသဖြင့် ကျွန်တော် သေချင်သည်။ သို့သော် ရပ်ထားလို့လည်း မရ၊ ရှင်းအောင်တော့ ပြောရတော့မည်။ ကြည်ပြာက နှုတ်ခမ်းကို ကိုက်ထားရင်းက ကျွန်တော့်ကို လှစ်ခနဲ ခိုးကြည့်သည်။ ရယ်လိုက်ပါတော့ ကြည်ပြာရယ်၊ ငါ့ကို နားလည်တယ်ဆိုရင် စိတ်ဆိုးပြေပြီဆိုရင် ရယ်လိုက်ပါတော့။

"အဲဒီတော့ ဘာဖြစ်သလဲ၊ ဆက်ပြောလေဟာ"

နောက်က ပွဲတောင်းလျက်ရှိသည်။ ဩော် . . . သနားညှာတာမှုလည်း မရှိပါလား။ ကျွန်တော် ခေါင်းငိုက်စိုက်ချကာ ဆက်ရသည်။ ရှက်ရွံ့အားငယ်မှုသည် ရင်ထဲမှာ တုန်ခါ၍နေ၏။

"အဲဒီကောင်မလေးက ဖြတ်ထိုးဉာဏ်ကောင်းပါတယ်။ သူ့ Arrow File ကြီးနဲ့ ငါ့ခါးစပ်ကို . . ."

ဝါးခနဲ ရယ်သံတွေ ထွက်လာပြန်သည်။ ကြည်ပြာက လှစ်ခနဲ ပြုံးသည်။ ကျွန်တော့်ကို မျက်စောင်း ဒိုင်းခနဲ လှမ်းထိုးသည်။ ကျွန်တော် ရင်တွေဘာတွေ ပြန်ခုန်လာသည်။

"ပုဆိုးက တော်တော်ကျွတ်နေပြီလား"

ဘယ်သူ့အသံမှန်းတော့မသိ၊ နှိပ်စက်လှချည်လား။

"ဟုတ်တယ်၊ သူ့ဖိုင်ပေါ်မှာ ပုံနေပြီ"





ရယ်သံမျိုးစုံ ဝေါခနဲ ထွက်လာပြန်သည်။

"အဲဒီဖိုင်ကြီးမပါရင် ဘယ်နှယ့်လုပ်မလဲ"

"မသိဘူး၊ သူရော ကျွန်တော်ပါ ဒုက္ခရောက်မှာပဲ။ သူလည်း စားသာမယ် မထင်ဘူး"

ရယ်သံတွေ တဟားဟားထွက်လာသည်။ တော်တော်နဲ့ မရပ်တော့။ ရှိပါစေတော့လေ။ ရယ်သံများသည် ဖျော့ကျသွားလိုက် ပြန်လည်မြင့်တက်လာလိုက်နှင့် ကျွန်တော့်ပတ်ဝန်းကျင်တွင် တုန်ခါလျက်ရှိ၏။ လွင်ဦးရယ်သံ တဟားဟား၊ မိုးမိုးရယ်သံ တခစ်ခစ်၊ သုံးခါရယ်ခဏရပ် သုံးခါ ပြန်ရယ်လေ့ရှိသော ကေသီ၏ ရယ်သံ၊ မမထွေး၊ ခင်မေဦး၊ သက်သက်ကျော်၊ နန္ဒာမြင့်၊ ဥမ္မာလှ နောက် ကျွန်တော်မသိသူများ၏ ရယ်သံများ။ မျိုးစုံသော ရယ်သံများကြားတွင် အသံပါးပါး နွဲ့လျ၍ အဖျားတွင် ရှိုက်သံနုနုကလေးများဖြင့် ရယ်သံတစ်တွဲနှစ်တွဲကို လှမ်းချိတ်ထားတတ်သော ကြည်ပြာ၏ ရယ်သံ ပါမလာသေး။ ရယ်လိုက်ပါတော့ ကြည်ပြာရယ်၊ ရယ်ချလိုက်ပါတော့။

ဝမ်းနည်းမှုသည် ကျွန်တော့်လည်မျိုတွင် တင်းတောင့်၍လာနေသည်။ ကျွန်တော် ခေါင်းကို ငုံ့ချထားသော ကြည်ပြာ့ရယ်သံတွေကို စောင့်နေမိ၏။ မော့၍လည်း မကြည့်ရဲ။ ရယ်လိုက်ပါတော့ ကြည်ပြာရယ်၊ ငါ့ရဲ့ ကံဆိုးမှုကို အားမနာဘဲ လှောင်ရယ်သာ ရယ်ချလိုက်ပါတော့။

ဗိုက်ကြောကပ်သူတွေကလည်းကပ်၊ ပါးစောင်ညောင်းသဖြင့် ပါးကို ဖိသူတွေဖိ၊ အရယ်သန်လှသော ဥမ္မာလှဆိုလျှင် မျက်ရည်တွေဘာတွေပါ ထွက်လာသည်။ ကြည်ပြာ့ရယ်သံကို လုံးဝမကြားရ၊ ကျွန်တော် ကြေကွဲသွားသည်။ ကြည်ပြာဟာ ဘာကိုမှ မကြေနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလား၊ ဝမ်းနည်းတကြီး မော့ကြည့်မိသောအခါ ညိုးငယ်စိတ်မကောင်းသော မျက်ဝန်းဝေဝေများဖြင့် ကျွန်တော့်ကို စိုက်ငေးကြည့်နေသော ကြည်ပြာကို အံ့သြဖွယ်ရာ တွေ့လိုက်ရသည်။ ကျွန်တော်တို့ မျက်ဝန်းချင်း ပြန်မခွာကြ၊ စူးစိုက်ကြည့်နေမိကြသည်။ ကျွန်တော့်မျက်ဝန်းများ၏ တောင်းပန်တိုးလျှိုးမှုကို ကြည်ပြာသိပါစေတော့။

ထိုစဉ် အေးစက်ကာ ချွေးစေးတွေပျံနေသော စာရေးစားပွဲခုံပေါ်က ကျွန်တော့်လက်ကို ကြည်ပြာက ဆုပ်ကိုင်ကာ ဖျစ်ညှစ်လိုက်သည်။ အံ့ခဲ မှုန်းကျပ်နေသော ကျွန်တော့်ခံစားမှုသည် ရင်အစပ်မှ ဖျတ်ခနဲ ဆွဲဖွင့်ခံလိုက်ရသလို ဖြစ်သွားကာ နှလုံးသားတစ်ခုလုံး အေးစက်သွားလေသည်။

"ကြည်ပြာ နင် . . . နင် . . ."

ကြည်ပြာ ကျွန်တော့်လက်များကို အားထပ်ထည့် ဖျစ်ညှစ်လိုက်ကာ ခေါင်းကို ငုံ့ချသွားသည်။ ကျွန်တော်လည်း ဝမ်းသာအားရ ပြန်လည် ဖျစ်ညှစ်ထားမိ၏။ နွေးထွေးသည့် အရသာသည် လက်ချောင်းများမှတစ်ဆင့် ကျွန်တော့်နှလုံးသားထံ အရှိန်ဖြင့် စီးဆင်းကာ လာနေသည်။ တစ်ကောင်နှင့်တစ်ကောင် မျိုချနေကြသည့် မြွေနှစ်ကောင်နှယ် စားပွဲပေါ်မှာ ကျွန်တော်တို့ လက်နှစ်ချောင်းသည် တင်းကျပ်စေးထန်းကာ လာလေသည်။

"ဖြစ်ရလေ ရဲဝင်းရယ်၊ နင့်မှာ ရယ်စရာတွေ မကုန်သေးဘူးလား၊ ဖြစ်လိုက်ရင်လည်း အံဝင်ခွင်ကျချည်းပဲ။ ဟုတ်မှာပါ၊ သွားမမေးတော့ပါဘူး။ ဒါကြောင့် ဟိုကောင်မလေးတွေကလည်း ရယ်နေကြတာနေမှာပေါ့။ ဟော့ ကြည်ပြာ ခွင့်လွှတ်လိုက်၊ ရဲဝင်းကို ရယ်သံတွေနဲ့ ပတ်သက်ရင် ခွင့်လွှတ်လိုက်စမ်းပါဟာ"





ခေါင်းငုံ့ချကာ ငြိမ်သက်နေသော ကြည်ပြာ့ပခုံးကို ကိုင်ကာ လှုင်မာက ပြောသည်။ ကြည်ပြာက ခေါင်းကိုမော့ကာ ကျွန်တော့်ကို နားလည်ကြည့် ကြည့်သည်။ သူမ ကျွန်တော့်ကို နားလည်သွားပြီဆိုတာ ကျွန်တော် သိလောက်သည်နှင့် တစ်ပြိုင်နက် ကြည်ပြာသည် သူ့မျက်နှာကို ပြောင်းလိုက်သည်။ ဩော် . . . မိန်းကလေးတွေဟာ နားလည်သွားသည့်တိုင်အောင် အနိုင်ရမှုကိုလည်း ယူတတ်ပါသေးကလား။

"အိုး . . . ဘာလို့ သွားမမေးရမှာလဲ၊ လှုင်မာ သွားမေးပေး၊ ရဲဝင်း နင် ငါ့အကြောင်းသိတယ်နော်၊ နင့်ကိုငါ ဘယ်လိုချစ်ရသလဲဆိုတာ နင်သိတယ်၊ နင်သစ္စာများဖောက်လို့ကတော့လား၊ နင်က သိပ်ပျော်နေတယ်ပေါ့ ဟုတ်လား၊ လုံးဝကြည့်လို့ကို မရဘူး။ နင့်ကို ငါ လုံးဝ မယုံဘူးသိလား။ ငါ့ကို မချစ်တော့ရင် ကြိုပြော၊ ငါ့ရင်ကွဲရင် ကွဲသွားပစေ၊ ဒါပေမဲ့ နင်ရှုပ်ဖို့တော့ လုံးဝမစဉ်းစားနဲ့၊ ငါ ဘယ်သူ့ကိုမှ အားနာမှာ မဟုတ်ဘူး"

မနာလို ဝန်တိုခြင်းခံရသူတို့ ရလေ့ရှိကြသော ကြည်နူးပီတိဖြစ်မှုသည် ကျွန်တော့် သွေးကြောသေးသေးကလေးတွေအထဲ တိုးဝှေ့လျက်ရှိကြသည်။ ကြည့်စမ်း ကြည်ပြာကလည်း ကျွန်တော့်ကို ချစ်တာပါပဲ။ သူ့ရင်ကွဲရင် ကွဲပေ့စေ . . . တဲ့။

"ကြည်ပြာရယ် ငါ နင့်ကို အရမ်းချစ်တာပါဟာ။ ငါပြောမပြတတ်တော့ဘူးဟာ၊ အားလုံးပဲ၊ အားလုံးပဲ၊ အခုရော နောင်ရောပဲ"

"လဲသေလိုက်"

ထို "လဲသေလိုက်" ၏ နောက်တွင် ကြည်ပြာ၏နှလုံးသားသည် ရင်ခုန်ကောင်းတုန်း ပူပူနွေးနွေးကြီးဆိုတာကို ကျွန်တော် သိခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုနေ့မှစ၍ ကျွန်တော်နှင့် ကြည်ပြာ ကြုံခဲ့ရသော ရယ်စရာ (သို့) ကဲဆိုးမှုများသည် အတန်းထဲတွင် ပျံ့နှံ့သွား၏။ အတန်းထဲ မှတစ်ဆင့် အခြားမေဂျာများထံ ရောက်သွား၏။ ကြည်ပြာကိုယ်တိုင် လည်း ထိုရယ်စရာကိစ္စများကို အတည်ပြုပေးရ၊ ပြန်လည် ပြောပြရ သဖြင့် လက်မလည်အောင်ရှိသည်ဟု ကျွန်တော့်ကို ပြောပြသည်။ ကျွန်တော်နှင့် ကြည်ပြာ့ကို တွေ့ချင်လို့ ခေါ်မိတ်ဆက်ကြသည့် လူ တွေများလာသည်။ ရေိယာကျဉ်းသော ဗိုလ်တထောင်တက္ကသိုလ် တွင် ကျွန်တော်တို့နှစ်ယောက်အကြောင်းသည် တစ်ပတ်အတွင်း ပျံ့နှံ့သွား တာ ကျွန်တော်တို့နှစ်ယောက်တွဲလာလျှင် ဓာတ်လမ်းသိပြီးသွား သည့် ကောင်မလေးများက ကြည့်ကာ တခွီးခွီးရယ်တတ်ကြသည်။ "ဘာတွေထပ်ဖြစ်သေးသလဲ"ဟု မေးတတ်ကြသည်။

နောက်ဆုံး မြန်မာစာဆရာမ ဒေါ်သီဂီထက်၊ ဒေါ်မြင့်မြင့် လဘ်တို့ထိပင် ကျွန်တော်တို့ဓာတ်လမ်းတွေ ရောက်သွား၏။ ဆရာမ များ နားနေခန်းမှာ တဝါးဝါး တဟားဟားဆိုပဲ။

အခုတော့ ကျွန်တော်နှင့်ပတ်သက်၍ ပတ်ဝန်းကျင်မှ ကြည် ပြာ့အပေါ် အာရုံစိုက်လာရခြင်းဆိုသည့် အရေးပါမှုကို ကြည်ပြာ ရရှိ သွားပြီဖြစ်လေသည်။ ထိုအချက်သည် ချစ်သူများအတွက် တော် တော်ကို အရေးပါသည်ဟု ကျွန်တော်ထင်သည်။ ထိုအချက်သည် အချစ်ကို ပိုမိုစေးထန်းနိုင်စေသည်။ ပိုမိုယုံကြည်လာစေနိုင်သည်။

အခုတော့ကြည်ပြာသည် ကျွန်တော့်ကို မနာလိုလိုက်ရတာ အမော၊ စိတ်မချလိုက်ရတာ ခဏခဏဖြစ်၍လာသည်။

ရယ်သံများသည် ကျွန်တော့်ကို သနားကရုဏာကိုပေးသည်။ ရယ်သံများသည် ကျွန်တော်က ကြည်ပြာကို ဘယ်လောက်ချစ်ပါသည်





ဆိုတာကို ပြပေးခဲ့သည်။

ကျွန်တော်၏ အရုပ်ငါးပေနောက်တွင် ကဲဆိုးမှုများသည် တသီတတန်းကြီး လိုက်ပါနေကြသည်။ သို့သော် ထိုကဲဆိုးမှု၏ အဖျားစွန်းတွင် ရယ်သံများက တိတ်တဆိတ် ခြေရာဖျောက်ကာ ကျွန် တော့်ကို ကူညီဖို့ အဆင်သင့်ဖြစ်နေတတ်ပြန်သည်။

အရုပ်ငါးပေသာသာရှိသော ကျွန်တော်၏ နှလုံးသားပေါ်သို့ ကဲဆိုးမှုများသည် တည့်တည့်စိုက်ကျလာကာ ဖောက်ထွက်သွား ခဲ့သော်လည်း ထိုနေရာတွင် ရယ်သံများက ဝင်ရောက်ဖြည့်သိပ်ပေးခဲ့ ၏။ ကဲဆိုးမှုများဖြင့် ကျွန်တော့်နှလုံးသားသည် ဆန်ခါပေါက်ဖြစ်သွား ဆဦးတော့ ရယ်သံများနှင့် ကျွန်တော့်နှလုံးသားသည် ကျန်းမာစွာ ခုန်နေပေလိမ့်မည်။ ချစ်ရပါသော. . . မကြည်ပြာ။

ဒီလိုနှင့် ကျွန်တော်တာဝသည် အရုပ်ငါးပေ၊ ကဲဆိုးမှု၊ ရယ်သံ များနှင့် မကြည်ပြာ ဖြစ်လာခဲ့လေသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



ပေါင်ချိန်စက်

www.burmeseclassic.com

www.burmeseclassic.com

# ပေါင်ချိန်စက်

*ကြည်ပြာ*

*မင်းနဲ့ မတွေ့ရတာ*

*တော်တော်ကြာပြီ၊*

*မင်း ဘာလုပ်နေသလဲ၊*

*ဟို . . . အရင်ကအတိုင်းပဲ*

*ဆိုရင်တော့*

*မင်းဟာ*

*မချစ်တတ်သေးဘူး၊*

ဆောင်းညသည် ပြတင်းအပြင်ဘက်တွင် စိုထိုင်းအေးမြတိတ်ဆိတ်နေ၏။ ရုတ်တရက်ကြည့်မည် ဆိုလျှင်တော့ လမင်းကြီးက



www.burmeseclassic.com

www.burmeseclassic.com



ပြေးနေသည်ဟု ထင်ချင်စရာဖြစ်သည်။ သို့သော် မဟုတ်။ လမင်းသည် ထိုနေရာတွင်ပင် ရှိနေခြင်းဖြစ်၏။ ကျွန်တော်နှင့် ကြည်ပြာ့အချစ်သည်လည်း ထိုသို့သာဖြစ်နေသည် မဟုတ်လား။

ကြည်ပြာသည် ရွေ့လျားနေသူမဟုတ်။ လမင်းလို တောက်တောက်ပပ ငြိမ်နေသူသာဖြစ်သည်။ ကျွန်တော်ကသာ ကြည်ပြာ့အရှေ့မှ ဖြတ်ပြေးနေရခြင်းဖြစ်၏။ လမင်းအရှေ့မှ အလောတကြီးဖြတ်ပြေးသွားသော ညမိုးတိမ်ကလေးသည် လမင်းနှင့် အဝေးမှာ မှိန်ဖျော့ကာ ပုံသဏ္ဍာန်ပျက်သွား၏။ တစ်ချိန်မှာ ကျွန်တော်ရော ဒီလိုပဲ ဖြစ်သွားမှာလား။

လမင်းကြီးကတော့ ထိန်ထိန်သာကာ လှပနေမြဲဖြစ်၏။

ကျွန်တော် ရုတ်တရက် ထိတ်လန့်ကာ အတွေးကို ရပ်ပစ်လိုက်၏။ ကြည်ပြာ ကျွန်တော့်အနားမှာ မရှိသည့်အချိန်ဆိုလျှင် ကျွန်တော် ဒီလိုပဲ ချောက်ချားစရာကောင်းသော အတွေးများကို တွေးတွေးနေမိတတ်သည်။ ကြည်ပြာ၏ အရိပ်အောက်မှ လွတ်သည်နှင့် တစ်ပြိုင်နက် အားငယ်တတ်သော ကျွန်တော့်၏ အချစ်စိတ်သည် ကဗျာဆန်ဆန်လှပသော ကျွန်တော့်စိတ်ကူးများကို အသုံးချကာ ကျွန်တော့်ကို ဒီလိုပင် ခြောက်လှန့်မြဲ၊ လှည့်စားမြဲ၊ ကြည်ပြာ့ကို ပိုချစ်တတ်လာအောင် လုပ်မြဲ၊ ကြည်ပြာမရှိလျှင် မနေတတ်အောင် ပြုစားမြဲဖြစ်၏။ တကယ်စဉ်းစားကြည့်မည် ဆိုလျှင်တော့ ကြည်ပြာက ကျွန်တော့်ကို ချစ်အောင်လုပ်ခြင်းထက် ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် ကြည်ပြာ့ကို မချစ်ချစ်အောင် လုပ်နေခြင်းက ပို၍ များလေသည်။

အနုပညာသမားများသည် ဒီလိုပင် ကိုယ့်ချစ်သူကို ကိုယ်သိပ်





ချစ်တတ်သွားအောင် လုပ်တတ်ကြ၏။ အနုပညာသမားရဲ့ ချစ်သူဖြစ်ရတာ တယ်သက်သာပါကလားဟု ကျွန်တော် တွေးနေမိသည်။ ကြည်ပြာကတော့ နားလည်မည်မထင်။ ကျွန်တော့်ကိုယ်ကျွန်တော် ကြည်ပြာ့ကို မချစ်အောင်မလုပ်တတ်။ မလုပ်ဘဲလည်း မနေနိုင်။ ဒီလိုတွေးနေရခြင်းကိုပင် ကျွန်တော်က တမ်းတမ်းစွဲတပ်မက် နေမိခဲ့သည်မဟုတ်လား။ အခုလည်း စာမေးပွဲအပြီး ကျောင်းပိတ်ထားသဖြင့် ဆေးနေကြသော ကြည်ပြာ့ကို ကျွန်တော် နားရွက်ဖျားကလေးတွေ အေးလာသည်အထိ လွမ်းနေမိသည်။

ကျွန်တော့်အလွမ်းသည် ဆောင်းည ကောင်းကင်ပေါ်မှ ရွေ့လျားနေသော လမင်းဆီ . . . ကောင်းကင်ထံ တေးနုကို သီနေကြသည့် မှောင်မည်းမည်းသစ်ပင်အုပ်များဆီ . . . အချစ်၏ မိနစ်ရှိုင်းများကို ဝါးမျိုပစ်ခဲ့ဖူးသော ရယ်သံများဆီ . . . အတူထိုင်ခဲ့ဖူးသော အင်းလျားကန်စပ်က ညနေရီနေရောင်တွေ ဖွှန်းနေသည့် တံတားကလေးဆီ . . . ကောင်းကင်ဘုံ လေဟာနယ်ထဲတွင် ဆော့ကစားနေသော ကြည်ပြာ့ပုံရိပ်များဆီ . . .။

အလွမ်းသည် ကျွန်တော့်ရင်ထဲမှာ တဖြည်းဖြည်း နူးညံ့လာနေသည်။ အရာအားလုံးသည်လည်း တစ်မုဟုတ်ချင်း ခမ်းနားဆန်းကြယ်လာသည်။ အလွမ်းသည် စန္ဒရားဆရာတစ်ယောက် လက်ကွက်စမ်းသည့် လက်ချောင်းကလေးများလို ချစ်သည့်စိတ်ကို တို့ထိ ဆော့ကစားနေပြန်သည်။ ထိုအခါ ရင်ထဲမှ စိမ့်ထွက်လာသော သံစဉ်သည် အမှောင် . . . သစ်ရွက် . . . လမင်း မိုးတိမ် ခိုပြာရောင် ကြယ်ကလေးများအားလုံးထံသို့ အားနှင့် ပြေးထွက်သွားပြီး ကျွန်တော့်ရင်သည် ဘာမှမရှိတော့သလို ဟာသွားကာ ကြည်ပြာ့ကို ချစ်၍မဝနိုင်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြစ်လာပြန်သည်။

ကျွန်တော့်အလွမ်းသည် ဆောင်းညထဲတွင် အေးစက်စွာ လောင်ကျွမ်းလျက်ရှိလေသည်။ ထိုအချိန်တွင် မကြည်ပြာကတော့ ကျွန်တော် ပါဝင်ခွင့် မရှိသောလုပသည့် အိပ်မက်တစ်ခုနှင့် နှစ်ခြိုက်စွာ အိပ်မောကျနေလိမ့်မည်။ ချစ်သူနှင့် အချစ်ခံရသူတို့၏ ဒုက္ခနှင့် သုခသည် ထိုမျှလောက်သာ ကွာပါသည်။

ချစ်ရပါသော မကြည်ပြာ။

❄ ❄ ❄

ကြည်ပြာ့ မျက်နှာကလေးကို မြင်လိုက်ရတော့ ကျွန်တော့်ရင် ခုန်သံသည် အလှမွေးငါးကန်ထဲမှာ ငြိမ်ငြိမ်ကလေးရပ်နေသည့် ရွှေငါးကလေးတစ်ကောင် ရုတ်တရက် ကူးခတ်လိုက်သည့်အခါ နှံ့ယိမ်းသွားသည့် အမြီးဖွားကလေးလို ဖျတ်ခနဲ လွင့်ထွက်သွား၏။ ကြည်ပြာ . . . ကြည်ပြာ . . . ကြည်ပြာ . . . ကျွန်တော်အံ့သြထိတ်လန့် ပျော်ရွှင်စွာ ဝုန်းခနဲ မတ်တတ်ထရပ်မိသည်။

ကြည်ပြာက ကျွန်တော့်ကို မျက်စောင်းဒိုင်းခနဲ ထိုးရင်း လှေကားကလေးပေါ် တက်လာသည်။ ထုံထိုင်းနေသော နွေနေ့လယ်ခင်းသည် ရုတ်တရက် လင်းထိန်လာ၏။ ကျွန်တော်တို့နှစ်ယောက် မျက်ဝန်းချင်း အားရပါးရ ဆုံကြသည်။ ပြီးတော့ ပြိုင်တူရယ်မောကြလေသည်။

"လွမ်းလိုက်တာဟာ"

"လဲသေလိုက်၊ နင်အားသလား၊ ဟိုကောင်တွေနဲ့ ချိန်းထား





တယ်ဟ"

"ချိန်းထားတယ် . . ."

"အေး . . ရုပ်ရှင်သွားမလို၊ မြန်မြန်လုပ်ဟာ နောက်ကျမယ်ဟ"

ကြည်ပြာက ခုံမှာဝင်ထိုင်ရင်း ကျွန်တော့်ကိုတွန်းထိုးကာ လောသည်။ ရုပ်ရှင်ဆိုပါကလား။ ကျွန်တော့်အစာအိမ်ထဲမှ ပိုးမျိုးရှစ်ဆယ်သည် ချက်ချင်းပင် အူနံရံတစ်လျှောက် ပြေးတက်လာသလို ခံစားလိုက်ရ၏။ ကျွန်တော် အရမ်းပျော်သွားသည်။ ကြည်ပြာသည် အာရုံဦးအစမှာ ပျံသန်းဖို့ အသင့်ဖြစ်နေသော ငှက်ကလေးတစ်ကောင်နှင့် တူသည်ဟု ကျွန်တော်ထင်သည်။

"မြန်မြန်ပါ ဆိုနေမှဟာ၊ ဘာမျက်လုံးပြူးကြည့်နေတာလဲ၊ ငါ အိမ်ကထွက်လာကတည်းက နောက်ကျနေတာ၊ မြန်မြန်ဟာ၊ မြန်မြန်"

"ဟော သမီး၊ ကြည်ပြာ"

"ဟာ အန်တီ၊ နေကောင်းသွားပြီလား၊ သမီးလည်း လာမေးလို့ဟာ သိလား၊ ကျောင်းပိတ်ရက်ဆိုတော့လေ အိမ်က မထွက်ဖြစ်လို . . .အခု ဟို . . .အဲဒါလေ . . ."

"အေး အေး ကောင်းသွားပြန်ပြီ သမီးရဲ့၊ သမီးတို့ အဖေနဲ့ အမေရော . . .၊ ရဲဝင်း ရေနွေးအိုးကို လက်ဖက်ခြောက် ခတ်လိုက်စမ်း၊ ဟဲ့ ဟဲ့ ငါ ကြက်သားအိုးကို ကြောင်အိမ်ထဲ မထည့်ခဲ့ဘူးလားမသိ၊ ကြောင်က ဆိုးဆိုးနဲ့၊ ငါကလည်း ဟဲ့ ရဲဝင်း"

အမေ့ အော်သံကြောင့် ကျွန်တော် အိမ်နောက်ဘက်ပြေးကာ ကြောင်ကိုမောင်းရ၏။ လက်ဖက်ခြောက်ခတ်ရသည်။ ဟင်းအိုးတွေ သိမ်းရသည်။ အကျီအမြန်လဲရ၏။ ကျွန်တော် အိမ်ရှေ့ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ အမေနှင့်ကြည်ပြာသည် တစ်ယောက်နှင့်တစ်ယောက် တွန်းထိုးဆွဲရမ်းနေကြ၏။ ကြည်ပြာက အမေ့လက်ကို ဆွဲ၍ထားသည်။ ဘာဖြစ် နေကြပါလိမ့်။

"ဝယ်ပါနဲ့တော့ အန်တီရယ်၊ သမီးက . . .ဟိုလေ၊ ဟို . . . သမီးတို့ . . ."

"ခဏလေး ကြည်ပြာရဲ့၊ လက်ဖက်ပဲဝယ်ရမှာ၊ အကြော်တွေက ရှိပြီးသား၊ ခဏလေး ခဏလေး"

"ဟင့်အင်း အန်တီ၊ သမီးမစားတော့ဘူး၊ ဝယ်ပါနဲ့၊ ဟိုလေ သမီးက လက်ဖက် အခုစားလို့ မရဘူး၊ အဲဒါ ဟိုရဲဝင်းသိတယ် အန်တီရဲ့၊ သူ့ကိုမေးကြည့်"

"ဟေ . . ."

ကြည်ပြာ့စကားကြောင့် အမေသည် တွန်းထိုးရုန်းကန်နေခြင်းကို ရပ်ကာ အံ့သြစွာဖြင့် ကျွန်တော့်ကို လှမ်းကြည့်သည်။ ပြီးတော့ ကြည်ပြာ့ကို ကြည့်ပြန်သည်။ ပြီးတော့ ကျွန်တော့်ကို။ အမေသည် ကြည်ပြာ့စကားကြောင့် ဘာပြောရမှန်းမသိတော့သလို ဖြစ်သွားသည်။ ကျွန်တော်လည်း ဘာဝင်ပြောရမှန်းမသိ။ ကြည်ပြာ့ကို လှမ်းကြည့်တော့ ကြည်ပြာက လျှာထုတ်ကာ ကျွန်တော့်ကို ပြောင်ပြ၏။

"အမေ ဟိုလေ လက်ဖက်စား . . ."

"အေး အေး မတည့်ဘူးဆိုရင်လည်း ပြီးတာပဲ၊ ကျန်းမာရေးကို ဂရုစိုက် သိလား သမီး၊ အေး အေး . . ."

အမေက ဘာမှ ထပ်မပြောဘဲ အိမ်ထဲဝင်သွား၏။ လမ်းမပေါ်ရောက်တော့ ကျွန်တော်ကြည်ပြာ့ကို ကြိမ်းရသည်။

"နင် ဘာတွေလျှောက်ပြောတာလဲဟ၊ နင်ဟာလေ"





"နောက်ကျမှာစိုးလို့ဟ၊ လက်ဖက်စားရင် ကြာနေမှာ"

"အဲဒါ တခြားဟာပြောပါလား၊ အခုနင်ပြောတာကို အမေက တစ်မျိုးထင်သွားပြီ၊ နင်ဟာလေ အမြဲတမ်း . . ."

"အံမယ်၊ အဲဒါ နင်အသုံးမကျလို့ လွဲတာသိလား၊ နင်က ဝင်ပြောပါလား၊ ရုပ်ရှင်သွားမလို့ အချိန်မရှိတော့လို့လို့။ ပြောတယ် ဘာဖြစ်သလဲ၊ ရှက်ချင်းရှက် ငါကရှက်ရမှာ ဘာဖြစ်လဲ၊ ပြောတာ၊ နင် အသုံးမကျတာ၊ နင် ငါ့ကို လူပါးမဝနဲ့နော် ရဲဝင်း"

"ဟ . . . ငါက . . ."

ကြည်ပြာသည် ကျွန်တော့်စကားမဆုံးမီ ခြေကို ဆောင့်ကာ ထွက်သွား၏။ ကျွန်တော့်ကို လုံးဝ လှည့်မကြည့်တော့။ ကျောင်းပိတ်ရက်မှာ လွမ်းသမျှ တွေ့ကြတော့ ရန်ပွဲနှင့်စရပြန်သည်။ မှတ်တိုင်ရောက်တော့ ကြည်ပြာက ကျွန်တော့်ကို စကားမပြော၊ မျက်နှာကို မာတင်းထား၏။ ကားပေါ်ရောက်တော့လည်း ကြည်ပြာကအတွင်းထဲ တိုးဝင်ကာသွား၏။

မိန်းကလေးများသည် သူတို့က မှားသည်ဖြစ်ဖြစ် မှန်သည်ဖြစ်ဖြစ် နောက်ဆုံးမှာ စိတ်ကောက်ပစ်လိုက်တတ်ကြသည်။ အဲဒီကျတော့ အမှားအမှန်တွေထက် စိတ်ကောက်ပြေဖို့ကိုသာ ကျွန်တော်တို့က လုပ်ပြေရပြန်သည်။ အခုကျွန်တော်က ကြည်ပြာစိတ်ကောက်လျှင် မနေတတ်မထိုင်တတ်ဖြစ်တတ်သော တုံးတုံးအအ နှစ်ဆယ့်ငါးနှစ်သား ကလေးမဟုတ်တော့၊ နေတတ်သွားပြီ။

ကြည်ပြာ မင်းမျက်နှာပေါ်မှာ တွယ်ကပ် အသက်ရှင်နေကြတဲ့ မာနနဲ့ ဟန်ဆောင်မှုတွေကို မြို့စွန်တစ်နေရာရာမှာ သွားလွှင့်ပစ်လိုက်စမ်းပါ။ ပြီးရင် မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ တို့ရယ်ရယ်မောမော စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောရအောင်ပါ။ မင်းစိန်ပန်းတွေကို သဘောကျတယ်ဆို၊ မန်ကျည်းဖျော်ရည်ကိုကြိုက်တယ်ဆို၊ စိန်ပန်းပင်ပေါ်တက်ပြီး မင်းနဲ့ငါ မန်ကျည်းဖျော်ရည်ကို သောက်ကြရအောင်ပါ။ ပြီးတော့ မင်းနဖူးကလေးကို . . .”

“ဟယ် ရဲဝင်း ရဲဝင်း ဒီဘက်ကိုလာ၊ ဒီကိုလာခဲ့၊ ဒီမှာ ကိုင်စရာရပြီ ရဲဝင်း”

ရုတ်တရက် ကားအတွင်းပိုင်းမှ စူးစူးဝါးဝါး အော်သံကြောင့် ကျွန်တော်အတွေးများ ပြတ်တောက်သွား၏။

ဒါ ကြည်ပြာ့အသံပဲ။ ဘာပါလိမ့်။

“ဟဲ့ ရဲဝင်း၊ ဒီကိုလာပါဆို၊ ဒီမှာ ကိုင်စရာရပြီဟ ရဲဝင်း”

“ဘာလဲဟ”

ဝမ်းသာအားရ အရေးတကြီး ကြည်ပြာ့အော်သံကြောင့် ကားပေါ်မှာရပ်နေသူတွေက တစ်ယောက်နှင့်တစ်ယောက် ကြည့်ကြသည်။ ကျွန်တော်ပြန်ထူးသံကြားတော့ ကျွန်တော့်ကို ကြည့်ကြပြန်၏။

“ဒီကိုလာ ဒီကို၊ ဒီမှာကိုင်စရာရပြီ”

ကျွန်တော်နားလည်သွားပြီ။ ကျွန်တော် မျက်နှာချက်ချင်း ထူပူသွားမိ၏။ ရှက်သည့်စိတ်က ရင်ဘတ်ပေါ် ခုတ်တတ်လာသည်။ နံဘေးမှလူတွေက ကျွန်တော့်ကို နားမလည်သလို ကြည့်ကြသည်။ မလာမချင်း အော်နေတော့မှာကိုသိသဖြင့် “လာပြီ” အသံပေးကာနေ သားတကျရပ်နေသူတွေကို တိုးဝှေ့ကာ ကြည်ပြာ့နား ရောက်အောင် သွားရ၏။

“ရော့ ရော့ ဒီမှာကိုင်၊ ဒီမှာ . . .”





ကြည်ပြာက သူမကိုင်ထားသော ထိုင်ခုံနောက်မှီ သံတန်းကလေးကို ဝမ်းသာအားရ လက်လွှတ်ကာပေး၏။ ကျွန်တော် လျှင်လျှင်မြန်မြန် ကိုင်လိုက်ရသည်။ ရှက်စိတ်သည် တစ်ကိုယ်လုံးမှာ ဟိုဟို ဒီဒီ ခုန်နေ၏။

“နင်ကလည်းဟာ ဟိုမှာ ငါအဆင်ပြေပါတယ်ဟ”

“ဘာအဆင်ပြေတာလဲ၊တော်ကြာ နင်ပဲ ကိုးရိုးကားရားဖြစ်ဦးမယ်၊ ငါက စေတနာနဲ့လည်း ခေါ်ရသေးတယ်၊ နင့်ကို စိတ်ဆိုးနေတာတောင်မှ မေ့ပြီး ခေါ်မိတာသိလား”

“သစ်သား ဘတ်စ်ကားကကိုင်စရာပေါပါ . . .”

“လဲသေလိုက်၊ ကိုင်မှာ ကိုင်ထား”

ကျွန်တော် ဒေါသထွက်ထွက်ဖြင့် သံလက်တန်းကို အားရှိပါးရှိ ဆုပ်ကိုင်ထားလိုက်မိသည်။ နံဘေးမှလူတွေက ဘာမှနားမလည်သော မျက်လုံးများဖြင့် ကျွန်တော့်မျက်နှာပေါ်မှာ အဖြေ ဘာစ်ခုခု ရလိုရငြား ရှာနေကြသည်။ သို့သော် ဘာမှကိုမတွေ့၊ နားလည်ကြပုံမပေါ်။ ကြည်ပြာက နံဘေးမှ ပွစိပွစိလုပ်ကာ မျက်စောင်းဘာခိုင်းခိုင်း ထိုးနေသေး၏။

ကျွန်တော် စိတ်ကိုလျှော့ချလိုက်သည်။ ရှိစေတော့။ ကြည်ပြာသည် သူပြောချင်ရာပြော လုပ်ချင်ရာလုပ်ပြီးလျှင် သူသာမှန်သည်ထင် နေတတ်၏။ အေးလေဒါလည်း ငါ့အပေါ် နားလည်မှုတစ်ခုပါပဲ။ အရပ်ငါးပေရှိတဲ့ ချစ်သူတစ်ယောက်အတွက် စိတ်ပူပန်ခြင်းပဲ ထားလိုက်ပါတော့။ ဒီလိုချစ်သည့်စိတ်ဘက် မျက်နှာမူလိုက်တော့မှ ကျွန်တော် နည်းနည်း စိတ်သက်သာရာ ရသွား၏။

ဒဂုံရောက်တော့ လွင်မာတို့ မရှိကြတော့။ သွားနှင့်ပြီ။ စာတော့



www.burmeseclassic.com

www.burmeseclassic.com



ရေးသွား၏။ သမတရုံ၊ ၁၅–ကျပ်တန်း၊ အမိလိုက်ခဲ့ပါတဲ့။ ကျွန်တော်တို့ ခရီးဆက်ရပြန်သည်။ ဒီတစ်ခါ ကားပေါ်ရောက်ရောက်ချင်း ကျွန်တော်သည် အရပ်ငါးပေတို့ လျင်မြန်ခြင်းမျိုးဖြင့် ကိုင်စရာကောင်းကောင်းကို တစ်မုဟုတ်ချင်း ရှာဖွေကာ ကိုင်ထားနိုင်လိုက်သည်။ (ယခုထိပင် ကျွန်တော့်မှာ ထိုအကျင့်က စွဲနေခဲ့သည်။) ပြီးတော့ ကြည်ပြာ့ကို လှမ်းကြည့်ကာ ငါတော့ အဆင်ပြေသွားပြီ၊ အော်မခေါ်နဲ့ တော့ဆိုသည့် သဘောနှင့် လှမ်းပြုံးပြရ၏။ ဒီတော့မှ ကြည်ပြာကလည်း ကိုင်စရာတွေဘာတွေနှင့် စမတ်ကျသွားသော ကျွန်တော့်ကို စိတ်ချသွားသလို ပြုံးကြည့်ကာ ခေါင်းညိတ်ပြသည်။

မြို့ထဲရောက်တော့ လမ်းကို ခပ်သွက်သွက် လျှောက်ရပြန်သည်။ ခက်သည်က ကျွန်တော်က ကြည်ပြာ့လက်ကလေးကို ကိုင်ကာ လမ်းလျှောက်ချင်သည်။ ခွဲနေရတာ ဝေးနေရတာကြာပြီမဟုတ်လား။ သို့သော် တွေ့တွေ့ချင်း တက်ထားသည့် ပြဿနာများကြောင့်လည်းကောင်း၊ ရုပ်ရှင်ချိန်မမီမှာစိုး၍ လမ်းကိုခပ်သွက်သွက်လျှောက်နေရသည်ကတစ်ကြောင်းတို့ကြောင့် ကြည်ပြာ့လက်ကလေးကို လှမ်းကိုင်ရမှာ မဝံ့မရဲဖြစ်နေခဲ့သည်။

၃၃–လမ်းထိပ် ဆူးလေမီးပွိုင့်ကိုရောက်တော့ မီးစိမ်းနေသဖြင့် ကားများက တဝေါဝေါ ဖြတ်မောင်းနေကြသည်။ ကြည်ပြာက နံဘေးမှ ရပ်ကာ ရုပ်ရှင်မမီမှာစိုးသဖြင့် စိတ်စောနေ၏။ ကျွန်တော် ရုတ်တရက် အကြံရကာ ကားနည်းနည်းရှင်းသွားစဉ် ကားလမ်းကို ဖြတ်ကူးလိုက် ၏။ နံဘေးမှ စိတ်စောကာ ရပ်နေသောကြည်ပြာလည်း ယောင်ယမ်းကာပါလာပြီး ကားလမ်းမအလယ်ရောက်မှ တဝေါဝေါ ဖြတ်မောင်း နေသည့်ကားများကို တွေ့သည့်အခါ ကားအရမ်းကြောက်





တတ်သော ကြည်ပြာ အလန့်တကြား ထအော်လေတော့သည်။

“အမလေး . . . ကား ကား၊ ဟဲ့ ရဲဝင်း ကားတွေဟ”

အော်ဟစ်ရင်း ကြောက်လန့်ကာ အားကိုးတကြီး လွှင့်ခနဲ မြောက်တက်လာသော ကြည်ပြာ့လက်ကလေးကို ကျွန်တော် ကျွမ်းကျင်စွာ ဖမ်းဆုပ်ထားလိုက်၏။ အဟား ကြည်ပြာ့လက်ကလေး ကို ကျွန်တော်ရပြီ။

ကျွန်တော့်ရင်သည် နွေးသွား၏။

ပလက်ဖောင်းပေါ်ရောက်တော့ စိတ်ဆိုးဖို့ ပြင်နေသော ကြည်ပြာ စိတ်ဆိုးချိန်မရအောင် သူမလက်ကလေး ကျွန်တော့်ဆီမှာ ရှိနေတာယ်ဆိုတာကို သတိမရအောင် ကျွန်တော် ပါးစပ်ထဲရှိရာ ပြောချလိုက်၏။

“ကြည်ပြာ နင် ကျောင်းပိတ်ရက်မှာ နည်းနည်းဝလာတယ် သိလား”

“ဘာ”

“နင် နည်းနည်းဝလာတယ်လို့”

“လဲသေလိုက်၊ နင်က ငါ့ကို အိပ်လိုက်စားလိုက် ထင်နေလား။ သုံးဝမဝဘူး။ ပိန်သွားတာဟဲ့ ပိန်သွားတာ၊ ငါ့မှာ လျှော့ရဖွတ်ရ ချက်ပြုတ်ရနဲ့”

“ဝလာတာပါဟာ၊ ပါးတွေဘာတွေလည်း ပြည့်လာတယ်ဟ”

“မဝဘူး၊ မဝဘူး၊ ပိန်သွားတာ”

ကြည်ပြာက ဒေါသတကြီး ပိန်သည့်ဘက်မှ ငြင်းလေသည်။ ကျွန်တော်က လှည့်ပတ်ကာ ပြောရ၏။ ကျွန်တော့်လက်ထဲမှာ ကြည်ပြာလက်ကလေးရှိနေသည်ဆိုတာကို မသိလျှင်ပြီးရော။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ပိန်သလား ဝသလားဆိုတာကို ကျွန်တော်လည်း မသိ၊ စိတ်လည်း မဝင်စား။ ကျွန်တော့်အတွက်တော့ "ကြည်ပြာ" ဆိုလျှင် ပြီးပြီ။ ပိန်ပိန် ဝဝ ဘာမှမလို။

ကြည်ပြာသည် ငြင်းရခုန်ရမည်ဆိုလျှင် သူ့လက်ကိုတောင်မှ သူ သတိမရနိုင်တော့သည့် မိန်းကလေးဆိုတာ သေချာသည်။ သူ ထင်ရာ သူဇွတ်ပြောနေရလျှင် အားလုံးကို မေ့နေတတ်၏။ ကားလမ်း ကူးတာကိုရော၊ လက်ကလေးကိုရော ကြည်ပြာ သတိမရတော့။ ရုပ်ရှင်ရုံရောက်သည်အထိ ကျွန်တော်တို့ ငြင်းကြခုန်ကြတုန်း။

"ဟယ် လွင်မာ၊ ရဲဝင်းက ငါ့ကို ဝလာတယ်တဲ့၊ ပိန်သွားတယ်နော်"

လွင်မာက အူကြောင်ကြောင်ဖြစ်ကာ ကြည်ပြာ့ကို မျက်မှောင်ကြုတ်ကြည့်ရင်း "အေးလေ"ဟု ဖြေသည်။ ဇော်မင်းထွေး၊ လွင်ဦးနှင့် မိုးမိုး၊ ယဉ်ယဉ်သိန်းတို့က နောက်ကျသဖြင့် ကျွန်တော်တို့ကို မြည်တွန်ကြသည်။ ကြည်ပြာကတော့ ဝ မဝ ကိစ္စပဲ အရေးကြီးနေပုံရ၏။

"တွေ့လား ငါလုံးဝကို ဝမလာဘူး နင်ငါ့ကို မနောက်နဲ့နော် ရဲဝင်း"

"ဟ ငါက နင့်ကို အရိပ်လိုကြည့်နေတဲ့ ကောင်ဟ၊ နင် ဝလာတယ်၊ မယုံရင် ယဉ်ယဉ်သိန်းကို မေးကြည့်"

"အေးဟ ကြည်ပြာ နင် နည်းနည်းဝလာတယ်ဟ"

"ဟာ စိတ်ညစ်ပါတယ်၊ မိုးမိုးကြည့်ပါဦးဟ"

ကြည်ပြာက စိတ်ညစ်သလို ဟန်ကလေးနှင့် သူ့လက်မောင်း ကလေးကို လှည့်ကာ ငုံ့ကြည့်သည်။ တကယ်တော့ ကြည်ပြာသည် သိပ်ဝချင်သော မိန်းကလေးသာ ဖြစ်သည်။ သို့သော်ပိန်သည့် မိန်း





ကလေးတိုင်းလိုပင် ဝသည်ဟုပြောလျှင်လည်း မယုံသင်္ကာဖြစ်ကာ အတည်ပြုချက် အများကြီးလိုချင်တတ်ကြပြန်သေးသည် မဟုတ်လား။

ထိုစဉ် ရုပ်ရှင်လက်မှတ်ပေးသည်။ ကျွန်တော်တို့ လက်မှတ်ရ၏။ ရုံထဲရောက်တော့ ကြည်ပြာတို့က ချိုချဉ်တွေဘာတွေ ဝယ်ကာ ကျွန်တော်က ပိုစတာလျှောက်ကြည့်နေမိ၏။ ထိုစဉ်မှာပင် ပြဿနာက ဖလေသည်။

"ဟော ဟိုမှာ ပေါင်ချိန်စက်၊ ပေါင်ချိန်မယ်၊ ငါလုံးဝ ဝမလာဘူး၊ ပေါင်ချိန်မယ်၊ အရင်က ကိုးဆယ့်ရှစ်ပေါင်ရှိတယ်၊ လာ လွင်မာ ပေါင်ချိန်မယ်"

ပေါင်ချိန်မယ်ဆိုပါကလား။ ကြည်ပြာက လွင်မာ့လက်ကို ဆွဲ ကာ ပေါင်ချိန်စက်နား ရောက်သွား၏။ သူငယ်ချင်းတွေ အားလုံး လည်း ဆူညံကာပါသွားကြသည်။ ကျွန်တော်က တိတ်တိတ်ကလေး လူတွေနှင့် ကွယ်ကာနေလိုက်သည်။ ကြည်ပြာက ရင်ကိုကော့ကာ ခေါင်းမော့ကာ ပေါင်ချိန်စက်ပေါ်သို့ တက်၏။

"ကိုးဆယ့်ခုနစ်"

သူငယ်ချင်းများက ဒိုင်ခွက်ကို လှမ်းကြည့်ကာ ဝိုင်းအော် လိုက်ကြသည်။ ကြည်ပြာက ပေါင်ချိန်စက်ပေါ်မှ အပြုံးအရယ်တို့ဖြင့် ဆင်းသည်။ လွင်မာ တက်ပြန်၏။ ကိုးဆယ့်သုံး။ ယဉ်ယဉ်သိန်း တစ်ရာ။ မိုးမိုး ကိုးဆယ့်ခြောက်။ တစ်ရာ့ဆယ့်လေး။ တစ်ရာ့တစ်ဆယ်။ သူငယ်ချင်းများက တစ်ယောက်စီ ပေါင်ချိန်စက် ပေါ်သို့တက်ကာ ကျန်လူများက နံဘေးမှရယ်မောကာ ဝိုင်းဝိုင်းအော်နေကြ၏။ လူတွေ နှင့်ကွယ်ကာ ကျွန်တော်ပုန်းနေလိုက်သည်။ သူတို့ ချိန်ပြီးလျှင်ပြီးပါစေ



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းရ၏။

ထိုစဉ် . . .

"ဟယ် ရဲဝင်း၊ ရဲဝင်း ဘယ်ရောက်သွားပြန်ပြီလဲ၊ ရဲဝင်း ငါ လုံးဝ မဝဘူး သိလား၊ တစ်ပေါင်တောင်မှ လျော့သွားသေးတယ်"

ကြည်ပြာသည် အော်ရင်းဟစ်ရင်း ကျွန်တော့်ကို တွေ့သွားကာ အပြုံးဖြင့် ခပ်သွက်သွက် လျှောက်လာ၏။

"ငါ မဝဘူးသိလား၊ နင်ပြောတော့ ဝလာတယ်ဆို ကဲ . . ."

"အေးပါဟာ ပြီးတာပါပဲ"

"လာလေဟာ ပေါင်ချိန်ရအောင်၊ လွင်မာက ကိုးဆယ့်သုံးတဲ့၊ ယဉ်ယဉ်သိန်းလေ တစ်ရာတဲ့၊ မထင်ရဘူးနော်၊ ငါက ကိုးဆယ့်ခုနစ်ဟ၊ ကိုးဆယ့်ခုနစ်"

ဘုရား. . .ဘုရား. . .ကြည်ပြာက ကိုးဆယ့်ခုနစ်ဆိုပါကလား။ ကျွန်တော် ထိတ်လန့်တုန်လှုပ်သွားသည်။ ကျွန်တော် ချွေးပြန်လာချင်၏။ ကျွန်တော် ဘယ်နည်းနှင့်မှ ပေါင်ချိန်၍မဖြစ်။

"လာလေဟာ . . ."

"နင်တို့ ချိန်ပြီးလည်း ပြီးတာပါပဲဟာ၊ ငါ မချိန်ချင်"

"လာစမ်းပါဆိုဟာ၊ နင်ပဲ ကျန်တော့တာဟ၊ လာ လာ"

ကြည်ပြာက ကျွန်တော့်လက်ကို အတင်းဆွဲသည်။ ကျွန်တော် အားရှိသမျှ ရုန်းရသည်။ ကြည်ပြာက အံ့ဩသလို ကျွန်တော့်ကို ကြည့်သည်။

"နင် ဘာဖြစ်နေတာလဲ ရဲဝင်း"

"ငါက ဟိုလေ နင့်ကို ထင်ရာပြောမိတာပါဟာ။ နင်ဝမလာဘူး ဆိုရင်လည်း ပြီးတာပါပဲ။ ငါမချိန်ချင်ဘူးဟာ"





"ဟဲ့ နင်ကလည်း အပျော်ပဲဟာ၊ လာပါဟာ၊ လာလာ"

ကြည်ပြာက ကျွန်တော့်ကို အတင်းဆွဲကာ ခေါ်သွားသည်။ ကျွန်တော် ကြည်ပြာ့လက်များကို ရုန်းရင်းကန်ရင်း ပါသွား၏။ ပေါင်ချိန်စက်နားရောက်တော့ ကြည့်ပြာ အတော်ဒေါကန်နေပြီ။

"နင် ဘာဖြစ်လို့ ဒီလောက် ရုန်းနေရတာလဲ၊ ငါစိတ်တိုလာပြီနော်၊ ကဲ တက်"

"ငါ မချိန်ဘူးဟာ၊ ငါမှ မချိန်ချင်တာ . . ."

"ကဲ လွယ်အိတ်ပေး၊ တက်ဆိုတက်၊ နင်ပဲ ကျန်တော့တာ"

"လာပါ မောင်လေးရဲ့၊ တက်လိုက်ပါ၊ ချိန်စေချင်တဲ့ဟာကို ချိန်လိုက်ပါ၊ တက်တက်မောင်လေး"

ပေါင်ချိန်စက်ကိုင် မိန်းမကြီးက အပြုံးဖြင့် ကျွန်တော့်ကို ပေါင်ချိန်ဖို့ ဆွယ်သည်။ သူငယ်ချင်းများနှင့် နံဘေးမှ ရပ်နေသူ အချို့လည်း ပေါင်ချိန်စက်နားမှာ ပြဿနာဖြစ်နေသော ကျွန်တော်တို့၏ တွန်းထိုးရုန်းကန်မှုကို စောင့်ကြည့်နေကြလေသည်။ ကြည်ပြာက လက်မောင်းကို ကြိတ်ပြီးဆိတ်ကာ လေသံသဲ့သဲ့ဖြင့် "တက်စမ်းပါဆို" ဟု ဟောက်ပြန်၏။

မထူးတော့ပြီ။ ကျွန်တော် အံ့ကြိတ်လိုက်၏။ လွယ်အိတ်ကို ကြည်ပြာ့ထံ ချွတ်ပေးကာ ဆင်ကြယ်ဖိနပ်ကို မချွတ်တော့ဘဲ ပေါင်ချိန် စက်ပေါ်သို့ တက်လိုက်သည်။ ကျွန်တော့်ရင်သည် တဒုန်းဒုန်းခုန်၍ နေသည်။

ပထမ အားရှိသမျှ ဖိနင်းချလိုက်သဖြင့် ဒိုင်ခွက်ထဲမှ မြားတံနီ သည် ဖျတ်ခနဲ လွင့်တတ်သွား၏။

"ဖိမနင်းနဲ့လေ၊ ဖိမနင်းနဲ့ ဖြည်းဖြည်း ဖြည်းဖြည်း"



www.burmeseclassic.com

www.burmeseclassic.com



ပေါင်ချိန်စက်ကိုင် မိန်မကြီးက အော်သဖြင့် ကျွန်တော် လန့်ဖျပ်ကာ စိတ်ကိုလျှော့လိုက်ရသည်။ မြားတံနီနီသည် ရုတ်တရက် နိမ့်ဆင်းလာပြန်၏။ ကြည်ပြာ အပါအဝင် သူငယ်ချင်းအားလုံး၏ ဦးခေါင်းများက ပေါင်ချိန်စက်ဒိုင်ခွက်ကို အလုအယက် ဝိုင်းအုံကာ ငုံ့ကြည့်လိုက်ကြသည်။ ကျွန်တော့်ရင်တွေ တဝုန်းဝုန်း တဒိုင်းဒိုင်း။

"ခြောက်ဆယ့်နှစ်"

သူငယ်ချင်းများ၏ ဝိုင်းအော်သံကို ကြားလိုက်ရသည့်အခါ "သွားပြီ"ဆိုသည့် အသိစိတ်နှင့်အတူ ကျွန်တော့်ရင်ထဲမှ တစ်စုံတစ်ရာသည် အရှိန်ပြင်းထန်စွာ တိုးဆောင့်တက်လာကာ ကျွန်တော့်မျက်နှာကို ဆွဲဖြုတ်ပြီး အဝေးသို့ လွှင့်ပစ်လိုက်သလို ခံစားလိုက်ရလေသည်။

သူငယ်ချင်းများ ငြိမ်ကျသွားကာ ကျွန်တော့်ကို လှမ်းငေးကြ သည်။ ကြည်ပြာက ခြောက်ဆယ့်နှစ် ခြောက်ဆယ့်နှစ်ဟု အသိဉာဏ် ကင်းလွတ်သွားသူလို တိုးတိုးရေရွတ်နေသည်။ ကျွန်တော်ပေါင်ချိန် စက်ပေါ်မှာ အသိကင်းလွတ်ကာ ငူငူကြီးရပ်နေမိ၏။ တအိအိ တဟီး ဟီး ရယ်သံတစ်ခုနှစ်ခု လွင့်ကျလာပြီးနောက် ပြိုင်တူ အသိဝင်လာသ လို ဝါးခနဲ့ရယ်ချလိုက်ကြသည့် သူငယ်ချင်းများ။ ကြည်ပြာက ကျွန် တော့်ကို လှမ်းငေးနေသည်။ ပေါင်ချိန်စက် မိန်းမကြီးက သူ့စက် ကို မယုံသလို ဒိုင်ခွက်ကို တစ်ချက်ငုံ့ကြည့်ကာ တစ်ချက်နှစ်ချက် ပုတ်၏။

"ခြောက်ဆယ့်နှစ်တဲ့၊ မောင်လေး ခဏဆင်းပြီးပြန်တက်စမ်း စက်ကများ. . ."

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဟုတ်တယ်၊ ဒါလောက်ပါပဲ





ဒါပဲ. . ."

ပေါင်ချိန်စက်ပေါ်မှာ ငေးကြောင်နေရာမှ စတင် အသိဝင်ဝင် လာချင်း ကျွန်တော် ကမန်ကတန်းခုန်ဆင်းကာ ကြည်ပြာနှင့် သူငယ် ချင်းများကို တွန်းတိုက်၍ ထွက်လာခဲ့သည်။ သူငယ်ချင်းများက "ခြောက်ဆယ့်နှစ်" "ခြောက်ဆယ့်နှစ်"ဟု အော်ဟစ်ကာ တစ်ယောက် နှင့်တစ်ယောက် ရိုက်ပုတ်ရင်း အားရပါးရရယ်နေကြ၏။

ကျွန်တော်သည် နှလုံးသားပျောက်သွားသူတစ်ယောက်လို ယောင်ယမ်းကာ လျှောက်လာမိသည်။ လေ့ကားကိုတွေ့တော့ တက် ၏။ အပေါ်ထပ်ရောက်တော့ ဘာမှန်းညာမှန်း မမြင်ရတော့ဘဲ ရေခဲ ချောင်းပုံးပေါ် လက်သွားတင်မိသဖြင့် ရေခဲချောင်းရောင်းသည့် ကောင် လေးက swam ရေခဲချောင်း တစ်ချောင်း ထုတ်ပေးသည်။ ကျွန်တော် သတိကင်းမဲ့စွာ ရေခဲချောင်းကို စားနေမိသည်။

ခံစားမှုတစ်ခုလုံးသည် ခန္ဓာကိုယ်ထဲမှ အကျဉ်းကျနေသလို ဘင်းရင်းကျုပ်ခဲလျက်ရှိသည်။ ချွေးများ ရွှဲလာ၏။ သမတရုံနံရံပြည့် နှန် ချပ်ကြီးများထဲတွင် ကျွန်တော့်ကိုယ်ကျွန်တော် ငေးနေမိသည်။ ပြီးတော့ ကျွန်တော် ဦးခေါင်းငိုက်စိုက်ကျသွား၏။ ငါ့အဖြစ်က ဆိုးလှ ပါဘလား။

ရင်ထဲမှ တေးထားခဲ့ဖူးသော အလွမ်းများနှင့် ကြည်ပြာ့ကို တွေ့ရရင် . . . ဆိုသော လှပသည့် စိတ်ကူးများသည် ကလေးများ ချတ်လိုက်သည့် ဆပ်ပြာပူဖောင်းကလေးတွေ လေအဟုန့်မှာ ပန်းရုံထဲ ဝင်သွားသလိုပင် တခွမ်းခွမ်း ကွဲကုန်ကြလေပြီ။ ဘာတွေဖြစ်ကုန် နည်း။ ဘာကြောင့် ကျွန်တော်ပေါင်ချိန်စက်ပေါ် ရောက်သွားရ နည်း။ ကျွန်တော့်မှာ ဘာအပြစ်ရှိသနည်း။ ကျွန်တော် အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းလာသည်။

ထိုစဉ် ကြည်ပြာအရိပ်က ကျွန်တော့်နံဘေး ဖျတ်ခနဲ ရောက်လာသည်။ ကျွန်တော် ကမန်းကတန်း တခြားဖက်လှည့်ရ၏။ ရှက်ရွံ့ခြင်း၊ ဝမ်းနည်းခြင်း၊ အားနာခြင်းနှင့် အားငယ်ခြင်းတို့သည် ကျွန်တော့်ရင်ထဲတွင် အကြိတ်အနယ် ဘောလုံးကန်နေကြသည်။ ကျွန်တော့်ကို ရှက်ရွံ့ခြင်းက ဆွဲသွားပြန်သည်။ ဝမ်းနည်းခြင်းကဖျက်၏။ ကြေကွဲခြင်းက အားရပါးရ ကန်ပစ်လိုက်သည်။ အားငယ်ခြင်းက မိအောင် မဖမ်းနိုင်။ ခြောက်ဆယ့်နှစ်။

"ဟယ် ရဲဝင်း၊ နင်ရေခဲချောင်း စားနေတာလား၊ ငါလည်း စားမယ်ဟာ"

ကြည်ပြာက ကျွန်တော့်လက်ထဲက ရေခဲချောင်းကို ဖျတ်ခနဲ လုကာစားသည်။ ကျွန်တော်တာမှ မလှုပ်ရှားနိုင်။ လက်ဝါးသေးသေးလေးထဲမှာ မျက်နှာကို ခဏထည့်ထားလိုက်ရင်းက နံရံမှန်ချပ်များအတွင်းမှ ကြည်ပြာနှင့် ကျွန်တော့်ပုံရိပ်ကို ခိုးငေးကြည့်မိသည်။ မှန်ထဲမှာတော့ သိပ်မကွာလှ . . .။

"ကောင်းတယ်ဟာ၊ ရေခဲချောင်းလေးက၊ နင်က ဘာဖြစ်နေတာလဲ"

ကြည်ပြာက ကျွန်တော့်ကို တံတောင်ဆစ်ဖြင့် တွက်သည်။ နှုတ်ခမ်းနှင့် နှာခေါင်းကိုရှုံ့ကာ ပြောင်ပြရင်း မျက်စောင်း ဒိုင်းခနဲထိုး၏။ ကျွန်တော်တာမှ ပြန်မပြောနိုင်။ ခြောက်ဆယ့်နှစ်ပေါင်သည် ကျွန်တော့် လည်မျိုကို ညှစ်ထားသလို ခံစားရသည်။

"ရဲဝင်း နင် ဘာဖြစ်နေရတာလဲ"

ကြည်ပြာက ကျွန်တော့်ရှေ့တည့်တည့်သို့ ရွှေ့ရပ်ကာ ကျွန်တော့်ကို မေးသည်။ ကျွန်တော် ဒုတိယအကြိမ် ခေါင်းငိုက်စိုက်ကျသွားပြန်၏။ ကျွန်တော် ဝမ်းနည်းလာသည်။ ငါဘာဖြစ်နေတယ်ဆိုတာ နင်သိဖို့ကောင်းပါတယ် ကြည်ပြာရယ် . . .။

"ဘာလဲဟ၊ နင်ကလည်းဟာ ခြောက်ဆယ့်နှစ်ပေါင်လည်း ဘာဖြစ်လဲ"

"တော်ဟာ"

ဖိညှစ်ခံထားရသော လည်မျိုမှ ဝရုန်းသုန်းကားအသံကြောင့် ကြည်ပြာက ဖျတ်ခနဲ သူ့မနှုတ်ခမ်းများကို ဖိကိုက်သည်။

"ဟီး ဟီး ခြောက်ဆယ့်နှစ်၊ ခြောက်ဆယ့်နှစ်၊ အေးနော် ရယ်ရတယ်၊ နင်ကလည်း ဘာဖြစ်လို့ ဒီလောက်ပဲ ရှိရတာဟဲဟ"

"ခွီးတဲ့မှပဲ၊ ငါဘယ်သိမလဲ၊ တော်တော့ ကြည်ပြာ၊ တော်ပါတော့ဟာ"

ထိန်းချုပ်ဖုံးဖိမရတော့သော ကျွန်တော့်ရင်ခေါင်းသံကြီးကြောင့် ကြည်ပြာ ရုတ်တရက်အံ့ဩသွားကာ ငြိမ်ကျသွားသည်။ ကြည်ပြာလက်ထဲမှ မကုန်သေးသော ရေခဲချောင်းသည် ပျော်ကျနေကာ တစက်စက် ကျွန်တော့်ခြေထောက်ပေါ် ကျနေ၏။

သို့သော် ကျွန်တော် ဘာကိုမှ ပြောနိုင်စွမ်းမရှိတော့။

အရပ်ငါးပေကို တွင်တွင်ငြင်းခဲ့ဖူးသော ကြည်ပြာသည် အခု ခြောက်ဆယ့်နှစ်ပေါင်ကိုရော ဘယ်လိုခံစားဦးမည်နည်း။ ကြည်ပြာ့ထံမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားရသည်။

"ငါလည်း မထင်ဘူးလေဟာ၊ ငါ နင့်ကို အရွဲ့တိုက်တာ မဟုတ်ပါဘူးဟာ၊ ငါက စိတ်ထဲရှိတာကို ပြောရလုပ်ရမှ ကျေနပ်တတ်လို့ပါ၊ ငါလေ နင့်ကိုသိလား ဟိုအဲဒီခြောက်ဆယ် . . ."





www.burmeseclassic.com

www.burmeseclassic.com



"ကြည်ပြာ . . . နင် . . . ဟိုလေ . . . ငါ့ကို စိတ်ပျက်မသွားဘူးလား"

"အို ဘာဆိုင်လို့လဲ၊ ခြောက်ဆယ့်နှစ်ဆိုတော့ရော ဘာဖြစ်သေးလဲဟ၊ နင်ကလည်း ဒါပေမဲ့ ဟိုလေ ရယ်တော့ရယ်ချင်တယ်"

မော့ကြည့်လိုက်တော့ ကြည်ပြာ့မျက်ဝန်းထဲမှ ကျွန်တော်မျှော်လင့်မထားသော အလင်းရောင်သည် တလက်လက် ခုန်၍နေသည်။ နှုတ်ခမ်းများကတော့ရယ်ချင်သည့်ဘက်ကို ကွေးညွှတ်ယိုင်ဆင်းလျက်ရှိ၏။ ကျွန်တော်တို့ တစ်ယောက်နှင့်တစ်ယောက် စိုက်ကြည့်နေကြရင်း ကြည်ပြာထံမှ "ဟင့် အစ်"ဆိုသည့် အသံထွက်ကာ ခန္ဓာကိုယ်ကတစ်ချက်နှစ်ချက် တုန်လာသည်။ ရုတ်တရက် သမတရုံရော တစ်လောကလုံးပါကျွန်တော်တို့ အသိစိတ်ထဲမှ ပျောက်သွားကာ အားရပါးရ ပြိုင်တူရယ်ချလိုက်မိကြလေသည်။

ကြည်ပြာသည် အခုမှ လွတ်လွတ်လပ်လပ် ရယ်ခွင့်ရသလိုသူမ နဖူးကလေးဖြင့် ကျွန်တော့်ပခုံးစွန်းကို တိုက်ကာတိုက်ကာ ရယ်သည်။ ကြည်ပြာ့တစ်ကိုယ်လုံးသည် တုန်၍နေ၏။ ကျွန်တော်ကကြည်ပြာ့လက်ကလေးကို ဝမ်းသာအားရ ဆုပ်ကိုင်ထားလိုက်သည်။ ထိုစဉ် ရုပ်ရှင်ရုံထဲမှ စိန်ပိုလ်တင့်တီးလုံးသံ ထွက်လာလေသည်။

"လာဟာ ရုပ်ရှင်စတော့မယ်ဟ၊ ရုံထဲဝင်ရအောင်နော်"

ရုံထဲရောက်တော့ သူငယ်ချင်းများက ကျွန်တော့်ကိုတွေ့သည့်အခါ ဝါးခနဲရယ်ချလိုက်ကြသည်။

"ခြောက်ဆယ့်နှစ်လာပြီဟေ့၊ ခြေထောက်တွေ တင်ထားကြနော်၊ တော်ကြာ တက်နင်းမိလို့ ကြေမွကုန်မယ်"

ယဉ်ယဉ်သိန်းက အော်သည်။





ဝါးခနဲ ရယ်ကြပြန်၏။

"ဘာ ခြောက်ဆယ့်နှစ်လဲ၊ ခြောက်ဆယ့်နှစ်ပဲ ရှိတော့ကောဘာဖြစ်သေးလဲ၊ မစနဲ့နော်၊ ငါ လုံးဝမကြိုက်ဘူး၊ ဒါပဲ"

ကြည်ပြာသည် နှုတ်ခမ်းကို လန်နေအောင်ချွန်ကာ သူငယ်ချင်းများအားလုံးကို မျက်စောင်းတစ်ချက်တည်းရအောင်ထိုးရင်း ကြိမ်း၏။ "နေပါစေဟာ"ဟု ကျွန်တော်က လက်ကုတ်ကာ တားရ၏။ အထင်နှင့် လွဲသွားသောကြောင့် သူငယ်ချင်းများငြိမ်သွားကြသည်။ ခဏကြာတော့ မိုးမိုးထံမှ တအိအိ ထိန်းချုပ်ထားသော ရယ်သံထွက်လာ၏။ ကျွန်တော်တို့အားလုံး ပြိုင်တူ တဟားဟား ရယ်လိုက်ကြပြန်သည်။ ပျော်စရာကြီးကို ဖြစ်နေပါလား။

သို့သော် ကျွန်တော့်ရင်ထဲမှာ ဝမ်းနည်းအားငယ်မှု မရှိတော့။ ထိုရယ်သံများကို ကြည်ပြာကသာ နားလည်သည်ဆိုလျှင် ကျွန်တော်ဘာကို ဂရုစိုက်ရတော့မည်နည်း။

လူတစ်ယောက်၏ အချစ်သည် သူ့အရပ်၊ သူ့ကိုယ်အလေးချိန်နှင့် ဘာမှမဆိုင်။ လူတစ်ယောက်၏ စွဲလမ်းမှုသည် သူ့အရပ်၊ သူ့အလေးချိန်နှင့် ဘယ်လိုမှ မပတ်သက်။ လူတစ်ယောက်၏ သံယောဇဉ်နှင့် မေတ္တာသည် အရပ်၊ ခန္ဓာကိုယ်အလေးချိန်တို့နှင့် တိုက်ရိုက်အချိုးမကျ။ လူတစ်ယောက်အတွက် ချစ်ခြင်းမေတ္တာသည် ခွင့်လွှတ်နားလည်မှု၊ သံယောဇဉ်၊ သစ္စာတရားတို့နှင့်သာ ပတ်သက်သက်ဆိုင်ပါသည်။

ခြောက်ဆယ့်နှစ်ပေါင်သာလေးသော ကျွန်တော့် ခန္ဓာကိုယ်ထဲတွင် ရှိသည့် နှလုံးသားတစ်ခု၏ ပြင်းအားသည် ကြည်ပြာအပေါ်ဘယ်လောက်အထိ လေးပင်ခိုင်မာတိကျမှုရှိကြောင်း ကြည်ပြာ



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပြီဆိုလျှင် . . .
        ကျွန်တော်ဘာဆိုဘာမှ ဂရုမစိုက်တော့ . . .။
        ချစ်ရပါသော . . .
        မကြည်ပြာ။ ။

♥



# ရန်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

# ရန်ပွဲ

နွေနေ့လယ်ခင်းနေရောင်ပြင့် လင်းနေသောပုဏ္ဏာရိုက်ပင်အုပ်ထဲရှိ ပိုးမျှင်အိမ်ထဲတွင် ရွက်ခြောက်တစ်ခုက ငြိနေကာ လေပြေတိုက်သည့်အခါတိုင်း ချာချာလည်နေသည်ကို ငေးမောကာ ကျွန်တော်ပျော်နေမိသည်။ အလင်းရောင်ကို ငြိမ်စုပ်ကာ နွေးထွေးနေမည့် သစ်ရွက်ကလေးများကိုပင် ကျွန်တော့်နှလုံးသားကလည်း နွေးထွေးနေ၏။

ကြည်ပြာက တံတောင်ဆစ်ဖြင့်တွက်ကာ မျက်စောင်းကို ဒိုင်းခနဲ လှမ်းထိုးတော့မှ ကျွန်တော် ပြန်သတိဝင်လာသည်။ ကြည်ပြာတို့သာလည်သော နွေနေ့လယ်ခင်းတစ်ခု၏ ဆန်းကျယ်သော အလှအပထဲတွင် မျောပါသွားသော ကျွန်တော့်နှလုံးသားကို ကမန်း ကတန်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခေါ်ကာ အမေသုပ်ပေးထားသော အဖိုးကြီးသုပ် လက်ဖက်ပန်းကန်ထဲမှ ပုစွန်ခြောက်များကို ကြည်ပြာ့အတွက် လိုက်လံစုပေးရ၏။ ဒီတော့မှ ကြည်ပြာက ဇွန်းကလေးကို အသာမြှောက်ကာ လက်ဖက်အသားနည်းနည်း ဖဲ့ယူလိုက်ရင်း ဣန္ဒြေလေးဖြင့် စားသည်။

အမေက ကြည်ပြာ့ကို ပြုံးကြည့်နေသည်။ ယဉ်ယဉ်သိန်းနှင့် ဇော်မင်းထွေးတို့ကလည်း ငြိမ်ငြိမ်ကလေးရှိသည်။ နေမကောင်းသဖြင့် ရုံးခွင့်ရက်ရှည်ယူထားရသော အမေ့ကို ကြည်ပြာတို့က သတင်းလာမေးရင်း မုန့်လာပေးခြင်းဖြစ်၏။ အမေနေမကောင်းသဖြင့် အပြင်ထွက်ခွင့်လည်းမရ၊ ကျောင်းလည်း မတက်ရသောကြောင့် ကျွန်တော်က ကြည်ပြာ့ကို လွမ်းနေခဲ့တာ ကြာပြီ။ အမေကလည်း ကြည်ပြာ သတင်းလာမေးရုံ၊ ကွက်ကီးမုန့်ထုပ်ကလေးပေးရုံနှင့် ရောဂါတစ်ဝက် သက်သာသွားပုံရ၏။ ရယ်ရယ်ပြုံးရှိလာသည်။ အဖေသည် စကားများလွန်းသော ကြည်ပြာကို တစ်ချက်နှစ်ချက် စိုက်ငေးကြည့်တတ်ရုံမှအပ ဘာမှတော့ ဝင်မပြောပေ။

"သိပ် နေမကောင်းတာတော့ မဟုတ်ပါဘူး သမီးရယ်၊ ခေါင်းတွေကအုံပြီး အကြောတက် ရင်တုန်ပေါ့၊ ဒါပေမဲ့ လူကြီးဆိုတော့ ခံနိုင်ရည်အားက သိပ်မရှိလှဘူး"

"ဟုတ်ကဲ့ အန်တီ"

"ရုံးမှာကလည်း လက်နှိပ်စက်ဆိုတော့ မစားသာဘူးသမီးရေ၊ ဟိုတစ်နေ့ကလည်း စာတစ်စောင်လုံးရိုက်တာ ချောလို့၊ အဲဒါလေ ပြီးခါနီး အရာရှိနာမည်ရိုက်တော့မှ လွဲတာ"

အမေက စကားကို ခဏရပ်ပြီး ရေနွေးကြမ်းကို လက်လှမ်းသဖြင့် ကြည်ပြာက ငှဲ့ပေးသည်။ အမေက ရေနွေးကြမ်းပူပူကို မှုတ်ကာ





သောက်၏။ ကြည်ပြာတို့အားလုံးက အမေ့စကားမှာ စိတ်ဝင်စားနေကြသည်။

"အရာရှိနာမည်က ဦးလှစိန်၊ တစ်သက်လုံး ဒီနာမည်ကို ရိုက်လာခဲ့တာပါ။ ဒါပေမဲ့ လူက နေမကောင်းချင်ဘူး မဟုတ်လား၊ အဲဒါကို လက်များပြောပါတယ်၊ စ,လုံးနဲ့ ဂ,ငယ် မှားပြီး လှစိန်ကို လှဂိန်လို့"

အမေ့စကားဆုံးတော့ ကြည်ပြာ၊ ယဉ်ယဉ်သိန်းနှင့် ဇော်မင်းထွေးတို့က ဝါးခနဲရယ်လိုက်ကြသည်။ ထိုရယ်သံများကြောင့် အပြင်ဘက်တွင်ရှိသော နွေနေ့လယ်ခင်းနေရောင်ပင် တုန်ရင်သွားသည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော်တို့အိမ်ကလေးသည် ကြည်ပြာတို့ကြောင့် ပျော်စရာကြီးဖြစ်နေသည်။

"ဂ,ငယ်နဲ့ စ,လုံးက အဝေးကြီးရယ်၊ ဘယ်လို မှားရိုက်မိလဲ မသိပါဘူး။ တစ်ရုံးလုံးကလည်း မသိကြဘူးသမီးရဲ့၊ နောက်ကျမှ သိတာ၊ အရာရှိက အန်တီ့ကို စိတ်ဆိုးလိုက်တာ သူကလည်း မကြည့်မိဘဲ လက်မှတ်ထိုးမိတာကိုး"

ကြည်ပြာက ဗိုက်ကြောကလေးကိုနှိပ်ကာ ရယ်သည်။ ရဲဝင်းအမေကလည်း ခေသူမဟုတ်ပါလားဟု ကြည်ပြာကတွက်ချင်ရင်လည်း တွက်မည်။ ကျွန်တော်ကတော့ အမေ့ကို ရယ်စရာတွေ သိပ်မပြောစေချင်။ ကျွန်တော်နှင့် ပတ်သက်သော ရယ်စရာအဖြစ်တွေက အမေ့ဆီမှာ အများကြီးရှိသည် မဟုတ်လား။

"သြော် မေ့လို့ အန်တီ။ သမီး မန္တလေးကအပြန် အန်တီ့ဖို့ သနပ်ခါးတုံးကလေး ဝယ်လာတယ်၊ ဟို အဲဒါလေ"

ကြည်ပြာက လက်ကလေးကို ရှုပ်ယှက်ခတ်နေအောင် ဇေ့



www.burmeseclassic.com

www.burmeseclassic.com



လည်ပြရင်းက လယ်သာစလင်းဘက်(ခ်)ထဲက သနပ်ခါးတုံးကလေးကို ထုတ်သည်။ကြည်ပြာ မန္တလေးသို့ တစ်ပတ်ကြာ သွားလည်ခဲ့သေး၏။ ကျွန်တော်တို့လည်း ဓာတ်ပုံတွေထုတ်ကာပေးရင်း လက်ဖက်ပန်းကန်ထဲမှ ကြက်သွန်ဥကို ဖျတ်ခနဲနှိုက်သည်။

"သနပ်ခါးတုံးကလေး မွှေးလိုက်တာ၊ ဈေးနှုန်းတင်ပါတယ် ကြည်ပြာရယ်၊ အန်တီက သနပ်ခါး သိပ်ကြိုက်တာ"

"ဟုတ်တယ်၊ သမီးလည်း သနပ်ခါးပဲ၊ သနပ်ခါးက အသားအေးတယ် အန်တီရဲ့၊ သနပ်ခါးပဲ သမီးက"

အမေနှင့် ကြည်ပြာ တစ်ယောက်နှင့် တစ်ယောက်ကြည့်ကာ ပြုံးတူရယ်ချလိုက်ကြသည်။ အမေက သနပ်ခါးတုံးကလေးကို မွှေး၍သာနေသည်။ ကြည်ပြာပေးသော ထိုသနပ်ခါးတုံးကလေးသည် သားနှစ်ယောက်မွေးထားသော အမေ့အတွက် မိန်းကလေးတစ်ဦးထံမှ ရသည့် ပထမဦးဆုံးလက်ဆောင်သာ ဖြစ်သည်။ ကျွန်တော်က မြွေကြီးနှစ်ကောင်ရှေ့မှာ ကြည်ပြာ ရိုက်ထားသော ဓာတ်ပုံကလေးကို ငေးနေမိသည်။ ကြည်ပြာက ကက်ဦးထုပ်ကလေးဆောင်းကာ အိုက်တင်နှင့်ဖြစ်သည်။ ကြည်ပြာက ထိုကက်ဦးထုပ်ကလေးနှင့် တော်တော်လိုက်သည်ဟု ကျွန်တော်ထင်သည်။

ဒီလို ရယ်ကြ မောကြ စကားပြောကြရင်း ညနေရောက်တော့ ကြည်ပြာတို့က ပြန်ဖို့ပြင်သည်။ ကျွန်တော့်ရင်ထဲ ဆွေးကာ ဟာသွားမိ၏။ အမေနှင့်အဖေက ပြုံးပြုံးပြုံးပြုံးဖြင့် ကျန်ခဲ့၏။ ယဉ်ယဉ်သိန်းနှင့် ဓော်မင်းထွေးကို ဒဂုံကားမှတ်တိုင် လိုက်ပို့ပြီးတော့မှ ကြည်ပြာက အလန့်တကြားထအော်သည်။

"ဟယ် ရဲဝင်း၊ ငါ့ထီးက နောက်ပိတ်ကလေး မရှိတော့ဘူးဟာ၊





နင်တို့အိမ်မှာပဲ ကျန်ခဲ့သလား၊ လမ်းမှာပဲ ကျသလား မသိဘူး၊ ပြန်ရှာရအောင်ဟာ၊ ဒီထီးက ငါ့အစ်မထီးဟ၊ ပျောက်သွားရင် ငါ အဆူခံရမှာ သိလား"

ကြည်ပြာက စိတ်ပူနေသော်လည်း ကျွန်တော်ကတော့ ပျော်သွား၏။ ဘာပဲဖြစ်ဖြစ် ကြည်ပြာနှင့် ခပ်ကြာကြာနေရမည်ဆိုလျှင် ကျွန်တော်ပျော်နေတတ်သည်။ လမ်းမှာ နှစ်ယောက်ပြူးပြဲရှာကြသည် မတွေ့၊ အိမ်မှာ ပြန်ရှာတော့လည်း မကျန်။ ကြည်ပြာက တဖျစ်တောက်တောက်။

"အဲဒါ နင့်ကြောင့် သိလား၊ နင့်ကြောင့်"

"ဟ ငါနဲ့ ဘာဆိုင်လို့လဲဟ"

"နင်က ငါ့ကိုမှ ဂရုမစိုက်တာ၊ ဂရုစိုက်ရင် သိရမှာပေါ့ နင့်ကြောင့်သိလား"

ကျွန်တော် ဘာမှ မပြောတော့၊ ကြည်ပြာသည် ပြဿနာတစ်ခုနှင့် တွေ့သည့်အခါကျလျှင် ကျွန်တော့်ကိုသာ အပြစ်ဖို့တတ်သည်။ ဆုံးရှုံးမှု၊ အမှား၊ အထင်လွဲစရာများနှင့် ကြုံလျှင် ကျွန်တော့်ကိုသာ တရားခံရှာတတ်သည်။ ကြောင်းကျိုးမဲ့ လက်ညှိုးထိုး စွပ်စွဲလေ့ရှိသည်။ ဒါမှလည်း ကြည်ပြာ့ဘဝသည် အပြစ်ကင်း စင်းလုံးချောရှိမည်မဟုတ်လား။ လုံခြုံချောမွေ့မည် မဟုတ်လား။ အမှားကို ဝန်ခံချင်စိတ်သာ ကြည်ပြာ့မှာရှိလျှင် ကြည်ပြာသည် ယခုထက် ပိုလှနေမှာသေချာသည်။ ကျွန်တော်ကလည်း ချစ်သည့်စိတ်ကလေးတစ်ခုတည်းနှင့် ကြည်ပြာ့ စွဲချက်မှန်သမျှကို ရေငုံနှုတ်ပိတ်နေတတ်သည်။ ကျွန်တော့် ဆုံးရှုံးမှုကြောင့် ချစ်သူပျော်သည်ဆိုလျှင် ကျွန်တော် ဘာကြောင့် အဆုံးရှုံးမခံရဲရမည်နည်း။ အခုလည်း ရှိစေတော့၊ ကျွန်တော် ကြည်ပြာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရန်မဖြစ်ချင်၊ ကြည်ပြာနှင့်ကျွန်တော် အတူရှိ လျှင် ပျော်ချင်သည်။

"အေးပါဟာ . . . ငါ ထီးပြင်တဲ့ဆိုင်မှာ ပြန်ရှာထားလိုက်ခယ်၊ အခု နင်ပြန်ဖို့ စောပါသေးတယ်ဟာ၊ ခြံထဲလိုက်ခဲ့ဟာ နင့်ကို ငါ ဂစ်တာတီးပြမယ်လေ"

ကြည်ပြာက ဒေါသထွက်နေသည့် မျက်နှာကလေးကို ပြောင်းကာ နာရီကို ငုံ့ကြည့်သည်။ လေးနာရီ ငါးမိနစ်ဟု တိုးတိုးရွတ်၏။ အိမ်ကို တစ်ခေါက်ပြန်သွား၍ မရတော့သဖြင့် အမေကြီးခြံထဲကို ကြည်ပြာ့ကို ခေါ်နေခြင်းသာဖြစ်၏။ ကျွန်တော်တို့အိမ်နှင့် အမေကြီးခြံကလည်း သိပ်မဝေးလှ။

ကြည်ပြာက ခဏစဉ်းစားနေရာမှ လျှာကလေးထုတ်ကာ ကျွန်တော့်ကို ပြောင်ပြသည်။ ကျွန်တော် အရမ်းပျော်သွား၏။ အခုတော့ ကြည်ပြာသည် အားလုံးကို မေ့လျော့သွားပြီဖြစ်သည်။ ကြည်ပြာသည် ဤသို့ စိတ်အပြောင်းအလဲမြန်သော မိန်းကလေးတစ်ယောက်လည်း ဖြစ်ပြန်သေးသည်။

"ဒဏ္ဍာရီကားထဲက သီချင်းတွေကို တီးပြဟာ၊ ငါက အဲဒီ သီချင်းတွေကို သိပ်ကြိုက်တာဟ"

"အေး တီးပြမယ်လေဟာ"

ခြံထဲရောက်တော့ ကြည်ပြာသည် ကျွန်တော်တီးပြသည့် သီချင်းတွေကို ခံစားမှုအပြည့်နှင့် ဆိတ်ငြိမ်စွာ နားထောင်သည်။ သူ့ရသည့် အပိုဒ်ကလေးများတွင် သံကြောင်ကလေးဖြင့် လိုက်အော်တတ်သေး၏။ ကိုယ်သိပ်ချစ်ရတဲ့ မိန်းကလေးတစ်ယောက်ကို ဂစ်တာတီးပြရတယ်ဆိုတာ ဘယ်လောက်ပျော်ဖို့ကောင်းပြီး စွဲမက်ဖို့ကောင်းတဲ့ သာယာမြတ်နိုးမှုမျိုးလဲ။ (ထိုနေ့ကို ဘယ်တော့မှ ကျွန်တော်





ခမေ့)။

အမေကြီးခြံကထွက်တော့ ညနေငါးနာရီကျော်ပြီ။ ဇဝနထိပ်မှ အသင်းတိုက်ရှေ့ထိ ကြည်ပြာနှင့်ကျွန်တော် ဆယ့်ငါးကျပ်ဖြင့် ဆိုက်ကားစီးကြသည်။ ပြီးတော့ သုဝဏ္ဏအားကစားကွင်းကြီးကို ဖြတ်ကာ လမ်းလျှောက်ကြသည်။

ညနေရီ လေပြည်သည် သစ်ပင်အုပ်များထဲကို တိုးဝင်လိုက်၊ ပြန်ထွက်လာလိုက်နှင့် ဟိုဟိုဒီဒီ မြူးထူး၍နေသည်။ ညနေရီတိမ်တွေက ကောင်းကင်ပေါ်မှာ ထုနှင့်ထည်နှင့် ငြိမ်ကာ ရပ်နေကြ၏။ အိပ်တန်းပြန်ငှက်တွေကလည်း ဟိုအဝေးမှ ပျံသန်းသွားကြသည်။ ဝင်လုဆဲနေ၏ ညိုးရည်သစ်အလင်းအချို့က တိမ်ငြိမ်ထု အစွန်းမှာ ခိုတွဲကာ တွယ်ကပ်နေကြသည်။ ပူပြင်းသွေ့ခြောက်သော နွေနေ့လယ်ခင်းမှ လွတ်မြောက်လာခါစ ထိုညနေရီကလေးသည် မွှေးရနံ့တစ်မျိုးဖြင့် ချစ်ဖို့ကောင်းနေသည်။

ညနေရီ လေညင်းခံသူများနှင့် သုဝဏ္ဏအားကစားကွင်းရှေ့သည် အရမ်းစည်ကား၍နေ၏။ ကြည်ပြာက ခေါင်းကလေးကို မော့ကာမော့ကာ လမ်းလျှောက်တိုင်း ပခုံးစွန်းပေါ်မှ ဆံစတွေက ဝဲလွင့်သွားသည်။ ကြည်ပြာသည် လမ်းလျှောက်ရင်းက ပျော်လာပုံရသည်။ ကျွန်တော့်ကို ပခုံးဖြင့် လုမ်းလုမ်းတိုက်ကာ စ နေသေးသည်။ ညနေရီ နေရောင်တွင် ပျော်ရွှင်ကာ ဝင်းပနေသော ကြည်ပြာ့မျက်နှာသည် ညည့် ရွှန်းနေသည့် ပန်းသီးတစ်လုံးနှင့်တူသည်။ နတ်သမီးဆိုလျှင်ပင် ရိုးရိုး နတ်သမီးမဟုတ်။ အလှပြင်ထားသော နတ်သမီး။ ကြယ်ခေါင်း ထေားသော လပြည့်ဝန်း၊ နေခြည်မကျခင်ပွင့်တဲ့ပန်းပွင့်၊ ဒါမှမဟုတ် လျှင် ကြည်ပြာသည် အိပ်ပျော်နေရာမှ နိုးထသည့်အခါ ပိုးတုံးလုံး



www.burmeseclassic.com

www.burmeseclassic.com



ကလေး မဟုတ်တော့ဘဲ ရောင်စုံတောင်ပံများနှင့်ဖြစ်နေကာ မိမိကိုယ် မိမိအံ့သြသော အိပ်ရာနိုးစ လိပ်ပြာလှလှကလေး။

“နင့်ကို ငါပေးခဲ့တဲ့ ထိုးမုန့်က အကုန်ပဲဟာ၊ ဟိုကောင်တွေကို သိမ်ကြီးဈေးက ဝယ်ပေးရမှာ၊ သွားမပြောနဲ့နော်။ မန္တလေးကလည်း ပွလိုက်တာဟာ၊ ကားတွေကလည်း အကြာကြီးရပ်တာ၊ ဟယ် သိလား သုံးဘီးကားတွေကို တွေ့ရတော့ ရယ်စရာကြီးဟာ၊ ငါ အသားမည်းသွား သလားဟင် ရဲဝင်း”

ကြည်ပြာက သူ့လက်မောင်းကလေးကို မြှောက်ကာ ကျွန် တော့်ကို ပခုံးဖြင့်တိုက်ရင်းမေးသည်။ ကြည်ပြာ ပျော်နေတာ လုံးဝ သေချာပြီ။ သုံးဘီးကားတွေကို တွေ့တော့ ရယ်စရာကြီးတဲ့၊ ကျွန်တော် ကလည်း ချစ်သူမိန်းကလေးတစ်ယောက်နှင့်အတူ လမ်းတွဲလျှောက် နေရသော ယောကျာ်းလေးတစ်ယောက်၏ မာန၊ ပီတိ၊ ပျော်ရွှင်မှု၊ အင်အားတွေအပြည့်နှင့် မြောက်ကြွကြွဖြစ်လာ၏။

“ဒါကြောင့် မြို့မငြိမ်းက ပြောတာပေါ့ဟာ၊ ရန်ကုန်သူတွေ မန္တလေးသွားရင် အင်းလျားရေတစ်စည်လောက်တော့ ယူသွားသင့် တယ်လို့”

“မြို့မငြိမ်း . . . မြို့မငြိမ်းဆိုတာ ဘာလဲ”

“ဟာ . . . လူပေါ့ဟာ”

“ဘယ်ကလူလဲ နင့်အသိလား”

ကြည်ပြာက မျက်မှောင်ကြုတ်ကာ ပြန်မေးသော စကား ကြောင့် ကျွန်တော် အတော်အံ့သြသွားသည်။ ကြည်ပြာဟာ မြို့မငြိမ်း ကိုတောင်မှ မသိဘူးလား။

ကျွန်တော် ဒေါသလည်း ဖြစ်သွားမိ၏။





“ဒီးပဲ၊ မြို့မငြိမ်းကိုတောင် မသိဘူးလားဟာ၊ သီချင်းရေး ဆရာလေ၊ ...သီချင်းဟာ ဆရာစပ်တာပေါ့၊ မြို့မငြိမ်း ဆိုတာက . . .”

“အို တော်ပြီ၊ တော်ပြီ၊ နင် ငါ့ကို မဆဲနဲ့နော် ရဲဝင်း၊ နင့်ဟာ ...က သိပ်ရှုပ်တယ်၊ ငါအသားမည်းသလား မမည်းဘူးလား ...ပြော”

ကြည်ပြာက ကျွန်တော့်ကို ပခုံးဖြင့်လှမ်းတိုက်၊ မျက်စောင်း ...ခနဲထိုးကာ အော်သည်။ ကြည်ပြာ လေသံနှင့် “ရှုပ်တယ်”ဆိုသည့် ...ကြောင့် ကျွန်တော့်ရင်ထဲ မျက်ခနဲဖြစ်သွား၏။ ကဗျာဆရာ ...ယောက်ရဲ့ ချစ်သူဟာ မြို့မငြိမ်းကိုတော့ သိဖို့ကောင်းပါသည်။ ...လီကို မသိရင်နေ၊ ပါပလိုနယူဒါ၊ ဂျွန်ကီ၊ အော်စကာဝိုင်၊ ...ဆားကို မသိရင်နေ၊ ပီကာဆို၊ ဗန်ဂိုး၊ မိုးနေ၊ မိုဒီကလျာနီနှင့် ...ချီ မျိုးညွန့်ကို မသိလျှင်နေ မြို့မငြိမ်းလောက်ကိုတော့ သိထား ...သည်။ ကျွန်တော် ဘယ်လိုရှင်းပြရင် ကောင်းမလဲ။

“နင် မပြောနိုင်တော့ဘူး မဟုတ်လား၊ နင် မသိတော့ဘူး ...တ်လား”

ကြည်ပြာက ငိုင်ကျသွားကာ အကြီးအကျယ် စဉ်းစားနေသော ...တော့်မျက်နှာကိုကြည့်ကာ ဒေါသဖြင့် ကြုံးအော်သည်။ ကျွန်တော် ...လန့်သွားကာ မြို့မငြိမ်းကိုရော ကမ္ဘာ့အနုပညာရှင်ကြီးများကို ... ခေါင်းထဲက ချက်ချင်းထုတ်ပစ်လိုက်ရသည်။

“နင်ကလည်း အော်လိုက်တာဟာ . . . ဟိုလေ နည်းနည်း ... ညိုသွားတယ်ဟာ”

“လဲသေလိုက်၊ လုံးဝမညိုဘူး၊ ငါ အပြင်ထွက်တော့ ...နဲ့ ...တာ၊ ဟိုမှာ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းတာ လုံးဝမညိုဘူး



www.burmeseclassic.com

www.burmeseclassic.com



လဲသေလိုက်"

ကျွန်တော် သက်ပြင်းကိုချကာ အံကို ကြိတ်မိသည်။ ဘာများ တတ်နိုင်ဦးမည်နည်း။ ကြည်ပြာက သူ့လက်မောင်းကလေးကို မြှောက် ယူကာ သက်ာမကင်းသလို ကြည့်ပြန်သည်။ ပြီးတော့ မျက်ဝန်းတွေ ကို မှေးကျဉ်းကာပြုံး၏။

"ငါ့ကို ကားနဲ့လိုက်ပို့တာ ဘယ်သူလဲသိလား"

"..............."

"ငါ့ညီမဝမ်းကွဲရဲ့ သူငယ်ချင်း၊ ငါ့ကိုကြိုက်နေတဲ့ အစ်ကိုကြီး ငါ့ကို အသားတွေမည်းကုန်မှာ စိုးရိမ်လို့တဲ့၊ နေ့တိုင်းသူနဲ့ပဲ လျှောက် သွားတာ၊ ပြန်ခါနီး ဘူတာလိုက်ပို့တော့ အသားညိုမှာ မစိုးရိမ်ပါနဲ့တဲ့ နောင် မန္တလေးကိုလာလည်မယ်ဆိုရင် အမြဲတမ်း လိုက်ပြီး ..."

"တော်နော် ကြည်ပြာ၊ နင် တော်တော့"

"ဘာတော်လဲ ဟင်၊ သူကမှ ငါ့ကို အသားညိုမလား၊ မည်း မလား ဂရုစိုက်သေးတယ်၊ နင်က ငါ့ကို ဘာမှ ဂရုမစိုက်ဘူး မဟုတ် လား၊ နင် ဘာမှမသိဘူး မဟုတ်လား"

ကျွန်တော် အရမ်းကို စိုးရိမ်ကာ ဒေါသထွက်သွားခဲ့သည်။ မန္တလေးက ကောင်တွေကလည်း စကားမှာ ဆားကို သကြားဖြစ် အောင် ပြောတတ်တဲ့လူတွေ။

"နင်ဘာ့နင် ဖြူဖြူမည်းမည်း ကြည်ပြာ၊ ငါ ဂရုမစိုက်ဘူး ငါက နင့်အသားကို ဂရုစိုက်တာ မဟုတ်ဘူး၊ ငါက နင့်ကို ချစ်တာ ငါက နင်ဆိုရင်ပြီးပြီ၊ ဖြူဖြူမည်းမည်း ဘာပဲဖြစ်ဖြစ်"

"အေး ... လဲသေလိုက်၊ လဲသေလိုက်"

ကျွန်တော်နှင့် ကြည်ပြာ ဒေါသကိုယ်စီနှင့် အော်ဟစ်ငြင်း





ကြားပြတ်သွားပြီး တိတ်တဆိတ် လမ်းချည်းဖိလျှောက်နေကြသည်။ ရင်ထဲတွင် ညနေရီ၏ မွှေးရနံ့ ဘယ်ကိုရောက်သွားသည် မသိတော့၊ ညနေရီ နေရောင်သည် ချက်ချင်းပင် မီးစွယ်မီးညွန့်လို ကျွန်တော့်ရင်ကို အလှပ်နေ၏။ ကြည်ပြာပြောတာ တကယ်လား၊ ဘာလားဆိုတာ သည်း ကျွန်တော် မဆင်ခြင်နိုင်၊

စိတ်ထဲမှာ ဝမ်းနည်းအားငယ်မှု စိုးရိမ်ထိတ်လန့်မှု၊

ပြီးတော့ ဒေါသ ...။

ထိုစဉ် ကျွန်တော်တို့ လမ်းအပြိုင်လျှောက်နေကြသော ပလက် ဖောင်းနံဘေးကတ္တရာလမ်းမမှ စက်ဘီးသုံးစင်း ဖြတ်မောင်းသွားကြ ပြီး ကျွန်တော်တို့ကို ကျော်သွားသောအခါ နောက်လှည့်၍ ကြည်ပြာ့ကိုကြည့်ကာ "အရီး အရီး" ဟု စက်ဘီးပေါ်မှ အော်သွားကြ လေသည်။ နောက်ဆုံးမှ နင်းသွားသော စက်ဘီးပေါ်မှာ လူက နှစ် ယောက်ဖြစ်ပြီး ကယ်ရီယာပေါ်မှလူက ကြည်ပြာ့ကို ပြောင်ပင်ပြသွား သေး၏။ ကျွန်တော်တို့ကို ကျော်သွားပြီး ဓာတ်တိုင်တစ်တိုင် လောက် ရောက်တော့ ပြန်ကွေ့ကာသွားကြသည်။

ကျွန်တော် ကြည်ပြာ့ကို လှမ်းကြည့်တော့ ကြည်ပြာ့မျက်နှာ ပေါ်မှာ ဒေါသရိပ်သည် ဖျော့ကျသွားသည်။ ကြည်ပြာနှင့် ကျွန်တော် မျက်ဝန်းချင်းဆုံသည်။ သို့သော် ဘာစကားမှတော့ မပြောဖြစ်။ လမ်း လျှောက်နှုန်းကို ပြိုင်တူမြှင့်တင်လိုက်သည်။ ထိုစဉ် စက်ဘီးများ သွားခန့် ပြန်ပေါ်လာပြန်ကာ "အရီး အရီး" အော်ကြပြန်လေသည်။ ကြည်ပြာသည် ဖြတ်ကျော်သွားသော စက်ဘီးများကို မျက်ခုန် ချင်းကြည့်ကာ ခေါင်းကို ငုံ့ချလိုက်ပြီး ခြေလှမ်းများကို အရှိန်လျှော့ချ လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်တာလဲဆိုတာကို ကျွန်တော် နားမလည်နိုင်။

"ကြည်ပြာ . . ."

"နေပေ့စေ၊ အဲဒါ ငါ့ကိုခေါ်တာ၊ ငါ့ကို နောက်နေတာထား လိုက်"

ဘုရား . . . ဘုရား . . . ဒါ ကြည်ပြာ့ကို နောက်နေတာ ဆိုပါလား။ ခုနက စိတ်ညစ်သဖြင့် ဖြေလျှော့ခွေကျသွားသော ကျွန်တော့်ခန္ဓာကိုယ်ထဲမှ သွေးကြောတွေ ဝုန်းခနဲ ထရုပ်သည်။ ရှက်သွေးရဲပြီး ခေါင်းငုံ့ချကာ ညှိုးငယ်သွားသော ကြည်ပြာ့မျက်နှာကိုမြင်ရတော့ ရင်တစ်ခုလုံးက တဒုတ်ဒုတ် ဖြစ်လာ၏။ ကျွန်တော် တစ်ယောက်လုံး ပါရဲ့သားနဲ့ ကျွန်တော့်ချစ်သူဟာ ဒီအတိုင်း အစော်ကားခံနေရတော့မှာလား။ ကျွန်တော့်လက်မောင်းသေးသေးကလေးထိပ်မှ လက်သီးသေးသေးကလေးနှစ်လုံးက ဝုန်းဆို ဆုတ်မိရက်သား ဖြစ်သွားသည်။ သို့သော် စက်ဘီးသုံးစင်း။ လူလေးယောက်။ စက်ဘီးများ ပြန်ထွေသွားကြပြန်၏။

တတိယအကြိမ် အော်ကြပြန်သောအခါ ကျွန်တော့်ဒေါသ ထိန်းမရတော့။ ကျွန်တော်ဟာ အလကားဖြစ်နေပါရောလား။ ကျွန်တော့်ရှေ့မှာ ကျွန်တော့်ချစ်သူတစ်ယောက်က ဒီလိုပဲ အစော်ကားခံနေရတော့မှာလား။ ကျွန်တော် ပွက်ပွက်ဆူလာသော ဒေါသ ယောက်ျားတစ်ယောက်၏ မာနတို့ဖြင့် လှမ်းကြည့်သည်။ ကျွန်တော့်မျက်လုံးများကို စက်ဘီးသမားများကလည်း မြင်သွားသည်။ သို့သော် မျက်နှာများက ပြောင်စပ်စပ်၊ လုံးဝ ရပ်တန့်မသွား။ စက်ဘီးသုံးစင်း လူလေးယောက်။ ကျွန်တော် စိတ်ကို လျှော့ချလိုက်သည်။ ကျွန်တော်တို့ အတတ်နိုင်ဆုံး လမ်းကိုသာ ဖိလျှောက်နေ၏။





"ကြည်ပြာ . . . ဒီကောင်တွေ . . ."

"အို နေပါစေဆို၊ အဲဒါ ငါတို့လမ်းထိပ်ကကောင်တွေ၊ နေပေ့စေ၊ သူတို့လမ်း သူတို့သွားလိမ့်မယ်"

ခေါင်းကိုမဖော့တဲ့ အားငယ်ထိတ်လန့်နေသော လေသံ၊ ရှက်ရွံ့နေသော အမူအရာတို့ဖြင့် ပြောသော ကြည်ပြာ့အသံကို ကြားရသောအခါ ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ သွေးလည်ပတ်မှုနှုန်းက တအား မြန်လာသည်။ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်သည်။ ရှက်ရွံ့အားငယ်နေသော ကြည်ပြာ့လက်ကလေးကို လှမ်းပြီး ဆုပ်ကိုင်ထားလိုက်၏။ ဒီလောက်ဆိုရင် ဒီကောင်တွေ နားလည်ဖို့ကောင်းပြီ။ ရင်တုန် ရလွန်း ဒေါသဖြစ်ရလွန်းသဖြင့် ကျွန်တော့်လက်များသည် ချွေးဖြင့် တုန်ရင်ကာရွှဲနေ၏။ ကြည်ပြာ့ လက်ကလေးကို ဆုပ်ကိုင်ပြီးသောအခါ ကျွန်တော်သည် စက်ဘီးသုံးစင်းကိုလည်း ဂရုမစိုက်တော့၊ လူလေးယောက်ကိုလည်း မမြင်တော့။

"အရှိုး အရှိုး အရှိုးလေးကွ"

"ဟေ့ကောင်တွေ မင်းတို့ မိုက်ရိုင်းလှချည်လားကွ"

ကျွန်တော်က ကြည်ပြာ့လက်ကို ကျစ်ကျစ်ဆုတ်ကာ လှမ်းအော်ရင်း ခြေလှမ်းများကို ရပ်ပစ်လိုက်သည်။ ကြည်ပြာက ထိတ်လန့်တကြား "ဟဲ့ ရဲဝင်း ဟဲ့ ဟဲ့ . . ."ဟု တားသော်လည်း မမီတော့။ ကျွန်တော့်အော်သံကို ကြားကြားချင်း စက်ဘီးသမားများက စက်ဘီးများကိုရပ်ကာ ချက်ချင်း ကျွန်တော်တို့နား ရောက်လာ၏။ မိုက်တိမိုက်ကန်း ထိုမျက်လုံးရှစ်လုံးနှင့် ကျွန်တော့်ဒေါသ မျက်လုံးနှစ်လုံး ဆုံကြသည်။

သို့သော် ကျွန်တော်ဘာကိုမှ ဂရုမစိုက်တော့။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခုနက ဘယ်သူ့ကို ပြောတာလဲ ကိုယ့်လူ"

ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ကာမေးရင်း လေးယောက်စလုံး လက်တစ်ကမ်းအကွာတွင် ရပ်သည်။ ကျွန်တော့် ရင်ခုန်သံ ဒေါသ၏ အရှိန်ပြင်းစွာပင့်တင်တိုးဆောင့်မှုကြောင့် ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး လေထဲသို့ လွင့်ခနဲမြောက်သွားသလို ခံစားရပြီး ပျောက်ရှသွားသည်။ လူလေးယောက် . . .။ သို့သော် ကျွန်တော့်ထံမှာ အသိစိတ်သည် မရှိတော့။ ကျွန်တော် ကြည်ပြာ့လက်ကို လွှတ်ချလိုက်သည်။

သို့သော် . . .

ကြည်ပြာက ကျွန်တော့်လက်ကိုမလွှတ်။ မလွှတ်သည့် အပြင် ကျွန်တော့်လက်ကို အားနှင့်ဆုတ်ကိုင် ဆွဲရမ်းကာ သူ့နောက်သို့ ဆွဲပို့လိုက်ပြီး ဘယ်ဘက်လက်ကို နောက်ပစ်ကာ ချုပ်ထားရင်း ကျွန်တော်နှင့် ထိုလူလေးယောက်အကြားသို့ ဇွေ့ခနဲ ရောက်သွား၏။

ထင်မှတ်မထားသော ရုတ်တရက် အပြောင်းအလဲကြောင့် ကျွန်တော်ကြောင်သွားသလို ထိုလူလေးယောက်လည်း လန့်ဖျပ်ကာ နောက်သို့ ဆုတ်သွားကြသည်။

"ဟဲ့ နင်တို့ကလည်း စသေးတယ်၊ မိုင်ရိုင်းလှချည်လား ဟင်၊ နင်တို့ကလည်း ရန်လိုသေးတယ်၊ ထိကြည့်စမ်း၊ သတ္တိရှိရင် ထိကြည့်စမ်း"

ကြည်ပြာ၏ ဆွဲရမ်းမှုကြောင့် ကျောဘက်ရောက်သွားသော ကျွန်တော်သည် ကြည်ပြာ၏အော်သံကို ကြားရသောအခါ စိုးရိမ်စိတ်ကြီးစွာဖြင့် ကြည်ပြာနှင့် ထိုလူလေးယောက်ကြားကို ရောက်အောင် တိုးထွက်ဖို့ ကြိုးစားသည်။ သို့သော် ကြည်ပြာက တင်းကျပ်စွာ ချုပ်





ထားသဖြင့် ကျွန်တော်ရုန်း၍မရ။

"မဟုတ်ပါဘူး . . . ငါတို့က"

"ဘာ မဟုတ်ပါဘူးလဲ၊ နင်တို့ ငါ့ကို စတာများပြီ၊ ငါ့ကို ဘာထင်နေသလဲ၊ သတ္တိရှိရင် ရှေ့တိုးကြည့်လိုက်စမ်းပါ၊ ပါးရှစ်စိတ်ကွဲသွားမယ်၊ မရိုက်ရဲဘူးထင်မနေနဲ့၊ လာလေ သတ္တိရှိရင် ရှေ့တိုးလိုက်"

"ကြည်ပြာ . . ."

"နေစမ်း၊ နင်က တစ်မျိုး၊ တိုးလေ၊ မရိုက်ရဲဘူးလို့ထင်ရင် တိုးလိုက်၊ အရှက်မရှိ သိက္ခာမရှိတဲ့ကောင်တွေ၊ ငါ့လက်ဝါးက ပါးမရွေးဘူးဟဲ့"

ကြည်ပြာသည် ကျွန်တော့်ကို လက်တစ်ဖက်ဖြင့် နောက်ပြန်ချုပ်ထားရင်းက ရင်ကိုကော့ကာ အော်ဟစ်ကျိန်းမောင်းရင်း ရှေ့သို့ တစ်လှမ်းတိုးသည်။ ထိုလူလေးယောက်က လန့်ဖျပ်ကာ တစ်လှမ်းဆုတ်ကြ၏။ ကြည်ပြာက နောက်တစ်လှမ်း ထပ်တိုးပြန်သည်။ ထိုလေးယောက်က ထပ်ဆုတ်ကြပြန်၏။ ကျောဘက်မှာ ကပ်အချုပ်ခံထားရသော ကျွန်တော်က ကြည်ပြာရှေ့တစ် လှမ်းတိုးတိုင်း ကြည်ပြာရော ကျွန်တော်ပါ လဲကျမသွားစေရန် သတိဖြင့် တစ်လှမ်းလိုက်ရသည်။ ကြည်ပြာနှင့်ကျွန်တော့် ခြေထောက်များမှာ အောက်တွင် ရှုပ်ယှက်ခတ်နေ၏။

ကြည်ပြာသည် ရင်ကိုမတ်နေအောင် ကော့ထားကာ လက်ဝါးတစ်ဖက်က မြွေတစ်ကောင် ယိမ်းထိုးလှုပ်ရှားနေသည့်နှယ် ထိုလူများကို ချိန်ရွယ်လျက်ရှိသည်။ ထိုအချိန်တွင် ကျွန်တော်က ကြည်ပြာတစ်လှမ်း ထပ်တိုးနိုင်ရန်အတွက် ခြေထောက်များကို အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေအောင် လုပ်ပေးနေရသည်။

ထိုလူလေးယောက်သည် ထင်သလို ဖြစ်မလာသည့် အတွက် အံ့သြကာ ကြည်ပြာတစ်လှမ်းတိုးတိုင်း ဆုတ်ဆုတ်ချည်းပေးနေကြရ လေသည်။

"နင်နဲ့ မဆိုင်ပါဘူး . . . ငါတို့က သူ့ကို . . ."

"ဘာ၊ ဆိုင်တယ်၊ ငါနဲ့ဆိုင်တယ်၊ ဒါ ငါ့ရည်းစား၊ နင်တို့ ဘာမှ သူ့ကို ထိစရာမလိုဘူး။ ငါ့ကိုလည်း စ,စရာ မလိုဘူး၊ ဒါပဲ၊ နင်တို့ သွားမလား မသွားဘူးလား။ မရိုက်ရဲဘူးတော့ မထင်နဲ့နော်"

ဘာလုပ်ရမှန်းမသိတော့သော လူလေးယောက်သည် အချင်းချင်း လှမ်းကြည့်လိုက်ကြပြီး ကြည်ပြာ့နောက်တွင် ကပ်နေသော ကျွန်တော့်ကို စူးစူးဝါးဝါးကြည့်ကာ ထွက်သွားကြလေသည်။

စက်ဘီးများဝေးသွားမှ ကြည်ပြာက ကျွန်တော့်ကို လွှတ်ပေးကာ ခါးကိုထောက်ရင်း စက်ဘီးများကို စိမ်းစိမ်းကြည့်သည်။ ကျွန်တော်က ကျွတ်လုလုဖြစ်နေသော ပုဆိုးကို အခုမှ ပြင်ဝတ်ရ။ ကျွန်တော့်တစ်ကိုယ်လုံးသည် တုန်လျက်ရှိသည်။

"ခွေးမသားတွေ"

"အလကားကောင်တွေပါဟာ၊ ငါ့ကိုများ ထိလို့ကတော့ လား"

ညနေရီ လေပြည်သည် အခုမှ ဝုန်းခနဲ ပြန်ပေါ်လာသလို ကျွန်တော့်မျက်နှာပေါ် ဖြတ်တိုက်သဖြင့် ချွေးများ နင်းကန်ထွက်နေသောမျက်နှာသည် အေးမြသွား၏။ အားကစားကွင်းရှေ့ လေညင်းခံသူ၊ လမ်းလျှောက်သူတွေက ကျွန်တော်တို့ ရန်ပွဲကို ဝိုင်းငေးနေကြသည်ကို ကျွန်တော်အခုမှ တွေ့လိုက်ရသည်။ သတိထားမိသွားသည်။

ပြုံးစစဖြစ်နေသော လူတွေမျက်နှာများကြောင့် ကျွန်တော့် တစ်





ကိုယ်လုံးသည် တုန်နေရာမှ မွှန်ထူထွက်သွား၏။

ရှက်စိတ်သည် ညနေလေပြည်လိုပင် ကျွန်တော့်နှလုံးသားထဲ ဝုန်းခနဲ ခုန်ဝင်လာလေသည်။

"နင်က ဘာလို့ ငါ့ကို ချုပ်ထားရတာလဲ၊ ဒီကောင်တွေက သက်သက် လုပ်ပါးဝတာ၊ စော်ကားတာ၊ ငါက . . ."

"အောင်မာ လဲသေလိုက်ပါလား"

"ဘာ လဲသေလိုက်လဲ၊ နင်က ငါ့ကို ဘာဖြစ်လို့ ချုပ်ထားရတာလဲ"

"ဟဲ့ နင်က သေးသေးလေး၊ ဟိုက လေးယောက်တောင်၊ နင်သေသွားမှာပေါ့၊ နင်က ပိစိကွေးလေး၊ ပြီးတော့ ခြောက်ဆယ့်နှစ်"

ကျွန်တော် ထင်မှတ်မထားသော ကြည်ပြာ့ထံမှ အော်သံများကြောင့် ကျွန်တော့်ခန္ဓာကိုယ်သည် အေးစက်ပြီး ဒုတိယအကြိမ် လွင့်တက်သွားပြန်၏။ ရပ်ကြည့်နေသူတွေက ကြည်ပြာ့စကားဆုံးတော့ ကျွန်တော့်ကိုကြည့်ကာ ဝါးခနဲ ရယ်လိုက်ကြသည်။

"နင် ငါ့ကို ဘာမှ လာမပြောနဲ့၊ ငါ့ဟာငါ သေးသေး ကွေးကွေး၊ ဒါငါ့အလုပ်၊ ရန်ဖြစ်တယ်ဆိုတာ ယောကျ်ားလေးတွေအလုပ်၊ ငါ့မှာ သတ္တိရှိတယ်၊ ဒီသေးတာကွေးတာကို နင်ဘာမှ ထည့်ပြောစရာ မလိုဘူး၊ နင်တိတ်လိုက်"

"ဟင် နင်က ငါ့ကိုအော်တယ် ဟုတ်လား ရဲဝင်း၊ အော်တယ်၊ နင်သေမှာ စိုးလို့ဟဲ့ သိရဲ့လား၊ နင်က တစ်ချက်စာပဲ ရှိတာ၊ ဟိုကောင်တွေက ထွားလည်းထွားတယ်၊ နင်က တကယ့် တစ်ချက်စာ၊ နင် တော်တော်သတ္တိရှိတယ်ပေါ့ ဟုတ်လား"

ကျွန်တော်၏ မွှန်ထူနေသည့်အော်သံ။ ကြည်ပြာ၏ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ဘကြီး ပြန်အောင်သံတို့ကြောင့် ကျွန်တော်တို့ရန်ပွဲကို ဆက်လက်အားပေးနေကြသည့် ပရိသတ်က ဝါးခနဲရယ်လိုက်ကြပြန်သည်။ ကြည်ပြာက ခါးကိုထောက်ကာ ခန္ဓာကိုယ်ကို ငုံ့ကိုင်းရင်း တအားအော်နေ၏။

ကျွန်တော့်ကို လက်ညှိုးငေါက်ငေါက်ထိုးသည်။

"နင့်ကိုယ်နင်လည်း ပြန်ကြည့်ဦး၊ နင့်ကိုယ်နင် . . ."

"ဒါကို ထည့်ထည့်မပြောနဲ့၊ ငါက ယောကျ်ား သိလား၊ သေဆေ့စေ၊ သေတာ ဘာဆန်းသလဲ၊ နင်က မိန်းကလေး"

"လဲသေလိုက်၊ လူကဖြင့် လက်တစ်ဆုပ်စာနဲ့ နင်က ဘာလုပ်နိုင်မှာမို့လို့လဲ၊ ငါက မိန်းကလေး၊ အေး . . . ဒါပေမဲ့ နင့်ကိုစိတ်ဌလို့ဟော့ သိလား၊ မိန်းကလေးတန်မဲ့ ငါ့မှာ သတ်ဖို့ဖြတ်ဖို့ ဝင်ရတာ၊ နင်ကငါ့ကို အပြစ်တင်နေရသေးလား၊ နင်တိတ်နော် ရဲဝင်း၊ တိတ်ဆိုရင် တိတ်လိုက်"

"အေး နင်လည်းတိတ်လိုက်၊ ဟိုဟာ ဒီဟာတွေ ငါ့ကို မအော်နဲ့၊ ခြောက်ဆယ့်နှစ်တွေ ဘာတွေ ဘာမှ ပြောစရာ မလိုဘူး"

အော်နေဟစ်နေကြရင်းနှင့်ပင် ကြည်ပြာ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ကာ လာ၏။ ကျွန်တော် ရုတ်တရက် သတိဝင်လာကာ ထိတ်လန့်သွားမိသည်။ ကြည်ပြာ အရမ်းဒေါသထွက်နေပြီ။ ဘာကြောင့် ကြည်ပြာ့ကို သွားအော်မိသည်ဆိုတာကို ကျွန်တော့်ကိုယ် ကျွန်တော်လည်း မသိနိုင်တော့။

ထိုစဉ် ရပ်ငေးကာ ကြည့်နေကြသော လူအုပ်ထဲမှ ယောကျ်ားကြီးတစ်ယောက်နှင့် အဒေါ်ကြီးတစ်ယောက်က ကျွန်တော်တို့ ရန်ပွဲကို ဝင်တားကြသည်။





"ကဲ . . . ကဲ တော်ကြပါတော့၊ ဟိုကလည်း သွားပြီပဲ၊ ဒီလိုပဲပေါ့၊ တစ်ယောက်နဲ့ တစ်ယောက် စိတ်ပူကြတာပါပဲ။ အော်မနေကြနဲ့တော့၊ လမ်းမကြီးပေါ်မှာ . . ."

"ဟုတ်ပါရဲ့ကွယ်။ သမီးကလည်း တိတ်လိုက်တော့ ဟုတ်လား၊ မင်းကလည်း တိတ်၊ သူက မင်းကို စိတ်ပူလို့ပဲဟာ"

"အန်တီ စဉ်းစားကြည့်၊ သမီးက မိန်းကလေး၊ ဒါပေမဲ့ သူ့ကို ကြည့်ဦး၊ ဟိုကချရင် သူသေမှာ ကြည့် . . . ကြည့် . . . အဲဒါကိုများ၊ နင်ဟာ အလကားပဲ ရဲဝင်း၊ အလကား သိလား၊ နင် ငါ့ကို စော်ကားတယ်"

ကြည်ပြာသည် ပြောနေရင်း ပြောနေရင်းက ငိုသံပါလာကာ မျက်ရည်ပေါက်ပေါက်ကျလာ၏။ ကျွန်တော် ဘာပြောရမှန်း မသိခင် ကြည်ပြာက ချာခနဲ လှည့်ထွက်သွားသည်။ ဝင်ဖျန်ဖြေသူ နှစ်ဦးကလည်း "ဟုတ်သားပဲ၊ မင်းက ဘာကြောင့် ကောင်မလေးကို သွားအော်ရတာလဲ"ဟု ဝင်ဆူကြ၊ ဟောက်ကြ၏။ ကျွန်တော့်ဘက်မှာ ဘယ်သူမှ မရှိကြပါကလား။ ကျွန်တော် ခေါင်းငိုက်စိုက်ကျမသွားနိုင်မှောင်ရီပျိုးစ ညနေရီ၏ လေပြည်ထဲတွင် တလွင့်လွင့်ဖြင့် လျှောက်သွားသော ကြည်ပြာ့နောက်သို့ ကမန်းကတန်း ပြေးလိုက်ရသည်။ ချစ်ရပါသော မကြည်ပြာ။

"ကြည်ပြာ . . ."

"ကြည်ပြာ . . ."

"ကြည်ပြာ . . ."

"မခေါ်နဲ့၊ ဘာမှ လာမခေါ်နဲ့၊ နင်က စေတနာနဲ့ မတန်တဲ့လူ၊ နင့်မျက်နှာကို ငါမကြည့်ချင်ဘူး သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ကြည်ပြာရာ၊ ငါပြောတာ ခဏ၊ ဟိုလေ ငါလေ ရှက် . . ."

"နင် ပြန်ဆိုပြန်နော် ရဲဝင်း"

ကြည်ပြာက ဖျတ်ခနဲရပ်ကာ ကျွန်တော့်မျက်နှာကို စိမ်းစိမ်းကြီး ကြည့်ရင်းအော်သည်။ လေသံက မာထန်လွန်းလှပါလား။ အဲဒီဒေါသခနဲ ရန်းကြွထွက်သွားတဲ့ ကြည်ပြာ့နှုတ်ခမ်းကလေးတွေကို ကျွန်တော်ဆုံးရှုံးလိုက်ရတော့မှာလား။ စိမ်းကားလွန်းသောအကြည့်၊ ဘက်ပေါင်းစုံက တောက်ပြောင်နေအောင် သွေးထားတဲ့ အစိမ်းရောင်ဓားမြှောင်တစ်ချောင်းလိုအကြည့်၊ ကျွန်တော်ရဲ့ နှလုံးသားကို ထိုးအောက်ပြီး မျက်ရည်နဲ့ နောင်တအပေါ်မှာ ပွဲတော်ခြိမ့်ခြိမ့်သဲ ကျင်းပမယ့် အကြည့်၊ ဒီလိုအကြည့်မျိုး ကြည်ပြာ့ထံမှာ ပေါ်လာပြီဆိုလျှင် ကြည်ပြာသည် ဘယ်တော့မှ နောက်ဆုတ်တော့မည်မဟုတ်ဆိုတာကို ကျွန်တော်သိသည်။

ကျွန်တော် အခုမှ လုံးဝ ခေါင်းငိုက်စိုက် ကျသွားကာ ကြည်ပြာ့နံဘေးမှ လျှောက်လာခဲ့သည်။ နှလုံးသားသည် ရင်ထဲမှ ဆန်တက်လာနေကာ နှုတ်ဖျားက ခုန်ချထွက်ပြေးသွားတော့မလား ထင်ရ၏။ ကြည်ပြာရယ် ငါသိပ်ကြောက်တဲ့ အဲဒီအကြည့်မျိုးတွေကို နင် ဘယ်နေရာမှာ သိမ်းထားခဲ့တာလဲ။ ငါ့ကို တကယ်ချစ်တာဆိုရင် အဲဒီမျက်လုံးတွေကို တစ်ခါတည်း ဖျက်စီးပစ်လိုက်စမ်းပါဟာ။

ကျွန်တော် ကြည်ပြာ့ကို တောင်းပန်ဖို့ ကြိုးစားသည်။ သို့သော် အသံက ထွက်မလာ။ အသက်ကိုပင့်တင်ရှူကာ အသံကို ညှစ်ချသော်လည်း အသံက ထွက်မလာ။ အသက်ကိုအောင့်ကာ တင်းညှစ်ကြည့်သော်လည်း အသံက ထွက်မလာ။ ကျွန်တော် ကြည်ပြာ့ကို တောင်း





ပန်စကား ပြောမှုကို ဖြစ်လိမ့်မည်။ ထိုခဏမှာပင် ကျွန်တော့်ကိုယ်ကျွန်တော် တစ်စက်မှ ရစရာမရှိလောက်သော အပြစ်ရှိသူအဖြစ် လှမ်းမြင်လိုက်ပြီဖြစ်၏။ ကြည်ပြာ့မျက်နှာကို မော့ငေးတော့ ကျောက်သားပြင်လို မာကြောကာ ခက်ထန်နေသည်။ ထိုမာကြောခက် ထန်မှုတိုင်းတွင်လည်း အမှန်တရားကအပြည့်။ သြော် . . . ချစ်ရတဲ့ လူဆိုကို အမှန်တရား နည်းနည်းရောက်သွားတော့လည်း အဲဒီအမှန်တရားဟာ အရောင်ထွက်လှပါလား၊

မာကြောစူးရှလှပါလား။

"ကြည်ပြာ . . . ငါလေ . . . ငါ . . ."

ကျွန်တော့်စကားမဆုံးခင် ကြည်ပြာက နံဘေးနားမှ ဖြတ်မောင်းသွားသော ဆိုက်ကားတစ်စင်းကို လှမ်းတားသည်။ ပြီးတော့ အေးအေးဆေးဆေးပင် ထိုဆိုက်ကားပေါ် တက်ထိုင်ရင်း "ခင်းဒင်လမ်းထိပ်ကိုမောင်း" ဟု ပြောသည်။ ကျွန်တော့်ကို လုံးဝလှည့်မကြည့်။ ဂရုလည်းမစိုက်။ ကြည်ပြာ့ကို တင်သွားသော ဆိုက်ကားသည် ကျွန်တော်နှင့် တစစဝေး၍ ဝေးသွားသည်။

အမှောင်သည် တစိမ့်စိမ့် ခိုင်ခန့်လာပြီဖြစ်လေသည်။ ကြည်ပြာကျွန်တော့်အနားမှာ မရှိတော့သော်လည်း သုဝဏ္ဏခုံး တံတားကြီးပေါ်သို့ တက်လာခဲ့သည်။ ခုံးတံတားအောက်မှ အမြန် ရထားတစ်စင်း မီးတထိန်ထိန်ဖြင့် ဖြတ်မောင်းသွားသည်။

တစ်ကမ္ဘာလုံးသည် ကျွန်တော့်ဘက်မှာ ဘာမှမရှိတော့ဘဲ ကြည်ပြာ့ဘက်သို့ ရောက်သွားပြီဟုပင် ကျွန်တော်ထင်သည်။ ခပ်မှုန်မှုန်တက်လာသောလမင်းလည်း တဖြည်းဖြည်း ကြည်ပြာ့ဘက်ကိုပါသွားသည်။ သစ်ပင်အမှောင်နှင့် မီးတထိန်ထိန် အဆောက်အအုံတွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးလည်း ကြည်ပြာ့ဘက်ကို ပါသွားကြသည်။ ကားတွေက လည်း တဝေါဝေါဖြတ်မောင်းကာ ကြည်ပြာရှိရာဘက်ကိုပဲ သွားနေကြသည်။ လေပြည်ညင်းကလည်း ကျွန်တော် ရှိနေသမျှမတိုက်ဟူသော သဘောဖြင့် ငြိမ်နေကြ၏။ နောက်ဆုံး ကျွန်တော့်နှလုံးသားကပင်လျှင် ကြည်ပြာ့ဘက်ကို ပါသွားကာ အသားတုံးကို ချောင်းနေသော ခွန်ရဲ တစ်ကောင်လို ကျွန်တော့်ခန္ဓာကိုယ်ပေါ်မှ ပျံဝဲ၍ ချောင်းမြောင်းနေသည်ဟု ကျွန်တော်ထင်လာသည်။

ထိုနေ့ကလောက် ကြေကွဲဝမ်းနည်းမှုမျိုး ကြည်ပြာနှင့် ပတ်သက်၍ ကျွန်တော် တစ်ခါမှ မဖြစ်ဖူးခဲ့။ ကျွန်တော် မနေတတ်တော့၊ မနေနိုင်တော့။ ကျွန်တော် ပြန်လာပုံက အတောင်ပံမီးသင့် ထားသော လိပ်ပြာတစ်ကောင်ကို ပုရွက်ဆိတ်တွေ ချီမသယ်ယူသွားသလို . .

တရွေ့ရွေ့။

ကောင်းကင်ပေါ်မှာ ကြယ်များက ကျွန်တော်ထွက်သွားတာကို အားပေးသလို တလက်လက်ခုန်နေကြသည်။ လမင်းကလည်း ကျွန်တော့်ကျောပြင်ကို အညာအတာကင်းစွာ စိုက်ကြည့်နေပေလိမ့်မည်။ လေပြည်က ကျွန်တော့်ကို တွေ့သည့်အခါ သစ်ပင်အုပ်များအတွင်းရှိ အမှောင်ထဲ တိုးဝင်သွားကြ၏။

လူတစ်ဦးတိုင်း တစ်ယောက်တိုင်းမှာ . . .

တစ်ချိန်ချိန်တော့ အချစ်ဆိုတာ ရှိခဲ့ကြတယ်။

လူသားတို့ ပေါင်းမိရင် ဘာရယ်ကြောင့် အားနည်းသူကို မုန်းတတ်တာလဲ . . . ဒီပြောင်းလဲခြင်းနဲ့ ရင်ဆိုင်ရာမှာ ဟိုတုန်းက ကြောက်စိတ်တွေ မရှိခဲ့ဘူးကွယ် . . . ငယ်ရွယ်သူအတွက် အချစ်တစ်ခုသာ ကိုးကွယ်အားထားရာ ထင်မှတ်ယူမယ် . . .။

စာချစ်သူ



စိုင်းထီးဆိုင်၏ "အချစ်ကို ဦးစားပေးခဲ့သူ" သီချင်းကို တိုးတိုးညည်းကာ ဝမ်းနည်းကြေကွဲစွာ ကျွန်တော်ပြန်လာခဲ့သည်။ အရာအားလုံးသည် ကျွန်တော့်နောက်တွင် ထုနှင့်ထည်နှင့် ကြည့်ငေးကာ ကျန်ခဲ့လေသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကင်း

www.burmeseclassic.com

www.burmeseclassic.com

# လှည့်တင်း

"ဟာ . . ."

စက်ဘီးနှစ်စင်း တိုက်မိပြီ . . .။

ချက်ချင်း လူးလဲထလိုက်ကြပြီး တစ်ယောက်ကို တစ်ယောက် ပြုံးပြ . . .။ ပြီးတော့ ကိုယ့်လမ်းကိုယ်ဆက်နင်းသွားကြတယ်။ ဒါ . . . နားလည်မှုအပြုံးပဲ။

အဲဒီအပြုံးမျိုး မင်းဆီက ငါလိုချင်တယ် မကြည်ပြာ။

ရှောင်းရှေး ဘယ်လောက်လဲ . . .။

ကြည်ပြာ၏ မာတင်းကာ ရက်စက်ချင်သည့် မျက်နှာသည် ဘွန်တော့်အာရုံထဲမှာ ဖျတ်ခနဲပေါ်လာ၏။ စက်ဘီးချင်းတိုက်မှ တွေ့ ဆုံကြတဲ့ လူနှစ်ယောက် . . . နောင်ကို ပြန်တွေ့စရာလည်း မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



သည့် လွန်နှစ်ယောက်တောင်မှ တွေ့ကြသည့်ခဏကလေး အဖြစ်အပျက်ပေါ်မှာ နားလည်မှုထားနိုင်ကြသေးတာပဲ ကြည်ပြာရယ်။ နင်နဲ့ငါဟာ တစ်နှစ်နဲ့ရှစ်လတိတိ ချစ်ထားခဲ့ကြတဲ့ ချစ်သူတွေပါ။

ခုဆိုလျှင် ကြည်ပြာသည် ကျွန်တော့်ကို လှည့်လည်းမကြည့်၊ စကားလည်းမပြော၊ အရေးလဲမစိုက်တော့။ သူငယ်ချင်းတွေနဲ့ ရယ်မောကာ ထိုင်နေရာမှ ကျွန်တော်လာနေသည်ကိုမြင်လျှင် မျက်နှာကို မာတင်းကာ ဖျတ်ခနဲ ထသွားတတ်၏။ သူငယ်ချင်းတွေက ဟော့ကောင် လိုက်သွားလေ . . . လိုက်တောင်းပန်လိုက်ဟု အော်ကြဟစ်ကြသော်လည်း ထိုအမူအရာတစ်ခုတည်းနှင့်ပင် ကျွန်တော့်ရင်သည် တမြည့်မြည့် တစိမ့်စိမ့်ကြေသွားကာ အားအင်မရှိတော့၊ နေရာက ရွှေ့လို့မရတော့။

ရှိသမျှအားကို တင်းဆန့်ကာ စိုးရိမ်ထိတ်လန့်နေသော အသိစိတ်ကို ဖိညှစ်ကာ နံဘေးနားမှ အတင်းလိုက်သည့်အခါတွင်လည်း ကြည်ပြာက အတန်းထဲ ဝင်ထိုင်ပစ်တတ်၏။ ကျွန်တော်က ကြည်ပြာ . . . တစ်ခါခေါ်လိုက်သည့်အခါ ကြည်ပြာက ပုံမှန်ပြေလျော့ထားသော သူမမျက်နှာပေါ်မှ ကြွက်သားများကို မာတင်းပစ်လိုက်သည့်အခါ ကျွန်တော့်ရင်ထဲမှာ ဘာဆက်ပြောရမည်ဆိုတာကို ရှာ၍ မရတော့။

"ကြည်ပြာရယ် . . . အဲဒီနေ့က နင့်ကို အရမ်း စိတ်ပူသွားလို့ နင့်ကိုအော်မိတာပါဟာ . . . နင်တစ်ခုခုဖြစ်သွားမှာကို ငါအထိုးခံရမှာထက် ငါပိုကြောက်တယ်ဟာ၊ အဲဒါကြောင့် အော်မိတာပါ၊ နင့်စေတနာကို စော်ကားတာ မဟုတ်ရပါဘူး . . . ငါ တောင်းပန်ပါတယ်ဟာ၊ ကြည်ပြာ ငါလေ ကြည်ပြာ . . . ဟို . . ."





ကြည်ပြာသည် ကျွန်တော့်ကို လုံးဝဂရုမစိုက်ဘဲ ရှေ့ခုံတန်းတွင် ထိုင်နေသည့် သူငယ်ချင်းကို လက်တွေ့ကိစ္စ မေးလိုက်သေး၏။ ထမင်းဘူးကျန်ခဲ့သည့်အကြောင်း ညည်းလိုက်သေး၏။ ခြေစွယ်ငုပ်သဖြင့်နာနေသော သူ့ခြေသကြွယ်ကလေးအကြောင်း ပြောလိုက်သေး၏။ အတန်းထဲက ကောင်မလေးတွေက ကျွန်တော့်ကို နားမလည်နိုင်စွာ အံ့သြသလို လှည့်ကြည့်ကြ၏။ ကျွန်တော် ရှက်သည့်ကိစ္စကို ခေ့ထားကာ တတွတ်တွတ်တောင်းပန်နေမိသည်။ ကြည်ပြာရယ် ပြီးပါတော့ . . . ဒါမဟုတ် ငါ့ကို လှည့်ပြီး အော်ရင်လည်း အော်ပစ်လိုက်ပါတော့ . . .။

သို့သော် ကြည်ပြာက လုံးဝလှည့်မကြည့်။ ကျွန်တော့်တောင်းပန်စကားတွေက လျောင်ပြောင်ချင်စိတ်ဖြင့် မာတင်းနေသော ကြည်ပြာ မျက်ဝန်းများနှင့် မာနဖြင့် ပြည့်ဖောင်းနေသော နှလုံးသားကို တစ်ချက်မှ မှန်အောင်မပစ်နိုင်။

"သက်သက်ရေ paper 2 နောက်ပိုင်းလေး မနေ့က မီလိုက်သား၊ အဲဒီ ဆရာက ဖျက်တာ သိပ်မြန်တာပဲနော်၊ ခဏလောက်ဟယ် . . . မင်းထက်မောင်ရော၊ ခွေးကောင် မနေ့က နေကြာစေ့ ဝယ်ပေးမယ် ဆိုပြီး တစ်ဆယ်ယူသွားတာ၊ နေကြာစေ့လည်း မလာ၊ ဘာလဲမလာ၊ တွေ့မှ အော်ပေးလိုက်ဦးမယ်၊ ဟင် . . . ညနေ ကျူတို ရှိရယ်နော်၊ ဘာသိလား၊ စာအုပ်က မေ့ခဲ့ပြီ၊ လာထိုင်မယ်နော်ဖြေရင် . . ."

ကြည်ပြာသည် နံဘေးပတ်လည်ကို စကားတွေ တတွတ်တွတ်ပြောသည်။ အံ့သြလိုက် မဲ့လိုက်ရွဲ့လိုက်ရှိ၏။ လှလှကလေးလည်း ရယ်လိုက်သေးသည်။ ဝမ်းနည်းစိုးရိမ်စွာ တောင်းပန်နေသော ကျွန်တော့်စကားများသည် ဤသို့နှင့် ဘယ်ကိုရောက်သွားမှန်း မသိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွား၏။ လက်ခံမည့်သူ မရှိသောအခါ ကျွန်တော့် စကားလုံးများသည် သူတို့အမိပွာယ်ထက် အဆပေါင်းများစွာ ပြင်းထန်သော ခံစားမှုဖြင့် ကျွန်တော့်နှလုံးအိမ်ထဲမှာ ပြန်လာခုန်နေကြသည်။ အသိအမှတ်ပြုမှု တစ်စုံတစ်ရာ မရသည့်အခါ အရိုင်းဆန်သွားကြ၏။ အစွယ်တွေ လက်သည်းတွေ ထွက်လာကြသည်။ အော်ဟစ် သောင်းကျန်းလာကြ၏ ။

ပြီးတော့ နီးစပ်ရာ ကျွန်တော့်နှလုံးသားကိုသာ အားရပါးရ ပြန်ကိုက်နေကြသည်။ ထိုအခါ ကျွန်တော့်မှာ ဘာစကားကိုမှ ပြောလို့မထွက်တော့။ ဖြစ်နိုင်လျှင် အသံရှိရှိသမျှဖြင့် အားကုန် အော်ဟစ်ကာ အားလုံးကလှည့်ပြီး ကြည့်အောင် လုပ်ပစ်လိုက်ချင်သည်။ ပြီးလျှင် သူတို့ အမိပွာယ်ထက်များစွာ အရိုင်းဆန်သွားကြပြီဖြစ်သော စကားလုံးများကို ကြည်ပြာ့ရှေ့မှာ ထိုးအန်ချပစ်လိုက်ချင်၏။ ကြည်ပြာ့အကျီကော်လံအတွန့်များပေါ်တွင် လျှောက်သွားနေသော ပုရွက်ဆိတ်ကလေးတစ်ကောင်လို ကျွန်တော်သည် ကြည်ပြာ၏ လျစ်လျူရှုမှုကို ခံနေရ၏။

ကျွန်တော့်ရင်ထဲမှာ နာ၍လာသည်။ ဆက်ထိုင်နေရတာကိုလည်း မျက်နှာပူ ရှက်လှပြီ။ ကိုယ့်ကို ဂရုမစိုက်၊ လျစ်လျူရှုထားသည့်နေရာတွင် ကြာကြာမနေရဲတော့။ နာကျင်မှုကို နင့်နင့်သီးသီး ခံစားနေရသည့်တိုင် ကြည်ပြာ၏ ရက်စက်မှုကတော့ ပေါ့ပေါ့ပါးပါး၊ ဣန္ဒြေမပျက်၊ လွယ်လွယ်ကလေးသာဖြစ်၏။

သို့သော် ကျွန်တော့်မှာ မနာကြည်းနိုင်။ မာနက ဘယ်နေရာမှာသွားသေနေသည်မသိ။ ချစ်သည့်စိတ်နှင့် နားလည်မှုငတ်ခြင်းသည် ခန္ဓာကိုယ်အနှံ့မှာ ငိုကျွေးနေကြသည်။ မှောင်မည်းစိုထိုင်းနေသည့်





မြေအောက်ခန်းထဲမှာ ပိတ်မိနေတဲ့ လိပ်ပြာတစ်ကောင်ရဲ့ အတောင်ပံတွေလိုပင် ကျွန်တော့်ဝိညာဉ်သည် ထုံထိုင်းလေးလံကာလာ၏။ အသိတရားကို တင်းညှစ်လိုက်လျှင် နာကျင်မှုသည် နှလုံးသားအတွင်းမှ စိမ့်ပြန်တက်လာကာ မျက်ဝန်းအနောက်သို့ ပူကျွမ်းကာတတ်လာ၏။ ထိုပူလောင်လောင်မှုသည် မျက်ဝန်းအတွင်းမှာရှိသော သွေးကြောများအတွင်းသို့ ဖြာကျသွားလျှင် . . . မဖြစ်။ ကျွန်တော် ထမှကိုဖြစ်တော့မည်။ ဂရုမစိုက်သည့် ချစ်သူတစ်ယောက်ရဲ့ နောက်မှာ တသိမ့်သိမ့်ငိုရတဲ့ လူတစ်ယောက်အဖြစ်တော့ ကျွန်တော့်ကိုယ် ကျွန်တော် အဖြစ်မခံနိုင်။

ကျွန်တော် ခန္ဓာကိုယ်ကို ဆွဲမ,ရသည်။ မရ။ ခန္ဓာကိုယ်တစ်ခုလုံးက ဧရာဝတီမြစ်ကမ်းပါးနားက အနယ်ကျ ကျောက်တန်းကြီးတွေလို လေးလံကာနေ၏။ အသိတရားတစ်ခုလုံးနှင့် မတရားဆွဲမတော့မှ ကြွလာသည်။ ကျွန်တော့်ခြေနှစ်ဖက်စလုံးကိုခုံအစွန်းမှ ဆွဲမခါစ ကြည်ပြာထံမှ "အခုမှပဲ နားငြီးသက်သာတော့တယ်" ဟူသော စကားလုံးများသည် ကျွန်တော့်နောက်ကြောတွင် သွေးဆာနေသောမြွေကြီးတွေလို တွယ်ကပ်၍ လိုက်ပါလာကြလေသည်။

ကျွန်တော် ကင်ဘင်းမှာ ဆင်းထိုင်သည်။ လက်ဖက်ရည်ကလည်း အရာသာမရှိ၊ ရှောက်သီးစိတ်တစ်စိတ်ကို အားနှင့်ဖိကိုက်ပစ်လိုက်သည်။ ချဉ်စူးသည့် အရသာသည် ဝှန်းခနဲ အသိတရားထံတိုးဝှေ့ဝင်သွားသော်လည်း နှလုံးသားနားကို မရောက်။ ကင်တင်း၏ လေထုသည် ပူကျွမ်းကာ အသက်ရှူရကျပ်လာ၏။ ကျွန်တော် ကျောင်းပေါ် တစ်ခါပြန်တက်သည်။

ကြည်ပြာ့မျက်နှာပေါ်မှ မာတင်းနေသော ကြွက်သားများ၏



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ကို ကျွန်တော့်နှလုံးသားက မခံနိုင်ပြန်။

ကျွန်တော် ဗိုလ်တထောင်ကျောင်း၏ လှေကားများကို ဘယ်နှစ်ကြိမ်ဆင်း၊ ဘယ်နှစ်ကြိမ်တက်ခဲ့ရသည်ကို မမှတ်မိတော့။ သေချာတာက ကျွန်တော် ဘယ်နေရာမှာမှ ကြာကြာနေလို့မရ။ ဘာအကြောင်းအရာကိုမှလည်း အဆုံးအထိ မတွေးဖြစ် . . . ။

ကျွန်တော် ငြိမ်ငြိမ်ကလေး ထိုင်နေသော်လည်း အသိစိတ်စီးကြောင်းတစ်လျှောက်တွင် ခံစားမှုက ရှန်းခနဲရုတ်ခနဲ ပြေးထွက်လွင့်စဉ်နေကြ၏။ ဘယ်အကြောင်းအရာနှင့်မှ အတည်မကျ။ သံရည်ကြိုသည့် မီးဖိုကြီးထဲမှ လွင့်လွင့်ထွက်လာသော မီးပွားများလိုပင် ကျွန်တော့် စိတ်သည် အရှိန်ပြင်းစွာ လောင်ကျွမ်းနေရာမှ တဖြောင်းဖြောင်း ပေါက်ကွဲကာ တစ်ဖောက်ဖောက်လွင့်စဉ် ထွက်နေ၏။ ကျွန်တော် ဒီလောက် ခံစားနေရသည်ဆိုတာကို ကြည်ပြာတာ့ကြောင့် မသိရသနည်း။ အသံထဲက မျက်ရည်များ ထွက်လာကြတော့မှာလားဟု ခကြာခဏ စိုးရိမ်ခဲ့ရသော ကျွန်တော့် စကားသံများကို ကြည်ပြာဘာ့ကြောင့် မသိရသနည်း။ ကြည်ပြာသည် ကျွန်တော့်ကို ချစ်တာရောဟုတ်ရဲ့လား။

ဗိုလ်တထောင်တက္ကသိုလ်ထဲမှာရှိသည့် ကျောင်းသားကျောင်းသူများက သူ့အရှိန်နှင့်သူ ရယ်မော်ပျော်ရွှင်စွာ အော်ဟစ်ဆူညံကာ ကျွန်တော့်နံဘေးမှ ဖြတ်လျှောက်သွားကြ၏။ ကောင်မလေးတစ်ယောက်က "ခဲတံ့ပျောက်သွားပြီ၊ ခဲတံ"ဟု အော်နေသည်။ ကောင်လေးတစ်ယောက်က သူ့ချစ်သူ၏ ခေါင်းကိုလက်ဝါးဖြင့် ပုတ်ကာ ပါးကို လိမ်ဆွဲရင်း ရယ်မောကာလျှောက်သွားကြ၏။

ကျွန်တော်ကတော့ ကြည်ပြာနှင့် ဖြစ်နေသော မပြေလည်မှုကိုရှ





ကို တစ်ကမ္ဘာလုံးနှင့် ပတ်သက်နေသည်ဟုထင်သည်။ သို့သော် ကျွန်တော်တစ်ယောက်တည်းပါကလား။ ကျွန်တော့် ပူပင်သောကကြောင့် ဘယ်သူမှ ဘာမှလည်းဖြစ်မသွားကြပါကလား။ ယနေ့မနက်မှာ ပန်းတွေပွင့်ခဲ့ပြီး နေမင်းလည်း ထွက်လာခဲ့၏။ ပုရွက်ဆိတ်များကလည်း တန်းစီကာ ဘယ်ကိုမှန်းမသိ အရေးတကြီးချီတက်နေကြ၏။ ခေါသံ၊ ထူးသံ၊ ရယ်သံများသည် သူ့လူနှင့် သူရှိနေကာ ကျောင်းသူကျောင်းသားများကလည်း ဟိုဘက်ဒီဘက် လမ်းလျှောက်ကာ ပျော်ရွှင်နေကြသည်။ ကားများကလည်း တဝေါဝေါ မောင်းနှင်သွားကြသည်။ ဗိုလ်တထောင် ဆိပ်ကမ်းမှာလည်း သင်္ဘောတွေ ဆိုက်လာကြ၏။ ဆန်အိတ်တွေ ထမ်းတင်နေကြသည်။ ဗိုလ်တထောင် ဘုရားထဲမှာလည်း ပန်းလှူသူလှူ ဆုတောင်းသူတောင်း လိပ်ကို အစာကျွေးသူကျွေး . . . ။

နေရာအစုံ လျှောက်သွားပြီးသည့်တိုင် ကျွန်တော့်ရင်ထဲက သောကသည် လျော့မသွား၊ ပိုလို့သာဆိုးလာ၏။ ငါတစ်ယောက်တည်းဟု သိလာလေလေ အားငယ်ကာ ရူးချင်ချင်ဖြစ်လာလေဖြစ်လေ သည်။ ကျောင်းထဲ ပြန်ရောက်လာပြန်ကာ ကျွန်တော့်လက်အချင်းချင်း အားရပါးရ ဆုတ်ကိုင်ထားမိသည်။ ငါ . . . နင့်ကိုခြောတတ်အောင် ချစ်ပါတယ် ကြည်ပြာရယ် . . . နင် ငါ့ကို နားသည်လိုက်ပါတော့။

ကောက်ကောက်ကွေ့ကွေ့ ပျံသန်းနေသော လိပ်ပြာတစ်ကောင်ကို ဖမ်းရတာ ကျားကို ဖမ်းရတာထက် ခက်သည်။ လိပ်ပြာတစ်ကောင်ကို ဝတ်ရည်နှင့် ထောင်ချောက်ဆင်ပြီး ဖမ်းလို့မရ။ ကြည်ပြာဟာ ငါ့ကို ချစ်မှချစ်ရဲ့လား။ ငါ့အပေါ်မှာ သံသယဇဉ်မှ



www.burmeseclassic.com

www.burmeseclassic.com



ရှိရဲ့လား။

ငါ့ကိုစာနာ နားလည်မှုရော ရှိရဲ့လား။

"ဟဲ့ . . . ရဲဝင်း ဘာတွေလာငေါင်နေတာလဲ၊ ကြည်ပြာနဲ့ အဆင်ပြေသွားပြီလား"

" . . . . . . "

"နင်က ဘာလို့ အဲဒီနေ့က သူ့ကို သွားအော်ရတာလဲဟ၊ ကြည်ပြာက နင့်ကို တော်တော်စိတ်ဆိုးနေတာ . . . "

"ငါလည်း မသိတော့ပါဘူး ယဉ်ယဉ်သိန်းရာ၊ အဲဒီကောင်တွေ ထိုးတာထက် ငါအခု ပိုနာနေပါတယ်၊ ကြည်ပြာ့ကို ပြောပေးကြပါဦး ဟာ . . . ငါလေ . . . ငါ . . . သိလား ငါ"

"ဟ၊ ကြည်ပြာက နင့်အကြောင်း လုံးဝအပြောမခံဘူးဟ"

"အဆင်ပြေသွားမှာပါကွာ . . . မင်းသိပ်လည်း စိတ်ပူမနေပါနဲ့ ခဏပေါ့၊ ဒါပေမဲ့ဘာမှတော့ ထပ်အူကြောင်ကြောင် မဖြစ်စေနဲ့တော့နော် သိလား"

"အေးပါကွာ . . . စိတ်ချပါ"

သူငယ်ချင်းအတွဲများ ရယ်ရယ်မောမောဖြင့် ထွက်သွားကြသည်။ ကျွန်တော် ငေါင်ကြောင်ကာ ကျန်ခဲ့၏။ ကျူရှင်ပြီးတော့မည်။ ကျွန်တော်ရောက်သွားတော့ ကြည်ပြာက မင်းထက်မောင်ဆိုသည့်ကောင်နှင့် တွဲထိုင်ကာ စာကျက်နေသည်။ မင်းထက်မောင် မျက်နှာက စပ်ဖြီးဖြီး။ မှိုနဲ့ ပုစွန်တုပ်ရောကြော်ကို ဝီစကီနှင့်မြည်းနေရသည့်ပုံ။ ကြည်ပြာနှင့် မင်းထက်မောင်၏ ပခုံးများထိနေကာ ပူးကပ်နေကြ၏။ ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားသည်။ မင်းထက်မောင်ဆိုသည့် ကောင်က ကြည်ပြာကို အရင်တုန်းက လိုက်ဖူးသည်။ ကျွန်တော်





ရင်သည် ချက်ချင်း ပူကျွမ်းကာလာ၏။

❄ ❄ ❄

"ကြည်ပြာ . . . ငါ့ကို နင် နားမလည်တော့ဘူးလားဟာ"

ကြည်ပြာက ကျွန်တော်ကို ငဲ့စောင်းပင်မကြည့်၊ နံဘေးမှ သူငယ်ချင်းတစ်ယောက်နှင့် ကျူရှင်ရီရယ်အကြောင်း တတွတ်တွတ် ပြောကာလာသည်။ မှတ်တိုင်ရောက်တော့ ထိုသူငယ်ချင်းက သွားမည် ဖြင့်သည်။ ကြည်ပြာက အတင်းဆွဲထား၏။ မာထန်ကာနေသော ကြည်ပြာ့မျက်နှာကို ကြည့်ကာ ကျွန်တော် အလိုလို မောလျလာသည်။ ရင်နာလာသည်။ သို့သော်ခက်သည်က မာနတရားသည် ဘယ်နေရာ ကို ရောက်နေသည်မသိ။ ကျွန်တော့်စိတ်ထဲတွင် ကြည်ပြာ နားလည် နှင့်လွှတ်လာရေးတစ်ခုတည်းသာ စိတ်စောလျက်ရှိလေသည်။

ကားလေးတစ်စင်း ထိုးရပ်သည်။ ကြည်ပြာပါသွားမည့်ကား ပေါ်မှာ ကျွန်တော်ပါ ပါလာနိုင်ဖို့လိုသည်။ ကျွန်တော်တို့ကားလေး နား တိုးကပ်လာကြသည်။ ကြည်ပြာက အပေါ်တန်းကို လှမ်းကိုင် သည့် အချိန်တွင်မှ ကျွန်တော်ကလည်း ကမန်းကတန်းထိုကားနှင့် ပါရအောင် အတင်းတိုးရသည်။ ကျွန်တော်က စပါယ်ယာတွယ်သည့် အတ် နောက်ဆုံးအပေါက်ဝတွင် နေရာရ၏။ ကြည်ပြာက အလယ် တန်း နောက်ဆုံးတွင်ရသည်။ ကျွန်တော်ပါလာသည်ကို သိသည့် အတွက် ကြည်ပြာက မျက်နှာကို မာတင်းထားသော်လည်း ကိစ္စမရှိ။ ဒီနေ့လောက်တိတိ နီးနီးကပ်ကပ် မနေခဲ့ရသော ကြည်ပြာနှင့် ဒူးချင်းထိကာ ကားလေးပေါ်မှာ အတူရှိနေပြီ။ ကျွန်တော့်သောကအတော်များများ



www.burmeseclassic.com

www.burmeseclassic.com



လွင့်ပျောက်သွားရ၏။

ကားလေးက မှန်မှန်မောင်းလာသည်။ သန်လျက်စွန်းဆို ရောက်တော့ အတွယ်ခြောက်ယောက်ဖြစ်လာသည်။ ညနေခင်း ကျောင်းဆင်းချိန်၊ ရုံးဆင်းချိန်ဖြစ်သဖြင့် ရန်ကုန်မြို့၏ ထုံးစံအတိုင်း ကားလေးမှာ အတွယ်များဖြင့် ဦးမော့ကာနေသည်။ နံဘေးမှတွယ် ရင်း ပါလာသော စပါယ်ယာကလည်း လေးကျပ်ခရီးကို နှစ်ကျပ်မ ပေးရေး၊ အတွင်းထဲမှ ကားခအကုန်ရရေး၊ နောက်ကား ကျော်မတက် ရစေရေး၊ လေးဆယ့်ငါးကျပ်တန်နှင့် ဆယ်တန်များကို ပြန်အမ်းမည် ဟု မကြာခဏ သတိပေးကာ စကားပြောခွင့်ရသူတို့၏ ထုံးစံအတိုင်း ဆူညံ၍ ကားလေးတစ်စင်းလုံးကို ကြီးကြပ်ကွပ်ကဲလာလေသည်။ ကျွန်တော်ကတော့ ပျော့ခွေနွမ်းယဲ့နေပြီဖြစ်သော ကျွန်တော့် နှလုံးသား ကို ကြည်ပြာက မျက်ဝန်းများမှမြင်ကာ ကျွန်တော့်ကို နားလည်လာရေး တစ်ခုကိုသာ အပြင်းအထန် ကြိုးစားအားထုတ်လျက်ရှိ၏။

ကြည်ပြာက ကျွန်တော့်ကို နားလည်ပြီး စကားပြန်ပြောမှ ကျွန် တော် ဒီနေ့အိမ်ကို ပြန်မည်။ သို့မဟုတ်လျှင် အရင်ညနှစ်ညတုန်း ကလိုပင် ကျွန်တော် အိပ်၍ရမည်မဟုတ်။ စိတ်ဆင်းရဲခြင်း ဝေဒနာ အပေါ်တွင် သာလျက်ရှိသော လမင်းနှင့် ခုန်နေသောကြယ်များ၏ အနိုင်ကျင့်မှုကို ကျွန်တော်မခံစားနိုင်တော့။ ခံစားတတ်သူတစ်ယောက် ၏ ဝမ်းနည်းအားငယ်နေသော အတွေးပေါ်တွင် လာ၍သာနေသော လရောင်သည် အရက်စက်ဆုံးစကားလုံးများကို ဆွဲထုတ်ပေးတတ် သည်။ ကဗျာဆရာတစ်ယောက်၏ ဝမ်းနည်းအားငယ်နေသောရင် သည် ခုန်နေသောကြယ်များနှင့်တွေ့လျှင် အနက်ရှိုင်းဆုံးတွင်းကြီးဖြစ် သွားတတ်သည်။ ဘယ်မျှအတွေးကို ဆန့်ထုတ်သည်ဖြစ်စေ အဆုံးကို





မရောက်နိုင်သော တွင်းနက်ကြီးထဲမှာ တစ်ညလုံး ကျွန်တော် အနှစ် မွန်းမခံနိုင် . . .။ ထိုစဉ် . . .။

"ဟာ . . . ရှေ့မှာ လှည့်ကင်း . . . လှည့်ကင်း၊ အစ်ကိုတို့ အထဲခဏဝင်ပေးကြပါ . . . လှည့်ကင်း"

ထိတ်လန့်တကြား ရူးရူးဝါးဝါးအော်လိုက်သော စပါယ်ယာ၏ အသံအဆုံးတွင် တွယ်စီးနေသောလူများ၏ ဦးခေါင်းများနှင့် ကိုယ်ခန္ဓာ အပေါ်ပိုင်းများက ဝုန်းခနဲကားပေါက်ဝမှ ဝင်လာကြသည်။ ထိုဦးခေါင်းများ၏ ရှေ့ဆုံးတွင် မုတ်ဆိတ်မွေးဖြူဖြူ တစ်ထွာလောက် နှင့် ကုလားကြီးတစ်ယောက်လည်းပါသည်။ ရုတ်တရက် တိုးဝင်လာ သော ကုလားကြီး၏မုတ်ဆိတ်ကြာဆံမွေးများက အလယ်တန်း အ ပေါက်ဝခုံတွင် ထိုင်နေသောကြည်ပြာမျက်နှာနှင့် တည့်တည့်တိုးလေ သည်။

ပထမ ကြည်ပြာလန့်သွား၏။ ဒုတိယ အံ့ဩသွားသည်။ ကုလားကြီး၏ မုတ်ဆိတ်မွေးများက ကားလှုပ်သည့်ဒဏ်၊ နောက်မှ တိုးဝင်ထားရသော ဦးခေါင်းများ၏ဖိအားတို့ကြောင့် ကြည်ပြာ့မျက်နှာ ကို ဆေးသုတ်သည့် Brush များနှယ် ပွတ်တိုက်နေကြသည်။

ကြည်ပြာ၏ နဂိုက မာတင်းထားသော မျက်နှာပေါ်တွင် ခေါသသည် ကုန်းပေါ်ပစ်တင်လိုက်သော ငါးတစ်ကောင်လို တဖျတ် ဖျတ်ခုန်၍ ရောက်လာသော်လည်း ကြည်ပြာ ဘာမှမတတ်နိုင်။ နောက်သို့လှန်၍ မုတ်ဆိတ်မွေးများကို ရှောင်သော်လည်း နောက်ကပ် သွတ်ခုံတွင် လူရှိနေသဖြင့် ဝေးဝေးလှန်၍မရ။ နံဘေးမှလည်း လှည့် ကင်းကြောင့် တိုးဝင်လာရသော ဦးခေါင်းများက ရှိနေသေးသဖြင့် တိမ်း၍မရ။ ကျွန်တော်က ကြည်ပြာ၏ မရှုနိုင်မကယ်နိုင်ဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်မွေးများအောက်မှ မျက်နှာကလေးကို လက်မောင်းများ၊ ဦးခေါင်းများအကြားမှ မြင်နေရကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေမိ၏။

"ရပြီ . . . ရပြီ . . . မောင်းထားဆရာရေ့ အတွယ်ခြောက်၊ ခေတင်နဲ့တော့"

ဦးခေါင်းများ လွှင့်ခနဲ ပြန်ထွက်သွားကြသည်။ ဒုက္ခမှ လွတ်လွတ်ချင်း ကြည်ပြာက ကုလားကြီးကို မျက်စောင်းဒိုင်းခနဲ လှမ်းထိုးကာ ပါးစပ်မှ ပွစိပွစိလုပ်သည်။ သို့သော် ကုလားကြီး၏ မျက်နှာက ခေါင်မိုးအပြင်ဘက်ရောက်၍ သွားပြီ၊ မုတ်ဆိတ်မွေးများကသာ ကြည်ပြာ့ကို လှောင်ပြောင်သည့်နှယ် လေအတိုးမှာ ယိမ်းနွဲ့နေကြ၏။

ဘာမဆိုင် ညာမဆိုင် ကြည်ပြာက နံဘေးမှ ကျွန်တော့်ကို မျက်စောင်းတဒိုင်းဒိုင်း လှမ်းထိုးသည်။ ဒီတစ်ကြိမ် ရရှိသော ကြည်ပြာ့ မျက်ဝန်းများကိုတော့ ကျွန်တော် ဝမ်းသာအားရခံယူမိသည်။ သုံးရက်တိတိအတောအတွင်း ကြည်ပြာ့ထံမှ ပထမဦးဆုံးရလာသော ထိုမျက်စောင်းများကို ကျွန်တော်အရမ်းချစ်သွား၏။ ဒီ မတော်မတဲ့အဖြစ်ကို အကြောင်းပြုကာ ကြည်ပြာ့ကို ကျွန်တော် စကားပြောနိုင်ပြီ မဟုတ်လား။ ကျွန်တော်တာလုပ်ပေးရလျှင် ကောင်းမည်နည်း။ ကျွန်တော်နှင့် နေရာချင်းလဲပေးလိုက်လျှင်တော့ အဆင်ပြေသွားနိုင်သည်။ သို့သော် ကျွန်တော် ကြည်ပြာ့ကို စကားမပြောရဲသေး။ ထအော်လိုက်လျှင် ဘယ်လို လုပ်မလဲ။ ကားလေးက မှန်မှန်မောင်းနေသည်။ ကျွန်တော် ခံစားရသမျှကို မျိုချကာ အရဲစွန့်ရ၏။

"ကြည်ပြာ . . . နင် . . ."

သို့သော် ကျွန်တော့် စကားမဆုံးခင် ကြည်ပြာက မျက်နှာကို အခြားဘက်သို့ လွှဲပစ်လိုက်၏။ ကျွန်တော့်ရင်ထဲမှာဟာပြီး ဝမ်းနည်း





သွားရ၏။ ဘာဆက်ပြောရမယ်မှန်းမသိလည်း ဖြစ်သွားသည်။ ကြည်ပြာက ကျွန်တော် ဒီလိုအခွင့်အရေးမျိုးကို ရှောင်နေသည်ဆိုတာ ကို သိထားပုံရ၏။ ကျွန်တော့်ကို ရက်စက်ဖို့ ဆုံးဖြတ်ထားသော သူမ စိတ်ကူးကို ဘယ်လို အခက်အခဲမျိုးနှင့်မှ အထိမခံ . . . ဟူသော အဓိပ္ပာယ်သည် ကြည်ပြာ့မျက်နှာပေါ်မှာ ထင်းထင်းကြီးပေါ်လျက် ရှိသည်။ ဘယ်မှတ်တိုင်မှ မရပ်ဘဲ မောင်းလာသောကားလေးက ဗူဒွန်တောင်ဈေးမီးပွိုင့်နားသို့ ရောက်ကာလာသည်။

"ဟာ . . . ရှေ့မှာ လုညွှကင်းဟ၊ အစ်ကိုတို့"

ကြည်ပြာက ကျွန်တော်နှင့် မျက်ဝန်းချင်းမဆုံရအောင် မျက်နှာကို ဟန်ထည်ကာမော့ထားခဲ့သဖြင့် ဒုတိယအကြိမ် ဝုန်းခနဲ တိုးဝင်လာသော ကုလားကြီး၏ မုတ်ဆိတ်မွေးများကို မျက်နှာတည့်တည့်မော့၍ ချိန်ပေးထားသလို ဖြစ်သွားလေသည်။ ကြည်ပြာ လန့်ဖျပ်ကာ ဦးခေါင်းကိုငုံ့၊ ထိတ်လန့်စွာ ညာဘက်လက်ကို ကိုင်ထားရာမှ လွှတ်ပြီး ကုလားကြီး၏ လည်ပင်းကို ပင့်တင်တွန်းသော်လည်း မုတ်ဆိတ်မွေးများက ကြည်ပြာ့နဖူးကိုတော့ မလွှတ်တမ်းပွတ်တိုက်နေ ကြသည်သာ ဖြစ်၏။ ထိုကုလားကြီးမှာလည်း လည်ပင်းလိမ်နေကာ ရှောင်စရာနေရာလွတ်က မရှိတော့။ သို့သော် ကြည်ပြာခံစားနေရမည် ဖြစ်သော ယားယံခြင်း၊ ဒေါသထွက်ခြင်း၊ ရှက်ခြင်းတို့ကို ကြည့်မနေ နိုင်တော့သဖြင့် ကျွန်တော်က အော်ရသည်။

"ဟေ့လူ . . . ခင်ဗျားမုတ်ဆိတ်က မျက်နှာကို ပွတ်နေပြီ၊ ခင်ဗျားမုတ်ဆိတ်"

ကျွန်တော်၏ ဒေါသဖြင့် အော်သံကြောင့် ကုလားကြီးက ချိုသော၊ ပြူးကြောင်သော မျက်လုံးများဖြင့် မုတ်ဆိတ်မွေးများက



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြာမျက်နှာကို ဘယ်ညာလွတ်တိုက်သွားကြပြန်သည်။ ကြည်ပြာက "တောက်" ကိုခတ်ကာ မျက်နှာကိုရသမျှ အတင်းငုံ့ရပြန်၏။ ကုလားကြီးတော့ ဘာကိုမှ နားလည်ပုံမပေါ်သေး။

"ခင်ဗျား မှတ်ဆိတ်က . . . ခင်ဗျားမှတ်ဆိတ်"

"ရပြီ ဘော်ဒါတို့ ရပြီ၊ လှည့်ကင်းတွေကလည်းကွာ၊ များလှပါလား၊ ကဲ . . . သီတာဆိပ်၊ ပုစွန်တောင်ဈေး၊ စာတိုက်၊ အသင်းတိုက်၊ ၉–လမ်း၊ ရုံးလေး . . . မှတ်တိုင်တွေ ကြိုပြော ထားကြနော်၊ အတွယ်ခြောက် ဆရာရေ့"

ဒုတိယအကြိမ် ဦးခေါင်းများ လွင့်ခနဲ ထွက်သွားကြပြန်၏။ ကြည်ပြာက ကုလားကြီး၏ ရင်ကို ဒေါသဖြင့် တွန်းပစ်လိုက်ကာ နှုတ်ခမ်းတွေကို ဖိကိုက်ရင်း တိုးတိုးကျိန်ဆဲသည်။ ကြည်ပြာအတော်ဒေါသထွက်နေပြီ။ ဒုက္ခပါပဲဆိုသော အတွေးသည် ကျွန်တော့် အသိဉာဏ်ထဲမှာ ဆူးတစ်ချောင်းလိုဝင်လာ၏။

"မှတ်ဆိတ်ကလည်း . . . တောက်၊ သေသာသေလိုက်ချင်တာပဲ၊ မျက်နှာကို ဟုတ်တယ်၊ မပြောလိုက်ချင်ဘူး၊ နံကလည်း နံသေးတယ်"

"ကြည်ပြာ . . . နင် ငါ့နေရာကို ပြောင်းထိုင်လိုက်ပါလားဟင်"

ကျွန်တော်ကလည်း ရသည့်အချိန်ကလေးကို အခွင့်ကောင်းယူ၍ မျက်နှာလုပ်ကာ ကြည်ပြာ့ကို စကားပြောရသည်။ သို့သော် ကြည်ပြာက ကျွန်တော့်ကို မဲ့ရွဲ့ကာကြည့်၏။

"ကြည်ပြာ . . . နင် ဒီနေရာကို လာလိုက်လေဟာ နေရာပြောင်းထိုင်လိုက်ရင် နင် . . ."





"လဲသေလိုက်၊ မလိုဘူး၊ နင် ငါ့ကို ဘာစကားမှ လာမပြောနဲ့"

ထိုစကားသည်လည်း ကြည်ပြာထံမှ ပထမဦးဆုံး ပြန်ရသည့် စကားပင်ဖြစ်သော်လည်း အကောင်းဆုံးတော့ မဟုတ်သေး။ နားမလည်သည့် အရိပ်အယောင်သည် ထိုစကားမှာ ပါနေဆဲ။ ကျွန်တော်စိတ်ထဲမှာ ဝမ်းနည်းသွား၏။ ကားလေးက ဘယ်မှတ်တိုင်မှာမှ ခရပ်ဘဲမောင်းလာ၏။ ကားပေါ်မှလူတွေကလည်း တစ်ယောက်မှ ဆင်းကြ မည့်ပုံမပေါ်။ တစ်ယောက်ယောက် ဆင်းသွားမည်ဆိုလျှင် ကြည်ပြာသည် ထိုဒုက္ခမှ လွတ်မြောက်သွားနိုင်ပါ၏။

နောက်တစ်ကြိမ် လှည့်ကင်းဆိုတာကိုတော့ ကြည်ပြာလည်း ကြောက်နေပုံရ၏။ ကျွန်တော်လည်း နံဘေးမှနေပြီး အသည်းယားကာ ထိတ်လန့်နေမိသည်။ ကြည်ပြာ၏ ဘာကိုမှထိမထင်သော ဒေါသစိတ်အကြောင်းကို ကျွန်တော် ကောင်းကောင်းသိပြီးသားမဟုတ်လား။ ဒီတစ်ကြိမ်ဆိုလျှင်တော့ ပြဿနာက သေးတော့မည်မထင်။ ကျွန်တော်ဘာလုပ်ရမည်နည်း။ ကျွန်တော့်ရင်တွေ တဝုန်းဝုန်း တဒိုင်းဒိုင်း။

ကျွန်တော် ကားပေါ်က ဆင်းပေးလိုက်လျှင် ကောင်းမလား။ သို့သော် ကြည်ပြာ့ဒေါသရိပ်က ကျွန်တော့်အပေါ်မှာ မပြယ်သေး။ ကြည်ပြာထံမှ အရင်ကလို ပြန်လည်ကြည်ဖြူမှုကို မရသေး။ တစ်ရက်တစ်ရက်နှင့် တော်ကြာညှိမရပြုမရဖြစ်မည်ကို ကျွန်တော် စိုးရိမ်သည်။ ဒီနေ့ည လမင်းကို ဇဝေဇဝါ အတွေးတွေ . . . တုန်လှုပ်စိုးထိတ်မှုတွေ အားငယ်ဝမ်းနည်းမှုတွေနဲ့ မငေးချင်တော့။ သို့သော် ကြည်ပြာ့ကိုလည်း ကျွန်တော် မကြည့်ရက်တော့။ ဆင်းပေးလိုက်တော့မည်ဟု ဆုံးဖြတ်ချိန်တွင် . . .။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ပုစွန်တောင် ခုံးတံတားအောက်မှာ လှည့်ကင်းဟ လှည့်ကင်း . . . လှည့်ကင်း"

စပါယ်ယာ၏ အထိတ်တလန့် ကြုံးအော်သံဆုံးတော့ ဝုန်းခနဲ ဦးခေါင်းများဝင်လာကြသည်ကို မော့ငေးမိစဉ် ကျွန်တော် လုံးဝ တွေးထင်မထားခဲ့သော ကြည်ပြာ့ခန္ဓာကိုယ်လေးက ကျွန်တော့်ရင်ခွင်ထဲ ဗွေ့ခနဲရောက်လာ၏။ အဟား . . .။ ကြည်ပြာ့ပုခုံးစွန်းကလေးနှင့် ထိလိုက်သောအခါ သုံးရက်တိတိ အုံးကျင်းဖွဲ့နေကြသော ဝမ်းနည်းလေးလံမှုများ ဖျတ်ခနဲ လွင့်စဉ်ထွက်သွားလေသည်။

သို့သော် တတိယအကြိမ် အရှိန်ဖြင့် ဝင်လာသော မုတ်ဆိတ်မွေးများနှင့် ကုလားကြီး၏ မျက်နှာသည် ကြည်ပြာက ရုတ်တရက် ရှောင်တိမ်းပေးလိုက်သည့် အတွက် ကြည်ပြာ့ပခုံးပေါ်မှ ကျော်ထွက်သွား ကာ ကြည်ပြာ့နောက်မှ တွေးချင်ရာတွေး၍ စီးလာသော အဒေါ်ကြီး တစ်ယောက်၏ မျက်နှာကို တည့်တည့်သွား၍ စူးလေသည်။

ထိုအဒေါ်ကြီးကလည်း ရုတ်တရက်မို့ လန့်ဖျပ်သွားကာ "အား . . ." ခနဲအော်ရင်း ကုလားကြီး၏ မျက်နှာကို ပင့်တွန်းကာ ကုတ်ဆွဲလိုက်သောကြောင့် ငုံ့ဝင်လာကြသော ဦးခေါင်းများ အချင်းချင်း တိုက်မိကုန်ကာ အော်ကြဟစ်ကြလေသည်။ တစ်ချို့ ဦးခေါင်းများလည်း ပြန်လန်ထွက်ကုန်၏။ ထိုဦးခေါင်းများကို စပါယ်ယာက "ဟာ လှည့်ကင်းပါဆိုနေမှ . . . လှည့်ကင်းဗျ" ဟု ထိတ်လန့်တကြားအော်ကာ ပြန်ထိုးထည့်၏။ ကားတစ်စင်းလုံး ဆူညံကာ ဝရုန်းသုန်းကား ပွက်လောရိုက်သွားသည်။

ကြည်ပြာက ကျွန်တော့်ရင်ခွင်ကလေးထဲမှာ မျက်နှာကို





အပ်ကာ တသိမ့်သိမ့်ရယ်လေသည်။ ကြည်ပြာ၏ ရယ်သံများသည် ကျွန်တော့်နှလုံးသားကို တစ်ချက်ချင်း တစ်ချက်ချင်း ထိမှန်ကာ ကမ္ဘာလောကသည် မူလအတိုင်းပြန်၍ ဖြစ်သွားလေသည်။ ကြည်ပြာ့ရယ်သံတွေက ထူးဆန်းပြီး ချိုမြိန်လှပါလား။ ကျွန်တော်လည်း ကားထဲမှ မြင်ကွင်းများကိုကြည့်ကာ ကြည်ပြာ့ပခုံးကလေးကို ဖက်ထားရင်း အော်ဟာစ်ရယ်လိုက်သည်။

ဦးခေါင်းများ လန်ထွက်လာသဖြင့် လှည့်ကင်းက ကားကို ဖမ်းသည်။ ကားရပ်ထားစဉ် ကားထဲက ရန်ပွဲကလည်း မသေးလှ။

"ဘာဖြစ်လို့ မျက်နှာကိုနော် ကုတ်သလဲ၊ စပါယ်ယာနော် . . . ဝင်ခိုင်းလို့ဝင်တယ်"

"သြော် . . . နင့်မုတ်ဆိတ်က မျက်နှာကို လာထိုးတာကိုးဟဲ့၊ ကိုယ့်မုတ်ဆိတ်ကိုယ် ကြည့်ထိန်းပါလား၊ လူကိုက မုတ်ဆိတ်နဲ့ဘာနဲ့"

"မုတ်ဆိတ်နော် . . . ဘာအပြစ်ရှိသလဲ"

"ဟုတ်တယ် ရှိတယ်၊ ရှင့်မုတ်ဆိတ်က လွန်ကိုလွန်တယ်၊ ဟုတ်တယ်"

"ဟဲ့ ကြည်ပြာ . . . ဝင်မပြောနဲ့တော့လေ"

ကားတစ်စင်းလုံး ဆူညံကုန်သည်။ ကုလားကြီးကလည်း အကုတ်ခံရသဖြင့် မကျေနပ်။ စပါယ်ယာကလည်း ခေါင်းတွေပြန်ထွက်လာသဖြင့် အဖမ်းခံရသောကြောင့် မကျေနပ်။ အဒေါ်ကြီးကလည်း မုတ်ဆိတ်ကို မကျေနပ်။ ဦးခေါင်းနှင့် သံတန်းဆောင်ခံသူတွေကလည်း မကျေနပ်။ ကားတစ်စင်လုံး တဟားဟား ရယ်ကြသည့် လူကလည်းရှိသည်။ ဒီတစ်ကြိမ်တော့ ကျွန်တော်ရော ကြည်ပြာ



www.burmeseclassic.com

www.burmeseclassic.com



ပါ တဟားဟား ရယ်ရသည့်ဘက်မှာ ရှိနေသည်။ ကြည်ပြာ၏ ပခုံးဦးစွန်းကလေးကလည်း ကျွန်တော့်ရင်ခွင်ထဲက မထွက်တော့။

သုဝဏ္ဏလမ်းဆုံရောက်တော့ ကျွန်တော်တို့ ဆင်းလိုက်ကြ၏။ သူမှန်သည်၊ ငါမှားသည်။ စပါယ်ယာ၏ လှည့်ကင်းအပေါ် မြည်တွန်သံ၊ အဒေါ်ကြီး၏ မုတ်ဆိတ် မုတ်ဆိတ်ဆိုသော အသံ၊ ကုလားကြီး၏ မကျေမနပ် ရန်တွေ့သံ၊ ရယ်သံ၊ ဖြေရှင်းပေးသံတို့ ဖြင့် ဥဒကားလေးသည် ဆူညံကာ ကျွန်တော်တို့နားမှ ထွက်ခွာသွား လေသည်။

ကြည်ပြာ့မျက်နှာပေါ်တွင် အပျော်နှင့်အရယ်သည် လတ်ဆတ်စွာ ခုန်လျက်ရှိသည်။ ကျွန်တော်ကတော့ မုတ်ဆိတ်ကိုရော လှည့်ကင်းကိုပါ ကျေးဇူးတင်နေမိသည်။ ဒီတစ်ကြိမ်လည်း ရယ်သံများက ကျွန်တော့်ကို ကယ်တင်လိုက်ပြန်သည်။ ချစ်ရပါသော မကြည်ပြာ။

"နင် အစောကြီးကတည်းက ငါ့ဘက်ကို တိုးလိုက်ရင် ပြီးရော ..."

"အေး ... ငါက နင့်ကို စိတ်ဆိုးနေတာကိုးဟ၊ ရယ်ရတယ်နော်၊ ငါရှောင်ပေးလိုက်တာ၊ ဟား ... ဟား ... ဟား ဟား"

"ဟိုအဒေါ်ကြီးက လန့်ပြီး တအားကုတ်ပစ်လိုက်တယ်ဟာ ကားလည်း အဖမ်းခံရတာပဲ"

"ကောင်းတယ်၊ အတွယ်တွေ အများကြီးတင်တာ၊ နေပေ့စေ"

ကြည်ပြာသည် ကလေးတစ်ယောက်လို ခုန်ပေါက်၍နေသည်။ ကျွန်တော် ဆုတ်ကိုင်ထားသော ကြည်ပြာ့လက်ကလေးက လွတ်လွတ် ထွက်သွား၏။ ခုကျတော့လည်း ကြည်ပြာ့မျက်နှာပေါ်တွင် ရက်စက်ချင်စိတ်၊ မာနနှင့် ဒေါသတွေ ဘယ်နေရာမှာမှ မရှိ





တော့။

"နင် ... ငါ့ကို စိတ်မဆိုးတော့ဘူးနော် ကြည်ပြာ၊ ငါ့မှာ ပင်ပန်းလိုက်တာ ကြည်ပြာရယ်၊ နင် သိပ်ရက်စက်တာပဲ၊ ငါ တကယ် ပြောတာ ... နင် ရက်စက်တယ်"

"ရက်ဆက်တာ ပြက္ခဒိန်ပေါ့ဟ၊ သိသားပဲ၊ နင့်ကို တမင်ပစ် ထားတာသိလား"

"မလုပ်ပါနဲ့ ကြည်ပြာရယ်၊ ငါနင့်ကို သိပ်ချစ်တယ်ဟာ အားလုံးပဲ သိလား"

"မပိုစမ်းပါနဲ့ဟာ ... ကဲ ပြန်ကြရအောင်"

"ကြည်ပြာ၊ စောပါသေးတယ်ဟာ၊ ငါတို့ ခုံးတံတားကြီးဘက်လျှောက်ပြီး ခုံတန်းကလေးတွေမှာ ထိုင်ရအောင်၊ ဟို ရန်ဖြစ်တဲ့နေ့ကိုလက်စားချေချင်လို့ပါဟာ၊ ခဏကလေးနော် ကြည်ပြာ"

"လဲသေလိုက်"

သို့သော် ထိုလဲသေလိုက်သည် ပြုံးသောနှုတ်ခမ်းသားများနှင့် ပျော်နေသော နှုတ်ခမ်းများမှလာသည့် ကြည်ပြာ၏ လဲသေလိုက်သာ ဖြစ်သည်။ ထိုင်ခုံကလေးတွေပေါ်ရောက်တော့ အတူထိုင်ကာ သုဝဏ္ဏ တံတားကြီးပေါ်မှ ညနေခင်းကို ငေးမောကြသည်။ ကျွန်တော်က ကြည်ပြာ့လက်ဖဝါးကလေးကို နွေးနွေးထွေးထွေး ဆုပ်ကိုင်ကာ ထားရင်း ကြည်နူးလာသည်။ ကြည်ပြာက ပြုံးကာရယ်ကာဖြင့် သုံးရက်အတွင်း ကျွန်တော့်ကို ရက်စက်ပုံတွေကို အသေးစိတ်ပြောပြ၏။

"ခေါက်ဆွဲသုပ်ကို သုံးလေးဇွန်းပဲစားပြရုံ၊ ခေါင်းကြီး ငုံ့ထားရုံနဲ့ ငါကနင့်ကို စိတ်ဆိုးပြေရမှာလား၊ တကယ်ဆိုရင် အသေအလဲ လိုက်တောင်းပန်ရမှာပေါ့ဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ငါ လိုက်တောင်းပန်တော့လည်း နင်က အော်ထုတ်တာကိုးဟ၊ နင် ဘာလို့ ငါ့ကို အော်တာလဲ"

"ဟဲ့ . . . ငါက စိတ်ဆိုးပြနေတာပဲ၊ အော်မှာပေါ့၊ နင်က ဘာပြောလို့လဲ အနောက်ကနေ ကြည်ပြာ ကြည်ပြာ ကြည်ပြာ . . . ဟုတ်တယ် ငါ့နာမည်ပဲ အော်နေတာကိုးဟ၊ ကြာတော့ စိတ်မရှည်တော့ဘူး၊ ပြောစရာရှိတာ ပြောပါလား။ တောင်းပန်စရာရှိ တောင်းပန်လိုက်ပါလား၊ နင်က ဘာမှ မပြောတော့ သူငယ်ချင်းတွေရှေ့မှာ ငါက ဘယ်လိုလုပ် စိတ်ပြေပြရမှာလဲ"

ကြည်ပြာက မဲ့ရွဲ့ကာ နှုတ်ခမ်းကလေးကို လန်နေအောင် ချွန်ရင်း ကျွန်တော့်လက်မောင်းကို ဆိတ်ဆွဲကာပြောသည်။

"ဒါနဲ့မျှား ကဗျာဆရာတဲ့၊ ဘာမှလည်း ကြွမပြတတ်ဘူး။ နင့်စာလုံးတွေ ဘယ်ရောက်နေလဲ"

"နင် အော်လိုက်ရင် ငါ လန့်လန့်သွားတာဟ၊ ငါ့ခေါင်းထဲမှာ ဟာလာဟင်းလင်း၊ ငါတစ်ညလုံး တွေးထားပါတယ်ဟာ နာနေတဲ့ ငါ့နှလုံးသားပေါ်မှာစကားလုံးတွေက တစ်လုံးပြီးတစ်လုံး တက်လာကြတာ . . . ဒါပေမဲ့ နင့်အော်သံကြားတော့ သေသွားတယ်ထင်ပါရဲ့၊ အော်လိုက်တဲ့ နင့်အသံ၊ နင့်မျက်လုံး၊ နင့်အအမူအရာ အဲဒါတွေပဲ ထင်းထင်းကြီးကျန်ခဲ့တာ၊ နင်က နှုတ်ခမ်းတွေကိုလည်း ကိုက်ပြသေးတာကိုးဟ"

"ဟဲ့ . . . အဲဒါမျက်လုံးကြီးပြူးပြီး တုန့်ခနဲ တွန့်သွားတဲ့ နင့်ပုံစံကိုကြည့်ပြီး ရယ်ချင်လို့ဟ၊ ငါ့နှုတ်ခမ်းကို မကိုက်ရင် ရယ်မိတော့မှာ . . . ရယ်ရင် နင်စကားရောဖောရောလိုက်လုပ်တော့မယ် မဟုတ်လား"





"ဟား . . . ဟား ဒီလိုလား၊ ငါက နင့်ကို သိပ်ရက်စက်တာပဲလို့ ထင်သွားတာ၊ နောက် ကင်တင်းကို နွယ်နွယ်နဲ့သွားတုန်းက ငါလိုက်လာတော့ နင်ငါ့ကို ဘာလို့ တွန်းပစ်တာလဲ"

"အံမယ် . . . ကိုယ်တော်၊ မတွန်းရင် ရမလား၊ ရှင်က ကြည်ပြာ တစ်ခါခေါ်လိုက် နှစ်လှမ်းလျှောက်လိုက်၊ ကျွန်မခြေထောက်ကို တက်နင်းလိုက် လုပ်နေတာ ဘယ်နှစ်ခါလဲ သုံးခါလေ၊ သုံးခါတောင်မှ"

"နင့်ခြေထောက်ကို . . ."

"အော် . . . နင်က မသိဘူးလား"

"ဟင့်အင်း . . . ဟား ဟား ဒါကြောင့် တွန်းတာလား၊ ငါ တက်နင်းမိလို့ နင်းမှန်းတောင် မသိပါဘူးဟာ . . . sorry ကြည်ပြာရယ် တော်တော်နာသွားသလားဟင်"

"လဲသေလိုက် . . . နောက်ကို ပြောစရာရှိတာ မြန်မြန် ပြောချ၊ နာမည်ကို အငမ်းမရ ခေါ်ခေါ်မနေနဲ့၊ ငါ့မှာ စိတ်သာ တအားဆိုးလိုက်ရတယ်၊ ဘာမှလည်း တောင်းပန်တာမခံဘူး၊ အဲဒီလှည့်ကင်းနဲ့ ခုတ်ဆိတ်ကြောင့် သိလား၊ နိုမို့ရင် နင် အနည်းဆုံး တစ်ပတ်ပဲ၊ နင့်ကို ရည်းစားလုပ်ရတာ သိပ်အူကြောင်ကြောင်နိုင်တာပဲ၊ Feeling ကို ခရှိဘူး"

"တော်ပါတော့ ကြည်ပြာရယ် . . . သုံးရက်တောင်မှ ငါ့မှာ သေမတတ်ပါဘဲ၊ နင်က ချစ်တော့သာ ချစ်တဲ့ပုံစံ မပေါက်တာ ရက်စက်တာကျ သိပ်တွတာပဲ၊ ငါ့ကို အဲဒီလို ရက်စက်ချင်တဲ့စိတ်တွေကို ဘယ်နေရာမှာ နင်သိမ်းထားတာလဲဟင်"

"ဒီလိုပေါ့ဟ . . . မိန်းကလေးဆိုတာ အတူမုလုပ်ပြတတ်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်”

“ငါသာ အဲဒီနေရာကလေးကိုသိရင် တိတ်တိတ်ကလေး နင့်ကိုယ်ထဲဝင်ပြီး ဖျက်ဆီးပစ်လိုက်မှာ”

ကြည်ပြာက “အာလူး”ဟု ပြောရင်း ကျွန်တော့်ငယ်ထိပ်ကို လှမ်းခေါက်သည်။ ကျွန်တော်က ကြည်ပြာ့လက်ကလေးကို ဖမ်းဆုတ်ထားလိုက်၏။

“ငါ့မှာ သုံးရက်စလုံး ပင်ပန်းလိုက်တာ ကြည်ပြာရယ် နင်ငါ့ကို ဘာကြောင့် ရက်စက်ချင်ရတာလဲဟင်”

“ချစ်လို့ပေါ့ဟ”

ကျွန်တော် ပျော်လွန်းသဖြင့် အကြည့်တွေကို အဝေးသို့ ပို့လိုက်ရ၏။ ကြည်ပြာလက်ကလေးကို ဆုပ်ကိုင်ထားရလျှင် ကျွန်တော့် ခန္ဓာကိုယ်သေးသေးကလေးသည် တစ်ကမ္ဘာလုံးနှင့် ပြည့်နေသည်ဟုထင်ရသည်။ ကျွန်တော်သည် ကြည်ပြာ၏ ရက်စက်မှုဆိုလျှင်တော့ နည်းနည်းကလေးမှ ခံနိုင်ရည်မရှိ။ ဒါမကောင်းဘူးဆိုတာကို သိသည့်တိုင်အောင် ဘာလုပ်ရမယ်ဆိုတာကိုလည်း ကျွန်တော်မစဉ်းစား။ မေတ္တာဆိုသည်မှာ ဖြူစင်လွန်းသွားလျှင် အသိဉာဏ်ရော အကြောင်းအရာပါ ပျောက်သွားလေ့ရှိသည်မဟုတ်လား။

တံတားကြီးနံဘေးက မြက်ရိုင်းပင်တွေပေါ်မှ ညနေရီလေပြည်က သူ့ကိုယ်လုံးကိုယ်ထည်ကို ပြကာ လူးလိမ့်နေ၏။ ကားများကတဝေါဝေါ ကျွန်တော်တို့ နောက်ကြောမှ ဖြတ်သွားနေကြသည်။ မြက်ပင်ရှည်များက နွဲ့လျကာ ကျွန်တော်တို့နှစ်ယောက်ကို ကငြနေသလို ထင်ရသည်။ နေရောင်ခြည်ညိုးကာ ကမ္ဘာထဲမှ ပြန်မထွက်ချင်သည့်နှယ်၊ မြက်ရိုင်းပင်များအကြား ဟိုးအမြစ်ဖွာအတွင်းထဲ အထိ





သူ့ဦးခေါင်းကိုနှစ်၍ ဖွက်နေသည်။ အပြာနုရောင် ကောင်းကင်နောက်ခံတွင် သုဝဏ္ဏလယ်ကွင်းများထဲမှ အိပ်တန်းပြန် ဗျိုင်းကလေးတစ်အုပ်က ကောင်းသောအိပ်မက်များကို သူတို့အတောင်ပံပေါ်မှ ခါချကာ ဟိုးအဝေးသို့ ပျံသန်းသွားကြသည်။

မကြာမီ စုဘူးထဲကို ကျပ်ပြားစေ့တစ်စေ့ ပစ်ထည့်လိုက်သလိုနေလုံးကြီးက ကမ္ဘာခုံးထဲဝင်သွား၏။ အရှေ့ဘက်မှ အရာထင်ခါစလမင်းကလေးက ကောင်းကင်ပေါ် ရောက်နေနှင့်ပြီ။ သို့သော် ကိစ္စမရှိ။ ဒီနေ့ည လမင်းကို ကျွန်တော် ရင်ဆိုင်ရဲပြီ။ ဟိုအရင် အလွမ်းတစ်ဝက်ဖြင့် ရင်ဆိုင်ခဲ့ရသောညတွေကို လက်စားချေနိုင်ပြီ။

သို့သော်. . .ကဗျာဆရာပီသစွာပင် ကျွန်တော်သည် ထိုနေ့ညက အလွမ်းမရှိသည့်အတွက် လမင်းကို တစ်ကြိမ်မှမော့မကြည့်မိခဲ့ချေ။

ချစ်ခဲ့ရပါသော . . . မကြည်ပြာ။ ။

www.burmeseclassic.com

www.burmeseclassic.com



ရေခဲမုန့်

www.burmeseclassic.com

www.burmeseclassic.com

# ရေခဲမုန့်

ကြည်ပြာသည့် ကျွန်တော့်အတွက် အောင်ဆုကိုပေးသည့် နတ်သမီး၊ မကောင်းဆိုးဝါးနှင့် မသိမိုက်မဲမှုတို့ကို တိုက်ဖျက်သူ၊ ခြင့် မြတ်ခြင်း၏ ပြယုဂ်၊ ပြည့်စုံခြင်း၏ သမီးပျို၊ အသွင်သဏ္ဍာန် အမျိုးမျိုးတို့၏ ကေရီ၊ ကြင်နာသနားခြင်းနှင့် ရက်စက်ခြင်းတို့၏ သင်္ကေတလည်း တစ်လှည့်စီဖြစ်သေး၏။ ကြည်ပြာသည် ကျွန်တော့် အိမ်မက်ညများစွာ၏ အနူးညံ့အလှပအခမ်းနားဆုံး စိတ်ဖြစ်စဉ်များ ဆုံစည်းရာလည်း ဖြစ်လေသည်။

နံနက်ခင်း၏ နေရောင်ခြည်သည် ညက မိုးရွာထားသဖြင့် သန့်စင်ပြောင်လက်နေသော သစ်ရွက်များပေါ်တွင် ခုန်လျက်ရှိသည်။ ညက်သံစီညံညံ၊ ကျီးအာသံသဲ့သဲ့တို့ဖြင့် ချစ်စရာကောင်းသည့် မနက်



www.burmeseclassic.com

www.burmeseclassic.com



ခင်းကလေးမှာ ကျွန်တော် အိပ်ရာမှ နိုးလာခဲ့သည်။ မနက်ခင်း၏ အသံဗလံများကို နားထောင်ကာ အိပ်ရာမှ မထသေးဘဲ ချစ်သူ အကြောင်းကိုတွေးကာ မှိန်းနေရသည့် အရသာဟာ ဘယ်လောက် များ တပ်မက်မှုးယစ်ဖို့ ကောင်းလိုက်ပါသလဲ။

ခုချိန်ဆို ကြည်ပြာကတော့ နှုတ်ခမ်းနီကို ညီအောင် ဂရုတစိုက် ဆိုးနေလိမ့်မည်။ ဒါမှမဟုတ် ကားမှတ်တိုင်မှာ ခပ်တည်တည် စတိုင်လ်ကလေးဖြင့် ရပ်ကာနေလိမ့်မည်။ မျက်နှာသစ်ပြီးသည်နှင့် ကျွန်တော့် ကိုယ်စောင့်နတ်က နတ်ပြည်အစည်းအဝေးသို့ ထွက်ခွာ သွားပြီး ဝိညာဉ်က ကြည်ပြာ့နံဘေးသို့ရောက်သွားသည်။ ယခုကြည် ပြာနှင့်ကျွန်တော် ချစ်သူသက်တမ်းနှစ်နှစ်ကျော်ခဲ့ပြီ။ အချစ်သည် နေ့စဉ်တွေ့၊ စကားပြောရယ်မော၊ ကျောင်းမှာ အတူထိုင်၊ ညနေ ရောက်ပြန်လျှင် ရုပ်ရှင်ကလေးဘာလေးကြည့်စသည့် အခြားအတွဲ တွေလုပ်သလို လိုက်လုပ်နေရတော့လည်း ပျင်းဖို့ကောင်းနေပြန်သည်။ ထိုအချိန်သည် အချစ်က ငြိမ်းချမ်းနွေးထွေးခြင်းတည်းဟူသော သူ့၏ ပျင်းရိငြီးငွေ့ဖွယ် မဟာဗျူဟာကြီးဖြင့် ကျွန်တော်တို့နှစ်ယောက်ကို စမ်းသပ်လျက်ရှိ၏။သို့သော် ကိစ္စမရှိ။ ကြည်ပြာနှင့်ပက်သက်လျှင် ကျွန်တော်သည် အမြဲတမ်း သွေးနွေးသတ္တဝါတစ်ကောင်ဆိုတာ သေချာပါသည်။

ကျောင်းကိုရောက်တော့ ထုံးစံအတိုင်း ဆူဆူညံညံ လှုပ်လှုပ်ရှားရှား။ ကောင်းကင်မှာ မိုးသာနည်းနည်းရှိကာ မေပြင်ထ စိုစွတ်၍ မိုးရနံ့က မွှေးပြီးစိမ့်ပြန်ကာနေ၏။ ကျောင်းပရိဝုဏ်သည် လိုက်ဖက်ထောင့်တိုင်းမှာ ပန်းတစ်ပွင့်စီပွင့်နေသည့် ပန်းတောကြီး တစ်ခုလို ပျော်စရာကောင်း၍နေသည်။





ကျွန်တော်စားပွဲကို ဝင်ထိုင်တော့ သူငယ်ချင်းတွေစုံနေပြီ။ နာ ရီတစ်လုံး၏ လက်တံတိုနှင့် လက်တံရှည်ကိုကြည့်လိုက်သည်နှင့် ဘယ်နှစ်နာရီဆိုတာ တန်းသိသလိုပင် ကြည်ပြာ၏ မျက်ဝန်းနှင့် နှုတ် ခမ်းများကို မြင်ရသည်နှင့် ကြည်ပြာဘာဖြစ်နေသည်ကို ကျွန်တော် သိသည်။ ကြည်ပြာက ကျွန်တော့်ကို ရူးရူးစိုက်စိုက်ကြည့်သည်။ သူငယ်ချင်းများက ငြိမ်နေကြ၏။ ကြည်ပြာပုံစံက မကျေနပ်သည့်ပုံ။ ဘာပါလိမ့်။

"ရဲဝင်း . . . ဟောဒါ ဘာလဲ"

ကြည်ပြာက စာအုပ်တစ်အုပ်ကို လွယ်အိတ်ထဲမှ ထုတ်ကာ အများစွန်းမှဆကာပြရင်း ကျွန်တော့်ကို ခပ်တည်တည်ဖြင့် မေးသည်။ ကျွန်တော် စဉ်းစား၍မရ။

"နင် မမှတ်မိချင်ယောင်ဆောင်မနေနဲ့ ရဲဝင်း၊ ကဲ ဘာသ ဘာလဲ ပြော . . ."

"ဟ ဘာလဲဟ၊ ငါနင်ပြောတာကို နားမလည်ဘူး၊ ဘာလဲ. . ."

"ဩ . . .။ ဒါမေဇင်ထိုက်ရဲ့ စာအုပ်လေ . . .၊Auto စာအုပ်။ ဒီစာအုပ်ထဲမှာ နင်ဘာရေးထားခဲ့သလဲ"

ကြည်ပြာက Auto စာအုပ်ကို ဝုန်းခနဲ စားပွဲပေါ်သို့ ပစ်တင် လိုက်သည်။

"မေဇင်ထိုက် . . ဘာဖြစ်လို့လဲ . . ."

"ရှုးချင်ယောင်ဆောင်မနေနဲ့၊ ရဲဝင်း၊ ဟောဒီစာအုပ်မှာ နင်ရေး ထားတာလေ . . .၊ နင်ရေးထားတာ ကဲ . . ."

ကြည်ပြာက ဒေါသတကြီးဖြင့် စာရွက်များ တဖြန်းဖြန်းလှန် သည်။ ကျော်သွားသဖြင့် ပြန်လှန်ရသေး၏။ စာရွက်များ ဖျတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သွားသည်။ Quink ပတ်ကားမင် အနက်ရောင်၊ ကျွန်တော့်လက်ရေး၊ "မမေဇင်ထိုက်ကို ခင်မိတဲ့အတွက် မမေဇင်ထိုက်ဟာ ဘယ်သူနဲ့မှ မတူတော့ပါဘူး. . ."ဆိုသည့်စာလေးတစ်ကြောင်း။

"ကဲ. . .အဲဒါဘာလဲ. . ."

"ဟာ. . .မေဇင်ထိုက်က ငါ့ကို Autoရေးခိုင်းလို့ ရေးပေးထားတာလေဟာ. . .၊ ကြည်ပြာကလဲ. . ."

"မမေဇင်ထိုက်ဟာ ဘယ်သူနဲ့မှ မတူတော့ဘူးဆိုတာ ဘာအဓိပ္ပာယ်လဲ"

ကြည်ပြာ့မျက်နှာထားက တင်းကာ မာထန်နေ၏။ ဂျာမန်ဂတ်စ်တာပိုစစ်သားက ဂျူးတွေကို ကြည့်သည့် အကြည့်မျိုးဖြင့် ကျွန်တော့်ကို ကြည့်သည်။

"ဘာအဓိပ္ပာယ်မှ မဟုတ်ပါဘူးဟ၊ လူများတွေရေးတာနဲ့ မတူအောင် တစ်မျိုးတွေးပြီး ရေးပေးလိုက်တာ၊ ဟိုလေ ဒါလီဆိုတဲ့ ပန်းချီဆရာကြီးတစ်ယောက်က ပြောဖူးတယ်၊ ကျွန်တော်ဟာ ဘယ်သူနဲ့မှ မတူအောင် လုပ်ထားတဲ့အရာတဲ့၊ ဒါလေးကို သဘောကျပြီး . . ."

"တော်ပြီ ရဲဝင်း . . .၊ နင့် အဘိဓမ္မာတွေ လာမပြောနဲ့၊ နင်ရေးတဲ့ အဓိပ္ပာယ်က မရိုးသားဘူး၊ ဟင် ဘယ်သူနဲ့မှ မတူရအောင် နင်ကသူ့ကို ဘယ်လိုခင်ချင်နေလို့လဲ၊ ဒါ နင်သက်သက် တိုထားတာ ငါမသိနိုင်ဘူးဆိုပြီး နင်ကြံထားတာ မဟုတ်လား"

ကြည်ပြာက စာအုပ်ကို ဖြန်းခနဲရိုက်ကာ ကျွန်တော့်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ အော်သည်။ သူငယ်ချင်းများ လန့်သွားကြ၏။ သေးဝိုင်းများက လှည့်ကြည့်ကြသည်။ ဒုက္ခပါလား။ ဘာ မဟုတ်သည့်ကိစ္စကို ကြည်ပြာ ဘယ်လိုဖြစ်ရတာလဲ။





"ငါက ရိုးရိုးသားသား . . ."

"လဲသေလိုက်၊ နင့်ကိုယ်နင်လည်းလှပြီထင်မနေနဲ့ ရဲဝင်း၊ တက္ကသိုလ်ဆိုတာ ကျဉ်းကျဉ်းလေးသိလား။ တော်တော် စကားလုံးတွေ အတွေးတွေကောင်းနေတယ်ပေါ့ . . . ဟုတ်လား၊ ဟိုဟာမကလည်း ပီတိဖြစ်လို့၊ ဖြဲ . . . အဲဒီစာရွက်ကို နင်ကိုယ်တိုင် ဖြဲပစ်လိုက်၊ ပြီးတော့ ခင်ပါတယ်လို့ပဲရေး၊ အောက်က Sign ထိုး"

"ဟာ . . . အားနာစရာဟာ၊ ဒါလေးရေး . . ."

"မလိုချင်ဘူး ရဲဝင်း . . .၊ ဒီစာရွက်ကို ဖြဲဆိုဖြဲနော်၊ ငါ့ဒေါသထွက်လာပြီ"

"ဟဲ့ . . . ရဲဝင်း၊ လုပ်လိုက်ဟာ ဘာမှ မဟုတ်တာလေးနဲ့ နင်ကလည်း နင်ပဲ"

မိုးမိုးက ဝင်တားကာ ထိန်းပေး၏။ ကျွန်တော် ဘာများ တတ်နိုင်ဦးမည်နည်း။ မေဇင်ထိုက်ကိုတော့ အားနာနေမိသည်။ ကြည်ပြာ ဘာဖြစ်နေတာလဲ။ ကြည်ပြာဟာ ကျွန်တော့်ကို သဝန်တိုနေတာလား။ ဒီလိုတွေးမိတော့ ရင်ထဲနွေးသွား၏။ စိတ်ချပါ ကြည်ပြာ၊ မင်း ဘယ်သူ့ကိုမှ မပေးစေချင်ဘူးဆိုရင် ငါ့ရင်ထဲက စကားလုံးတွေ အားလုံးဟာ မင်းအတွက်ပဲ ဖြစ်စေရမယ်။ မနာလိုဝန်တိုရာမှ လွတ်ထွက်လာသော ကြည်ပြာ၏ အချစ်ကို ကျွန်တော် ချိန်တွယ်နေမိသည်။ ပွတ်သပ်နေမိသည်။ ခံစားကြည်နူးနေမိ၏။

သဝန်တိုခြင်းဆိုသည်မှာ ချစ်ခြင်းမေတ္တာ၏ ရုပ်ဖျက်ထားသော ဒုတိယအမည်နာမ မဟုတ်လား။

"နင့်စိတ်တိုင်းကျ ရေးပေးလိုက်ပါ့မယ်ဟာ . . .၊ နင့်ကို ဒီထက်မကတဲ့ စကားလုံးတွေ ရေးပေးဖူးတုန်းကမခံစားဘဲ ဒါလေးကျမှ"



www.burmeseclassic.com

www.burmeseclassic.com



"လဲသေလိုက်၊ ငါ့ကိုလည်း ရေးပေးစရာမလိုဘူး၊ တခြားလူကိုလည်း မလိုဘူး၊ ဒါနောက်ဆုံးအကြိမ်ဖြစ်ပေ့စေ၊ ပေး . . . စာအုပ်၊ နင်ကြပ်ကြပ်သတိထားနော် . . . ရဲဝင်း"

ကြည်ပြာက ကျွန်တော့်ကို ကျိန်းမောင်းရင်း၊ စာအုပ်ကို လုကာ ပြန်ပေးဖို့ ထွက်သွား၏။ ကျွန်တော် ပျော်လွန်းသဖြင့် မျက်နှာ စပ်ဖြဲဖြဲ ဖြစ်နေသည်ကို သူငယ်ချင်းများက မျက်မှောင်ကြုတ်ကြသည်။

"အလကား . . . ကြည်ပြာသဝန်တိုနေတာ၊ ဘာမှ မဟုတ်တာလေးကို . . ."

ထိုစကားကို ကျေနပ်ဂုဏ်ယူပီတိဖြစ်စွာ ရယ်မောရင်း ပြောလိုက်သည်။ မိန်းကလေးတစ်ယောက်၏ အချစ်ကို ပုန်းအောင်းနေရာမှ ဘယ်လိုဆွဲထုတ်ရမည်ဆိုတာကို ကျွန်တော် ကံကောင်းထောက်မစွာ သိသွားခဲ့သည်။

"သဝန်တိုတာမဟုတ်ပါဘူး . . .၊ နင့်ကို နိုင်တာပါဟာ မသိရင်ခက်မယ်"

"သဝန်တိုတာပါဟ . . .၊ ခင်မိုးကို တို့နဲ့ ထမင်းသွားစားတုန်းကရော မတွေ့ဘူးလား၊ ထမင်းချိုင့်ကြီးကို [illegible]စ်လိုက်တာ"

"နိုင်တာပါဟာ . . ."

"သဝန်တိုတာ . . ."

"ဟုတ်ပါတယ်၊ ကြည်ပြာက နင့်နဲ့ပတ်သက်ရင် နည်းနည်းတော့ အကဲခတ်နေတယ်။ ငါတို့မိန်းကလေးဆိုတာ သံယောဇဉ်ဖြစ်သွားရင် ဒီလိုပါပဲ။ နင် အဲဒါကို သိပ်အူမြူးမနေနဲ့ ရဲဝင်း။ ကြည်ပြာက နင့်ကိုနိုင်တာရယ်။ သဝန်တိုတာရယ် ပေါင်းရင် ပြသနာ တက်ဦးမယ်"





"အေးပါဟ . . ."

လွင်မာ့စကားကို အပျော်ဖြင့် ထောက်ခံ လိုက်သည်။ ယဉ်ယဉ်သိန်းက မျက်နှာရှုံ့ကာ မျက်စောင်းလှမ်းထိုး၏။ ကြည်ပြာ၏ ချိုမြိန်သော သဝန်တိုခြင်းသည် မြေပြင်ကို နေရာမရွေးသော မိုးစက်များနှယ် ကျွန်တော့်နှလုံးသားထဲသို့ ရွာသွန်းလျက်ရှိသဖြင့် အေးမြလန်းဆန်းနေခဲ့သည်။

ထိုနေ့သည် ဇွန်လ ၂၆ရက်နေ့ ဖြစ်သည်။ ထိုနေ့တွင် မိုးလေဝသနှင့် ဇလဗေဒဌာနမှ မိုးရွာရန် ရာခိုင်နှုန်းရှစ်ဆယ် ရှိသည်ဆိုသော်လည်း မိုးမရွာခဲ့။ ထိုမိုးမရွာသော ဇွန်၂၆ရက်နေ့သည် ကြည်ပြာ၏ မွေးနေ့ဖြစ်လေသည်။

ကျွန်တော်ကတော့ မွေးနေ့တို့ဘာတို့ကို သိပ်အယုံအကြည်ရှိသူမဟုတ်။ စိတ်လည်းမဝင်စား။ မွေးနေ့ရောက်မှ ဘုရားသွားသူ၊ [illegible]တီးစိပ်သူတွေကို လှောင်ချင်သည်။ ယခုအသက်နှစ်ဆယ့်ခြောက်[illegible]ရှိသည့်တိုင်အောင် မွေးနေ့လည်း တစ်ခါမှ မလုပ်ဖူးခဲ့။ နေ့တိုင်း [illegible]တိုင်းသည် [illegible]ယောက်၏ မွေးနေ့ဖြစ်နိုင်တာပဲ မဟုတ်လား။ [illegible]ဆန်းသနည်း။

ပြီးတော့ [illegible] ၂၆ ရက်နေ့သည် ကြည်ပြာကို တကယ်[illegible]သော မွေးနေ့[illegible]မဟုတ်။ ပြက္ခဒိန်သဘောအရ ပြန်လည် တိုက်[illegible]ခြင်းသာဖြစ်၏။ [illegible]ကို တကယ်မဟုတ်သော နေ့အတုကြီးတွေ [illegible]တွေဘာတွေတောင်း၊ လက်ဆောင်တွေပေး၊ မုန့်တွေကျွေး၊ အချို့ဆို[illegible] သတင်းစာထဲက ဆုတောင်းတွေ ဘာတွေတောင် ထည့်[illegible]ကြ[illegible]မှာ ရယ်စရာလှောင်စရာကြီးကို ဖြစ်လို့နေသည်ဟု ကျွန်တော် [illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောပြသည့်အခါ ကြည်ပြာက ဒေါသတကြီး အော်သည်။ ငါက မိန်းကလေးဟဲ့ . . . သိလား . . . မိန်းကလေး ဟုဆိုသည်။ ဤမျှ အဓိပ္ပာယ်မရှိသော ကိစ္စကြီးကို ကြည်ပြာက မိန်းကလေးဖြစ်နေတာလေး တစ်ခုတည်းနှင့် ကျွန်တော် အဓိပ္ပာယ်ရှိ သည်ဟု မယူဆချင်။ သို့သော် ထိုမိန်းကလေးသည် ကျွန်တော်၏ ချစ်ရပါသော မကြည်ပြာဖြစ်နေသည့်အတွက် ထိုဇွန်လ ၂၆ရက်နေ့ ကို အတင်းအဓိပ္ပာယ်ရှိလိုက်ရ၏။

ကြည်ပြာကို Birthday present အတွက် ဘာပေးရလျှင် ကောင်းမလဲဆိုတာကို တစ်ပတ်တိတိ ခက်ခဲစွာ စဉ်းစားရသည်။ သို့သော် ကြည်ပြာကို ပေးစရာလက်ဆောင်ကို ကမ္ဘာပေါ်မှာရှာ၍ မတွေ့။ ကျွန်တော့်လက်ဆောင်သည် ကြည်ပြာ့အတွက် အဓိပ္ပာယ် လေးနက်ကာ အထိရောက်ဆုံး အသုံးဝင်စေမည့် ပစ္စည်းဖြစ်စေချင် သည်။ ကြည်ပြာ့ဘဝတစ်ခုလုံးအတွက် အဓိပ္ပာယ်ရှိရှိ သုံးစွဲနိုင်သည့် အရာ ဖြစ်စေချင်သည်။ လူ့ဘဝ၊ အချစ်၊ အနုပညာ၊ ကိုယ်ကျင့်တရား အတွေးအခေါ်၊ သစ္စာတရားစသည်ဖြင့် တစ်ပတ်လုံးစဉ်းစားလိုက် သည့်အခါ ကျွန်တော့် အတွေးအခေါ်များသည် တစ်နေ့ရာသို့ အဓိပ္ပာယ် လေးနက်စွာ ဖြတ်သန်းသွားကြပြီး နောက်ဆုံး ကြည်ပြာ ကိုပေးဖို့ အကောင်းဆုံးနှင့် အဓိပ္ပာယ်ရှိဆုံး လက်ဆောင်ကို သွားတွေ့ သည်။ ထိုလက်ဆောင်ထက် အဓိပ္ပာယ်လေးနက်၍ ခိုင်မာ မှုရှိသည့် ပစ္စည်းကို ကျွန်တော် ရှာမတွေ့တော့။

ထိုလက်ဆောင်မှာ ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရား ရေးသားသည့် ဆင်းရဲငြိမ်းအေးစာအုပ်ပင် ဖြစ်လေသည်။ လူ့ဘဝ ဘာကြောင့် ဘာသာတရားကို ကိုးကွယ်ကြသနည်းဆိုသည့် မေးခွန်း





ကို အထိရောက်ဆုံး အလွယ်ဆုံး ဖြေပေးထားသည့်စာအုပ်၊ သစ္စာလေးပါးနှင့် သတိပဋ္ဌာန်ရှစ်ပါးကို နားလည်ရအလွယ်ဆုံးဖြစ်အောင် ရေးသားထားသည့်စာအုပ်၊ ပဋိစ္စသမုပ္ပါဒ်နှင့် နိဗ္ဗာန်ကို အဓိပ္ပာယ်ပြည့်စုံစွာ ရှင်းပြထားသည့်စာအုပ်။

လူ့ဘဝတွင် ရောက်လာသည့် လူတစ်ယောက်အတွက် ဆင်းရဲငြိမ်းရေးသည် အဖြစ်သင့်ဆုံးနှင့် အလိုအပ်ဆုံးပင် မဟုတ်လား။ သို့သော် ကျွန်တော့်လက်ဆောင်ကို တွေ့သည့်အခါ ကြည်ပြာက မျက်နှာအကြီးအကျယ်ပျက်ကာ ဒေါသချောင်းချောင်း ထွက်သည်။ ကျွန်သူငယ်ချင်းများကလည်း ကျွန်တော့်ကိုလှောင်ကြပြောင်ကြ၏။ ကြည်ပြာက သူမကို ဂရုစိုက်၊ အရှက်ခွဲသည်၊ ကျွန်တော့်ကို ကြောင်သည်ဟု ရက်ရက်စက်စက် စွပ်စွဲပြန်၏။

"ဒါမွေးနေ့ဟဲ့ . . .မွေးနေ့၊ ဟင် . . .ဒါမွေးနေ့လက်ဆောင်ပေးရာလား . . .၊ ငါ မယ်သီလရှင်ဝတ်တာမဟုတ်ဘူး၊ တော်ပြီ ရဲဝင်း၊ နင်ဟာ အလကားကောင်၊ ဘာမှကို အသုံးမကျဘူး၊ နင်ဘာတွေနားလည်နေတာလဲ၊ ဘာတွေသိနေတာလဲ. ."

"မဟုတ်ဘူးလေ ကြည်ပြာရယ်၊ နင့်မွေးနေ့မှာ ငါက အဓိပ္ပာယ်. . ."

"အို . . . တော်ပြီ . . . တော်ပြီ၊ နင်ဘာမှကို ထပ်မပြောနဲ့တော့ဆို . . ."

နောက်ဆုံး ဆင်းရဲငြိမ်းအေးမှုမဲ့စွာဖြင့် တတွတ်တွတ်တောင်းပန်ကာ ထိုစာအုပ်နောက်တွင် Mix(25)ရေမွှေးတစ်ပုလင်း၊ ဝက်ဝံရုပ်ခေါင်းစည်းကြိုးလေးတစ်ခု၊ နှံ့သာယပ်တောင်ကလေး တစ်ချောင်းထည့်ပေးလိုက်တော့မှ ကြည်ပြာနှင့်မွေးနေ့ပွဲ ဈေးတည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်သွားသည်။ လွင်ဦးက ပိုက်ဆံချေးရသဖြင့် မကျေနပ်၊ မိုးမိုးက ပွစိပွစိ၊ မလွယ်လှပါကလား။

သူငယ်ချင်းတွေ ကြာဆံချက်သောက်ပြီး ပြန်သွားကြတော့မှ ကြည်ပြာနှင့် ကျွန်တော်က ကန်တော်ကြီးကို လစ်ကြသည်။ ဆင်းရဲငြိမ်း အေးစာအုပ် ပေးစဉ်က ထိုအစီအစဉ်ကို ဖျက်မည်လုပ်နေသဖြင့် မနည်းတောင်းပန်ထားရ၏။တော်ပါသေးသည်။ ကြည်ပြာကအားလုံးကို ကျေနပ်သွားကာ ပျော်နေပုံရ၏။

အခုတော့ ကြည်ပြာနှင့်ကျွန်တော် ထီးရိပ်တစ်ခုတည်းအောက်မှာ အတူယှဉ်လျှောက်ကာ ပျော်ရွှင်စွာဖြင့် ကန်တော်ကြီးထဲသို့ ဝင်ခဲ့၏။ ကန်တော်ကြီးမြေကို နင်းလိုက်ရသည်နှင့် ကျွန်တော့်ရင်က ငြိမ်းခနဲ ခုန်သွားသည်။ ချာလီထီးလက်ကိုင်ကို ကိုင်ထားသော ကြည်ပြာ့လက်ကလေးကို အုပ်မိုးကာကိုင်ရသည်။ ကြည်ပြာကလည်း ရင်ခုန်စွာလှည့် ကြည့်၏။ နေ့အလင်းရောင်၊ ကန်တော်ကြီးသစ်ရိပ်နှင့် မိန်းခလေးတစ်ယောက်၏ ရှက်ရွံ့စွာစွန့်စားလိုစိတ်များသည် ထီးအောက်တွင် ကမ္ဘာလေးတစ်ခု ဖြစ်သွားတတ်သည် မဟုတ်လား။

ကျွန်တော်တို့ နေရာကောင်းကောင်းကို ထိုင်ဖို့ရှာကြသည်။ သို့သော် ကိုယ့်ထက် ဝီရိယကောင်းသူတွေက နေရာကောင်းတွေ ဦးထားနှင့်ကြ၏။ ကျွန်တော်ရော ကြည်ပြာပါ ရင်ခုန်လွယ်နေသည့် တိုင် နေရာကမရသေး။ ချာလီထီးကလေးဆောင်းကာ ကန်တော်ကြီးထဲ လျှောက်ပတ်နေကြသည်။

"နေရာတွေကလဲ မရှိတော့ဘူးဟ၊ ရုံးကလေးပေါ် တက်မယ်ဟာ . . .နော် . . ."

ကြည်ပြာ့သဘောအတိုင်း ရုံးကလေးအပေါ် ရောက်တော့





လည်း နေရာကမရှိ။ ဆက်လျှောက်ရပြန်၏။

"ဟယ် . . .ရဲဝင်း၊ ရေခဲမုန့်ဆိုင်ဟ၊ ရေခဲမုန့် အရင်စားမယ်ဟာ . . .၊ ပြီးမှ နေရာရှာကြတာပေါ့"

ရေခဲမုန့်ဆိုပါကလား။ ကျွန်တော်ချက်ချင်း သဘောတူလိုက်သည်။ ရေခဲမုန့်ရောင်းသည့် စားဖျော်ဆိုင်ကိုရောက်တော့ လူတွေက တန်းစီကာစောင့်နေရသည်။ နို့ထည့်ထားတာ မခဲသေးလို့ဟုဆိုသည်။

"နည်းနည်းတော့ကြာဦးမှာ. . .၊ ဘယ်လိုလဲ၊ စားမလား"

"စားမယ်လေဟာ. . .၊ ခဏပဲ စောင့်ရမှာပဲဟာ၊ စောင့်မယ်"

ကျွန်တော်တို့ ချာလီထီးကလေးဆောင်းကာ တန်းစီကြသည်။ ကျွန်တော်တို့နောက်မှ မိသားစုတစ်စု လာတန်းစီသည်။ ကလေးတွေ လေးယောက်၊ ကောင်မလေးနှစ်ယောက်နှင့် အဒေါ်ကြီးနှစ်ယောက်ဖြစ်၏။ နေက အတော်ပူသဖြင့် ကလေးတွေက ဆူညံနေကြသည်။

"ကြည်ပြာ. . .နေပူတယ်ဟာ. . .၊ ငါတန်းစီရင်ရပါတယ်ဟ သွား. . .ဟို သစ်ရိပ်ကနေ စောင့်လေ"

ကြည်ပြာက မျက်ခုံးလေးပင့်ကာ သဘောတူရင်း သစ်ပင်ရိပ်အောက် ရောက်သွားကာ ထီးကလေးကိုပိတ်၊ လက်မှာချိတ်၊ စလင်းဘက်ကို ပြင်လွယ်ကာ စတိုင်လ်ဖြင့် ရပ်စောင့်သည်။ ကျွန်တော်တို့နောက်မှ မိသားစုကလည်း ကောင်မလေးတစ်ယောက်ကို ထားခဲ့ကာ ကြည်ပြာနှင့် မလှမ်းမကမ်းက စောင့်သည်။

"ရေခဲမုန့်က ဘာလို့ ဒီလောက်ကြာနေတာလဲဟင်"

"နို့ထည့်ထားတာ မခဲသေးလို့တဲ့"

"ဪ . . ."

ကျွန်တော့်နောက်မှ ကောင်မလေးကမေးသည်။ ကြည်ပြာကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်တော့ ကျွန်တော့်ကို ပြုံးပြ၏။ ရေခဲမုန့်ရလျှင် နေရာကောင်းကောင်းရှာမည်။ ကျွန်တော်ရင်တွေ တဒုန်းဒုန်းတဒိုင်းဒိုင်း။ ရေခဲမုန့်စားပြီးသွားတဲ့ ကြည်ပြာ့နှုတ်ခမ်းလေးတွေက ချိုမြနေမှာလား။ လျှာဖျားကလေးကရော. . .အေးစက်ပြီး မွှေးမြနေမှာလား။ ဒါကို ကျွန်တော် မကြာခင်သိရတော့မည်။ ကျွန်တော့် ရေခဲမုန့်တစ်ခွက်ထက် စာပြီးသွားတဲ့ကြည်ပြာရေခဲမုန့်က ပိုချိုနေမှာလား။

ရေခဲမုန့်ကို လာရောက်တို့ထိသော ကြည်ပြာလျှာကလေးကို ကျွန်တော် မှတ်ထားရမည်။ အိမ်မြှောင်ကလေး အစာဖမ်းသလို နေမှာပဲ။ ကြည်ပြာသည် သူမရေခဲမုန့်ကို မြန်မြန်ကုန်အောင်စားပစ်ကာ ကျွန်တော့်ရေခဲမုန့်ကို အရင်တုန်းကလိုပဲ လာလုစားဦးမည် . . .။

"ဟိုလေ . . . နို့က ခဲဖို့ တော်တော်ကြာလားဟင်"

"သိပ်မကြာပါဘူး၊ နောက်လေးငါးမိနစ်ဆို ခဲတော့မှာပါ"

"ဩော် . . .၊ နို့က ဘာဖြစ်လို့ ခဲသွားတာလဲဟင်"

"စက်ထဲမှာ အအေးခံတဲ့ ကိရိယာပါတယ်လေ. . .၊ ရေခဲသေတ္တာလိုပေါ့၊ ပြီးတော့ ရေခဲမုန့်ဆေးထဲမှာလည်း ဓာတုဗေဒပစ္စည်းတွေဘာတွေပါတယ်။ ကျွန်တော်လည်း အသေအချာတော့ မသိဘူး၊ ဒါပေမဲ့ မြန်ပါတယ်"

"ဟုတ်ကဲ့ရှင့်"

နောက်က ကောင်မလေးမေးသမျှကို ဖြေရင်း ကြည်ပြာ့ကို လှမ်းကြည့်တော့ နှုတ်ခမ်းဆူကာ အံကြိတ်ပြ၏။ ကြည်ပြာသဝန်တိုပြန်ပြီ။ ကျွန်တော် ပျော်သွား၏။ သဝန်တိုစိတ်နဲ့ ရေခဲမုန့်ဘယ်ဟာပိုချိုသလဲ။ သစ္စာနီရဲ့ ကဗျာတစ်ပုဒ်ကို သတိရသည်။ ရေခဲမုန့်ထဲမှာ နို့မဝတဲ့ကလေးရဲ့ မျက်ရည်ပါတယ်တဲ့။ ဟောဒီရေခဲမုန့်ထဲမှာတော့





ကြည်ပြာသဝန်တိုစိတ်ပါမှာပေါ့။

"အစ်ကို . . .တန်းကရွေ့နေပြီ အစ်ကိုရဲ့"

"ဟာ . . . ဆောရီး . . .ဆောရီး"

ကောင်မလေးက ပခုံးကိုတို့ကာ သတိပေး၏။ တန်းရွေ့သည့်အခါ တစ်ခါတစ်ရံ ကောင်မလေးက ကျွန်တော့်ပခုံးကလေးကို လက်ဖနှောင့် ဖြင့် တွန်းသည်။ ခဏကြာတော့ အပေါက်ဝသို့ရောက်သည်။

"ရေခဲမုန့် ခုနစ်ချောင်းပေးပါ"

ကောင်မလေးက ကျွန်တော့်ကိုကျော်ကာ သူ့ပိုက်ဆံကို ကောင်တာပေါက်ဝထဲ အရင်ထိုးထည့်ပြီး ကျွန်တော့်ကို လှည့်ပြုံးပြသည်။ ကျွန်တော်က ခေါင်းညိတ်ကာ သူ့ကို အရင်ဝယ်ခွင့်ပေးလိုက်၏။ ပြီးတော့ အထဲမှထုတ်ပေးသည့် ရေခဲမုန့် တစ်ခွက်ပြီးတစ်ခွက်ကို နံ့သားမှာ ထွပ်ရပ်နေသောကောင်မလေးကို ယူပေးရပြန်သည်။ ကောင်မလေးက သူ့မောင်လေးတွေကို တစ်ဆင့်ပေး၏။ ငါးခုမြောက်ရေခဲမုန့်က ကျွန်တော့်အင်္ကျီလက်မောင်းကို အနည်းငယ်စွန်းပေသွားသည်။

"ဟာ. . .ဆောရီးနော် အစ်ကို၊ ဆောရီး"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

ကောင်မလေးက သူမလက်ကိုင်ပဝါဖြင့် ကျွန်တော့်အင်္ကျီလက်ကို သုတ်ပေး၏။ ကျွန်တော် တားချိန်မရ၊ ရှိစေတော့၊ သူမလည်း အခွင့်အရေးယူထားသဖြင့် အားနာနေပုံပေါ်သည်။ အဟား . . .။ ကျွန်တော်တို့ ရေခဲမုန့်နှစ်ခွက်ရပြီ။

ရေခဲမုန့်နှစ်ခွက်ကို တစ်ဖက်စီကိုင်ကာ ကြည်ပြာအနားကို ရောက်တော့ ကြည်ပြာက ကျွန်တော့်ကို မဲ့ရွဲ့ကြည့်ကာ ခြေဆောင့်ပြီး ဖျတ်ခနဲ လှည့်ထွက်သွား၏။ ကြည်ပြာ သဝန်တိုပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကြည်ပြာ . . .၊ ရေခဲမုန့်ရပြီလေဟာ၊ ရော့ . . .ရော့"

"မစားဘူး၊ ငါ့ကို လာမပေးနဲ့၊ နင့်ဟာမတွေ နင်သွားပေး"

ကြည်ပြာက ဒေါသတကြီးပြန်အော်သည်။ ကြည့်စမ်း၊ ကြည်ပြာ သိပ်ကိုသဝန်တိုတတ်နေပါ့ကလား။ ကျွန်တော်ပျော်သွားရ၏။ ကြည်ပြာ့ကို ရအောင်ပြန်ချော့ရဦးမည်။

"နင်ကလည်းဟာ. . .၊ တန်းစီရင်း သူက စကားလာပြောလို့ပါဟ၊ ဘာမှမဟုတ်ပါဘူး၊ ရော့. . .ရော့"

"နင့်မျက်နှာကို ငါသိတယ် ရဲဝင်း၊ ငါ့ရှေ့မှာ ဘာမှ ဒီလောက်ရောနှောနေစရာမလိုဘူး။ ကွယ်ရာမှာဆို ငါမပြောဘူး၊ ခုဟာ. . . ငါ့ရှေ့မှာ၊ ဒါ ငါ့ကို ဂရုမစိုက်တာ၊ ငါ့ကိုစော်ကားတာ၊ သွား…ဘာမှ လာမကျေးနဲ့ မစားဘူး"

"ဟ . . . ဒုက္ခပဲ၊ ရေခဲမုန့်အကြောင်း ရှင်းပြနေတာပါ၊ သူက . . ."

"မလိုချင်ဘူး၊ မသိဘူး၊ တော်ပြီ ရဲဝင်း၊ နင့်ကိုယ်နင်လည်လှပြီထင်မနေနဲ့။ မစားဘူး . . .ထိုင်လည်းမထိုင်တော့ဘူး၊ ပြန်မယ် . . . ပြန်တော့မယ်"

"ဘာမဟုတ်တဲ့ဟာကို ပြဿနာမရှာပါနဲ့ဟာ. . .၊ ရော့. . . ရေခဲမုန့် ယူလိုက်စမ်းပါ"

"ဩ. . .၊ ဘာမှမဟုတ်ဘူးတဲ့လား၊ တန်းစီတာလက်မောင်းကိုကိုင်လို့၊ ပြီးတော့နင် ဘာဖြစ်လို့ သူ့ကိုကျော်ဝယ်ခွင့်ပေးလိုက်သလဲ. . .၊ လက်မောင်းကိုတို့ပြီး ဘာတွေပြောနေတာလဲ . . .၊ ကြည်နူးနေကြတယ်ပေါ့ . . .။ ဒါကိုမြင်လို့ နင်ငါ့ကို အဝေးသွားခိုင်းတာ မဟုတ်လား . . . အို . . .တော်ပြီ တော်ပြီ၊ ဒါ . . . ပြီးပြီ။ မစားဘူး ပြန်





မယ်၊ ငါပြန်မယ် ရဲဝင်း . . ."

ကြည်ပြာက ဖွင့်ထားသော ထီးအောက်ထဲသို့ ကျွန်တော်တိုးဝင်မလာစေရန် ထီးကို ဖျောင်းကနဲပိတ်ရင်း တအားကုန်းအော်သည်။ ကြည်ပြာအော်သံကြောင့် ခုနက ကောင်မလေးတွေရော ရေခဲမုန့်တန်း စီနေသူတွေကပါ ကျွန်တော်တို့ နှစ်ယောက်ကို လှမ်းကြည့်နေကြ၏။ ကျွန်တော် နည်းနည်းရှက်ကာ ဒေါသဖြစ်သွား၏။

"ကြည်ပြာ. . .နင်လွန်လာပြီနော်. . .၊ ဟိုမှာ လူများကိုအား နာဖို့ကောင်းတယ်၊ ရော့ ယူဆိုယူလိုက်၊ ရော့"

"ခြော် . . . နင့်ကောင်မထိတော့ နာတယ်ပေါ့၊ မစားဘူးဟေ့ . . . လွှင့်ပစ်လိုက်"

ကြည်ပြာက အော်ဟစ်ရင်း လှည့်ထွက်သွား၏။ ကျွန်တော်ရေခဲမုန့်နှစ်ခွက်ကိုင်ကာ ကျန်ရစ်သည်။ ရေခဲမုန့်များက လေဘိုက်သဖြင့် အရည်ပျော်စပြုနေပြီ။ ကြည်ပြာ့အော်သံကြောင့် ကျွန်တော် ရှက်လည်းရှက်လှပြီ။ သို့သော် ဘာမှမတတ်နိုင်။ ကြည်ပြာနောက် ပြေးလိုက်ရပြန်၏။

"ကြည်ပြာ . . .၊ ယူဆိုယူနော်၊ ဒီမှာ အရည်ပျော်တော့မယ်ရော့"

"လွှင့်ပစ်လိုက်၊ လဲသေလိုက်၊ မစားဘူး၊ နင်က နှာပူးသိလား . . .၊ နှာပူး"

ကျွန်တော့်စိတ် ဖျတ်ခနဲ လွှင့်ထွက်သွားသည်။ ဒေါသကြောင့် လက်ထဲမှာ ကိုင်ထားသည့် ရေခဲမုန့်နှစ်ခွက်ကို ကိုင်မြှောက်ကာ ဆောင့်ချပစ်လိုက်၏။ ကြည်ပြာက ဖျတ်ခနဲရပ်ကာ ကျွန်တော့် ဒေါသအပြုအမူကိုကြည့်ကာ စိန်ခေါ်ပြုံးပြုံးပြီး လှည့်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အံကြိတ်ကာ တွေတွေကြီး ရပ်နေမိသည်။ ဘာတွေဖြစ်ကုန်ရသနည်း။ သဝန်တိုတာ မဟုတ်ဘူး။ နှင့်ကိုနိုင်တာပါဟာ. . . ဆိုသည့် ယဉ်ယဉ်သိန်းစကားသံကို သတိရမိသည်။ ပျော်စရာကောင်းသောစိတ်ကူးများ အားလုံးပျက်စီးသွားခဲ့ပြီ။ ကျွန်တော် ဘာဆက်လုပ်ရမည်နည်း။

ခြေလှမ်းငါးလှမ်းလောက် ရောက်တော့မှ ကြည်ပြာက ရပ်ကာ ကျွန်တော့်ကို စိမ်းစိမ်းကားကား လှည့်ကြည့်လိုက်ရင်း နှုတ်ခမ်းများကို ကွေးတွန့်မဲ့ပြုံးပြုံးကာ "ငါ့နောက်ကို လုံးဝလိုက်မလာနဲ့" ဟုပြောရင်း ချာခနဲလှည့်ထွက်ကာ ထီးကိုမြှောက်၍ ခလုတ်ကို ဖျောင်းခနဲဖွင့်လိုက်သည်။ ထိုစဉ်. . .ဝုန်းခနဲပွင့်သွားသော ထီးရွက်များအကြားမှ ရေခဲမုန့်တုံးကြီးက ဖုတ်ခနဲ ပြုတ်ကျလာကာ ကြည်ပြာ့နဖူးပေါ် လာတင်သည်။ ကျွန်တော် ကြောင်သွား၏။ အရည်ပျော်နေသော ရေခဲမုန့်တုံးကြီးသည် ကြည်ပြာ့ နဖူးပေါ်မှ မျက်နှာ. . .၊ မျက်နှာပေါ်မှ အကျီပေါ်သို့ ရေတိုက်စားခြင်းခံလိုက်ရသော ကမ်းပါးတစ်ခုနှယ် လျင်မြန်စွာ ပဲ့ကျသွား၏။

"ဟိုက် . . ."

ကျွန်တော် ဒေါသဖြင့် ပင့်မြှောက်ဆောင့်ချလိုက်သော ရေခဲမုန့်ခွက်မှ ထိပ်သည် ကျွတ်ထွက်သွားကာ ကြည်ပြာကိုင်ထားသော ချာလီထီးထဲ ဝင်သွားပုံရသည်။ ကြည်ပြာလည်း ရုတ်တရက် ဘာဖြစ်သွားသည်ကို မသိသဖြင့် ကြောင်ကာ သူ့နဖူးကို အံသြစွာ ပြန်စမ်းသည်။ ဝိုင်းကြည့်နေသူတွေက သဘောပေါက်သွားကြကာ ကြည်ပြာကို ကြည့်ပြီး ဝါးခနဲဝိုင်းရယ်လိုက်ကြသည်။ ကျွန်တော် ထိတ်လန့်တကြီးအော်မိ၏။





"မကြည်ပြာ . . ."

"ရဲဝင်း . . . ရဲဝင်း . . . ဒါငါ့ကို တမင်လုပ်တာ ရဲဝင်း"

ဝိုင်းရယ်လိုက်သည့် အသံများကြောင့် အသိဝင်လာသည့်နှင့် တစ်ပြိုင်နက် ကြည်ပြာသည် ထီးကိုပိတ်ကာ ဓားတစ်ချောင်းသဖွယ် ကိုင်၍ ကျွန်တော့်ထံ တစ်ဟုန်ထိုး ပြေးဝင်လာလေသည်။

"ဟာ. . .ဟာ. . .မဟုတ်ဘူး ကြည်ပြာ၊ ငါလည်း မသိဘူး. . . ငါမသိဘူးဟာ"

ကျွန်တော်လည်း လန့်ဖျပ်ပြီး အော်ဟစ်ကာ လှည့်ပြေးရ၏။ ကြည်ပြာက လိုက်သည်။ လူတွေက တဝါးဝါးတဟားဟား ရယ်နေကြသည်။ ရှက်သည့်စိတ်နှင့် ကျွန်တော့်ကိုမိလျှင် တကယ်ရိုက်တော့မည်ဆိုတာ သေချာသည်။ ကျွန်တော် အော်ဟစ်တောင်းပန်ရင်း ပြေးရင်း ရေစပ်က သစ်ပင်တစ်ပင်ကိုတွေ့တော့ ကွေ့ပတ်ကာပြေးရ၏။

"ကြည်ပြာ. . .နင်နော်. . .အဲဒါ ငါမလုပ်ဘူး၊ ငါ. . .ငါ"

"ရဲဝင်း. . .နင်. . .ရဲဝင်း"

နောက်ဆုံး ကြည်ပြာသည် ကျွန်တော့်ကို လိုက်မရသဖြင့် ရှက် ရှ့ံဝမ်းနည်းဒေါသဖြစ်ကာ လက်ထဲမှ ထီးကို မြေပေါ်သို့ပစ်ပေါက် လိုက်ရင်း ခြေပစ်လက်ပစ်ထိုင်ချကာ ငိုလေတော့သည်။ ချာလီထီးက ခလုတ်ပွင့်၍ ဖျောင်းခနဲ ခုန်ထကာ ကျွန်တော်တို့ကို လှောင်ပြောင်သ လိုရှိသည်။

"ကြည်ပြာ. . . ကြည်ပြာ . . ."

ကျွန်တော် အနားသို့ မကပ်ရဲသေးဘဲ ခပ်လှမ်းလှမ်းမှ ရပ်ကာ ခေါ်ရ၏။ဘာပြောရမှန်းလည်းမသိ၊ ဘာကိုတောင်းပန်ရမယ် ဆိုတာလည်း မသိတော့။ အဖြစ်အပျက်က ဆိုးလှပါ၏။ ကြည်ပြာ



www.burmeseclassic.com

www.burmeseclassic.com



က ခေါင်းကိုငုံ့ကာ တသိမ့်သိမ့်ငိုနေသည်။ ကျွန်တော်လည်း ပြေးရလွှားရ စိတ်လှုပ်ရှားရသဖြင့် အတော်မောနေပြီ။ ဘာတွေဖြစ်ကုန်သနည်း။ အဘယ့်ကြောင့် ကြည်ပြာက ကျွန်တော့်ကို ထီးဖြင့် လိုက်ရသနည်း။

"ကြည်ပြာ . . . ငါလုပ်တာမဟုတ်ပါဘူးဟာ၊ မတော်တဆပါ . . . နော်၊ ကြည်ပြာ. . .ငါ့ကိုနားလည်ပါဟာ၊ နော်. . .ကြည်ပြာ. . .ကြည်ပြာ" ရပ်ကြည့်နေကြသူတွေထံမှ ရယ်သံတစ်သံထွက်လာသဖြင့် ကမန်းကတန်း ပါးစပ်ကို လက်ညှိုးဖြင့်တေ့ပြကာ မရယ်ဖို့ မျက်နှာငယ်လေးဖြင့် တောင်းပန်ရသေး၏။ ဒီတော့မှ အရယ်ရပ်ကာ စပ်ဖြီးဖြီး မျက်နှာများ ထွက်သွားကြသည်။ မလွယ်လှပါလား။

"ကြည်ပြာ"

တိုးတိုးခေါ်ရင်း တသိမ့်သိမ့်ငိုနေသော ကြည်ပြာအနားမှာ ဒူးထောက်ထိုင်ချကာ အရဲစွန့်ပြီး ပခုံးကလေးပေါ် လက်လှမ်းတင်ရသည်။ ကြည်ပြာက ခေါင်းမမော့ဘဲ လက်ကို ပုတ်ထုတ်၏။ ကျွန်တော် အသာကလေး ခဏငြိမ်နေလိုက်ရ၏။ ဒီအဖြစ်ဟာ ကျွန်တော့်ကို ကယ်တာလား၊ ဒုက္ခပေးတာလားဆိုတာ ခွဲလို့မရနိုင်။ လူက အူကြောင်ကြောင် ဖြစ်နေမိသေး၏။ ဘယ်သူ့ကို ဒေါသထွက်ရမှာလဲ၊ ဘာကို ကျေးဇူးတင်ရမှာလဲ။

"ကြည်ပြာရယ် . . . မငိုပါနဲ့တော့ဟာ၊ နော်. . .ငါ တောင်းပန်ပါတယ် ကြည်ပြာ"

ကျွန်တော် ကြည်ပြာ့ပခုံးကလေးအပေါ် လက်အသာတင်ကာ နှစ်သိမ့်နွေးထွေးစွာ ချော့ရသည်။ ကြည်ပြာ ကျေနပ်နိုင်ပါမလား။ ခဏကြာတော့ ကြည်ပြာ ဖျတ်ခနဲ ခေါင်းမော့လာကာ ကျွန်တော့်ရှေ့မှာ





ခွင်သေးသေးကလေးထဲသို့ ခေါင်းကိုငုံ့ကာ ဝမ်းနည်းတကြီးငိုပြန်သည်။ ကျွန်တော်ချက်ချင်း အနားမှာပွင့်နေသော ထီးကို လှမ်းယူကာ ဆောင်းထားလိုက်ရင်း ကြည်ပြာ့ပခုံးကလေးကို ပွတ်သပ်ကာ ချော့ရသည်။

"ငါတို့ . . . ဒါမျိုးတွေ ဖြစ်နေကျပဲ ကြည်ပြာရယ်၊ ဝမ်းနည်းမနေပါနဲ့တော့နော် . . .၊ ငိုပါနဲ့တော့ဟာ . . . တိတ်တော့ ဟုတ်လား၊ ကြဲကြဲဖန်ဖန်နော် ကြည်ပြာ"

"လဲသေလိုက်"

ကြည်ပြာက ခေါင်းမမော့ဘဲ အော်ရင်း ဆိတ်ဆွဲသည်။ တော်တော်နှင့်မလွှတ်၊ နာလိုက်သည့်ဖြစ်ခြင်း။ သို့သော် ကျွန်တော်မအော်ပါ။ တော်ပါတော့ ကြည်ပြာရယ် . . .လို့လည်းမပြောပါ။ ကြည်ပြာ ကျေနပ်ပါစေတော့ဟု ကြိတ်ကာခံသည်။ ဒီတော့ ကြည်ပြာအံ့ဩသလို ကျွန်တော့်ကို မော့ကြည့်သည်။ ကျွန်တော်သက်ပြင်းချကာ ကြည်ပြာကို ပြုံးပြလိုက်သည်။ ခေါင်းပြန်ငုံ့ကာ ကျွန်တော့်ကို ကိုက်ပြန်၏။ နောက်ဆုံးတော့ ကြည်ပြာ စိတ်ကျေနပ်ကာ ငြိမ်သက်သွားသည်။

ဒီတော့မှ လက်ကိုင်ပဝါကို ထုတ်ကာ ကမ်းစပ်မှာ ရေသွားဆွတ်ပြီး ရေခဲမုန့်ဖြင့် ကပ်စီးကပ်စီးဖြစ်နေသော ကြည်ပြာဆံစများနှင့် [illegible] ကို သုတ်ပေးရ၏။ အကျီမှ ရေခဲမုန့်ဖတ်များကို ဖယ်ရှားပေးရသည်။ ကြည်ပြာက နှာခေါင်း . . . နှာခေါင်းဆိုသဖြင့် နှာသီးဖျားကလေးကို သုတ်ပေးရသေး၏။

ထိုအဖြစ်အပျက်ကို ဒုက္ခဟု တစ်ဦးဦးကပြောလျှင် ကျွန်တော် ငြင်းမည်။ ပျော်စရာဟု သတ်မှတ်လျှင်လည်း ထိုပျော်စရာမျိုး[illegible] ကျွန်တော် နောင်ဘယ်တော့မှ မရချင်တော့ပါ။ လူများနဲ့ ဘယ်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



မတူအောင် ချစ်ခွင့်ကြုံချင်တယ်ဆိုတာ ခန့်ထည်သည့်ချစ်ခြင်းမျိုးကို ပြောတာ၊ ဒါမျိုးမဟုတ်ဘူးဟု တစ်စုံတစ်ရာကို ကျွန်တော်တိုင်တည် တောင်းပန်နေမိသည်။

နေရောင်က ကန်ရေပြင်လှိုင်းများပေါ်တွင် တလဲ့လဲ့တောက်ပကာ ဟိုအဝေးကို ဆန့်ထွက်သွားကြ၏။ သစ်ပင်ပေါ်မှ အိပ်တန်းတက်ငှက်တွေ ကျူတ်စီညံကာ နေကြသည်။ ကျွန်တော်တို့နှစ်ယောက်စလုံး မောလျှစွာ တိတ်ဆိတ်ငြိမ်သက်နေကြသည်။

ကျွန်တော် နဖူးကလေးကို ဖိကပ်နမ်းသည့်အခါ ကြည်ပြာနဖူးကလေးက ရေခဲမုန့်ရနံ့မွှေးကာ ချိုမြနေလေသည်။ ချစ်ရပါသော မကြည်ပြာ . . .။ ။

♥



ဗိုလ်ချုပ်ဈေး

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်ဈေး

ကြည်ပြာက မဲ့ကာရွဲ့ကာ အနိုင်ရနေကျ မျက်စောင်းထိုးရင်း စကားကိုဆက်သည်။

"ငါလည်း ပထမတော့ ကြောင်နေတာပေါ့၊ ဘာမှန်းမသိဘူး၊ နဖူးကြီးကို အေးသွားတာပဲသိတာ . . . ရေခဲမုန့်တုံးကြီးမှန်းလဲသိရော စိတ်လွှတ်ပြီး သူ့ကို လိုက်ရိုက်မိတာပေါ့၊အံ့မယ် . . .ရဲဝင်းက သစ်ပင်ကို ပတ်ပြေးကာ ခလုတ်တိုက်ပြီးလဲလို့ သိလား၊ နို့မို့ရင်တော့လား"

မိုးမိုးနှင့် ယဉ်ယဉ်သိန်းက တခွီးခွီးလုပ်ကြပြန်သည်။ ကျွန်တော်မရယ်နိုင်။ ကြည်ပြာနှုတ်ခမ်းများသည် လေးညို့ကို တင်းအောင်ဆွဲထားသောလေးလို ကွေးတွန့်နေကြ၏။ ကျွန်တော် သခါပြင်းကို ချီချရသည်။ ကျွန်တော် ဘာ့ကြောင့် ကြည်ပြာကို ဒီလောက်ချစ်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ ဘယ်လိုကံကြမ္မာကြောင့် ဒီလိုအဖြစ်မျိုးတွေချည်း ဖြစ်နေရတာလဲ။

"ကောင်းတယ်လေ . . . သူ ရေခဲမုန့်ဝယ်ပေးခဲ့တဲ့ ကောင်မလေးတွေကပဲ သူ့ကိုကြည့်ပြီး ရယ်ကြတာ အာကိုပြဲလို့ ကောင်းတယ် အဲဒါကြောင်ချင်ဦး"

"ကြည်ပြာ . . .၊ နင်တော့ဟာ ငါလူမှုရေးပါလို့ ဘယ်နှစ်ခါပြောရမလဲ။ ငါ့စိတ်ထဲမှာ နင်ကလွဲပြီး ကျန်တဲ့မိန်းကလေးတွေရဲ့ မျက်နှာတွေဟာ ဗလာပဲ။ ဗလာ ဘာမှမရှိဘူး သိလား"

"လဲသေလိုက် . . .၊ ဘာ ဗလာလဲ၊ ဗလာ . . . တဲ့"

ကြည်ပြာခါးကို ဖျတ်ခနဲ ထောက်သည်။ ပြီးတော့ ခါးထောက်ကိုဖြုတ်ကာ နှုတ်ခမ်းကိုကိုက်ပြီး ကျွန်တော့်လက်မောင်းကို ဆိတ်သည်။ သူ့နှုတ်ခမ်းကို ပိုဖိကိုက်ခြင်းဖြင့် ကျွန်တော့် နာကျင်မှုကို ပိုပို တိုးစေသည်။ ကျွန်တော် တစ်ချက်မှမအော်ဘဲ ကြည်ပြာ့မျက်ဝန်းထဲမှာ ကျွန်တော့်ကိုထားသည့် ရက်စက်ချင်စိတ်ကို စူးစိုက်ကြည့်ကာရှာ၏။ နာကျင်မှုနှုန်းက တော်တော်မြင့်လာသည်။ သို့သော် ကြည်ပြာ့မျက်ဝန်းထဲမှာ ရက်စက်ချင်စိတ်ကိုမတွေ့ရ။ ရှိပါစေ။

"ကဲ . . .၊ တော်ပါတော့ဟာ ဖြစ်လိုက်ရင် ဒီလိုချည်းပဲ ဆိုတော့ ရိုးနေပြီ။ နောက်တစ်ခါ ကန်တော်ကြီးမသွားနဲ့ ကန်တော်ကြီးသွားရင်လည်း ရေခဲမုန့်မစားနဲ့၊ ရေခဲမုန့်စားရင်လည်း ချာလီထီးမဆောင်းနဲ့၊ ချာလီထီးဆောင်းရင်လည်း ရေခဲမုန့်မစားနဲ့ ဟား . . . ဟား . . . ဟား "

နောက်ဆုံးတော့ ဒီလိုပင် ဘေးလူရယ်သံများနှင့် ကျေအေးလိုက်ရသည်သာဖြစ်သည်။ လွင်ဦးက သူ့စကားကို သူသဘောကျ





ကာ ကဗျာရွတ်သလို ရွတ်နေသေး၏။ ကြည်ပြာက ရှေ့မှ ကော်ဖီအကျန်ကို ဂွတ်ခနဲ ဆွဲသောက်ပြီး . . . ကျွန်တော်တို့ လူစုခွဲကာအတန်းကိုယ်စီ တက်ကြသည်။

တတိယအချိန်ပြီးတော့ ကြည်ပြာက သူမတို့အတန်းထဲက ကျွန်တော်နှင့် မျက်မှန်းတန်းမိရုံကောင်မလေးသုံးယောက်နှင့် ကျွန်တော့်ထံရောက်လာ၏။ ကြည်ပြာ့ပုံစံက နပိုလီယံခေတ်က စစ်မြင်းတစ်ကောင်လို ခပ်မြူးမြူး ခပ်ကြွားကြွားရှိသည်။

"ဟဲ့ . . . ရဲဝင်း၊ ငါတို့ ဗိုလ်ချုပ်ဈေးသွားမလို့၊ နင်ငါ့ကို စောင့်မနေနဲ့တော့ ပြန်နှင့်သိလား"

"ဗိုလ်ချုပ်ဈေး . . . ငါလည်းလိုက်မယ်လေဟာ"

"ပြန်ပါဆိုဟာ ဖူးဖူးတို့နဲ့သွားမှာ ကြာမှာဟ ပြန်တော့နော်"

"လိုက်မယ်ဟာ နင်ကလည်း . . . ငါပါတော့ ဘာဖြစ်လဲဟာ"

"ဟဲ့ . . . ငါတို့က ထဘီသွားဝယ်မှာ"

"ဘီဘီဟာ ငါလည်းလိုက်မှာပေါ့ . . . ဗိုလ်ချုပ်ဈေးဆို ဘာဖြစ်လဲဟ"

ကြည်ပြာက သူ့သူငယ်ချင်းများကို ဘယ်လိုလဲဆိုသည့် သဘောနှင့် လှည့်ကာကြည့်သည်။ ကောင်မလေးတွေရဲ့ မျက်နှာက မှုန်ကုပ်ကုပ်နှင့် ကျွန်တော့်ကို ခေါ်ချင်ပုံမပေါ်။ ဒါပေမဲ့ ကျွန်တော်က ဒီတစ်ကြိမ်မှာတော့ ချစ်သူရည်းစားတို့၏ ရပိုင်ခွင့်လိုင်စင်ကို အပြည့်ယူထားသည့် မျက်နှာမျိုးဖြင့်နေလိုက်သည်။ ကြည်ပြာက သက်ပြင်းကိုချသည်။

"ကဲ . . . ပြောမရလဲလိုက်ခဲ့၊ ဟိုကျရင် နင်ဇိဇာမကြောင်နဲ့နော် ရဲဝင်း . . . ပြီးတော့ ဘာပြဿနာမှလည်း မဖြစ်စေနဲ့သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟ . . . နင်ကလည်း"

ဒီလိုနှင့် ကားပေါ်ရောက်ကတည်းက ကြည်ပြာသည် ကျွန်တော်ကို သေးထားကာ အဖော်များနှင့် စကားတတွတ်တွတ်များ တော့သည်။ ဆိုရွှဲ၊ ရှန်မွိုင်း၊ ဘီဘဲ၊ ကြောင်ခြစ်၊ ရေခဲသား၊ ရေခဲလှိုင်း၊ ဂျပန်စီကော၊ တရုတ်စီကော၊ စိန်ကတ္တီပါ၊ မှန်နိုင်လွန်၊ ပါတိတ်၊ ပန်းသီးပါတိတ်၊ တော်ပင်၊ ဘူးဆေးရေးပါတိတ်စသည့် ကျွန်တော်နားလည်နိုင်စွမ်းမရှိသော အမည်များကို လေးယောက်စလုံး အလုအယက် အော်ပြောကြတော့သည်။ သူတို့အော်သမျှ ကျွန်တော်ဘာမှ နားမလည် ဘာကိုမှလဲမသိ၊ သို့သော် ပေးပြီးသောကတိကြောင့် ကျွန်တော့်မှာ ဘာကိုမှကန့်ကွက်ခွင့်မရှိဘူး မဟုတ်လား။

ကဗျာဆရာ စာရေးဆရာများ အလုအယက် ငြင်းခုန်ဆွေးနွေးကြသလိုပဲပေါ့ဟု ဖြေတွေးတွေးရသည်။ စကားလုံးများနှင့် အမည်များသာကျွသည်။ စိတ်အားထက်သန်မှုနှင့် ရူးသွပ်မှုက သိပ်မကွာလှ။ မျက်ဝန်းများတောက်ပကာ ရွှင်မြူးနေသည့် ကြည်ပြာမျက်နှာကို ငေးမောကာ ကျွန်တော်လိုက်လာခဲ့သည်။ ကားပေါ်က ဆင်းတော့လည်း ကြည်ပြာသည် နံဘေးကကျွန်တော့်ကို တစ်ချက်မှလှည့်မကြည့် ကျွန်တော့်နံဘေးမှာလည်း ငြိမ်ငြိမ်မနေ၊ စကားလုပြောဖို့ ဟိုဘက်ကပ် ဒီဘက်ကပ်နှင့် တော်တော်အလှုပ်ရှုပ်နေပုံရ၏။

"ဖူးရဲ့သိလား . . .၊ စီကေကျတော့ ဂျပန်က ပိုကောင်းတယ် ဖင်မဝင်း စီကေကြည့်ပါလား၊ အမယ်လေး ပြောရဦးမယ်၊ မောဘယ်လ် ပါတိတ်လေ အလကားကြွားမ၊ ထောင့်ရှစ်ရာ လုံးဝမဟုတ်ဘူး ထောင့်တစ်ရာတဲ့ မေးပြီးပြီ၊ မှန်နိုင်လွန်တော့ ကြည်ပြာနဲ့ မဈေး ရေခဲလှိုင်းတော့ ကြိုက်တယ်"





ဗိုလ်ချုပ်ဈေးရောက်သည့်အခါ ကြည်ပြာသည် ကျွန်တော်ပါလာသည်ဆိုသည်ကိုပင် မေ့သွားပုံရလေသည်။ စကားတိုးတိုးတတွတ်တွတ်ပြောလိုက်၊ ဖြန့်ခင်း ဆွဲချိတ်ထားသော အဝတ်အထည်များကို လက်ညှိုးထိုးလိုက်၊ ခုန်လိုက်ပေါက်လိုက်၊ မျက်နှာက တည်သွားလိုက် မျက်မှောက်ကြုတ်လိုက်နှင့် ကြည်ပြာ၏ မျက်ဝန်းများသည် တောနက်ထဲသို့ ဝင်လာသော မုဆိုးတစ်ယောက်နှင့်တူသည်။ သို့မဟုတ် မော်ရုံတောမှာ ရွှေသမင်ကို မြင်သွားသော သီတာဒေဝီ၏ မျက်ဝန်းများနှင့်လည်း တူသည်။

တစ်အုပ်စုလုံး ဗိုလ်ချုပ်ဈေးကို တစ်ပတ်ပတ်ကြသည်။ ဘာပစ္စည်းကိုမှလည်း မဝယ်။ ဘယ်ဆိုင်မှလည်း ဝင်မမေးသေး၊ ကြည်ပြာမျက်ဝန်းများသည် တဖျတ်ဖျတ်ခုန်နေကာ ကျွန်တော့်ကိုရော သူမကိုယ်သူမပါ မေ့လျော့နေပြီး ကြည်ပြာမျက်နှာပေါ်တွင် မိန်းကလေးတို့၏ ဗီဇဝိညာဉ်တစ်ခုသာ ခုန်လှုပ်နေသလို ထင်ရ၏။ ကျွန်တော်လိုက်လာမိတာ မှားပြီထင်သည်။ •

ဒုတိယအကြိမ် ဗိုလ်ချုပ်ဈေးကို ပတ်ပြီးသည့်အခါ ကျွန်တော်ခေါင်းတွေ ရှုပ်လာ၏။ ဟိုကြည့်ဒီကြည့်နှင့် မူးချင်လာသည်၊ ဘယ်နေရာရောက်ကာ ဘာဆိုင်တွေမှန်းလည်း မသိတော့။ သူတို့ကတော့ အံ့သြဖွယ်ကောင်းစွာ မှတ်မိကြသည်။ ပထမဦးဆုံး ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ကြသည်။

ကြည်ပြာက ဟိုဟာ၊ ဖူးဖူးက ဒီဟာ၊ ကေသီနှင့် မမွန်ရွှေက အဲဒီဟာဖြင့် တစ်ဆိုင်လုံးကို မွှေကြ၊ ဖြန့်ကြ၊ ပစ်တင်ကြ၊ ဆွဲချကြ၊ ထပ်တောင်းကြလုပ်ကြလေတော့သည်။ ကျွန်တော် ခပ်ဝေးဝေးမှ လှမ်းရပ်ကာ အံ့သြနေမိသည်။ ကြည်ပြာမျက်နှာတွင် ထိုမျှလောက်သော ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကျေနပ်နေသောပီတိမျိုးကို ကျွန်တော်တစ်ခါမှ မတွေ့ခဲ့ဖူးချေ။ ကြည်ပြာ့မျက်ဝန်းထဲမှ တဖျတ်ဖျတ်အရောင်သည် အပြင်သို့ ယိုစီးဖိတ်စင်ကျလာတော့မလားဟုပင်ထင်ရ၏။

"ဟင် ... ဒါလေးကလှရဲ့နဲ့ လိမ္မော်စင်းက ဖျက်နေတာပေါ့ ...ဖူးဖူး မင်းအဝါနုလက်ဖောင်းကလေးနဲ့ လိုက်မယ်ကွ၊ ဟယ် အစ်မ ဒီဘက်က ကြည်ပြာနုကလေး ဘေးကလေ ဆေးက မမွှန်ရွှေလိုက်ရဲ့လား ဟဲ့ ... ရဲဝင်း"

ခေါင်းတွေ ထူပွပြီး မှုးနောက်ချင်လာသော ကျွန်တော် ကြည်ပြာ့ခေါ်သံကြောင့် အံ့သြသွားကာ ကမန်းကတန်းကြည့်ရ၏။ ကြည်ပြာကငါ့ကို သတိရပါသေးလား။ ကြည်ပြာက အထည်စကို ကိုယ်ကလေးဖြင့် ကပ်ကာပြနေ၏။

- "ငါနဲ့ ဒါလေးနဲ့ လိုက်ရဲ့လား ...ဆို"

"အော် . . .အေးဟ၊ အေးပါ . . .ချစ်စရာလေး လှတယ်ဟ"

"ဟယ် . . .ကြည်ပြာကလည်း အရောင်ဖျော့ကြီးဟာ အပေ အတေမခံဘူးဟ၊ ဟိုဟာလေး ခရမ်းနုစင်း"

"အေးဟ"

ထိုအထည်ကို ပစ်ချကာ နောက်တစ်ထည်ကို ကောက်ကိုင်ကြပြန်၏။ ရှုပ်လှပါလား။ အချင်းချင်း ကပ်ပြကြ၊ ဝေဖန်ကြ၊ အော်ဟစ်ကြ။ ကျွန်တော်လည်း နားမလည်၊ နောက်ပြန်ဆုတ်ကာ ဆေးပေါ့လိပ်ထုတ်သောက်ရင်း စိတ်ဓာတ်ကျလာပြန်သည်။ ထို့နောက် ထောင့်နှစ်ရာတန်ထဘီကို ရှစ်ရာဆစ်ကြ၏။ ဆိုင်ရှင်အဒေါ်ကြီးက မကိုက်ကြောင်း တတွတ်တွတ်ကျိန်တွယ်ကာ ဝယ်ဖို့ တဖွဖွတောင်းပန်ရှာသည်။ သို့သော် ကြည်ပြာတို့က ခပ်တင်းတင်း။ ကျွန်တော် မျက်နှာ





ပူလှပြီ။ ထိုဆိုင်မှ ထွက်ခဲ့ကြ၏။ ထဘီဆိုင် တစ်ဆိုင်လုံးသည် ဇေါ်ခီလာဝင်မွှေသွားသော တိုကျိုမြို့လို ရှုပ်ပွေကျန်ခဲ့၏။ ကျွန်တော်ဆိုင်ရှင်မိန်းမကြီးကို မျက်နှာပူကာ အားနာနေမိသည်။

ထို့နောက် ဖဲပြားဆိုင်ကို ဝင်ကြပြန်၏။ ပြီးတော့ နာရီဝက်လောက် အော်ကြဟစ်ကြပြန်ကာ ဖဲပြားသုံးထောင်လောက် ချိတ်ထားသော ထိုဆိုင်မှာ ဘာမှမကြိုက်ဟု အကြောင်းပြကာ ထွက်လာခဲ့ကြပြန်သည်။ ကြည်ပြာသည် ပန်းတစ်ပွင့်အပေါ်ကို ရပ်နားလိုက်သည့် လိပ်ပြာတစ်ကောင်၏ ဟန်မျိုးဖြင့် ဆိုင်တွေထဲကို ဝင်ပြန်သည်။ ထိုဆိုင်မှာလည်း ထုံးစံအတိုင်း ရွေးကြချယ်ကြ၊ အော်ဟစ်ကြ။

ကြည်ပြာက သူကောက်ကိုင်သမျှ အထည်တွေကို သူ့ကိုယ်ကလေးနှင့်ကပ်ကာ ဘာမှမသိသော ကျွန်တော့်ကို လိုက်ရဲ့လားဟု ပြတတ်သည်။ ကျွန်တော်ကလည်း မြန်မြန်ဝယ်ရင်ပြီးရော သဘောဖြင့် ပြသမျှကို အကုန်လိုက်တယ်ချည်း ပြောသည်။

"လှပါတယ် ညီမရဲ့ . . . ဒီအစ်ကိုကလည်း လိုက်တယ်ပြောနေတာပဲ . . .၊ဒါတစ်ထည်ပဲ ကျန်တော့တာ . . . ကွက်စိပ်ကလေး အဝေးကလည်း ပေါ်တယ်"

"ဟိုလေ . . . အကျီဆင်မရှိလို့ အစ်မရဲ့၊ ထောင့်တစ်ရာဈေးက ချိုပါတယ်။ ဒါပေမဲ့ဟယ် . . . ဟိုဟာကလေး"

နောက်ဆုံးမှာ ဘာမှမဝယ်ဘဲ ထွက်ခဲ့ပြန်သည်။ ကျွန်တော် ကြည်ပြာတို့အားလုံးကို ဈေးဝယ်မယ့်သူတွေဟု မမြင်တော့။ ဈေးဆိုင်များကို ဝင်ရောက်သောင်းကျန်းနေသူတွေဟု မြင်လာသည်။ စိတ်ဓာတ်တော်ညစ်ကာ ခေါင်းတွေဘာတွေ ကိုက်ချင်လာ၏။ မျက်နှာပူရတာလည်း များလှပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကြည်ပြာ နင်က ဘာဝယ်မှာလဲဟ၊ ဘာမှမဝယ်ဘဲ ထွက်ထွက်လာတာ အားနာစရာကြီးဟာ၊ ဝယ်ရင်လည်း ဝယ်လိုက်တာမဟုတ်ဘူး၊ နင်နဲ့လှတာပဲဟာ"

ကျွန်တော့်စကားဆုံးတော့ ကြည်ပြာက နှုတ်ခမ်းများကို စိတ်ပျက်သလို ဆွဲဆန့်သည်။ သူမသူငယ်ချင်းများကလည်း ကျွန်တော့်ကို မှုန်ကုပ်ကုပ်ဖြင့် မကျေနပ်သလို ကြည့်ကြ၏။

"နင် . . . စိတ်ညစ်နေပြီမဟုတ်လား၊ ငါ အစကတည်းက တားသားပဲ၊ လိုက်ချင်လှချည့်ရဲ့ဆို၊ ဈေးဝယ်တယ်ဆိုတာ ဒီလိုပဲပေါ့ဟ"

"မဟုတ်သေးဘူးလေဟာ . . . ငါဆိုလိုတာက နင် လိုချင်တာတိုတွေ့ရင် ဝယ်လိုက်လေဟာ၊ အခုဟာက ဘာမှလဲ မဝယ်သေးဘူး၊ ဈေးလည်နှံ့နေပြီ"

ကြည်ပြာက လမ်းလျှောက်နေရာမှ ရုတ်တရက်ရပ်၏။ ပြီးတော့ ကျွန်တော့်ကို ကလေးတစ်ယောက်ကိုကြည့်သလို ကြည့်ကာ ပြောသည်။

"ဟဲ့ . . . ဈေးလာပါတယ်ဆိုမှ ဒီလိုပဲပေါ့၊ မိန်းကလေးဆိုတာ ဒီလိုပဲ . . . နင်မှတ်ထား . . . နင်သိအောင် ငါတို့ ဈေးဝယ်တဲ့ဗျူဟာကို ပြောပြထားမယ်"

ဈေးဝယ်တဲ့ဗျူဟာဆိုပါကလား။ ကျွန်တော် ဘယ်စာအုပ်ထဲမှာမှ မဖတ်ဘူးသောစကားလုံးနှင့် အကြောင်းအရာဖြစ်သဖြင့် အံ့သြကာနေမိသည်။ ကြည်ပြာက မျက်လုံးကို ဟန်ချီကာ ပြောပြ၏။

"ငါတို့ ဝယ်မယ့်ပစ္စည်းကို စဉ်းစားထားပြီးသား၊ ဒါပေမဲ့ နောက်လိုချင်ရင် ဝယ်လို့ရအောင် ဈေးသိအောင် မေးကြည့်ထားကြ





တာ။ ဆိုင်ရှင်ကတော့ သူ့ပစ္စည်းတွေ အကုန်ကောင်းတယ်၊ စစ်တယ်၊ ဝယ်ပါဆိုပြီး ထိုးပေးမှာပဲ။ ဒါပေမဲ့ ငါတို့က လိုချင်တဲ့ပစ္စည်းကို သိပြီးသား ယူကြည့်တဲ့စွည်းကို ဝယ်ချင်မှဝယ်မှာ၊ လှရဲ့လား၊ လိုက်ရဲ့လားမေးရင် အကုန်လှတယ်ချည်းပဲ ပြောမနေနဲ့၊ ဒါတွေက မဝယ်မယ့်ဟာတွေ၊ နင်နဲ့ တော်တော်ခွကျတယ် ရဲဝင်း . . . ပစ္စည်းကို သိပ်ကြိုက်ဟန်ပြနေရင် ဘယ်တော့မှ ဈေးဆစ်လို့ မရတော့ဘူး မှတ်ထား။ ခဏလေးပါဟာ ပြီးရင် ကြာဇံဟင်းခါးနဲ့ ရှောက်သီးသုပ်စားကြတာပေါ့။ နင် မှတ်ထားနော်။ အဲဒါ အကြမ်းဖျင်းပဲရှိသေးတာ၊ နောက်ကျမှ ထပ်ပြောပြမယ် ကဲ . . . လာ"

ဆရာကြီးရွှေဥဒေါင်း၏ တစ်သက်သာမှတ်တမ်းတွင်လည်း မပါ၊ ဘယ်စာအုပ်ထဲတွင်မှလည်း ကျွန်တော် မဖတ်ဖူးခဲ့သော မိန်းကလေးတို့၏ မဟာလျှို့ဝှက်ချက်ကြီးပါကလား။ ကျွန်တော် အံ့သြကာ ရေရေလည်လည် စိတ်ညစ်သွား၏။ တစ်ခါ ဗိုလ်ချုပ်ဈေး အပေါ်ထပ်မှ လေဒီရှူးဖိနပ်ဆိုင်၊ မိညိုဆိုသည့် အမျိုးသမီး၏ အပ်ချုပ်ဆိုင်သို့ ဝင်ကြပြန်သည်။

ထိုဆိုင်ထဲမှာလည်း အလယ်ခွဲ၊ ရင်ကပ်၊ ဘေးစိ၊ နောက်ချျ၊ ရှေ့တို၊ လက်ဖောင်း၊ နှင်းဆီပုံ၊ လက်တွန့်၊ ရှေ့အဖတ်ချ၊ နောက်ခွဲ၊ ရှာထည့်၊ ဖော့ခါ၊ ဆယ်ပြားစေ့ပုံ၊ ဆယ်ငါးပြားစေ့ပုံ လုပ်ကြပြန်၏။ မိန်းကလေးတစ်ယောက် လှဖို့ဆိုတာ တော်တော် ခက်ခဲရှုပ်ထွေးသည့် အရာများနှင့် ဖွဲ့စည်းထားကြောင်း ကျွန်တော် ယခုမှ ထိတ်လန့်တုန်လှုပ်စွာ သိခဲ့ရ၏။ ဒါတောင်မှ ဆံပင်၊ လက်သည်းနီ၊ မိတ်ကပ်၊ ဖိနပ်နှင့် ဘာညာ အသုံးအဆောင်တွေ မပါသေး။ ထိုကိစ္စများစွာဖြင့် ပုံဖွဲ့စည်းထားသော မိန်းကလေးများကို ကျွန်တော်တို့ မဟာပုရိသ



www.burmeseclassic.com

www.burmeseclassic.com



မစွန့်ပစ်၊ မပယ်ရှားနိုင်သည်မှာ ဘာဆန်းသနည်း။ ကျွန်တော်တို့လုတယ်၊ အပြောခံရဖို့ သူမတို့ ဒီလောက် စနစ်တကျရှိရမှန်း ကျွန်တော် အခုမှသိတော့သည်။ ရှုပ်လှပါလား။

မိန်းကလေးတစ်ယောက်သည် ပစ္စည်းတစ်ခုခုကို ကြိုက်နှစ်သက်ဖို့၊ ထိုပစ္စည်းအပေါ်ထားသည့် ရှုပ်ထွေးလှသည့် များမြောင်သော အသေးစိတ် စိတ်ကူးများကို ကျွန်တော် ဒီနေ့မှသိရသည်။ သူတို့ မနှစ်သက်လျှင် ဘယ်သူ့ကိုမှ အားမနာတတ်သော၊ ဘာကိုမှ ဂရုမစိုက်တတ်သော မိန်းကလေးတို့၏ ဗီဇသဘာဝမှာ ရက်စက်စွာ ညာတာမှု ကင်းလှပါလား။ ကျွန်တော်တွေးရင်း ထိတ်လန့်သွား၏။ ကြည်ပြာသည် အလှအပမဲ့သော တန်ဖိုးနည်းသော ကျွန်တော်ကို ဘာကြောင့် ရွေးချယ်ခဲ့သနည်း။

သို့သော် ဆရာ ဦးအောင်သင်းကတော့ "မိန်းကလေးတွေဟာ ယောကျ်ားယူတဲ့အခါကျတော့ ထဘီတစ်ထည် ရွေးသလောက်တောင် မရွေးကြတော့ဘူး" ဟု ရေးဖူးတာမှတ်မိသည်။ ဒီလိုဆို တော်သေးတာပေါ့ဟု စဉ်းစားကာ သက်ပြင်းချရ၏။ (စာပေအနုပညာ လိုက်စားခြင်းသည် တစ်ခါတလေတော့လည်း လက်တွေ့ဘဝကို အထောက်အကူပေးတတ်၊ စိတ်သက်သာရာ ရစေတတ်ပါသေး၏။)

ဈေးဝယ်ခြင်း မဟာဗျူဟာကို သိသွားပြီးသည့်အခါ ကြည်ပြာ၏ တလက်လက်ခုန်ကာ အရောင်တောက်ပနေသော မျက်ဝန်းများ၊ ဟိုထိုးဒီချိန် လက်ညှိုးနှင့် အချင်းချင်းကပ်ပြောတတ်သော တီးတိုးစကားများကို ကျွန်တော် သဘောပေါက်လာ၏။ ဘာသာပြန်တတ်လာ၏။ စိတ်ရှည်တတ်လာ၏။

ဗိုလ်ချုပ်ဈေးအတွင်းထဲရှိ အဝတ်အစား အသုံးအဆောင်များ





ရှေ့တွင် ကြည်ပြာ၏ အသစ်အသစ် ဖြစ်ပေါ်နေသောဈေးအကြံမကြံမသည် ချမ်းသာပျော်မွေ့ကြည်နူးခြင်းနှင့် အတိုင်းပြီး၏။ ကျွန်တော့်ဇနီး အနစ်နာခံခဲ့ရဖူးသော မည်သည့်အချစ်မျိုးတွင်မှ ကြည်ပြာ ယခုလောက် ချမ်းမြေ့ပျော်ရွှင်ခဲ့တာကို ကျွန်တော် မတွေ့ခဲ့ဖူးချေ။ ဗိုလ်ချုပ်ဈေးထဲက ပစ္စည်းတွေ အားလုံးသည် သူမတို့မာန၊ အလှကို ဆက်လက် အသက်ရှင် တောက်ပနေစေရန်အတွက် ထိုဗိုလ်ချုပ်ဈေးနှင့် နီးသော လူများထဲတွင် သူမတို့ ခန္ဓာကိုယ်ကို မျက်စိစုံမှိတ်ပြီး ထိုးထည့်ပစ်လိုက်သော မိန်းကလေး ဘယ်နှယောက် ရှိခဲ့ပြီနည်း။ ကျွန်တော်တို့လို ဗိုလ်ချုပ်ဈေးနှင့်ဝေးသူ ဘယ်နှဦး အသည်းကွဲခဲ့ရပြီးပြီနည်း။

ထိုအတွေးသည် မိန်းကလေးများကိုအထင်သေး၍ တွေးမိခြင်းတော့မဟုတ်။ သူမတို့ဘဝကို တစ်သက်လုံး ရှင်သန်နေချင်ကြသည့် မိန်းကလေးများ၏ ဗီဇကို အနည်းငယ် ရိပ်မိစပြုလာသောကြောင့် တွေးမိခြင်းပင်ဖြစ်လေသည်။

ထိုစဉ် ကြည်ပြာတို့က ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်ကြသည်။ တီးတိုးစကားပြောကာ ပိုက်ဆံအိတ်များကို ဖွင့်ကာ စဉ်းစားလိုက်ကြပြီးမှ ထိုဆိုင်ထဲသို့ ဝင်ကြသည်။ ဒီတစ်ကြိမ်တော့ ပွဲသိမ်းပြီထင်ပါရဲ့။ ရှောက်သီးသုပ်၊ ကြာဇံဟင်းခါးနှင့် ကြည်ပြာ၏ ရယ်မောသံများကို ကျွန်တော် ပြန်လည်ရရှိတော့မည်။ ကျွန်တော်က မီးသေနေသော ဂျက်ကမ္ဘာဆေးပေါ့လိပ်ကို မီးညှိကာ အားရပါးရဖွာရင်း ကြည်ပြာတို့နှင့် ခပ်လှမ်းလှမ်းမှာ ရပ်သည်။

"ညီမတို့လာလေ၊ ဘာလိုချင်လို့လဲ ထဘီလား၊ ပိုတာစလား၊ လာ . . . လာညီမရေ . . ."



www.burmeseclassic.com

www.burmeseclassic.com



ပိတ်စပုံအလည်မှာ ထမင်းစားနေရာမှ ထမင်းစားရပ်ကာ အစ်မကြီးတစ်ယောက်က ဈေးခေါ်သည်။ ခုံတန်းရှည်ကလေးတွေမှာ ငုတ်တုတ်ထိုင်နေကြသည့် ကောင်းမလေးနှစ်ယောက်ကလည်း သတိအနေအထားဖြင့် ထရပ်ကာ ဖိတ်မန္တကပြု၏။

"ထဘီပါ၊ အသစ် ဝင်တာရှိရဲ့လား"

"ရှိတာပေါ့ ညီမရဲ့ . . . လာ သန္တာရေ . . . အမိတ်ပေါ်ကလေးတွေ ပြလိုက်ပါဦး။ လှမှလှညီမရေ ပါတိတ်တွေနဲ့ ရှန်မှိုင်းအရောင်သစ်တွေလည်း ဝင်တယ်လာ . . . ညီမ"

ထုံးစံအတိုင်း ကြည်ပြာတို့က ကြောင်တောင်တောင် အမူအရာကလေးတွေကို ဖြုတ်လိုက်ကာ ဆူးလေမီးပွိုင့်အနားက အိပ်တန်းဝင်စာကလေးတစ်အုပ်လို ဟိုဟာပြ ဒီဟာပြ ဆူညံကာ ဟိုခုန်ဒီဆွ လုပ်ကြတော့၏။ မိန်းကလေးတို့၏ ဈေးဝယ်ဗျူဟာကို သိရှိပြီးသူတစ်ယောက်အနေနှင့် ကျွန်တော်ကလည်း ထိရောက်သော အကူအညီတစ်ခုခုပေးနိုင်ရန် နံဘေးမှာ အသင့်ရှိနေရလေသည်။

ကြည်ပြာက ရွှေအိုရောင်တွင် အပြာဖျော့အကွက်ကလေး တွေပါသော ပါတိတ်တစ်ထည်ကို အသာလှန်ကြည့်ကာ ဘုတ်ခနဲ နံဘေးတွင်ချထားလိုက်ပြီး ငွေရောင်အပွင့်အခက်ကြီးတွေပါသော ပါတိတ်ထည်ကိုဖြန့်သည်။ ဈေးကိုမေးသည်။

"နှစ်ထောင့်တစ်ရာ ညီမ၊ ပွဲတိုးတယ် အခက်တွေက သိပ်လှတာပဲ၊ ဘေးနွယ်ညီမရဲ့ . . . ရှားတယ်"

"အင်းနော် လှလိုက်တာ၊ မမွန်ရွှေ ဒီမှာ"

ကြည်ပြာက ကိုယ်ကလေးဖြင့် ကပ်ကာ မမွန်ရွှေကိုပြ၏။ မမွန်ရွှေက မကြည့်အား ဟိုဘက်မှာ ဖြန့်ခင်းပြန်ချ ဈေးမေးဖြင့် အလုပ်





ရှုပ်နေသည်။

"ဟဲ့ . . . ရဲဝင်း"

ကြည်ပြာသည် ကျွန်တော့်ဘက် လှည့်သည့်အခါကျတော့ ဦးခေါင်းကလေးစောင်းကာ မျက်ခုံးကလေးကို မသိမသာ ကွေး၍ မျက်ဝန်းကို အရောင်ဖျော့ကာပြ၏။ အဟား . . . ဒီလောက်ဆိုရင် ကျွန်တော် သဘောပေါက်ပြီ။

"ဟင့်အင်း . . . နင့်နဲ့ မလိုက်ဘူးဟ၊ ပန်းခက်ကြီးတွေက ကြောင်လွန်းတယ်"

"အေးဟ . . . နော်"

ကြည်ပြာက ကျေနပ်အလိုပြည့်စွာ ပြုံးပြီး နောက်တစ်ထည်ကို ဆောက်ကိုင်ပြန်၏။ ကျွန်တော်က ဆေးပေါ့လိပ်ကို ဖွာကာ အဆင်ဆင့် ရှိနေရပြန်သည်။

ကျွန်သုံးယောက်ကလည်း သူ့အတွဲနှင့် သူ အော်ဟစ်ကာနေ၏။

"ဟယ် . . . ဒါလေးကရော လှလိုက်တာနော် . . . ဒါရော အစ်မ"

"ဟုတ်တယ် ညီမ၊ အဖျော့ခံပြီး အပွင့်ဖော်ထားတာ၊ လူငယ်တွေနဲ့ သိပ်လိုက်တယ်၊ ထောင့်ရှစ်ရာထဲ ညီမ လှတယ် အရမ်းသူတယ်"

"ရဲဝင်းရေ . . . ကြည့်ပါဦးဟ"

ကြည်ပြာက မျက်စကိုပစ်ကာ ကိုယ်ကလေးကို ယို့ပြီး ကပ်ပြပြန်၏။ ကျွန်တော်ကလည်း နောက်ကို သုံးလေးလှမ်းဆုတ်ကာ အသည်ညာယိမ်း၊ မျက်မှောင်ကြုတ်ကာ မလိုက်ကြောင်း၊ အကြောင်းပြချက်တစ်ခု ပေးရပြန်၏။ စကားလုံးနှင့် (idea) မထပ်ဖို့က ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



လို ကဗျာဆရာတစ်ယောက်အတွက် ဘာများခက်မည်နည်း။ ကြည်ပြာက အတော် ကျေနပ်သွားပုံရ၏။ နောက်တစ်ထည် နောက်တစ်ထည် . . .။

ကျွန်တော့် ကျွမ်းကျင်မှုအရဆိုလျှင်တော့ ကြည်ပြာသည် ပထမဦးဆုံး ရွေးယူကာ ဘုတ်ခနဲ ပစ်ချထားသော အထည်ကလေးကိုသာ ယူတော့မည်။ ဒါတွေက ဈေးသည် မျက်စိနောက်အောင်၊ အာရုံလွဲအောင် လုပ်နေရုံသာ ကြည်ပြာပြသမျှကို ငြင်းပစ်ရုံသာ။ ဘာများ သူတို့ကို အမီမလိုက်နိုင်စရာ ရှိသနည်း။

"ဟယ် . . . ရဲဝင်း ဒါလေးရော နင်က သေသေချာချာ ကြည့်လေဟာ . . ."

ကြည်ပြာက ကျွန်တော်ကို ယုံကြည်စွာဖြင့် အပါခေါ်သည်။ ကြည်ပြာသည် ကျွန်တော့်၏ မှတ်လွယ်တတ်လွယ်သော ပါးနပ်မှုကို

"နေဦးဟ"

ဆိုင်ရှင်၏ အာမခံမြှုဆွယ်စကားများကို တွန်းလှန်ကာ ကြည်ပြာ့အလိုကို ဖြည့်ရဖို့ ဒီတစ်ခါတစ်မျိုးမရိုးရအောင် ဆေးပေါ့လိပ်ကို ပါးစပ်သို့ လှမ်းကိုက်ရင်း ကြည်ပြာ့အနား ပြေးကပ်ကာ ပိတ်စကို လှမ်းကိုင်ကာကြည့်ရပြန်၏။

"အဆင်တော့လှတယ်၊ ဒါပေမဲ့ နင်နဲ့ ကြောင်မယ်ထင်တယ်ဟ၊ အခက်တွေက သိပ်မနွဲ့ဘူးဖြစ်နေတယ်"

"မဟုတ်ဘူး မောင်လေးရဲ့ . . . ဒီအဆင်က စုံမိတ်ဆိုတော့ အခက်တွေက စုပြီးဖြာနေတာ၊ အဲဒါကို ဝတ်ကြတာ သိပ်လှတာ သိပ်လှတာ"

စကားကိုရပ်ပြီး နောက်ခြေတစ်လှမ်းဆုတ်ကာ ငုံ့ကြည့်ရင်း





ကြည်ပြာနှင့် မည်သို့ မလိုက်ဖက်ကြောင်း တစ်ခုခုပြောဖို့ ဦးနှောက်ထဲမှာ စကားလုံးအချို့ကို ပြေးလွှားရှာရ၏။ သို့သော် ဘာစကားလုံးမှ ရုတ်တရက်ထွက်မလာ။ ပါတိတ်နှင့် ပတ်သက်၍ ကျွန်တော်က ဘာမှသိသူမဟုတ်၊ အချိန်အနည်းငယ် ကြာသွားသဖြင့် ကြည်ပြာက ကျွန်တော့်ကို လှမ်းအကြည့်မှာ ကြံရာမရစွာ ဆေးပေါ့လိပ်ကို မေ့ပြီး ဖွာလိုက်သည့်အခါ . . .။

ကျွန်တော့်ပါးစပ်ထဲမှာ ဂျက်ကမ္ဘာဆေးပေါ့လိပ်က ဖျောင်းခနဲ ဆေးထပေါက်သည်။ လွင့်ဖွာထွက်လာသော ဆေးပေါ့လိပ်မီးပွားများကို ဆိုင်ရှင်အစ်မကြီးရော ကျွန်တော်ပါလိုက်၍ဖမ်းသော်လည်း ထိုအထဲမှ ဆေးလိပ်မီးပွားတစ်ခုက ကျွန်တော်တို့၏ လက်အရှိန်များကြောင့် ကွေ့ဝိုက်၍ ကြည်ပြာကိုယ်တွင် ကပ်ထားသော အထည်ဆီသို့ပြေးကပ်ကာ ရဲခနဲတောက်ပ၍ ငြိမ်းသွား၏။

"ပေါက်ပြီ . . .ပေါက်ပြီ . . . ဆေးလိပ်မီးပေါက်သွားတယ်"

ဆိုင်ရှင်အစ်မကြီး၏ အလန့်တကြားအော်သံကြောင့် ကြည်ပြာနှင့် ကျွန်တော် ခဏတော့ ကြောင်သွား၏။ ပထမဆုံး သတိဝင်လာသူက ကြည်ပြာဖြစ်၏။

"မပေါက်ပါဘူးအစ်မရဲ့ ဘာမှမဖြစ်ပါဘူး" ဟု ပြန်အော်ကာ ကြည်ပြာက ထိုထဘီကို ဟိုဘက်ဒီဘက်လှည့်ကာ ရှုပ်သွားအောင် လုပ်ပစ်လိုက်သည်။ ကျွန်တော်ကလည်း ကြောင်နေရာမှ ချက်ချင်း "မပေါက်ဘူး မပေါက်ဘူး" ဟု ကြုံးအော်ရ၏။

"ပေါက်တယ် ညီမ၊ ဒီလိုမလုပ်ပါနဲ့ ပေါက်သွားတယ်"

ဆိုင်ရှင်ကကြည်ပြာထံမှ အထည်ကို မကျေမနပ်ဖြင့်လှမ်းယူကာ ချက်ချင်းလှန်ရှာ၏။ ကြည်ပြာက "မပေါက်ပါဘူး" တတွတ်



www.burmeseclassic.com

www.burmeseclassic.com



တွတ်အော်ကာ အထည်ကို လက်ကလေးဖြင့် သပ်ရင်းက ကျွန်တော့်ကို ကြောက်မက်ဖွယ်ရာ မျက်လုံးများဖြင့် လှမ်းကြည့်လေသည်။ ဟိုဘက်မှ အုပ်စုကတည်း "ဘာဖြစ်တာလဲ" မေးကာ ချက်ချင်း ဝိုင်းအုံကာလာ၏။

"ပေါက်သွားတယ် ညီမ . . . အစ်မ သေသေချာချာ မြင်တယ်"

"မဟုတ်ပါဘူး အစ်မရယ် တကယ်ပါ၊ ဟိုအထည် ကလေးက . . ."

"အဲဒီလို မညာပါနဲ့ညီမ၊ ယော . . . ဒီမှာတွေ့ပြီ ဒီမှာ ကဲ . . . ညီမ"

ဆိုင်ရှင်အစ်မကြီး၏ လက်ဝါးပေါ်တွင် မီးပေါက်ကလေးကို တွေ့ရသောအခါ ကြည်ပြာမျက်နှာသည် ချက်ချင်း သွေးဆုတ်ဖြူရော်သွားကာ "သွားပြီ"ဆိုသည့် ခံစားမှုသည်လည်း ကျွန်တော့် ပါးစပ်ဖျားမှ အသိဉာဏ်ထဲသို့ အုပ်စုလိုက် ဝင်ရောက်သွားလေသည်။

"ဟိုလေ . . .ထားလိုက်ပါတော့ သေးသေးလေးပါ အစ်မရယ်၊ ဘယ်သူမှလဲ မြင်မှာမဟုတ်ပါဘူး၊ ညီမ တောင်းပန်ပါတယ်၊ ညီမ လိုချင်တာလေးက ဒီအထည် အစ်မရဲ့၊ ဒါလေးက ဘယ်လောက် . . ."

ကြည်ပြာက မျက်နှာကို အချိုသာဆုံးထားကာ တောင်းပန်တိုးလျှိုးသော လေသံအပြုံးတို့ဖြင့် ပြောသော်လည်း ဆိုင်ရှင်အစ်မက ခေါင်းကို ဘယ်ညာရမ်းကာ မီးပေါက်သွားသောနေရာကို တန်ဖိုးကြီးလှသော စိန်တစ်ပွင့်နှယ် လက်ဝါးပေါ်ဖြန့်ခင်းပြသထားရင်းက မော်ရွေ့မှုကင်းစွာ လေသံမာမာနှင့်ပြောသည်။





"မရတော့ဘူး ညီမ၊ ဒါမျိုးမရဘူး၊ ဒါပဲယူလိုက်တော့၊ မီးပေါက်သွားပြီလေ"

"ဒီအဆင်ကို ကျွန်မ မကြိုက်တာ၊ ဒါတော့ မယူနိုင်ဘူးဟိုဟာပဲ"

"မရတော့ဘူး၊ ပြူးပြဲကြည့်ကြတာ၊ ဒါ ညီမတို့အပြစ်ပဲ မဟုတ်လား၊ ဒါပဲ ယူရမှာပေါ့"

"ကျွန်မမှ အဲဒါကို မကြိုက်တာ"

ကြည်ပြာက အသံကို မြှင့်အော်ကာ နောက်ကို တစ်လှမ်းဆုတ်သည်။ ကြည်ပြာမျက်နှာပေါ်တွင် အလိမ်မိသွားသဖြင့် ရှက်ခြင်း၊ ဒေါသ ဖြစ်ခြင်း၊ အကျပ်ရိုက်ခြင်းတို့ စုပြုံးတိုးဝေ့နေ၏။ ကျွန်တော်သည်း ဘာလုပ်ရမယ်ဆိုတာကို မသိတော့။

"ကြိုက် မကြိုက်မရှိတော့ဘူးလေ . . . ဒါ မင်းတို့ကြောင့်ဖြစ်တာ၊ ဒါဈေးထုံးစံပဲ မင်းတို့ကြောင့် ပျက်စီးရင် မင်းတို့တာဝန်ယူရမှာပေါ့၊ လူလို နားလည်ပါ"

ထိုစကားဆုံးတော့ အားလုံး စက္ကန့်အတော်ကြာ တိတ်၍ သွားသည်။ ကြည်ပြာက အံကိုကြိတ်ကာ ကျွန်တော့်ဘက်ကို ကြည့်ကြည့်၏။ ဘုရား . . . ဘုရား . . . ထိုအကြည့်က ကြောက်မက်ဖွယ်ရာကောင်းလှပါလား။ ကြည်ပြာ၏ မျက်ဝန်းညိုညိုသည် အစိမ်းရောင်ပြောင်းသွား၏။ နှုတ်ခမ်းများက မားအိမ်မှ ဆွဲထုတ်လိုက်သည့် ဓားပါးပါး၏ အသွားလို တောက်ပြောင်ကာ အေးစက်သွား၏။ ကြည်ပြာမျက်နှာသွယ်သွယ်ကလေးပေါ်မှ ကြွက်သားများသည် အဟုတ်ချင်း မာကျောတောင့်တင်းသွားကာ မကြာမီကမှ စွန်းထင်းခဲ့သော အရယ်အပြုံး ပျော်ရွှင်မှုတို့ကို နေရာအနှံ့ ဖိသတ်ပစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သလိုရှိလေသည်။ ကြည်ပြာသည် ကြည့်နေရင်းကပင် မျက်နှာဖုံးတစ်ခုကို ကောက်စွပ်ချလိုက်သလို မျက်နှာပြောင်းသွား၏။ ကျွန်တော် တော်တော်ထိတ်လန့်သွားမိသည်။

"ကြည်ပြာ . . . ငါ"

"တော်တော့ . . . သွား . . . နင်ဟာ အလကားပဲ ရဲဝင်းဘာမှ အသုံးမကျဘူး၊ နင်သွား . . . မယူနိုင်ဘူးအစ်မ ကျွန်မ အဲဒီအထည်ကို လုံးဝမယူနိုင်ဘူး၊ ကျွန်မနဲ့မှ မလိုက်တာ၊ အို . . . ဘာပဲဖြစ်ဖြစ် မယူဘူး"

"ယူရမယ် . . . မင်းအော်စရာမလိုဘူး၊ ဒါအထည်တန်းငါးစိမ်းတန်းမဟုတ်ဘူး၊ လူလို နားလည်ပါ ယူရမယ်"

"ရှင်သာ ဘီလူးမလို ဒေါသကြီးနေတာ၊ ကျွန်မက လူ၊ ဒါမေ့ဲ မယူဘူး၊ ဒါဟာ ကျွန်မ လုပ်တာမဟုတ်ဘူး၊ သူလုပ်တာ သူ့ကိုပြော . . . ပြော"

"ဒါ မင်းတို့လူပဲ မဟုတ်လား၊ မင်းမအော်ပါနဲ့ ယူပါ" —

"မယူဘူး၊ ကျွန်မတို့လူ မဟုတ်ဘူး၊ ရဲဝင်း နင့်ကိစ္စ နင့်ဟာနင်ရှင်း၊ လာ မမွန်ရွှေ သွားမယ်"

"ကြည်ပြာ . . . ငါ . . . ကြည်ပြာ ငါ"

ကြည်ပြာ၏ နံဘေးမှရပ်နေသော ကျွန်တော့်ကို ဒေါသတကြီးတွန်းထိုးကာ မမွန်ရွှေ၏လက်ကိုဆွဲရင်း အုပ်စုလိုက် ထွက်သွားပေသည်။ ကျွန်တော် ဘာကိုမှ မသိတော့သလို အံ့ဩနေရာမှ ခဏကတန်း ကြည်ပြာကို လိုက်ခေါ်ဖို့ပြင်သည့်အခါ ဆိုင်ရှင်အစ်မကြီးက ကျွန်တော့်လက်ကို လျင်မြန်စွာဖမ်းဆွဲထား၏။ ကြည်ပြာ ကြည်ပြာ ကျွန်တော် အော်သော်လည်း ကြည်ပြာက ကျွန်တော့်ကို လုံးဝ လှည့်





မကြည့်တော့။

နံဘေးနားဆိုင်များမှာ လူတွေချက်ချင်းဝိုင်းအုံလာကြ၏။ ဈေးဝယ်သူများကလည်း ရပ်ကာ ဝိုင်းကာကြည့်ကြသည်။ ဆိုင်ရှင်အစ်မကြီးက ကျွန်တော့်လက်ကို မလွှတ်တမ်း ဆွဲထားကာ ဖြစ်သမျှကို အော်ဟစ်ကာ ရှင်းပြနေ၏။ ဘယ်ဘက်လက်မှာ ဖြန့်ကိုင်ထားသော ထဘီကိုလည်း ကျွန်တော့်ထံ အတင်း လှမ်းလှမ်းထိုးပေးနေ၏။ ကျွန်တော် ဘာမှ မပြောနိုင်။ ဝိုင်းအုံလာသော လူတွေကို ဖားပြုပ်တစ်ကောင်လို မျက်လုံးပြူးများဖြင့် လှမ်းလှမ်း ကြည့်ရှုသာ တတ်နိုင်လေသည်။

မကြာမီ ဈေးမှတာဝန်ရှိသူတွေ ရောက်လာကြသည်။ လူ ဆယ်လေးငါးယောက်အလယ်မှာ တစ်ယောက်တစ်ယောက် မေးသံ၊ အော်သံ၊ ကြိမ်းသံတွေကြားမှာ ကျွန်တော် ခေါင်းချွေးတွေပြန်လာ၏။ ရှက်ရွံ့အားငယ်လာ၏။ ရက်စက်လှပလား။ "ကျွန်မတို့ လူမဟုတ် ဘူး" ဆိုသည့် ကြည်ပြာစကားသံ၊ ကျွန်တော့်ကို လုံးဝလှည့်မကြည့် တော့သော ကြည်ပြာ့ဆုံးဖြတ်ချက် . . .။

"မင်း သူတို့နဲ့ အတူလာတာလား"

"ဟုတ်တယ်၊ မီးပေါက်က အလယ်တည့်တည့်ကြီးမှာ"

"မင်း ဘယ်မှာနေတာလဲ"

"ကဲ . . . ရုံးခန်းခေါ်ခဲ့ကွာ"

"ဟေ့ကောင် . . . ပြောလေ၊ ဘာကောင်လဲကွ"

ကြည်ပြာသည် ပါတိတ်တစ်ထည်နှင့် ကျွန်တော့်ကို လဲသွားပြီလား။ ဒေါသထွက်နေသော လူစိမ်းတို့၏ လက်ထဲတွင် ကျွန်တော့်ကို ထည့်သွားပြီလား။ ဒေါသထွက်နေသော လူစိမ်းသူစိမ်းတို့၏ လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ကျွန်တော့်ကို ဖြစ်ချင်ရာဖြစ် ညှာတာစိတ်ကင်းမဲ့စွာ ပစ်သွားခဲ့ပြီလား။ ကျွန်တော့်အပေါ် ညှာတာစိတ်ကင်းလှပါလား . . .။ ချစ်ခင်မြတ်နိုးစိတ် မဲ့လှပါလား။ ဝမ်းနည်း၊ နာကျင်၊ ရှက်ရွံ့၊ တုန်လှုပ်ခြင်းတို့သည် ကျွန်တော့ကို တဖြန်းဖြန်း ရိုက်ပုတ်နေကြ၏။ ကျွန်တော့်တစ်ကိုယ်လုံး တုန်ယင်ကာလာသည်။ ဖန်ပုလင်းတစ်လုံးကို အားနှင့်ပေါက်ခွဲပစ်လိုက်သလို ကျွန်တော့်ဘဝသည် ကွဲရှလွင့်စဉ်ထွက်သွားကာ အမှုန့်အစက်ဖြစ်သွား၏။ ထောင့်ရှစ်ရာတဲ့။ ကျွန်တော်မှာ ဘယ်ရှိပါ့မတုန်း။ ကျွန်တော်မှာ နှစ်ဆယ့်တစ်ကျပ်လားပဲ ရှိသည်။

"အစ်ကိုတို့ . . . အစ်မတို့၊ ကျွန်တော် တာဝန်ယူပါ့မယ်၊ ဒီအထည်ကိုယူပါ့မယ်၊ ဒါပေမယ့် . . . ဟိုလေ . . . ဟို ပိုက်ဆံက သူ့ဆီမှာ၊ သူဒီဈေးထဲမှာရှိမှာပါ၊ ထွက်မသွားနိုင်သေးပါဘူး၊ ကျွန်တော် လျော်ပါ့မယ်"

ကျွန်တော့်အသံ တုန်ချည်တစ်လှည့် တိုးချည်တစ်ခါဖြင့် ရှင်းပြရသည်။ နှလုံးသားက ပါးစပ်ထဲခုန်ဝင်နေသဖြင့် အသံတွေက မပီချင်။ အသိစိတ်က သွေးစီးနှုန်းကို မွှေ့ရမ်းနေသဖြင့် အမူအရာက ဂနာမငြိမ်။ မျက်လုံးထဲမှာဘာကိုမှ မမြင်ရတော့သဖြင့် . . . အကြည့်တွေက ကြောင်ကန်းကန်း၊ နောက်ဆုံး ဆိုင်ရှင် အစ်မကြီးနှင့် ဈေးတာဝန်ခံသုံး ယောက် ကျွန်တော်နှင့်အတူ ကြည်ပြာကို ဈေးထဲမှာ လိုက်ရှာကြသည်။ ဈေးတာဝန်ရှိသူများက ကျွန်တော့်ကို ထွက်ပြေးမည်ထင်နေသဖြင့်မယုံကြည်စွာ နံဘေးမှညှပ်ထားကြသေး၏။ ရှိစေတော့ . . .။ သိပ်ချစ်ရသော ချစ်သူတစ်ယောက်ကမှ မယုံကြည်ခဲ့တာ ကျွန်တော် ဘာကိုမှထပ်ပြီး ဂရုမစိုက်ချင်တော့။ လမ်းလျှောက်ရတာ အိပ်မက်ထဲမှာလို ဖြစ်၍နေသည်။ ခြေလှမ်းတစ်





လှမ်းနှင့်တစ်လှမ်းက ဝေးကွာလွန်းကာ ရင်ကပေါ့လှပ်၍ ခံစားမှုကင်းနေ၏။

"ဟော . . . တွေ့ပြီ . . . ဟိုမှာ . . . ဟိုမှာ ဟိုမှာ ဟိုကောင်မလေးတွေ"

ကြည်ပြာက ဆိုင်တစ်ဆိုင်ရှေ့တွင် ပင်ပန်းနွမ်းနယ်စွာ ရပ်လျက်ရှိသည်။ ကျန်သုံးယောက်က ထိုဆိုင်ထဲတွင် ဝင်ကာ ပစ္စည်းရွေးနေ၏။ ကြည်ပြာက ကျွန်တော်တို့ကို တွေ့လိုက်ရတော့ နှုတ်ခမ်းကိုကိုက်ကာ မျက်နှာကို တစ်ဖက်လွှဲပစ်လိုက်၏။ ကျွန်တော်တို့ ရပ်လိုက်ကြသည်။

"ကဲ . . . အစ်မတို့ ဒီမှာပဲနေခဲ့ပါ၊ ကျွန်တော် ရအောင်ပြောပေးပါမယ် . . . တတ်နိုင်သမျှ အစ်မတို့ဘာမှ ဝင်မပြောပါနဲ့"

စကားဆုံးသည်နှင့် ကျွန်တော်သည် အားနာစရာနှင့် ရှက်စရာကောင်းသော မျက်နှာကို ကြောခိုင်းလိုက်ကာ ရင်နာစရာနှင့် ကြောက်စရာကောင်းသော မျက်နှာဘက်သို့ လှည့်ခဲ့ရသည်။ ကြည်ပြာက မျက်နှာကို အခြားဘက်သို့ လွှဲထား၏။

"ကြည် . . . ကြည်ပြာ"

"ဘာ . . ."

ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံးတွင် မွှန်ထူစွာ ပိကျနေသော အားနာခြင်းနှင့် ကြောက်ရွံ့ထိတ်လန့်ခြင်းတို့ အကြားမှ မျှင်းမျှင်းကလေး မျှော်လင့်ထားခဲ့သောအရာကလေးသည် ထိုအော်သံကြောင့် ကွဲရှလွင့်ထွက်သွားခဲ့ရသည်။ အော်သံက မာထန် စိမ်းကားလွန်းလှပါသား . . .။ ထိုအော်သံသည် မည်မျှမာကျော၍ နားလည်မှုနည်းသော နှလုံးသားနံရံကို ကန်ကျောက်၍ ထွက်လာခဲ့သနည်း။ ကြည်ပြာ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းစိတ်ထဲတွင် ပုန်းအောင်းနေခဲ့သော ရက်စက်သည့် နတ်ဆိုးတစ်သန်း၏ ခမ်းနားစွာ အားရပါးရအော်ခွင့်ရသည့်အသံတစ်သံကို အဘယ်ကြောင့် ကြည်ပြာနှုတ်ခမ်းများက ခွင့်ပြုခဲ့လေသနည်း။

ကျွန်တော်ဘာမှမပြောနိုင်၊ ကြည်ပြာရှေ့တွင် ခေါင်းငိုက်စိုက်ကျသွားခဲ့သည်။ ကျွန်တော်သည် ကမ်းပါးအစွန်းတွင် ကုတ်တွယ်ထားရသည့် လူတစ်ယောက်လို တောင့်တင်းကာ ခန္ဓာကိုယ်တစ်ကိုယ်လုံးက လေထဲလွင့်ပါနေခဲ့၏။ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ထိန်းသည့် အသိဉာဏ်သည် တစ်ချက်တစ်ချက် တွန့်ဝင်လာတတ်သော်လည်း ထို အသိစိတ်သည် ပင်လယ်ကမ်းစပ်နားက ကျောက်တုံးပင်လယ်ရေလှိုင်းအောက် မြုပ်ဝင်သွားသလို ဝမ်းနည်းခြင်း၏ အောက်တွင် မြုပ်ဝင်ကာ သွားလေသည်။ ကျွန်တော်ဘာစကားမှ ဆက်မပြောနိုင်တော့။

"ကိုယ်လုပ်တဲ့ကိစ္စကို ကိုယ်မရှင်းနိုင်တော့ဘူး မဟုတ်လား၊ နင်ဟာအလကားပဲ ရဲဝင်းသိလား. . .ဘာမှအသုံးမကျဘူး၊ ဘာမှ နင်လုပ်ချင်ရာလုပ်၊ ဖြစ်ချင်ရာဖြစ်ပြီးရင် ငါပဲသိလား ငါပဲ။ ငါ. . . နင့်ကို ဘာလုပ်ရမလဲဟင်. . .ရဲဝင်း ဘာလုပ်ရမလဲ"

"အေးပါ ကြည်ပြာရယ်. . .ငါ့ကို"

"တော်ပြီ ရဲဝင်း၊ နင် ငါ့ကို ဘာမှရှင်းမပြနဲ့၊ ငါဘာမှ နားထောင်ချင်ဘူး"

ကြည်ပြာက မျက်နှာကို မဲ့ရွဲ့ကာ ကြုံးအော်သည်။ ဝမ်းနည်းခြင်းသည် ရင်ထဲမှ လွင့်ခနဲ မြောက်တက်လာကာ အသိဉာဏ်နားရောက်တော့ လျှင်မြန်စွာ ဒေါသအဖြစ် ကူးပြောင်းသွား၏။

"နင် ငါ့ကို မုန်းချင်မုန်းလိုက်တော့ ကြည်ပြာ၊ ဒါပေမဲ့ ဒီပိုက်ဆံ





ကိုတော့ လျော်လိုက်ပါ၊ နင်ပေးလိုက်စမ်းပါ၊ ဒါမလျော်လို့ မရဘူးသိလား"

"အော် နင့်ကိုမုန်းရမယ် ဟုတ်လား၊ တယ်လွယ်ပါလား၊ တယ်လည်းစျေးကြီးလှပါလား၊ နင့်ကိုမုန်းဖို့ တစ်ထောင့်ရှစ်ရာ ပေးရမယ်ပေါ့. . .လဲသေလိုက် သိလား. . .လဲသေလိုက်"

ကြည်ပြာပြန်အော်သည့်စကားကြောင့် ကျွန်တော်ကြောင်သွား၏။ အဓိပ္ပာယ်က ဘာတဲ့လဲ။ ကျွန်တော့်ကို ထောင်ရှစ်ရာပေးပြီးမုန်းရမည်. . .ဟု ကျွန်တော်ပြောနေတာမဟုတ်။ ဒါပေမဲ့ အဓိပ္ပာယ် အဲဒီလိုကြီးဖြစ်၍နေသည်။

"မဟုတ်ဘူးလေဟာ . . . ငွေက . . ."

"အေး. . .ငွေကို ငါက ဂရုစိုက်လို့ မဟုတ်ဘူးသိလား၊ နင့်ကို ငါက ဒေါသဖြစ်တာ နင့်ကို. . .နင့်ကို၊ ငါက ငွေကို လုံးဝဂရုမစိုက်ဘူးသိလား"

ကြည်ပြာက တုန်ယင်ဒေါသဖြစ်နေသော အသံဖြင့် ကြုံးအော်ကာ ကျွန်တော့်ကို လှမ်းတွန်းသည်။ ထို့နောက် သူမလွယ်ထားသော လွယ်သာစလင်းဘတ်ခ်ကို ထောက်ခနဲ ဖွင့်သံ၊ ကြည်ပြာလက်ထဲတွင်ပါလာသော ကိုးဆယ်တန်တစ်အုပ်။ ထို့နောက် ကျွန်တော့် လက်ထဲတွင် မီးပေါက်နေသော ပါတိတ်တစ်ထည်။ ရင်ထဲမှာ အရောင်အသွေး တောက်တောက်ပြောင်ပြောင် ဝမ်းနည်းမှုများသာ ကျန်ခဲ့ကာ အရာရာသည် ပြီးဆုံးသွားလေသည်။

စစ်ရှုံးသည့် ဂျာမန်များနှယ် ခြေကုန်လက်ပန်းကျ တိတ်ဆိတ်စွာ ထြောက်ကာ ကျွန်တော်တို့အုပ်စု ဗိုလ်ချုပ်ဈေးထဲက ထွက်လာခဲ့ကြသည်။ ဗိုလ်ချုပ်ဈေးကြီးသည် ငရဲခန်းကြီးတစ်ခုနှယ် ဆူညံ၍ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်နောက်မှ ဝေး၍ဝေး၍ ကျန်ရစ်ခဲ့၏။ မမွန်ရွှေ၊ ဖူးဖူးနှင့် ကောသီတို့က ဘာစကားမှမပြောဘဲ တစ်ယောက်နှင့်တစ်ယောက် သတိထားကာ လမ်းလျှောက်နေကြသည်။ ကြည်ပြာကလည်း လိပ်ပြာကြေသွားသည့် လူတစ်ယောက်နှယ် နွမ်းလျကာရှိသည်။ ကျွန်တော်ကတော့ ပြောမနေနှင့်တော့။ တစ်အုပ်စုလုံး၏ ပျော်ရွှင်မှုများကို ဖျက်ဆီးပစ်လိုက်သူ။ ချစ်သူ၏အမုန်း၊ ညာတာစိတ်ကင်းမဲ့မှုနှင့် ဒေါသကို ခံစားနေခဲ့သည့်လူဆိုတော့ သတိက ဝင်တစ်ချက်ထွက်တစ်ခါ။ အခုလို သွေးအေးသွားပြန်တော့ ကျွန်တော့်ကို ကြည်ပြာက မုန်းသွားမှာ ကြောက်လာပြန်သည်။ အပြစ်ရှိသူသည် ကျွန်တော်ပဲဖြစ်သည်။ ငါအသုံးမကျတာ. . . အသုံးမကျတာဟု ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ထဲမှ အကြိမ်ကြိမ် ထုရိုက်နေခဲ့သဖြင့် နှာကျင်လွန်းကာ လှုပ်ပင်မလှုပ်ချင်တော့။

ဗိုလ်ချုပ်ဈေးရှေ့ ကားလမ်းကိုကူးကာ ၃၈–ကားလေးမှတ်တိုင်ရှိရာသို့ သွားရသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြဘဲ ကြုံသလို ကားလမ်းကို ကူးသွားကြသောကြောင့် လူအုပ်ကကွဲသွားသည်။ ကားဆိုလျှင် သေမတတ်ကြောက်သော ကြည်ပြာသည် တဝေါဝေါနှင့်ဖြတ်မောင်းနေကြသည့် ကားများကို ရှောင်ရှားခြင်းမရှိတော့ဘဲ၊ အသက်ဝိညာဉ်ကင်းမဲ့နေသူလို အေးအေးဆေးဆေးပင် ဖြတ်ကူးသွားသဖြင့်၊ ဘရိတ်အုပ်သည့်ကားကအုပ်၊ ဟွန်းတီးသည့်ကားကတီးဖြင့် ဆူညံကာသွား၏။

ကြည်ပြာဘယ်လောက်စိတ်ဓာတ်ကျကာ ဝမ်းနည်းကြေကွဲသွားသည်ကို ကျွန်တော်နားလည်လိုက်၏။ မျက်နှာလည်း မထားတတ်တော့။ ကြည်ပြာ့နေရာမှ ကိုယ်ချင်းစာ၍ တွေးမိကာ ကျွန်တော်





ကိုယ်ကျွန်တော် ဒေါသဖြစ်ကာ သတ်ချင်စိတ်ပင်ပေါ်လာမိ၏။ ကြည်ပြာတို့ လေးယောက်က LUCKY STRIKEဘတ်စ်ကားမှတ်တိုင်ထဲက ခုံတန်းကလေးတွေမှာ ဝင်ထိုင်လိုက်ကြသည်။ ကြည်ပြာနံဘေးတွင် နေရာနည်းနည်းလွတ်နေသော်လည်း ကျွန်တော်ဝင်မထိုင်ရဲတော့၊ မတ်တတ်ရပ်နေလိုက်၏။

ဘတ်စ်ကားမှတ်တိုင်တွင်ရော၊ မလက်ဖောင်းပေါ်တွင်မှာပါ လူတွေက ရှုပ်ပွကာနေ၏။ သွားကြလာကြ ရယ်ကြမောကြနှင့် ကျွန်တော်တို့ငါးယောက် မသိသော၊ ပါဝင်ခွင့်မရသော ပွဲတော်တစ်ခုကို သူတို့ဘာသာ ကျင်းပနေပုံရသလို ဖြစ်နေသည်။ ကျွန်တော်မျက်နှာပူပူဖြင့် ကြည်ပြာကို လှမ်းကြည့်လိုက်တော့ ငိုင်ကာ ရှေ့မှလူတွေကို ငေးမောနေသည်။ ကြည်ပြာဒီလိုငိုင်နေလေ ကျွန်တော့်အတွက် အပြစ်ပိုကြီးလေဖြစ်လာသလို ခံစားရလေသည်။ နှလုံးသား သက်ပြင်းများကို တစ်ချက်ပြီးတစ်ချက် ရှိုက်ထုတ်လျက်ရှိသည်။

ထိုအချိန်တွင် အသက် ၃၅ နှစ်ခန့် အရပ်ပုပု ဂင်တိုတို လူတစ်ယောက်က ထိုင်၍ ငိုင်နေသော ကြည်ပြာပခုံးကို သူ့ဆွဲလာသည့် ကျွတ်ကျွတ်အိတ်ဖြင့် လှမ်းတို့ကာ ပြော၏။

"ညီမ. . .ဟိုဘက်နည်းနည်းတိုးပါ၊ ဖင်ကလေးချချင်လို့"

ဘုရား. . .ဘုရား။ ဝိညာဉ်ပျောက်ဆုံးနေသော ကျွန်တော်ခန္ဓာကိုယ်ထဲသို့ အံ့ဩမှုနှင့်ဒေါသ အရှိန်ပြင်းစွာဝင်လာသဖြင့် မွှန်ထူသွား၏။ ကျွန်တော် နားကြားများလွဲသလား။ သို့သော် ကြည်ပြာကြောင်ကြည့်နေရာမှ မျက်နှာရဲခနဲဖြစ်သွားသည်ကို တွေ့လိုက်ရသည်။

"ညီမ၊ ဟိုဘက်တိုးပေးပါ၊ ဖင်ကလေးချချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မျက်လုံးသည် ပြာခနဲဖြစ်သွား၏။ လူကြားသူကြားမှာ မကြားဝံ့မနာသာ စော်ကားလှပါကလား။ ထိုစဉ်ကြည်ပြာက ထိုင်နေရာမှ ဝုန်းခနဲထရပ်သည်။ ကျွန်တော်လည်း ဘာမှမမြင်တော့ ထိုလူ့ထံသို့ တစ်ဟုန်ထိုးပြေးသွားကာ ရင်ကို တွန်းပစ်လိုက်သည်။

"ဟေ့လူ. . .ခင်ဗျား လူကြားသူကြား စော်ကားလှပါကလား"

ကျွန်တော့် တစ်ဟုန်ထိုးပြေးဟန်၊ ဒေါသတကြီး အော်ဟစ်သံတို့ကြောင့် မှတ်တိုင်တွင် ကားစောင့်နေသောလူများက လှည့်ကြည့်ကြသည်။ ထိုလူက ယိုင်ထွက်သွားကာ ကျွန်တော့်ကို နားမလည်သောအံ့သြသော ပြူးကြောင်ကြောင်မျက်ဝန်းများဖြင့် လှမ်းကြည့်ကာပြန်အော်၏။

"ဘာလဲ. . .ဘာကိုလဲ. . .ဘာဖြစ်လို့ တွန်းတာလဲကွ"

ကျွန်တော် ဒေါသကြောင့် တဆတ်ဆတ် တုန်ကာနေ၏။ ထိုလူက အသံဝဲဝဲဖြင့် ဗလုံးထွေးအော်ဟစ်သည်။ ကြည်ပြာကလည်း "ဟဲ့. . .ရဲဝင်း . . .ဟဲ့. . .ဟဲ့"ဟု အော်ဟစ်တားကာ ကျွန်တော့်လက်မောင်းတစ်ဖက်ကို ဝင်ဆွဲ၏။ သို့သော် ကျွန်တော်က ကြည်ပြာ့အဆွဲကို မခံတော့။ (ထိုအချိန်သည် ကျွန်တော့်အတွက် တော်တော်အရေးကြီးသည့် အချိန်ဖြစ်သည်ဆိုတာကို ကျွန်တော်နားလည်သည်) ဒီရန်ပွဲကို ကျွန်တော်နွှဲမှ ဖြစ်လိမ့်မည်။ ကျွန်တော့်အတွက် ဆုံးရှုံးသွားခဲ့ပြီဖြစ်သော အရာရာသည် ထိုရန်ပွဲကြောင့် ပြန်ရလာနိုင်စရာရှိသည် မဟုတ်လား။ (ယခုပင် ကြည်ပြာက ကျွန်တော့်လက်မောင်းကို စိုးရိမ်စိတ်ကြီးစွာ လာရောက် ဖမ်းကိုင်နေပြီမဟုတ်လား)

"ဘာကမှာလဲ. . .ခင်ဗျားစော်ကားလှချည်လား၊ အသက်အရွယ်ကိုမှ မထောက်၊ ဒါ ကျုပ်ချစ်သူဗျ. . .ခင်ဗျားမိုက်ရိုင်းတာ





အားလုံးကြားတယ်. . .ခင်ဗျားကြီး"

ကျွန်တော်က ကြည်ပြာလှမ်းဆွဲသည်ကို ရုန်း၍ရှောင်ကာ ဒေါသတကြီးဟစ်ရင်းက ထိုလူ့ကို ဒုတိယအကြိမ် ထပ်တွန်းပစ်လိုက်ကာ ထိုးဖို့ကြံသည်။ ကျွန်တော့် မျက်စိထဲမှာ ဘာကိုမှမမြင်ရတော့။ မှတ်တိုင်မှာ ရပ်နေသူများက ကျွန်တော့်ကိုရော ထိုလူ့ကိုပါ ဝိုင်းဆွဲကြသည်။ ကြည်ပြာ့အော်သံ၊ ရုန်းသံ၊ ကန်သံ၊ ဆွဲသံလွှဲသံ။

"မလုပ်ဘူး. . .ဘာမှမလုပ်ဘူး. . .ကျွန်တော် ဖင်ကလေး ချချင်လို့ ရွှေ့ခိုင်းတာ ဘာမှလုပ်တာ မဟုတ်ဘူး"

"ဟာ. . .ခင်ဗျားကြီး ပြောရက်နဲ့မိုက်ရိုင်း. . ."

"ဟဲ့. . .ရဲဝင်း. . .ရဲဝင်း ဆွဲကြပါဦးရှင် ဟဲ့ ရဲဝင်း ငါပြောနေတယ်လေ ရဲဝင်းရေ"

ဝိုင်းဝန်းဖက်ထားဆွဲထားသော လက်များအကြားမှ ကျွန်တော် အားရှိသမျှ တင်းညှစ်ကာ ရုန်းနေမိသည်။ သို့သော် ရုန်း၍မရ။ ဝိုင်းဆွဲကြ ထိန်းကြသော လူများကလည်း ထိုလူအော်ဟစ်ရှင်းပြသော စကားကိုကြားရသောအခါ အကုန်အံ့သြသွားကြ၏။ ထိုစဉ် ကောင်မလေး နှစ်ယောက် ပြေးဝင်လာသည်။

"ဘာဖြစ်ကြတာလဲဟင်. . .ဘာဖြစ်တာလဲ၊ ဒါကျွန်မတို့ ဦးလေးပါရှင့်. . .ကျွန်မတို့ဦးလေးပါ"

ကောင်မလေးနှစ်ယောက်က လူများဆွဲထားသော သူမတို့ ဦးလေးဆိုသူကို ကြောက်ကြောက်လန့်လန့်ဖြင့် ဝင်ဖက်လိုက်ကြ၏။ ကျွန်တော်က ရုန်းလို့ကောင်းတုန်း. . .။ ဆွဲသူလွှဲသူများကြောင့် အဆေးသို့ လွင့်ထွက်သွားကာ ကြည်ပြာကလည်း ခဏလေးငြိမ်သွားသည့်အချိန်ကလေးမှာ ကျွန်တော်နံဘေးနား အမောတကောရောက်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ထိုစဉ်မှာပင် ဟိုလူက သူ့တူမနှစ်ယောက်ကို အော်ဟစ်ကာ ရှင်းပြသည့်အခါ ထိုစကားကြီးက ထပ်ပါလာပြန်သည်။ ကျွန်တော် ရော မှတ်တိုင်မှ လူတွေပါ ဒီတစ်ကြိမ် ပီပီသသကြီး ကြားလိုက်ရသဖြင့် ငြိမ်ကျကာ အံ့သြသွားကြသည်။ ဒီလောက်အပြစ်ကြီးပြီး ရင့်သီးသည့် စကားကြီးကို ဘာကြောင့်မိန်းကလေးနှစ်ယောက်ကို ပြောပြနေရသနည်း။

"ဟာ. . .မဟုတ်ဘူးရှင့် . . .ဒါ . . .စော်ကားတာ မဟုတ်ပါဘူး။ အဲဒါ ကျွန်မတို့ဒေသသုံးစကားပါရှင့်။ ကျွန်မတို့ ဦးလေးက နယ်ကပါ၊ ဦးလေးရယ် ရန်ကုန် အဲဒီလိုမပြောရဘူး၊ ဒုက္ခပါပဲ. . .ထိုင်ချင်တယ်လို့ပြောရတယ်"

ကောင်မလေးက သူ့ဦးလေးကို ဆူသည်။ ပြီးတော့ ကျွန်တော့်ဘက်ကိုလှည့်ကြည့်သည်။ ကျွန်တော်တို့ ဘာမှနားမလည်ဆိုတာကို ကောင်မလေးက သဘောပေါက်သွားပုံရ၏။

"တောင်းပန်ပါတယ်ရှင် . . . ဟိုလေ ထိုင်တယ်ဆိုတာ ဖင် . . . ဟို တင်ပါးကို အောက်ချရတာပဲမဟုတ်လား၊ အဲဒါကို ပြောတာပါ၊ အဲဒါပါ . . . ဒါကို ပြောတာပါရှင်"

စကားသံဝဲဝဲဖြင့် ကောင်မလေး၏ ရှင်းပြသံဆုံးသွားသောအခါ . . .လူတွေအားလုံးတိတ်ကာ ငြိမ်ကျသွား၏။ ကျွန်တော့်ကို ဆွဲထားသော သူတွေကလည်း လွှတ်ပေးလိုက်ကြသည်။ ကျွန်တော် ကြောင်နေသည်။ ထိုင်တယ် . . . ဆိုတာ၊ ထိုင်တယ်ဆိုတာ။ ထိုစဉ် တိတ်နေသော ကားမှတ်တိုင်မှ လူတွေက နားလည်သွားကာ ဝါးခနဲ ရယ်ချလိုက်ကြသည်။ ကျွန်တော် မွှန်ထူပြီး လိုက်ကြည့်တော့ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရယ်နေသောလူတွေကို တွေ့ရ၏။ ဘာတွေ ဖြစ်ကုန်





ပြန်သနည်း။

ကောင်မလေးတစ်ယောက်က ကျွန်တော့်ကို မျက်စောင်းထိုး ကာ မကျေမနပ်ဖြင့် သူ့ဦးလေးကို အခြားဘက်ခေါ်သွား၏။ ကြည်ပြာ က လွင့်ကျနေသော ကျွန်တော့်လွယ်အိတ်ကို ကောက်ကာ ရှင်းပြနေသော ကောင်မလေးကို ပြန်တောင်းပန်နေ၏။ ဝိုင်းပြီးဆွဲလွဲထားသဖြင့် ရှုံ့စောင်းကာ ဘိုသီဘတ်သီဖြစ်နေသော အကျႌလုံချည်တို့ဖြင့် ရယ်သံများကြားမှာ ကျွန်တော်ငူငူကြီးရပ်နေမိသည်။ မကြားလိုက်မသိလိုက် သူတွေကလည်း အချင်းချင်းလိုက်မေးကာ ရယ်ကြပြန်သည်။

ကျွန်တော်ဒီလို ဖြစ်ပျက်သွားတာကို မှန်တယ် မှားတယ် အချင်းချင်း တီးတိုးငြင်းကြသူတွေလည်းရှိ၏။ ဘာတွေဘယ်လို ဖြစ်ကုန်သည်ကို စနစ်တကျ ကျွန်တော်တွေး၍ မရသေး။ ကြည်ပြာက ကြောင်ပြီးရပ်နေသော ကျွန်တော့်ကို မှတ်တိုင်အပြင်ဘက် ဆွဲခေါ်သွားပြီးလက်မောင်းကို ဆိတ်ကာ ကြိမ်းလေသည်။

"နင်ဟာလေ . . . ဘာမှ အသုံးမကျဘူး သိလား၊ စွတ်ပြီးတော့ လုပ်တာချည်းပဲ၊ သေသေချာချာ. . ."

"ဟ . . . ဒီစကားကြီးက သေသေချာချာ စဉ်းစားနေရမယ့် စကားမျိုးမှ မဟုတ်တာ"

"ဟဲ့ . . . အဲဒါမဟုတ်ဘူးတဲ့၊ အခုမဟုတ်ဘူးတဲ့ ထိုင်တာတဲ့ ထိုင်တာ"

ကျွန်တော် ခေါင်းငိုက်စိုက် ကျသွားသည်။ ဘာမှလည်း ပြောစရာ မရှိတော့။ ကံက ဆိုးလွန်းလှပါလား။

"အေးလေ ငါကိုက ကံဆိုးလွန်းလှပါတယ်ဟာ၊ ဒီလောက် ညှိန်းသေနေတဲ့စကားမျိုးတောင်မှ ငါ့အတွက်ဆို လွဲရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားဆုံးတော့ မမွန်ရွှေတို့ သုံးယောက်စလုံးက နံ့သောနားမှ ဝါးခနဲရယ်လိုက်ကြသည်။ ကြည်ပြာက ဘာကျိန်းသေ တာလဲ . . . ဘာကျိန်းသေလဲဟုအော်ကာ ဒေါသဖြစ်နေပြန်သေး၏။ ကျွန်တော့်ခန္ဓာကိုယ်သည် ပင်ပန်းနွမ်းနယ်နေလွန်းသဖြင့် လက်ဝါးနှစ် ဘက်ထဲသို့ မျက်နှာကိုထည့်ကာ အားရပါးရ ပွတ်သဲပ်ပစ်လိုက်ရ သည်။ ဒါကိုကြည်ပြာက အခုမှ ရှက်မနေနဲ့ . . . ဘာညာ ယောက်ပြန် သည်။

မမွန်ရွှေတို့က အဖြစ်အပျက်ကို ပြန်ပြောကာ အမူအရာတွေကို ရယ်ကြပြန်သည်။ ဒီတော့မှ ကြည်ပြာက မျက်လုံးကလေးကို ပေက လပ်ပေကလပ်လုပ်ကာ "အေးနော်" ဟု ပြောကာရယ်သည်။ ပြီးတော့ ကျွန်တော့်လက်မောင်းကို ထပ်ဆိတ်ပြန်၏။

"အေးပေါ့ဟာ . . . အဲဒီစကားကြီးက ကြားနေကျစကား မဟုတ်တော့ သူလည်း နင့်အတွက် ဒေါသဖြစ်သွားတာပေါ့၊ ဒီနေ့ ဗိုလ်ချုပ်ဈေးလာရတာတော့ စံပါပဲဟယ်၊ နင့်တို့အတွဲ ရယ်ရတယ်ဆို တာ လက်တွေ့မှပဲ ယုံတော့တယ်"

ကြည်ပြာက ကျွန်တော့်ကို မျက်စောင်းလှမ်းထိုးကာ နှာခေါင်း ကို ရှုံ့သည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ပျော်သွား၏။ ကျွန်တော်တို့ထံ မှ စိတ်ပျက်ဝမ်းနည်းရသည့် ခံစားမှုများမရှိတော့။ စကားလုံးအနက် အဓိပ္ပာယ်အရ လွဲသွားသော်လည်း ထိုသို့ လွဲမှားရခြင်းသည်ပင်လျှင် အကောင်းဆုံးအခြေအနေကိုတော့ ကျွန်တော့်ကို ပေးသွားခဲ့ပါသေး သည်။ သို့သော် ကျွန်တော်သည် ဘာကိုကျေးဇူးတင်ပြီး ဘာကိုဒေါသ ဖြစ်ရမည်ဆိုတာကို ကောင်းစွာ မခွဲခြားနိုင်သေး။ သို့သော် အားလုံးပြေ လည်သွားတာတော့ သေချာသည်။ ကျွန်တော်မှလွဲ၍ အားလုံး ဆူ





ဆူညံညံရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြ၏။

၃၈ ကားလေးပေါ်ရောက်တော့ ကြည်ပြာက "ငါ အရမ်းငင် ပန်းသွားတယ် ရဲဝင်းရယ်" ပြောရင်း ကျွန်တော့်ပခုံးဦးစွန်းမှာ ခေါင်း ကလေး မှေးတင်ကာ မျက်ဝန်းများကို မှိတ်ထားသည်။ ကျွန်တော်က ကြည်ပြာပခုံးလေကို ဖေး၍ထားရ၏။ ကျွန်တော်တို့နှစ်ယောက်စလုံး ဗိုလ်ချုပ်ဈေးကအပြန် တကယ့်ကို ပင်ပန်းခဲ့ကြပါသည်။

ကျွန်တော့်တို့ ဘာတွေဖြစ်ခဲ့ကြသနည်း။ ကံကြမ္မာခပ်ညံ့ညံ့ဖြင့် အချစ်ကြီးချစ်တတ်သော ကျွန်တော့်အဖို့ မိန်းကလေးတစ်ယောက်ကို အဆင်ပြေပြေ ချစ်နိုင်ဖို့ အတော့်ကို ကြိုးစားရသည်။ ဒီတစ်ကြိမ်တွင် ကျွန်တော်၏ အရပ်ငါးပေနှင့် ကိုယ်အလေးချိန် ခြောက်ဆယ့်နှစ်ပေါင် က ငြိမ်နေသဖြင့် တော်ပါသေးသည်။ ကျေးဇူးအထူးတင်ရပါ၏။ သူတို့ပါ ပါဝင်ဆင်နွှဲမည်ဆိုလျှင် ကျွန်တော်သေဖို့သာ ရှိတော့သည် မဟုတ်လား။ "အချစ်"ဆိုသည်မှာ သိပ်ခက်ခဲခဲကြီးတော့ ဟုတ်ဟန် မတူ။ သို့သော် ကျွန်တော့်အတွက်တော့ မလွယ်လှ။ လူနှင့်သူနှင့်တူ သည့် အချစ်ကလေးတစ်ခုလောက်ရဖို့ မထင်မှတ်ထားတာတွေနဲ့ချည်း ရင်ဆိုင်နေခဲ့ရသည်။

တခြားလူများထံ လျှောက်သွားနေသော ပျော်စရာကောင်းသည့် အချစ်ကလေးများ ကျွန်တော့်ဆီကို ဘယ်တော့များမှ ဦးလှည့် လာမှာပါလိမ့်။ ကျွန်တော် ကြည်ပြာကို သိပ်ချစ်သည်။ အခုကျွန်တော် ချစ်သောကြည်ပြာသည် ကျွန်တော့်ပခုံးဦးမှာရှိသည်။ ဘယ်သူ့ရင်ခွင် ထဲမှာမှမဟုတ်၊ ဘယ်သူ့ထံတွင်မှလည်းမဟုတ်။ ကျွန်တော် ကြည်ပြာ ပခုံးစွန်းကလေးကို ဖိညှစ်ထားလိုက်မိသည်။

ဘာမှတော့မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြာသည် ကျွန်တော့်လက်ထဲမှ ရှိနေသည်ဆိုတာကို ကျွန်တော်စိတ်မချသောကြောင့် သေချာထင်ရှားစေချင်သောကြောင့် ဖြစ်ပါသည်။

ချစ်ရပါသော . . . မကြည်ပြာ။ ။

♥ ♥ ♥

နီတိုရဲ

(ဒုတိယတွဲ ဆက်လက်ထွက်ရှိလာပါမည်)

www.burmeseclassic.com